www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
နိုင်ငံတော်သစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

# သက်မင်းဂျူလိုင် – ဆယ့်နှစ်ကြိုး


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၁၀၉၀၉
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၃၀၉၀၉

ထုတ်ဝေသူ
ဦးသစ်လွင် (ဂန္ဓဂေါ်မြိုင်စာပေ)
အမှတ်(၁၁၃)၊ ရွှေပြည်သာလမ်း၊ (၁၆)ရပ်ကွက်၊ သာကေတမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဒေါ်နန်းအုန်းမြင့် (၀၇၇၁၆) (အောင်အောင်ဆက်)
အမှတ် (၂၈၀/ မြေညီ)၊ (၁၁) ရပ်ကွက်၊ မိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း။

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၀၉၊ အောက်တိုဘာလ။
အုပ်ရေ/တန်ဖိုး - ၅၀၀ အုပ်/ ၁၅၀၀ ကျပ်

သုခမစာပေ - အမှတ် (၂၆)၊ (၆ လွှာ)၊ ဇေတီကလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09 5085751 မှ ဖြန့်ချိသည်။

၈၉၅ ၊ ၀၃
သက်မင်းဂျူလိုင်
ဆယ့်နှစ်ကြိုး / သက်မင်းဂျူလိုင် - ရန်ကုန် ၊
ဂန္ဓဂေါ်မြိုင်စာပေ ၊ ၂၀၀၉ ။
၃၃၅ - စာ ၊ ၁၈ x ၁၂ စင်တီ။
(၁) ဆယ့်နှစ်ကြိုး


www.burmeseclassic.com

www.burmeseclassic.com

## ဆယ့် နှစ် ကြိုး ဥ ဒါန်း

ဦး...အရဟံ သစ္စာကတိတွေနဲ့

ဂဠုန်...သရဏံ ဂစ္ဆာမိထားကြကုန်သော

ဂဠုန်ဆရာစံနဲ့ သစ္စာရှိတော်လှန်ရေးတပ်သား

များအား ရည်ညွှန်းဂုဏ်ပြုလျက်...

# အပိုင်း [ ၁ ]

## ၁၉၃၀-ပြည့်နှစ်

## ဥပါဒါန်အဖွင့်

### မကောင်းဆိုးဝါးအရှေ့ခြုံထားသည့် သန်းခေါင်ယံညှ

မိုးဖြူမစဲ မိုးမည်းမရွာ . . . ဟု ဆိုရိုးစကားပုံ ရှိခဲ့သည်။ ကောင်းကင်ပြင်တစ်ခုလုံးမှာ ပြာရီမှိုင်းလျက် ရှိပါ၏။ မည်းညစ်ပိတ်မှောင်သော မိုးသားမိုးရိပ်တို့ ကင်းစင်လျက် မှုန်မှိုင်းနေသည့် မိုးဖြူသားတို့ ကောင်းကင်အဖျှောတစ်ပြင်လုံး မင်းမူစိုးမိုးနေခြင်းမှာ တစ်နေ့တာကုန်ဆုံး၍ နေလုံးပင် ပျောက်ကွယ်ခဲ့ပြီး ညဉ့်သန်းခေါင်ယံအချိန်သို့ ရောက်ရှိလာခဲ့သည့်တိုင် တဖွေဖွေ ရွာသွန်းလျက် ရှိနေဆဲပါ။

လပြည့်ကျော်တစ်ရက်၏ သန်းခေါင်ယံ ညဉ့်ဖြစ်သဖြင့်လည်း မှုန်မှိုင်းနေသည့် ကောင်းကင်ပြင်တွင် လ,ပျောက်နေပါ၏။ တစ်နည်းအားဖြင့် ဆိုပါလျှင် လမိုက်ည၊ လကွယ်ည တစ်ညှ၏ မိုးတစိမ့်စိမ့် ရွာချလျက်ရှိသော သန်းခေါင်ယံညဉ့်ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com

မို့လည်း ညဥ့်ကမ္ဘာတစ်ခုလုံး မိုးရွာသံ တဖျောက်ဖျောက်အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေပါလေ၏။

ထို့အတူ မြိုင်သာမြို့ငယ်လေးမှာလည်း လကွယ်ည သန်းခေါင်ယံ မိုးဖွဲဖွဲအောက်တွင် ပီဘိ တိတ်ဆိတ်ငြိမ်သက်စွာပင် ရှိပါချေသည်။ တစ်ခါတစ်ရံမှသာ ညဥ့်ငှက်အော်မြည်သံ၊ တောက်တဲ့အော်သံနှင့် ခွေးအူသံကြီးများကိုသာ တိုးတစ်ခါ ကျယ်တစ်လှည့် ကြားနေရသည်။

'ဝူး ‥ အူး အူး ‥ ဝူး ‥ အူး'

တဖွဲဖွဲနှင့် မစဲနိုင်အောင် ရွာနေသည့် မိုးကန့်လန့်ကာ မိုးပဝါဇာမျှင်ပါးအတွင်းမှ မှုန်ဝါးဝါး လမ်းမီးတိုင်တချို့၏ အလင်းအားဖျော့ဖျော့က လမထွက်သည့် သန်းခေါင်ယံညဥ့်ကို မင်းမှုရန် ကြိုးစားထိုးဖောက်နေသည့်သို့ ‥‥။

'ဝူး ‥ အူး ‥ ဝူး'

ရုတ်တရက် ခြံဝဆီမှ ဆွဲဆွဲငင်ငင် ထွက်ပေါ်လာသည့် ခွေးအူသံကြီးကြောင့် ရစ်ချုပ်အောင်ဒင် အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာခဲ့သည်။ အိပ်ရေးမဝသေးခြင်း၊ အမူးဒီဂရီ မပြေသေးခြင်းတို့ကြောင့် ရစ်ချုပ်အောင်ဒင် ရီဝေဝေ ဖြစ်နေဆဲပါ။ တစစ်စစ် ထိုးကိုက်နေသည့် ဦးခေါင်းနားထင်ကြောကို လက်မနှင့် ဖိနှိပ်ရင်း ခုတင်ထက်မှ ထလာခဲ့သည်။

"အင်း ‥‥ ကျွတ် ကျွတ် ကျွတ် ‥‥ ခေါင်းကလည်း တစစ်စစ်နဲ့ ထိုးကိုက်နေတော့တာပါလား။ တောက် ‥‥ အရေးထဲ





ဒီခွေးအူသံကြီးက တစ်မျှောင့်ကွာ"

ရစ်ချုပ်အောင်ဒင် တတွတ်တွတ်နှင့် ညည်းတွားရွတ်ဆိုရင်း အနီးရှိ စားပွဲပုလေးပေါ်မှ ညဥ့်ဦးပိုင်းက လက်ကျန်ဝီစကီပုလင်းဆီသို့ လက်လှမ်းလိုက်သည်။ ထိုစဉ်မှာပင် ‥‥

'အင်း ‥ ဟင်း ဟင်း ‥ အီး ‥ အင်း'

ဝေ့ဝဲတိုက်ခတ်လာသည့် သန်းခေါင်ယံညဥ့်လေရူးနှင့်အတူ ညည်းညူသံသဲ့သဲ့ကို ရစ်ချုပ်အောင်ဒင် ကြားလိုက်ရသဖြင့် ထိတ်ခနဲပင် ဖြစ်သွားသည်။

"ဟင် ‥‥ ဘာသံကြီးလဲ ‥‥ ဘယ်ကနေ ထွက်လာတာလဲ"

ရုတ်တရက် ကြားလိုက်ရသဖြင့် ညည်းညူသံကြီးကြောင့် စိတ်ထဲတွင် စနိုးစနောင့်ပင် ဖြစ်သွားခဲ့သည်။ သေချာစွာ နားထောင်ကြည့်လိုက်တော့ မိုးစက်ကျသံ တဖျောက်ဖျောက်မှတစ်ပါး အားလုံးတိတ်ဆိတ်ငြိမ်သက်လျက်။ အတန်ကြာမျှ နေရာတွင်ပင် ရပ်လျက် နားထောင်ကြည့်ပါသော်လည်း စောစောက ညည်းညူသံကြီးကို မကြားရတော့။

"ဘယ်လိုလဲ ‥‥ ငါ သေသေချာချာ ကြားလိုက်ရတာပါ။ ဟို ‥‥ ဟို ‥‥ မာ ‥‥ မာ ‥‥ မာယာများလား၊ အို ‥‥ မဖြစ်နိုင်ပါဘူးလေ၊ ငါ မူးမူးနဲ့ ကြားချင်တာတွေ ကြားနေတာ ဖြစ်မှာပါ"

ရစ်ချုပ်အောင်ဒင် သူ့ကိုယ်သူ မာန်တင်းလျက် ဝီစကီ



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းထဲမှအရက်တချို့ ဖန်ခွက်ထဲသို့ လောင်းထည့်လိုက်သည်။ နောက် ဆတ်ခနဲ တစ်ရှိန်ထိုး သောက်ချလိုက်ပါ၏။ သင်းပျံ့ပျံ့ ရီဝေဝေ အယ်လ်ကိုဟောများက သွေးကြောအနှံ့ လျင်မြန်စွာ ပျံ့နှံ့သွားကြသည်။

"အား . . . အခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်"

ရစ်ချပ်အောင်ဒင် နှုတ်ခမ်းထောင့်မှ စီးကျလာသော အရက်တချို့ကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းသုတ်ဖယ်လိုက်စဉ်မှာပင် . . .

'အင်း . . ဟီး ဟီး . . . . အင်း အီး'

'ချွင်း . . ချွမ် ချွင် . . ချွမ် . . ချလွင်'

သည်တစ်ကြိမ်တော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားသည်။ ကိုယ်ခန္ဓာကြီးမှာလည်း ဆတ်ခနဲ မတ်သွားပါ၏။ ကြားလိုက်ရသော ညည်းညူသံကြီးနှင့် သံကြိုးလှုပ်ခတ်သံများက သူ၏ အိပ်ခန်းအောက်တည့်တည့်မှ ဖြစ်သည်။

'ချွမ်း . . ချွင် . . ချလွင် . . ချွမ်'

'ရှပ် . . ရှပ် . . ရှပ် . . ရှပ်'

ဟုတ်သည်။ သူထိုင်နေရာအောက်ဘက် မြေတိုက်ခန်းဆီမှ ချွင်ခနဲ ချွမ်ခနဲ သံကြိုးချင်း ထိခတ်ရွေ့လျားသံ တရှပ်ရှပ်နှင့် လေးလေးပင်ပင် ရွေ့လျားနေသည့် ခြေသံမတိုးမကျယ်ကို ရစ်ချပ်အောင်ဒင် ပီပြင်စွာ ကြားလိုက်ရသည်။

"ဟော . . . သံကြိုးသံတွေ, ခြေသံတွေ၊ ဒါ . . . ဒါ





. . . မြေ . . . မြေအောက်ခန်းဘက်ကနေ ထွက် . . . ထွက်လာတာ။ ဒါဆိုရင် မာယာ . . . မာယာ . . . အို . . . မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ဒါ . . . ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ရစ်ချပ်အောင်ဒင် ဦးခေါင်းကြီး တရမ်းရမ်းနှင့် ငြင်းဆိုနေသည့်တိုင် သူ၏ခြေလှမ်းများက မြေတိုက်ခန်းရှိရာသို့ သူ့ကို သယ်ဆောင်သွားကြသည်။ သူ မသွားချင်သည့် မသွားလိုသည့် မြေတိုက်ခန်းဆီသို့ အင်အားကြီးသော တစ်စုံတစ်ရာက ညို့ငင်ဖွဲ့ယူခေါ်ငင်နေသည်သို့ . . .။

'ကျွတ် ကျွတ် ကျွတ်'

'တောက်တဲ့ . . တောက်တဲ့ . . တောက်တဲ့'

'ဂီး'

ထိုစဉ် အိမ်မြောင်စုတ်သပ်သံ၊ ခြံထောင့် ခရေပင်ကြီးဆီမှ တောက်တဲ့အော်သံနှင့်အတူ ဂီးခနဲ ငှက်ဆိုးထိုးသံကြီးက တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံညဥ့်ကို လှန့်နှိုးလိုက်သည့်နှယ် . . .။

တစ်ဆက်တည်းမှာပင် မသွားနဲ့၊ မသွားနဲ့ ဟူသော အသံတစ်ခုက နားစည်ကို ဖြတ်၍တိုးဝင်လာခဲ့သည်။ ရစ်ချပ်အောင်ဒင်ခမျာ ကျောရိုးတစ်လျှောက် စိမ့်ခနဲ ဖြစ်သွားပြီး ဆံပင်မွေးများပင် ထောင်းခနဲ ထောင်ထလာကာ ဦးခေါင်းက ပုတ်လောက်ကြီးသွားပြီး တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများပင် တဖြန်းဖြန်း ထလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ချွင် . . ချွမ် . . ချလွင်'

သည်စဉ်မှာပင် သူ၏ ရှေ့တည့်တည့် မြေအောက်ခန်းဆီမှ ချွမ်ခနဲ သံကြိုးသံကို ကြားလိုက်ရပြန်သည်။ ရစ်ချပ်အောင်ဒင် သူ့ကိုယ်သူ မာန်တင်း၍ အနည်းငယ် ဖွင့်ဟနေသည့် မြေတိုက်ခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

'ကျွီ ကျွီ . . ကျည်း . . ကျွီ'

ဆီနှင့်ကင်းဝေးနေသည်မှာ ကြာပြီဖြစ်သော မြေတိုက်တံခါးရွက်က တကျွီကျွီနှင့် သံစုံမြည်ကာ ပွင့်ဟသွားပါ၏။ ရစ်ချပ်အောင်ဒင်က မီးချောင်းခလုတ်ကို မဖွင့်ဘဲ ငါးတိုင်ဝပ်မီးသီးလေးကိုသာ ဖွင့်လိုက်သည်။ ဝါကြင်ကြင် မီးအလင်းရောင်ဖိုးတဝါးအောက်တွင် ရစ်ချပ်အောင်ဒင် လှေကားအတိုင်း သတိနှင့် ဆင်းလာခဲ့သည်။ လှေကားထစ်များကို နင်းလာသည့် သူ၏ခြေသံတကျွီကျွီကပင် တိတ်ဆိတ်နေသော ညဉ့်တွင် ကျယ်လောင်လွန်းလှပါ၏။

စိုထိုင်းထိုင်း ညှီစို့စို့ မြေတိုက်ခန်း၏ အနံ့အသက်တချို့က ရစ်ချပ်အောင်ဒင်ကို ဆီးကြိုလိုက်ပါ၏။ သူ၏နဖူးတွင် ချွေးစများ စိမ့်ထွက်နေသည်ကို သတိထားလိုက်မိသည်။ သူ၏ ခြေထောက်ကို တိုးဝှေ့ဖြတ်ကျော်သွားကြသည့် မြေကြွက်သုံးလေးကောင်ကြောင့်လည်း ရစ်ချပ်အောင်ဒင် စိတ်အနှောင့်အယှက်ဖြစ်သွားပါ၏။

မကြာမီ မှုန်ဝါးဝါး မီးအလင်းရောင်အောက်တွင် ချစ်လှစွာသော မာယာကို ချုပ်နှောင်ထားရစ်ခဲ့သည့် မြေတိုက် အုတ်နံရံဆီသို့ သူရောက်ရှိလာခဲ့သည်။ တိတ်ဆိတ်မှုက အရာအားလုံးကို ကြီးစိုးမင်းမူထားသည်။ တစ်နေရာမှ တစ်နေရာသို့ ပြေးလွှားနေကြသည့် မြေကြွက်ကြီးများ၏ အော်မြည်ပြေးလွှားသံအချို့ကိုသာ ရံဖန်ရံခါ ကြားနေရသည်။ သူ့နဖူးမှ ချွေးစများ စီးကျလာသည်ကို သတိပြုမိသော်လည်း မသုတ်ဖယ်မိ။ သူကိုယ်တိုင် သူ့လက်ဖြင့် အုတ်စီကာ ပိတ်ဆို့ထားသည့် နံရံကြီးဆီသို့ ရစ်ချပ်အောင်ဒင် လျှောက်လာခဲ့ပါ၏။

သည်စဉ်မှာပင် ညည်းညူသံသဲ့သဲ့ကို ထပ်မံ၍ ကြားလိုက်ရသည်။ တကယ့်ကိုပင် နာနာကျင်ကျင် ညည်းညူသံမျိုး။ ထို့နောက် ရွေ့လျားလှုပ်ခတ်နေသည့် သံကြိုးသံ။ သည်တစ်ကြိမ်တော့ နားကြားလွဲခြင်း မဟုတ်နိုင်တော့။

'ချွမ် . . ချလွင် . . ချွမ် . . ချွင်'

'ဝေါ ဖရော . . ဖျော . . ဖျော'

ထိုစဉ်မှာပင် နံရံ၏အောက်ခြေ အုတ်နံရံများက တဖြည်းဖြည်းနှင့် ရုန်းကြွလာကြပြီး မကြာခင် အုတ်ကျိုးအုတ်စများ၊ အင်္ဂတေအပိုင်းအစများက ရစ်ချပ်အောင်ဒင်၏ မျက်စိရှေ့မှာပင် တဖျောဖျောနှင့် ကျလာသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။

''ဟာ''

ရစ်ချပ်အောင်ဒင် အံ့သြထိတ်လန့်နေစဉ်မှာပင် အုတ်နံရံအောက်ခြေတွင် အပေါက်ကြီးတစ်ပေါက် ဖြစ်သွားပြီး ထိုအပေါက်







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သွေးသံရဲရဲနှင့် လက်ကြီးတစ်ဖက် ထွက်လာခဲ့သည်။

'ဝေါ ဖရော ..ဖရော ဝေါ'

'ဟီး ..ဟင်း ..အင်း ..ဟင်း ဟင်း'

''အိုး ...ဂေါ့ ဘုရားသခင် ...သူ ...သူ မ ... မသေသေးပါလား၊ မဖြစ်နိုင်ဘူး ...မဖြစ်နိုင်ဘူး၊ ဒါ ...ဒါ မ ...မကောင်းဆိုးဝါးကောင်ကြီးပဲ ဖြစ်ရမယ်''

ရုတ်တရက် မြင်တွေ့လိုက်ရသော သွေးပျက်ဖွယ် မြင်ကွင်းကြောင့် ရစ်ချပ်အောင်ဒင်တစ်ယောက် နောက်သို့ပင် ခြေတစ်လှမ်းဆုတ်သွားသည်။ ပါးစပ်မှလည်း တောင်စဉ်ရေမရ စကားများ ဟစ်အော်ရင်း တစ်စတစ်စ ကျယ်ဝန်းလာသည့် နံရံပေါက်ဝကြီးဆီသို့သာ ငေးမောကြည့်နေမိသည်။

'ဝေါ ..ဖရော ..ဖျော ဖျော'

''အီး ..ဟင်း ဟင်း ..ရစ်ချပ် ရစ်ချပ် ...ကျွန်မကို လာတွဲထူပါဦးလား ရှင်ရယ် ...အင်း ဟင်း ဟင်း''

''ဟာ ...အား အား''

တစ်ချိန်တည်းမှာပင် အုတ်နံရံပေါက်ကြီးထဲမှ အတင်းအဓမ္မတိုးဝှေ့၍ ထွက်လာသည့် မာယာ၏ သွေးပျက်ထိတ်လန့်ဖွယ်ရာ ရုပ်သွင်ကြီးကို ကြည့်ကာ ရစ်ချပ်အောင်ဒင် ငယ်သံပါအောင် အော်လိုက်မိပါတော့သည်။ သို့သော် သူ၏ အော်သံသည် လည်ချောင်းဝမှာပင် တိုးတိမ်ပျောက်ကွယ်သွားလေသည် ထင့်။





မီးရောင်မှိန်မှိန်အောက်တွင် တွေ့မြင်လိုက်ရသည့် မာယာ၏သဏ္ဌာန်ကြီးက တော်ရုံ အသည်းငယ်သူများဆိုလျှင် သွေးလန့်၍ပင် သေဆုံးသွားနိုင်သည် မဟုတ်ပါလား။

ဟုတ်ပါသည်။ ပြိုကျပျက်စီးလျက်ရှိသည့် အုတ်နံရံအပေါက်ကြီးထဲမှ ကုန်းကုန်းကွကွ၊ သွေးသံရဲရဲနှင့် ထွက်လာသူမှာ သူသိသော မာယာ မဟုတ်ပါလေတော့။ သူ အရှုံးအမူး စွဲလမ်းတပ်မက်ခဲ့သော မာယာ၏ ချောမောလှပသည့်မျက်နှာ မဟုတ်ပါလေ၊

သူမ၏ ယာဘက်မျက်လုံးက ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသည်။ ထိုဟောင်းလောင်းပေါက်ကြီးက သူမ၏ ယာဘက်ပါးပြင်တစ်ခုလုံးကို လိုက်စားထားသည်။ ထို့ကြောင့် အသားမရှိတော့သည့် ပါးရိုးဖြူဖြူကြီးများက ငေါထွက်နေကြပါ၏။ ပ

ယခင်က ဖြောင့်စင်းနက်မှောင် ရှည်လျားလှသည့် ဆံပင်ရှည်များကလည်း ရုပ်ထွေးပွေလိမ်ကာ စိုစွတ်အေးမြသော မြေကြီးပေါ်တွင် ညစ်ပတ်ပွရောင်းလျက် အထွေးလိုက်၊ အစုလိုက်၊ အပုံလိုက် ရှိနေပါချေပြီကော။ သည်ကြားထဲ မေးရိုးဖြူဖြူပေါ်တွင် သွေးစများက ခြောက်ကပ်စီးကျနေကြသည်။ ထို့အပြင် ရှည်လျားချွန်ထက်ပြီး မည်းညစ်နေသော လက်သည်းများကြားတွင် ဝမ်းဗိုက်ပေါက်ထွက်နေသည့် ကြွက်သေတစ်ကောင်ကို ဆုပ်ကိုင်ထားသည်။

မာယာသည် တစ်ဖက်တည်းသာ ကျန်တော့သည့်



www.burmeseclassic.com

www.burmeseclassic.com



အရောင်အဆင်းကင်းမဲ့လျက် မွဲခြောက်ခြောက်ဖြစ်နေသည့် ဘယ်ဘက်မျက်လုံးတစ်လုံးတည်းနှင့် ရစ်ချပ်အောင်ဒင်အား စူးစူးနစ်နစ်ကြည့်ရင်း သူ၏ အရိုးပြိုင်းပြိုင်းထနေသော လက်ဖြင့် ရစ်ချပ်အောင်ဒင်အား လှမ်းခေါ်ရန် ကြိုးစားနေသည်။

''လာ ... လာ ... လာပါဦး ရစ်ချပ်ရယ်၊ မာယာ့ကို ဘယ်တော့မှ မမေ့ ... မမေ့ဘူးဆို ... ဟင်''

''အား ... မလာနဲ့ ... ငါ့ဆီကို မလာနဲ့၊ သွား ... သွား ... ထွက်သွား''

ရစ်ချပ်အောင်ဒင် သွေးပျက်စွာ ဟစ်အော်လိုက်သော်လည်း ထုံးစံအတိုင်း သူ၏ အော်ဟစ်သံများက လည်ချောင်းဝတွင်သာ ပျောက်ကွယ်သွားကြသည်။

''အိုး ... ရစ်ချပ် ဒါလင်ရယ် ... မာယာ့ကို နမ်းပါဦးလားဟင်''

မာယာမှာ သူ့ဆီသို့ ကိုယ်ကို ဒရွတ်တိုက်ဆွဲ၍ တိုးဝင်လာသည်။ သူ ရွေ့လျားတိုးဝင်လာတိုင်း သူ၏ ညာဘက်ခြေထောက်တွင် ချည်နှောင်ထားသည့် သံကြိုးသံက တချွင်ချွင်မြည်လျက် ...။

ရစ်ချပ်အောင်ဒင် တစ်ကိုယ်လုံး သွေးမရှိပါလေတော့။ သူ မနေရာမှ ရွေ့လျားထွက်ခွာရန် ကြိုးစားလိုက်သည်။ သို့သော် ထူးဆန်းစွာပင် သူ၏ခန္ဓာကိုယ်ကြီးက လုံးဝ လှုပ်ရှား၍ မရပါလေတော့။ အာရုံကြောတွေ ရပ်ဆိုင်းကုန်ကြလေပြီထင့်။





ဟုတ်သည် ...။ ရစ်ချပ်အောင်ဒင်၏ သိစိတ်နှင့် ခွန်အားမှန်သမျှ သူ၏ ဇဟိန္ဒခန္ဓာကိုယ်ကြီးမှ ထွက်ပြေးပျောက်ကွယ် သွားကြလေပြီလား။ သူ၏ ရင်ပြင်တစ်ခုလုံး ဖားဖိုကြီးတစ်ခုကဲ့သို့ တဒိန်းဒိန်း လှုပ်ခါလျက် ...

'ချွင် ချွမ် .. ချလွင် .. ထောက်'

ထိုစဉ်မှာပင် မာယာ၏ခြေထောက်မှ သံကြိုးပြတ်တောက်သွားသံက ရစ်ချပ်အောင်ဒင်၏ နားစည်တွင် ဗုံးတစ်လုံးပေါက်ကွဲသွားသည်သို့ ...

''ဟင်း အင်း ဟင်း ... နင်မလာရင် ငါလာပြီ ရစ်ချပ်ရေ၊ ဒီတစ်ခါတော့ နင့်ရဲ့အလှည့်ပဲပေါ့ ... ဟင်း အင်း ဟင်း''

မကောင်းဆိုးဝါးတစ်ကောင်၏ ရယ်မောသံကြီးကဲ့သို့ မာယာ့ထံမှ ထွက်ပေါ်လာပြီး သူ၏ အရိုးပြိုင်းပြိုင်းကျနေသော လက်နှစ်ဖက်ကို ကွေးချည်ဆန့်ချည် ပြုလုပ်ကာ ရစ်ချပ်အောင်ဒင်ရှိရာသို့ တစ်လှမ်းချင်း တိုးဝင်လာခဲ့သည်။ မှုန်ဝါးဝါး မီးရောင်အောက်တွင် မာယာ၏ အရိုးငေါငေါထွက်နေသည့် မျက်တွင်းဟောက်ပက် မျက်နှာကြီးက သူ့အား သွားများဖြီးပြနေသည့်နှယ်ပါတည်း။

''သွား ... သွား ... မလာနဲ့ ... ငါ့ဆီ မလာခဲ့နဲ့''

ရစ်ချပ်အောင်ဒင် ကြောက်လန့်တကြား ဟစ်အော်တားဆီးလိုက်သော်လည်း အချိန်မမီပါလေတော့။ သွေးစီးကြောင်းများဖြင့် ပါးရိုးဖြူဖြူကြီးများ ငေါထွက်နေသည့် မကောင်းဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com



အရေခွံခြုံထားသည့် မာယာ၏ ကြောက်မက်ဖွယ်မျက်နှာကြီးနှင့် ရှည်လျားချွန်ထက်ပြီး မည်းညစ်ညစ် လက်သည်းရှည်ကြီးများက ရစ်ချပ်အောင်ဒင်၏ကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်သည်။

'ဟီး ဟီး ..ဟင်း ဟင်း ဟင်း'

'ဝုန်း ..ဝရော'

''အ အား''

နောက်ဆုံးတော့ သွေးပျက်ချောက်ချားစွာ ဟစ်အော်လိုက်သည့် ရစ်ချပ်အောင်ဒင်၏ ထိတ်လန့်ဖွယ်အော်သံကြီးကသာ သန်းခေါင်ယံ မိုးညရေစီးထဲတွင် ပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။



## ရွှေဆံတော်ဘုရားပွဲမှ မျက်လှည့်ဆရာတစ်ဦး

'ဒုံးချမ်း ဒုံးချမ်း ..ဒုံးချမ်း ဒုံးချမ်း'

ရက်တရက် ဆူညံစွာ ထွက်ပေါ်လာသည့် ဘင်သံနှင့် လင်းကွင်းသံတို့ကြောင့် ဘုရားပွဲလာသူများနှင့် ဈေးသွားဈေးလာများမှာ ဘင်သံထွက်ပေါ်လာရာသို့ တစ်ယောက်စ နှစ်ယောက်စဖြင့် ဝိုင်းအုံရောက်ရှိလာကြသည်။

အချိန်က နံနက်ဆယ့်တစ်နာရီခန့် ရှိပါပြီ။ ရွှေဆံတော်ဘုရားပွဲစည်ကားချိန်မို့ ဘုရားပွဲသို့ ရောက်ရှိလာကြသော ပရိသတ်များမှာ ဘင်နှင့်လင်းကွင်းတို့ကို ဆူညံစွာတီးခတ်ရင်း လှုပ်ရှားနေသည့် မျက်လှည့်ဝိုင်းတစ်ခုအနီးတွင် စုပြုံကြည့်ရှုနေကြပါ၏။ ဖားရွှေကျော်ရွာရှိ တစ်နှစ်တစ်ခါ ကျင်းပပူဇော်သော ရွှေဆံတော်ဘုရားကြီး၏ခြေတော်ရင်း အရိပ်အာဝါသကောင်းလှသော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် ခင်းကျင်းပြသသည့် လမ်းဘေးမျက်လှည့်နှင့် မြွေအလမ္ပာယ်ပြပွဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံ့ည့်စည်းဝိုင်းအတွင်းရှိ အဝတ်နက်ကြီး ခြုံလွှမ်းထားသည့် စားပွဲဝိုင်းပေါ်တွင် လူအရိုးခေါင်းကြီးတစ်ခုက ပွဲကြည့်လာသူ ပရိသတ်များအား သွားကြီးဖြဲကာ ခြောက်လှန့်နေသည်သို့ အရိုးခေါင်းကြီးပေါ်မှာတော့ လက်မခန့် တုတ်သည့် ဖယောင်းတိုင်အနီကို နေ့ခင်းကြောင်တောင်ပင် ထွန်းညှိထားပါ၏။ ထိုအရိုးခေါင်းကြီးနောက်မှာတော့ ငှက်ပျောသီး၊ အုန်းသီးများဖြင့် ပွဲပေးထားဟန်တူသည့် ကန်တော့ပွဲကြီးတစ်ပွဲက အမွှေးတိုင်၊ ဖယောင်းတိုင်များနှင့် ထိန်ထိန်လင်းလျက် ရှိသည်။

အနီးရှိ လေးထောင့်စားပွဲကြီးပေါ်တွင်လည်း ရေအပြည့်နှင့် ပုလင်းတစ်လုံး၊ ဖန်ခွက်တစ်ခွက်၊ ဖဲထုပ်တစ်ထုပ်နှင့် ကြေးကွင်းငယ်လေးများအပြင် ကြက်ဥတစ်လုံးကလည်း ဖန်ခွက်ထဲတွင် ငုတ်တုတ်ရှိနေပါ၏။ ပန်းကန်ပြားတစ်ချပ်၊ ယွန်းအစ်တစ်လုံး၊ အနီရောင်မှန်ပုံးတစ်ခုနှင့် ရောင်စုံပင်ပေါင်ဘောလုံး စသည့် မျက်လှည့်အသုံးအဆောင်ပစ္စည်းများက စားပွဲခုံထက်တွင် စနစ်တကျ ခင်းကျင်းပြသထားသည်။ ထို့အပြင် စားပွဲနှင့် မလှမ်းမကမ်းမှာတော့ မြွေပခြုပ်နှစ်လုံးကိုလည်း တွေ့မြင်နေရပါတော့၏။

မကြာမီ ဘင်တီးသူကုလားလေးက ဘင်နှင့် လင်းကွင်းကို စည်းချက်ကျကျနှင့် စတင်၍ တီးခတ်လိုက်ပါသည်။ တဒုံးဒုံးတချမ်းချမ်းနှင့် မျက်လှည့်ပွဲကိုလှန့်လိုက်သဖြင့် ဘုရားပွဲလာပရိသတ်များမှာ ကြက်ပျံမကျ တိုးဝှေ့ရောက်ရှိလာခဲ့ကြသည်။





မကြာမီ စိတ်ဝင်စားဖွယ်ရာ မျက်လှည့်နှင့် မြွေအလမ္ပာယ်ပွဲကြီးကို ကောင်းကောင်းကြည့်ရတော့မည်မို့ ကလေးလူကြီးမကျန် ရောက်ရှိလာကြသည်။

'ဒုံးချမ်း ‥ ဒုံးချမ်း ‥ ဒုံးချမ်း ‥ ဒုံးချမ်း ‥ ဒုံးချမ်း'

'ခွမ်း ‥ ခွမ်း ‥ ချမ်း ချမ်း'

ဆူညံစွာ တဒိန်းဒိန်း တချမ်းချမ်း တီးခတ်နေသော ဘင်သံ၊ လင်းကွင်းသံများမှာ အနက်ရောင်တိုက်ပုံဝတ် ပိန်ရှည်ရှည် မျက်လှည့်ဆရာတစ်ဦး စည်းဝိုင်းထဲသို့ ဝင်ရောက်လာခဲ့ပြီး လက်မြှောက်ကာပြလိုက်သည်နှင့် မီးကို ရေနှင့်ငြှိမ်းလိုက်သကဲ့သို့ ရုတ်ခြည်းပင် ငြိမ်ကျသွားပါလေ၏။

ထိုစဉ်မှာပင် ဆံပင်ရှည်ရှည်ကို သျှောင်စည်းထားသည့် မျက်လှည့်ဆရာကိုပိန်ရှည်က သူ၏ဦးခေါင်းကို ညွှတ်ကာ စကားစလာပါသည်။

"ရွှေဆံတော်ဘုရားပွဲကို လာရောက်ဖူးမြော်ကြတဲ့ ပရိသတ်ကြီးနဲ့ မိဘပြည်သူများခင်ဗျား ... ယခုအချိန်မှစပြီး ကျွန်တော်တို့ရဲ့ ယောပြန်ဆရာခြိမ့်ရဲ့ မျက်လှည့်ပညာရပ်များနှင့် မြွေအလမ္ပာယ်ပြပွဲကြီးကို စတင်ပါတော့မယ် ခင်ဗျား"

'ဒိန်း ‥ ချမ်း ‥ ဒိန်း'

မျက်လှည့်ဆရာကိုပိန်ရှည်၏ စကားသံအဆုံးနှင့် ဘင်သံ လင်းကွင်းသံတို့က စည်းချက်ညီညီနှင့် ...

"ကျွန်တော်ကတော့ ယောပြန်ဆရာခြိမ့်ရဲ့ လက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

တပည့် နက်ကျော်ဖြစ်ပါတယ်၊ ကျွန်တော်ပြသပြီးတဲ့နောက် ကျွန်တော့်ရဲ့ဆရာ ယောပြန်ဆရာခြိမ့်က အသည်းယားဖွယ်, ထိတ်လန့်ဖွယ် မြွေအလမ္မာယ်ပြကွက်တွေနဲ့ မိဘပြည်သူများကို ဧည့်ခံဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်''

ထိုအချိန်တွင် အညိုရောင်ဖျင်အကျီနှင့် ယောထဘီအနက်ကို ဝတ်ဆင်ထားသည့် အချိုးအဆစ် ခန္ဓာကိုယ်ကျနသော မိန်းမပျိုလေးတစ်ဦးမှာ ခါးကိုင်းကိုင်း၊ တောင်ဝှေးရှည် ကောက်ကောက်ကြီးကို ကိုင်ဆောင်လျက် ဆွတ်ဆွတ်ဖြူနေသည့် ဆံပင်ရှည် ကျိုးတိုးကျဲတဲကို ထိပ်တည့်တည့်တွင် သျှောင်ပေစုးထုံးကာ ပိန်ညှောင်ခြောက်ကပ်နေသည့် အသက်ခုနစ်ဆယ်ကျော်ခန့် အဘွားကြီးတစ်ဦးကို တွဲကာ မျက်လှည့်ဝိုင်းအနီးသို့ ရောက်ရှိလာခဲ့သည်။

ထိုအချိန်တွင် . . . ယောပြန်ဆရာခြိမ့်၏ တပည့်ရင်းဆိုသူ မျက်လှည့်ဆရာ ကိုပိန်ရှည်က အာပေါင်အာရင်းသန်သန်ဖြင့် အော်ဟစ်ပြောဆိုရင်း မျက်လှည့်ပွဲကို စတင်ပြသပါတော့သည်။

''ကိုင်း . . . အခုချိန်ကစပြီး ကျွန်တော့်ရဲ့ မျက်လှည့်လက်လှည့်နဲ့ ပဥ္စလက်ပညာရပ်များကို စတင်ပြသပါပြီ၊ ပရိသတ်ကြီး မျက်တောင်မခတ်စတမ်း ရှုစားတော်မူကြပါခင်ဗျား''

မျက်လှည့်ဆရာ ကိုပိန်ရှည်က ဘင်သမားကုလားလေးအား ခေါင်းဆတ်ပြလိုက်စဉ် ကုလားလေးမှာ သူ၏ဘင်နှင့် လင်းကွင်းကို တဒုံးဒုံး၊ တချမ်းချမ်းနှင့် အားပါးတရ ထုနက်တီးခတ်





လိုက်ပါတော့သည်။

'ဒုံးချမ်း . . ဒုံးချမ်း . . ဒုံးချမ်း . . ဒုံးချမ်း'

'ချမ်း . . ခွမ်း . . ခွမ်း ခွမ်း'

နက်ကျော်ဟု ခေါ်သည့် မျက်လှည့်ဆရာကိုပိန်ရှည်မှာ ဖဲချပ်မျက်လှည့်၊ ဆေးလိပ်မျက်လှည့်၊ ကြေးကွင်းမျက်လှည့်၊ ကြိုးချည်ကြိုးဖြတ်ပညာရပ်များအပြင် သေတ္တာနီလေးထဲမှ ခိုငှက်များ၊ စာကလေးများ၊ ပန်းစည်းများ စသည့် ပြကွက်ဆန်းများကို ပိရိသေသပ် ကျွမ်းကျင်စွာ ပြသသွားခဲ့သည်။

'ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း'

ပရိသတ်များမှာ သဘောကျလွန်းသဖြင့် လက်ခုပ်သံတဖျောင်းဖျောင်းနှင့် ဆူညံစွာ ဩဘာပေးကြသကဲ့သို့ ငွေစက္ကူများကိုလည်း စည်းဝိုင်းထဲသို့ ကြဲဖြန့်ပစ်ပေးခြင်းဖြင့် ဂုဏ်ပြုအားပေးကြသည်။

'ရှူး ရှူး . . ရှူး ရှူး'

'ဟေး ဟေး . . ဖျောင်း ဖျောင်း ဖျောင်း'

အဆက်မပြတ် တီးခတ်အားပေးနေသည့် လက်ခုပ်ဩဘာသံများကြားမှ မျက်လှည့်ဆရာကိုပိန်ရှည်က သူတတ်ကျွမ်းသည့် မျက်လှည့်ပညာရပ်များကို စုံလင်စွာ ပြသသွားခဲ့ပါသည်။ ထို့နောက် သူ၏ဆရာကြီး ယောပြန်ဆရာခြိမ့်ကို ဖိတ်ခေါ်လိုက်ရာ စည်းဝိုင်းထဲသို့ ထူးခြားထင်ရှားသောအသွင်အပြင်နှင့် လူတစ်ယောက် ဝင်ရောက်ရှလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်တိုက်ပုံအကျႌ အနက်ရောင် ရှမ်းဘောင်းဘီကိုကို ဝတ်ဆင်ထားပြီး ခါးတွင်လည်း ကြိုးနီစတစ်ချောင်းကို ဇည်းနှောင်ထားသည်။ ချောင်တစောင်း ထုံးချည်ထားပြီး ဦးခေါင်းတွင် ရှုပ်နီးထည်အနီရဲရဲတစ်စကို ရစ်ပေါင်းချည်နှောင်ကာ အောက်စကို ချထားသည့်သွင်ဟန်က ... ဝင့်ကြွားမာန်ထည်လျက်။

ညိုမောင်းသော အသားအရေ၊ မြင့်မားသော အရပ်အမောင်း၊ မရိတ်မသင်ဘဲ ထားရှိသော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများက ကျိုးတိုးကျဲတဲနှင့် ကွမ်းတမြုံ့မြုံ့ဝါးနေသည့် ယောပြန်ဆရာခြိမ့်၏ ဟန်ပန်နှင့် အသွင်သဏ္ဍာန် ဟိတ်ဟန်တို့ကို ပွဲကြည့်ပရိသတ်အား တစ်နည်းတစ်ဖုံ စိတ်ဝင်စားစေပါလေ၏။

"အင်း ... ကြည့်ရတာ ယောပြန်ဆရာခြိမ့်က အောက်လမ်းဆရာနဲ့ တူတယ်၊ တစ်ကိုယ်လုံးလည်း အနက်ရောင် ဝတ်ထားပြီး ခေါင်းမှာ ရှုပ်နီးနီ စည်းထားသေးတယ်"

"ဟုတ်လိမ့်မယ်၊ အဲဒီ ဆရာခြိမ့်ဆိုတဲ့ လူကြီးကိုကြည့်ရင်းနဲ့ ကျုပ်တောင် ကြက်သီးတွေ တဖြန်းဖြန်း ထသွားသလိုနဲ့ ကျောထဲကို စိမ့်သွားတာပဲ"

"အဟင်း ... ပုံစံနဲ့ ဂိုက်ပေးထားတာကတော့ တကယ့်ကို မျက်လှည့်ဆရာကြီး ကျနေတာပဲပေါ့၊ မော်ဆရာကြီးလိုလို ကာဝေဆယ့်နှစ်ကြိုးဆရာကြီးလိုလိုနဲ့ ပညာပြိုင်မယ့် အောက်လမ်းဆရာကြီးနဲ့တောင် တူနေသေးတော့တယ်"





ပရိသတ်ကြီးက ယောပြန်ဆရာခြိမ့်ကိုကြည့်ကာ တီးတိုးတီးတိုး သဖန်းပိုးထိုးနေကြသည်။ ထိုလူစုပရိသတ်ထဲတွင် ဒေါ်ဇေယျတို့ မြေးအဘွားလည်း ပါဝင်ကြသည်။

"ဟင် ... အဘွားက ဒီမျက်လှည့်ပွဲကို ကြည့်ဦးမလို့လားဟင် ... ဘုရားဖူးပြီး ပြန်ကြမယ်လေ"

"နေစမ်းပါဦး မြေးလေးရယ် ... ဒီဆရာကောင် ဘာတွေ ပညာပြဦးမလဲဆိုတာ ခဏလောက်ကြည့်ကြည့်ရအောင်၊ နောက်ပြီး မြွေအလမ္ပာယ်ပြကွက်လည်း ပါဦးမယ်ပြောတယ် မြေးရဲ့"

တောင်ဇဝ်းကောက်ကောက်ကြီးကို အားပြုရင်း ဒေါ်ဇေယျတစ်ယောက် မြေးမငယ်အား ပြောနေစဉ်မှာပင် ယောပြန်ဆရာခြိမ့်က ပါးစပ်ထဲမှ ကွမ်းယာများကို ဖွီခနဲ ဖွပ်ခနဲ ထွေးထုတ်ပစ်လိုက်သည်။ ပြီးလျှင် စားပွဲပေါ်ရှိ ရေပုလင်းထဲမှ ရေတချို့ကို ဖန်ခွက်ထဲသို့လောင်းထည့်ကာ ပါးစပ်အနီးတွင် တေ့လျက် တတွတ်တွတ်နှင့် မန်းမှုတ်နေပါ၏။

အတန်ကြာမျှ မန်းမှုတ်ရွတ်ဖတ်နေပြီးမှ ထိုရေခွက်ကို မော့၍ သောက်ချလိုက်သည်။ ပြီးသည်နှင့် ပရိသတ်များဘက်သို့ ဖွီးခနဲ မှုတ်ထုတ်လိုက်သည်နှင့် မီးတောက်မီးလျှံများက ဝုန်းခနဲ ပါးစပ်အတွင်းမှ လျှံထွက်လာကြသည်ကို အံ့သြစွာ မြင်တွေ့လိုက်ကြရသည်။

'ဖွီး .. ဖရှူး .. ဖွူး'



www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ဝေါ ‥ ဝုန်း'

အုံ့ညြဖွယ်ရာပင်၊ ရေခွက်ထဲမှ ရေများကို မျက်စိရှေ့မှာပင် သောက်ချလိုက်ပြီး ပြန်၍မှုတ်ထုတ်လိုက်သည့်တွင် မီးတောက်မီးလျှံများအဖြစ် ပြောင်းလဲသွားသည့်ပြကွက်အား ပရိသတ်များက နှစ်ခြိုက်စွာ လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အားပေးလိုက်ကြပါသည်။

ထိုစဉ် ဆရာခြိမ့်က သူ၏အသံနက်ကြီးဖြင့် စတင်၍ ပွဲလှန့်ခြိမ်းခြောက်ပါတော့သည်။ ယောပြန်ဆရာခြိမ့်၏ ကြိမ်းဝါးရှုတ်ဆိုသံကြီးကြောင့် ဒေါ်ဇာယုတို့မြေးအဘွားပင် အံ့အားသင့်သွားကြပါလေ၏။

"ဟောဒီ ဖမ္ဘူ့တစ်ခွင်မှာ တူယှဉ်ကာ လာမတုပါနဲ့၊ ပညာတူရင်လေ ရှေ့ကိုသာ ထွက်ခဲ့ပါတော့၊ ဘက်တူရင် လူမရွေးပါဘူး၊ ဆင်ဝှေ့ကာ ရန်ရှောင်မနေကြပါနဲ့တော့၊ မှော် စုန်း ကဝေ ဇော်ဂနီမှန်ရင် မြေမှာ လိမ့်သွားစေမယ့် ယောပြန် ဆရာခြိမ့်တဲ့ဟေ့"

'ဒုံးချမ်း ဒုံးချမ်း ‥ ဒုံးချမ်း ချမ်း'

ယောပြန်ဆရာခြိမ့်နည်းတူပင် ဘင်သမား ကုလားလေးကလည်း တုန်လှုပ်ချောက်ချားဖွယ် အသံမျိုးစုံဖြင့် တီးကွက်ပြောင်းကာ တဒုံးဒုံး တချမ်းချမ်းနှင့် လှန့်ထုတ်ပေးသည်။ ယောပြန် ဆရာခြိမ့်က ချောင်းဟန့်တားကာ အချက်ပေးလိုက်သံကြောင့် ဘင်ကုလားဘောမှာ လင်းကွင်းကို ချမ်းခနဲရိုက်ကာ တီးကွက်ကို





ရပ်တန့်လိုက်ပါ၏။

"အဟမ်း ‥‥ ကျုပ်ဟာ ယောပြန်ဆောပြန် ဆရာခြိမ့်ပါ၊ ဟောဒီ မြန်မာပြည်တစ်နံတစ်လျားကို ချောင်ကြိုချောင်ကြားပါမကျန် လှည့်လည်သွားလာနေသူတစ်ယောက်ပါ၊ မျက်လှည့်ပဉ္စလက်ပညာတွေနဲ့ ရှားပါးလှတဲ့ မြွေအလမ္ပာယ်ပညာရပ်တွေကို ပေါင်းစည်းပြီး ပြလာတာ နှစ်ပေါင်းလည်း မနည်းတော့ပါဘူး။ ရောက်လေရာအရပ်မှာလည်း ကျုပ်ကို ပညာစမ်းသလိုလိုနဲ့ နှောင့်ယှက်ကြတဲ့ ရှာသူတွေ, စုန်းတွေ, ကဝေတွေနဲ့ အမြဲတမ်းရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်၊ ဒါပေမဲ့ ယောပြန်ဆရာခြိမ့်ဆိုတဲ့ ကျုပ်ကတော့ ရောက်လေရာနေရာမှာ ယနေ့အချိန်အထိ အလံမလှဲဘဲ အောင်လံထူနေဆဲပါပဲဆိုတာ ကျုပ် ကြိုတင်ပြီး ပြောခဲ့ပါတယ်"

ယောပြန်ဆရာခြိမ့်ဆိုသူကတော့ စစချင်း ဆောက်နဲ့ထွင်းခဲ့ပါချေပြီကော ‥‥။ သူ၏ ထမင်းရှင်ပရိသတ်အား အသားလွတ် မထိမဲ့မြင်ခြိမ်းခြောက်ကာ ကျူးလွန်စော်ကားလိုက်ပါတော့သည်။

"ရော် ‥‥ ဘယ်လိုဆရာလဲဟေ့၊ စကားပြောတာ ဟိုမလွတ် ဒီမလွတ်နဲ့ အင်း ‥‥ ဒီဆရာတော့ စိမ်ရေသင့်တော့မယ်ထင်တယ်"

"အဲဒါကြောင့် ပြောတာပေါ့ အဘွားရဲ့ ‥‥ ဒီမျက်လှည့်ပွဲကို မကြည့်ချင်ပါနဲ့ဆိုတာ၊ အခုတော့ အမြင်မတော်, အကြား



www.burmeseclassic.com

www.burmeseclassic.com



မတော်တာတွေ တွေ့နေရပြီ မဟုတ်လား''

ဒေါ်ဇာယုတို့မြေးအဘွား ပြောဆိုနေကြစဉ်မှာပင် ယောပြန်ဆရာခြိမ့်၏ အောက်ကလိအာအသံကြီးကို ကြားလိုက်ရပြန်ပါသည်။

''အခု လာရောက်ကြည့်ရှုနေကြတဲ့ ပရိသတ်ထဲမှာ မိမိဆောင်ထားတဲ့ အင်း, ဆေး, လက်ဖွဲ့, ဓာတ်လုံး အစရှိတဲ့ ပစ္စည်းတွေများ ပါရှိခဲ့ရင်, နောက်ပြီး ကိုယ့်ရဲ့အဆောင်ပစ္စည်းကို ကိုယ်ယုံကြည်အားကိုးတယ်ဆိုရင်တော့ ဒီစည်းဝိုင်းထဲကို ဝင်လာခဲ့ကြပါ၊ ကျုပ်ကစားပြမယ့် ကျုပ်ရဲ့မြွေကြီးကို ကိုင်ရဲတယ်, ကိုင်ဝံ့တယ်ဆိုရင် ဆုငွေ သုံးရာကျပ်တိတိ ချီးမြှင့်ပါမယ်''

ယောပြန်ဆရာခြိမ့်က လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်ရင်း ခြေထောက်ကို ခြေစုံခွဲ၍ရပ်ကာ မိုက်မိုက်ရိုင်းရိုင်း စိန်ခေါ်နေသည့် အပြုအမူကြောင့် ပရိသတ်များမှာ နားရွက်ဖျားပင် မခတ်ရဲကြဘဲ မှင်တက်ငေးမော၍သာ ကြည့်နေကြပါတော့သည်။

ထိုစဉ် ဆရာခြိမ့်မှာ မြွေပခြုပ်များရှိရာသို့ လျှောက်သွားပြီး အကြီးဆုံးမြွေပခြုပ်အဖုံးကို ဆွဲဖွင့်လိုက်ပါ၏။

'ရှူး ..ဖရူး'

ကျယ်လောင်သော နှာမှုတ်သံကြီးနှင့်အတူ ပခြုပ်အတွင်းမှ ကြီးမားနက်မှောင်ပြောင်ချောနေသည့် မြွေဟောက်ကြီးက ပါးပျဉ်းကြီးထောင်ကာ ဝဲခနဲ ခေါင်းထောင်ထလာပါ၏။





သို့သော် .. ဖျတ်လတ်လျှင်မြန်လှသော ယောပြန်ဆရာခြိမ့်က မြွေဟောက်နက်ကြီး၏ မာန်ဖီနေသည့် ဦးခေါင်းကြီးကို လက်နှင့် ပုတ်လိုက်သည်။ အံ့ဩဖွယ်ရာပင် ... မြွေဟောက်နက်ကြီးမှာ ဆရာခြိမ့်၏လက်နှင့် ထိလိုက်သည်နှင့် ပါးပျဉ်းကြီးကို ရုပ်ကာ ဆရာခြိမ့်၏လက်ထဲတွင် တွန့်လိမ်ရုန်းကန်ရင်း ပါသွားပါလေ၏။

တစ်ချိန်တည်းမှာပင် ဆရာခြိမ့်က ကြီးမားတုတ်ခိုင်လှသည့် မြွေဟောက်နက်ကြီးကို ပခြုပ်ထဲမှနေ၍ အခွေလိုက် ဆွဲထုတ်ယူလိုက်သည်တွင် ကြည့်ရှုနေကြသည့် ပွဲကြည့်ပရိသတ်များမှာ စည်းဝိုင်းနောက်သို့ ရှဲသွားကြသည်။

''ဘုရား ဘုရား ... နည်းတဲ့မြွေဟောက်ကြီး မဟုတ်ဘူးဟေ့ ... ကိုက်လိုက်ရင်တော့ တစ်ချက်တည်းနဲ့ တုံးခနဲနေမှာပဲဟေ့''

''ဟာ ... ဆုတ် ... ဆုတ်ဟေ့၊ ဆုတ် ... နောက်ကို မြန်မြန်ဆုတ်ကြ၊ အဲ ... အဲဒါ မြွေ ... မြွေဘုရင်ကြီးကွ ... နော်''

''အားပါး ... ဒါ ... ဒါ ... တောကြီးမြွေဟောက်နက်ကြီးကွ၊ ကိုက်လိုက်ရင် ဆေးမမီဘူးဆိုတာ ဒီမြွေမျိုးကို ခေါ်တာဟေ့''

မျက်လှည့်ပွဲကို လာရောက်ကြည့်ရှုကြသူများမှာ မြွေကြီးကို တွေ့မြင်လိုက်သည်နှင့် စည်းဝိုင်းထဲသို့ ဝင်ဖို့နေသာသော



www.burmeseclassic.com

www.burmeseclassic.com



. . . နောက်သို့ပင် မသိမသာ ရွဲ့သွားကြပါ၏။ ကြောက်တတ်သူ အချို့ကမူ ဝုန်းခနဲ ထ၍ပြေးကြသဖြင့် ခဏမျှ ဝရုန်းသုန်းကား ဖြစ်သွားကြသည်။

'ဖွီး . . ရှူး'

ထိုစဉ်မှာပင် စည်းဝိုင်းအလယ်တွင် ချထားသည့် မြွေဟောက်နက်ကြီးမှာ သူ၏ ရှေ့မှယောပြန်ဆရာခြိမ့်အား သုံးပေကျော်အမြင့်လောက်မှ ပါးပျဉ်းကြီးကိုခွက်ကာ တရှူးရှူး တရှဲရှဲနှင့် မာန်ဖီရန် စောင်နေပါလေ၏။

"ဒီကောင်ကြီးဟာ အင်မတန်ဒေါသကြီးသလောက် အဆိပ်ပြင်းတဲ့ တောကြီးမြွေဟောက် အမျိုးအစားပါ၊ အကိုက်ခံလိုက်ရရင်လည်း ဆေးမမီနိုင်ပါဘူး။ ဒါကိုမှ မယုံကြည်နိုင်သေးလို့ ဒီမြွေကြီးကို ကိုင်တွယ်ချင်တယ်, ကိုင်ရဲတယ်ဆိုရင်လည်း ဟောဒီ စည်းဝိုင်းထဲကို ရဲရဲတင်းတင်းဝင်လာခဲ့ပါလို့ ထပ်ပြီး ဖိတ်ခေါ်လိုက်ပါတယ် . . ဟင်း ဟင်း"

ယောပြန်ဆရာခြိမ့်မှာ ကြောက်ပါသည်ဆိုမှ ဖြဲ၍ခြောက်လှန့်နေသူပါတည်း။ နဂိုကတည်းက လူတော်တော်များများမှာ မြွေဆိုလျှင် ကြောက်စရာသတ္တဝါတစ်ကောင်အဖြစ် သတ်မှတ်ထားခဲ့ကြသည် မဟုတ်ပါလား။ ဆရာခြိမ့်၏ စည်းလွတ်ဝါးလွတ် အပြောအဆိုကြောင့် ဒေါ်ဇာယုနှင့် မြေးဖြစ်သူမာယာတို့မှာ ဆရာခြိမ့်အပေါ်တွင် မကျေမလည်ဖြစ်နေသည်သို့။

"ကိုင်း . . . ပွဲစပြီ . . . ဟောဒီမှာ ကြည့်ကြ"





'ရှီး . . ဖရှူး ဖူး'

ယောပြန်ဆရာခြိမ့်မှာ ရှမ်းဘောင်းဘီအနားစများကို လိပ်တင်လိုက်ပြီး မြွေဟောက်နက်ကြီးရှေ့တွင် မှဆိုးဒူးထောက်ထိုင်ချလိုက်သည်။ တစ်ချိန်တည်းမှာပင် ရှေ့တူရူမှ မာန်စောင်နေသည့် မြွေဟောက်နက်ကြီးမှာ ဒေါသတကြီးနှင့် ရှူးခနဲ ပေါက်ချလိုက်သည်။

"ဟာ"

"အိုး . . . အောင်မယ်လေး"

"အား . . . ဘုရားကယ်ပါ"

ကြည့်ရှုနေကြသည့် ပရိသတ်များထံမှ အလန့်တကြား ထွက်ပေါ်လာသည့် အာမေဋိတ်သံများနှင့်အတူ ရုတ်တရက် ဆရာခြိမ့်က ဘယ်ဒူးကို ဖျတ်ခနဲ ရုပ်လိုက်ပြီး ညာဒူးကို ဆတ်ခနဲ ထောင်ပြလိုက်ရာ မြွေဟောက်ကြီး၏ မာန်ဖီနေသော ဦးခေါင်းကြီးမှာ နောက်သို့ တွန့်သွားပါ၏။

'ရှူး . . ဖရှူး'

"ဟိတ် . . . ဟိတ် . . ."

သတ္တိကောင်းသော ပရိသတ်အချို့က စည်းဝိုင်းအနီးထိ ကပ်၍ ကြည့်ကြရာတွင် ယောပြန်ဆရာခြိမ့်၏ ဘယ်ဘက် ဒူးတွင် ဆေးမှင်ကြောင်နှင့် ထိုးထားသည့် ဖားရုပ်အနက်ကလေးကို တွေ့မြင်လိုက်ကြရပြီး ညာဘက်ဒူးတွင်မူ ပင့်ကူနက်ရုပ် ထိုးထားသည်ကို မြင်တွေ့ကြရပါ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဟာ . . . ဆရာခြိမ့်ရဲ့ ဒူးနှစ်ဖက်စလုံးမှာ ဖားရုပ်နဲ့ပင့်ကူရုပ်တွေ ထိုးထားတာပါလားဟေ့၊ ဟို . . . ဟိုမှာကြည့်ကြစမ်း"

"အေး . . . ဟုတ်တယ်ကွ၊ ကြည့်ရတာ ညာဘက်ဒူးက ပင့်ကူရုပ်က ပိုပြီး စွမ်းပုံရတယ်၊ ကြည့်ပါလား . . . ညာဒူးကို ရှေ့ထုတ်ပြီး ပြလိုက်တာနဲ့ မြွေခေါင်းကြီး ငုံ့ငုံ့သွားတာ တွေ့တယ် မဟုတ်လားကွ"

မျက်လှည့်ပွဲကြည့်ပရိသတ်များက အမျိုးမျိုး ပြောဆိုနေကြသကဲ့သို့ ယောပြန်ဆရာခြိမ့်ကလည်း စည်းဝိုင်းထဲတွင် မြွေဟောက်ကြီးနှင့် အမျိုးမျိုးအဖုံဖုံ စိတ်လှုပ်ရှားဖွယ် ကစားပြနေပါသည်။ မြွေကြီးက ဒေါသတကြီးပေါက်လိုက်၊ ဆရာခြိမ့်က ပွတ်ကာသီကာဖြင့် ရှောင်သွားလိုက်၊ ဆရာခြိမ့်က ရှေ့သို့ခုန်ဝင်လိုက်၊ မြွေကြီးက နောက်သို့ တွန့်သွားလိုက်နှင့် ရင်ခုန်အံ့သြဖွယ်ရာ ပြကွက်များကို အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြင့် ကြည့်နေကြပါသည်။

'ရှူး . . ဖရူး'

"ဟိတ် . . . ယား"

တစ်ချက်တစ်ချက် လျှပ်ပြက်သလို ဖိုးခနဲ ဖတ်ခနဲ ပေါက်လိုက်သည့် မြွေဟောက်နက်ကြီး၏ ဒေါသတကြီး ပေါက်ချက်များကို ယိမ်းကာနွဲ့ကာ၊ ပွတ်ကာသီကာနှင့် လွတ်သည်ဆိုရုံလေးမျှ ရှောင်တိမ်းသွားပြီး ဘင်တီးသံစည်းချက်ဖြင့်အညီ သည်းထိတ်ရင်ဖိုဖွယ် ကစားပြနေသည့် ယောပြန်ဆရာခြိမ့်၏ ပညာစွမ်းကို ပွဲကြည့်ပရိသတ်များက လက်ခုပ်သံတဖြောင်းဖြောင်းနှင့် သြဘာပေးလျက် ရှိကြသည်။

'ဖြောင်း ဖြောင်း . . ဖြောင်း ဖြောင်း . . ရှိ'

ထိုအချိန်တွင် ယောပြန်ဆရာခြိမ့်က ပုံစံတစ်မျိုး ပြောင်းလိုက်ပြန်ပါ၏။ စားပွဲပေါ်မှ ဘူးသီးခြောက်ပလွေကို ယူကာ ဂီတသံစဉ်တစ်ခုကို ဖန်တီးလိုက်သည်။ အံ့သြဖွယ်ရာပင် စောစောပိုင်းက ဒေါသတကြီးနှင့် မာန်ဖီနေသည့် မြွေဟောက်နက်ကြီးမှာ ပလွေသံစဉ်နှင့် လိုက်လျောညီထွေစွာ ပါးပျဉ်းကြီးကိုထောင်၍ လှပစွာ ယိမ်းထိုးကခုန်နေသည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ကြရပါချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်နှစ်ကြိုးမြေအဘွားနှင့် ယောပြန်ဆရာခြိမ့်

ပလွေသံက ဘင်တီးသံ၊ လင်းကွင်းချမ်းသံ၊ လှသံသွသံများကြားမှ ထွင်းဖောက်ကာ ပွဲတင်စီးမျောပါနေပါ၏။ ဝိုင်းအုံကြည့်ရှုကြသော ပရိသတ်များကလည်း ဆရာခြိမ့်နှင့် မြွေဟောက်နက်ကြီးတို့၏ ယှဉ်ပြိုင်ပွဲကို စိတ်ဝင်တစား ကြည့်ရှုအားပေးနေကြသည်။

အတန်ကြာမျှ ပလွေသံစဉ် အနိမ့်အမြင့် အတက်အကျအလိုက် စည်းချက်ညီညီဖြင့် ကစားပြနေကြသည့် မြွေဟောက်နက်ကြီးနှင့် ယောပြန်ဆရာခြိမ့်တို့မှာ နောက်ဆုံး အလုပြကွက်တစ်ခုကို အသည်းယားစဖွယ် ကစားပြပြီးသည်နှင့် ပလွေမှုတ်ခြင်းကို ရပ်တန့်ပစ်လိုက်သည်။ ပြီးလျှင် သူ၏ရှေ့မှ ပါးပျဉ်းထောင်ကာ လှုပ်ယမ်းနေသည့် မြွေဟောက်နက်ကြီးကို ယောပြန်ဆရာခြိမ့်က ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်လိုက်ပြီး သူ၏ခန္ဓာကိုယ်တွင် ရစ်ပတ်စေလိုက်ပါ၏။





'ဖြောင်း ဖြောင်း ..ဖြောင်း ဖြောင်း ဖြောင်း'

တစ်ခဲနက် အားပေးသော လက်ခုပ်သံများကြားမှ ယောပြန်ဆရာဆရာခြိမ့်က ခေါင်းမော့ရင်ကော့ကာ မြွေကြီးနှင့်အတူ ပရိသတ်ကြီးအား လှည့်လည်ကာ နှုတ်ဆက်နေပါတော့သည်။ တစ်ချိန်တည်းမှာပင် ရှေ့ထွက်မျက်လှည့်ဆရာ ကိုပိန်ရှည်က ကြေးပြားလိပ်ကလေးများနှင့် ကြိုးစနီလက်ဖွဲ့ကလေးများကို "မြွေနိုင်လက်ဖွဲ့" ဟုဆိုကာ ပွဲလာကြည့်ရှုသူ ပရိသတ်များအား လှည့်လည်၍ ရောင်းချနေပါလေ၏။

"ဟုတ်ပါတယ်၊ ကျုပ်ရဲ့တပည့်ကျော် ရောင်းချပေးနေတဲ့ ပစ္စည်းလေးတွေဟာ ကျုပ်ကိုယ်တိုင် သိဒ္ဓိတင်ပြီးစီရင်ထားတဲ့ မြွေနိုင်လက်ဖွဲ့ကြိုးလေးတွေပါ"

ပြောပြောဆိုဆိုနှင့် ဆရာခြိမ့်မှာ သူ၏တိုက်ပုံလက်ကို ပင့်ခေါက်၍ ပြလိုက်ရာ ညာဘက်တွင်ပတ်ထားသည့် လက်ဖွဲ့ကြိုးနီနီလေးကို တွေ့မြင်လိုက်ရပါသည်။

"ပရိသတ်ကြီးခင်ဗျာ ကျုပ်ဟာ သစ္စာရှင်မြွေအလမ္ပာယ်ဆရာတစ်ယောက်ပါ၊ တခြားမျက်လှည့်ဆရာတွေလို လိမ်ညာပြီး ဆေးတွေ, လက်ဖွဲ့တွေကို ရောင်းချနေတာ မဟုတ်ပါဘူး၊ အထက်ဆရာကြီးတွေရဲ့ အမိန့်အရ လယ်ယာထဲမှာ နေပူမိုးရွာမရှောင်, မြွေမကြောက် ကင်းမကြောက် လုပ်ကိုင်နေကြရတဲ့ တောင်သူလယ်သမားတွေရဲ့ အသက်အန္တရာယ်ကို တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်နိုင်ဖို့ ကျုပ်ကို စေလွှတ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



အာပေါင်အာရင်းသန်သန် အဟိတ်အဟန့် မှင်မောင်းကောင်းကောင်းနှင့် ပြောဆိုနေသည့် ယောပြန်ဆရာခြိမ့်၏ စကားပရိယာယ်ရေစီးထဲတွင် ပရိသတ်များ စိတ်ဝင်တစား စီးမျောနေကြပါ၏။

"တကယ်လို့ ကျုပ်ပြောတာကို မယုံကြည်ဘူးဆိုရင် ကျုပ်ရဲ့ မြွေနှိုင်လက်ဖွဲ့ကို လက်မှာပတ်ပြီး ဟောဒီ မြွေဟောက်နက်ကြီးကို ဖမ်းကိုင်ကြည့်ပါ၊ ဘယ်လိုအန္တရာယ်မျိုးမှ မရှိဘူးဆိုတာ ကျုပ်ရဲရဲကြီး အာမခံပါတယ်၊ ကဲ . . . ဘယ်လိုလဲ တစ်ယောက်မှ စည်းဝိုင်းထဲကို ဝင်မလာရဲဘူးလား . . . ဟင်"

မျက်လှည့်ပွဲသို့ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည့်တိုင် ပါးပျဉ်းထောင်ကာ မာန်ဖီနေသည့် မြွေဟောက်နက်ကြီးကို ကြည့်ကာ မည်သူမျှ မဝင်ဝံ့ကြ။ နောက်သို့ပင် မသိမသာ ဆုတ်သွားကြပါသေးသည်။

ဤသည်ကို ယောပြန်ဆရာခြိမ့်က အထင်အမြင်သေးဟန်ဖြင့် စည်းဝိုင်းအလယ်မှ ခါးကြီးထောက်ကာ စိန်ခေါ်နေသည့်ဟန်ကြောင့် ဒေါ်ဇာယု၏ ရူးရဲသောမျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်လာသကဲ့သို့ မည်းညစ်ရှည်လျားလှသည့် လက်သည်းများနှင့် ဆုပ်ကိုင်ထားသည့် လက်ချောင်းများကြားမှ ကောက်ကွေးနေသည့် တောင်ဝှေးကြီးသည်ပင် ဒေါ်ဇာယု၏ ဒေါသအနိုးအငွေ့ကြောင့် တဆတ်ဆတ် တုန်နေရှာသည်ထင့် . . .။





ဘွားအေ၏စိတ်ကို သိသော မာယာက အဘွားဖြစ်သူ ဒေါ်ဇာယု၏ လက်ပိန်လှီလှီလေးကို ဖျစ်ညှစ်လိုက်ပြီး သတိပေးဟန့်တားနေပါ၏။

"ကိုင်း . . . ဘယ်လိုလဲဟေ့၊ ခင်ဗျားတို့ တစ်ယောက်မှ စည်းဝိုင်းထဲကို ဝင်မလာရဲကြဘူးလား။ ကျုပ်ကတော့ ကြောက်သွေးပါရင် ကျုပ်ရဲ့သွေးတောင် ဖောက်ထုတ်ပစ်တာ၊ ဟင်း ဟင်း ဟင်း . . . သာယာဝတီသားတွေ သွေးရဲတယ်လို့ ကျုပ်ကြားပါတယ်၊ အခုတော့ ဘယ်လိုဖြစ်ကုန်ကြတာလဲ"

ယောပြန်ဆရာခြိမ့်၏ နောက်ဆုံးစကားကြောင့် ဒေါ်ဇာယုသာမက မြေးဖြစ်သူမာယာပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါ၏။ ဤယောပြန်ဆရာခြိမ့်ဆိုသောပုဂ္ဂိုလ်သည် စည်းဝိုင်းထဲသို့ ဝင်ရောက်လာကတည်းက ပရိသတ်အား အသားလွတ် မထိမ့်မြင်စော်ကားသော စကားလုံးများနှင့် ခြိမ်းခြောက်ပြောဆိုနေသည်မှာ တစ်စထက်တစ်စ ပိုမိုလွန်ကဲ၍လာချေပြီကော။ အမှန်တကယ်ဆိုလျှင် ဤမျက်လှည့်ပွဲကို လာရောက်ကြည့်ရှုအားပေးသူများမှာ သူ၏ ထမင်းရှင်ပရိသတ်များပင် မဟုတ်ပါလား။

'ဒေါက် ဒေါက် ဒေါက် ဒေါက်'

မာယာ မည်သို့မျှ မတားမြစ်လိုက်နိုင်ခင်မှာပင် အဘွားဒေါ်ဇာယုသည် တောင်ဝှေးသံတဒေါက်ဒေါက်ပေးလျက် စည်းဝိုင်းအတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်သွားပါ၏။

အပေါ်ဝတ်အင်္ကျီမပါ ယောထဘီ ဖျင်အနက်ကို ခါးဆစ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်သာ ဝတ်ဆင်ထားသည့် အသက်ခုနစ်ဆယ်ကျော်ခန့် အဘွား အိုတစ်ယောက် ခါးကြီးကိုင်းကာ တောင်ဝှေးကြီးတစ်ချောင်း ထောက်၍ စည်းပိုင်းထဲသို့ ဝင်လာသည်မို့ ယောပြန်ဆရာခြိမ့် စူးစူးရဲရဲ စိုက်ကြည့်နေသည်။ အသားအရေက ခြောက်သွေ့ ပိန်ညှောင်နေသဲလောက် ပခုံးရိုးများက ငေါထွက်လျက် ထဘီ လွတ်နေသည့် ခြေသလုံးသားတွင် ကြွက်သားဟူ၍ တစိုးတစိမျှ မရှိပါလေတော့။ တောင်ဝှေးကောက်ကောက်ကြီးကို ဆုပ် ကိုင်ထားသည့် ပိန်သွယ်သွယ်လက်ချောင်းများက လက်ဆစ်ရိုး များ တငေါငေါနှင့် လက်သည်းခြေသည်းများက မည်းညစ် ရှည် လျားနေကြသည်။ သည်ကြားထဲ ဆွတ်ဆွတ်ဖြူနေသည့် ကျိုးတိုး ကျဲတဲ ဆံပင်ဖြူရှည်များကို ထိပ်တွင်စု၍ သျှောင်ပေစူးကဲ့သို့ ထုံးဖွဲ့ထားသည်ကြောင့် ရှေးဟောင်းဒဏ္ဍာရီပုံပြင်များထဲမှ ကြောက်မက်ဖွယ်ရာ စုန်းမကြီးတစ်ယောက်နှင့်ပင် တူနေပါလေ၏။

မေးရိုး ပါးရိုးများကျပြီး သွားများကျိုးနေကြသည့်တိုင် စူးရှလင်းလက်တောက်ပနေသည့် အဘွားအို၏ ထူးခြားသော မျက်လုံးများကြောင့် ယောပြန်ဆရာခြိမ့်ပင် အတန်ငယ် သတိ ထား၍ အကဲခတ်နေပါ၏။ ဟုတ်သည်၊ အသက်ခုနစ်ဆယ်ကျော် အဘွားအိုတစ်ဦး၏ မျက်လုံးတို့သည် မှေးမှားမှုန်ရီနေရမည့်အစား အရောင်တဖျပ်ဖျပ်နှင့် စူးရှလင်းလက်နေသည်မှာ ထူးခြားအံ့သြ ဖွယ်ရာပင်တည်း။





အဘွားအို ဒေါ်ဇာယုမှာ ပါးပျဉ်းကြီးထောင်ကာ မာန်ဖီ နေသည့် မြွေဟောက်နက်ကြီးအနီးသို့တိုင် တောင်ဝှေးတစ်ချောင်း ကိုင်စွဲလျက် ရဲတင်းစွာ ဝင်ရောက်လာသပြင့် ယောပြန်ဆရာခြိမ့် ပင် အံ့သြမှင်သက်စွာ ကြည့်နေမိသည်။

"ဒီမှာ မောင်ခြိမ့် . . . နင်ဟာ ပညာတတ်တစ်ဦးပါ၊ ကိုယ်တတ်ကျွမ်းတဲ့ပညာနဲ့ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား ပြုပြီး စားပါလား။ ဘာဖြစ်လို့များ နင့်ရဲ့ ထမင်းရှင်ပရိသတ်တွေ, အား ပေးကြတဲ့ ပရိသတ်တွေကို မထိမဲ့မြင် မလေးမစားနဲ့ အသားလွှတ် စော်ကားချင်နေရတာလဲ၊ ဒီမှာ ဝိုင်းအုံကြည့်ရှုနေကြတဲ့ ပရိသတ် တွေက နင့်လို ပဉ္စလက်ပညာတွေ, အလမ္ပာယ်ပညာတွေကို တတ်ကျွမ်းကြတာ မဟုတ်ဘူးလေ၊ အဲဒါကို နင် သဘောပေါက် နားလည်ထားဖို့ ကောင်းတယ် မောင်ခြိမ့်"

ယောပြန်ဆရာခြိမ့်၏မျက်နှာကြီးမှာ ခရမ်းချဉ်သီးမှည့် နှယ် နီရဲသွားပါလေ၏။ သူ လုံးဝမသိသော အဘွားကြီးတစ်ဦး က သူ့အား ပရိသတ်လူပုံအလယ်တွင် ပိုင်စိုးပိုင်နင်း မောင်ခြိမ့် ဟုခေါ်ကာ ဆရာကြီးများ၏ လေသံနှင့် ဝင်ရောက်ပြောဆိုနေ သဖြင့် ဖော်မပြနိုင်လောက်အောင်ပင် ဒေါသထွက်လျက် ရှိသည်။

"ခင် . . . ခင်ဗျား ဘယ် . . . ဘယ်က အဘွားကြီးလဲ၊ ကျုပ်ရဲ့မျက်လှည့်ပွဲကို လာပြီး စော်ကားနှောင့်ယှက်နေတာလား"

"ရော် . . . ခက်နေပါရောလား မောင်ခြိမ့်ရယ်၊ နင့်ပါ သာယာဝတီသားတွေရဲ့ သွေးရဲ့မရဲ သိချင်တယ်၊ ဝိုင်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ပါ, မယုံရင် စမ်းကြည့်လှည့်ပါနဲ့ ဖွတ်အမွှကြီး စိန်ခေါ်နေလို့ ငါ "ဝင်လာခဲ့တာလေ၊ ဒါနဲ့ နေ့စမ်းပါဦး မောင်ခြိမ့်ရဲ့ . . . ငါ မသိလို့ မေးစမ်းပါရစေ . . . မြွေက ပလွေသံကို နှစ်သက်တယ်, ပလွေသံကြားရင် ကတယ်ဆိုတာ ဟုတ်သလားကွယ့်"

စည်းဝိုင်းအပြင်မှ ကြည့်ရှုနေကြသည့် ပရိသတ်များမှာ ဖားရွှေကျော်ရွာမှ ဒေါ်ဖာယုနှင့် ယောပြန်ဆရာခြိမ့်တို့၏ အပြန် အလှန် ပြောဆိုနေကြသည်များကို စိတ်ဝင်တစားနှင့် နားထောင် ရင်း ကြည့်ရှုနေကြသည်မို့ ပရိသတ်မှာ ပိုမို၍ပင် ဝိုင်းအုံလာကြ သည်ထင့်။

ယောပြန်ဆရာခြိမ့်မှာလည်း သူ့စကားနှင့်သူ ချည်တုပ် မိနေသဖြင့် အဖြေခက်၊ အနေခက် ကြုံတွေ့နေရသည်။ တဒုံးဒုံး တချမ်းချမ်း ကီးခတ်နေသည့် ဘင်သမားကုလားလေးပင် သူ၏ ဘင်ကြီးနှင့် လင်းကွင်းခြမ်းတို့ကို မေ့လျော့နေလေပြီတင့်။ နောက် ဆုံး ဆရာခြိမ့်မှာ အမည်မသိ အဘွားကြီး၏မေးခွန်းကို ရှူးရှူး ရှားရှားနှင့် အဖြေပေးလိုက်ရသည်။

"ဟုတ်တယ် . . . ခင်ဗျားကြီးက ဘာနားလည်လို့လဲ၊ မြွေတွေဟာ ပလွေသံကို နှစ်သက်ကြတယ်၊ ပလွေသံကို ကြားရင် မနေနိုင်ကြဘူး၊ ပလွေသံရှိတဲ့ဆီကို ရောက်အောင်လာကြပြီး ပါးပျဉ်းထောင်ကကြတော့တာပဲ၊ ရှင်းအောင်ပြောရရင်တော့ မြွေ တွေဟာ ကျုပ်တို့လူတွေ သီချင်းသံကြိုက်ကြသလိုမျိုးကို ပလွေ သံကို နှစ်သက်ကြတာဗျ"





"ပြော . . . ပြော ပြော . . . ဒီလိုဆိုရင်တော့ ငါကြား ထားတာတွေက မှားနေကြပြီပေါ့၊ ငါသိရသလောက်ကတော့ မြွေတွေဟာ နားမကြားဘူးတဲ့ မကြားတော့ အသံကို မကြားရ ဘာ၊ နောက်ပြီး ပလွေသံကို သာယာတယ်ဆိုပြီး လိုက်က,တာ မဟုတ်ဘူးတဲ့၊ ရန်သူကို တိုက်ခိုက်လိုတဲ့ စိတ်နဲ့ ပါးပျဉ်းထောင် မာန်ဖီနေတာပါ၊ သူ့ရဲ့ရှေ့က လှုပ်ယမ်းပြနေတဲ့ပလွေကို ပေါက် မလို့ ပါးပျဉ်းကြီးကို ဘယ်ညာယိမ်းပြီး လိုက်ချိန်နေတာကို လူတွေ က ပလွေသံကြောင့် မြွေက,တယ်ဆိုပြီး အထင်မှားနေကြတာ တဲ့လေ . . . ဟင်း ဟင်း ဟင်း"

လူတစ်ရပ်ကျော်ခန့် အောင်မှေးမောက်ကောက်ကြီး တစ်ချောင်းနှင့် ခါးကြီးကုန်းကာ သူ့အား ပိန်လှီညှိုးညစ်နေသော လက်သည်းရှည်ကြီးများနှင့် ထိုးကာ တတွတ်တွတ် ပြောဆိုနေ သည့် စုန်းမကြီးသဏ္ဍာန် မည်းညစ်ပိန်လှီနေသော သူ့ရှေ့မှ အဘွားအိုကြီး၏စကားကြောင့် ယောပြန်ဆရာခြိမ့် ဒေါသချောင်း ချောင်း ထွက်နေပါ၏။

ထို့ကြောင့် သူ့ကိုယ်တွင် ရစ်ပတ်ထားသည့် မြွေဟောက် နက်ကြီးကို ဆွဲဖြည်ထုတ်လိုက်ပြီး မြေပြင်ထက်သို့ ပစ်ချလိုက် သည်။ ပြီးလျှင် မြွေကြီး၏ဦးခေါင်းကို ခတ်ဆတ်ဆတ် ရိုက်ပုတ် လိုက်သဖြင့် ရုတ်တရက် နာကျင်ထိတ်လန့်သွားသည့် မြွေ ဟောက်နက်ကြီးမှာ စိတ်ဆိုးမာန်ဆိုးဖြင့် ယောပြန်ဆရာခြိမ့်အား ဒေါသတကြီး ပေါက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှူး ..ဖူး'

သို့သော် အရှောင်အတိမ်းကောင်းလှသော ဆရာခြိမ့်အား မထိ။

"ဟင်း ဟင်း ...မရှောင်ပါနဲ့ မောင်ခြိမ့်ရယ်၊ နင့်ရဲ့ မြွေဟောက်နက်ကြီးမှာ အဆိပ်မှမရှိတာ၊ အဆိပ်ကိုလည်း မှန်မှန်ထုတ်ယူထားပုံ ရတယ်၊ နောက်ပြီး အစွယ်ကိုလည်း ချိုးထားတယ်၊ အဲဒီတော့ ပေါက်ရင် နာတာပဲရှိမယ်၊ အဆိပ်ကတော့ မတက်တော့ဘူးပေါ့"

ဆက်တိုက်ပြောချလိုက်သော အဘွားအိုဒေါ်ဇာယု၏ စကားကြောင့် ယောပြန်ဆရာခြိမ့်မှာ အနာပေါ် တုတ်ကျသွားသည်ထင့် မျက်နှာကြီးတစ်ခုလုံး နီရဲမည်းညစ်သွားကာ ဒေါသထွက်နေပါတော့သည်။

"ဒီ ...ဒီမှာ အဘွားကြီး ...ကျုပ်ရဲ့မြွေဟောက်မှာ အဆိပ်မရှိဘူးဆိုရင် ခင်ဗျားကိုယ်တိုင် အပေါက်ခံကြည့်ပါလား"

ယောပြန်ဆရာခြိမ့်မှာ ဒေါသစိတ်ကြောင့် မှားယွင်းကာ မလုပ်သင့် မလုပ်ထိုက်သော စိန်ခေါ်မှုကြီးတစ်ရပ်ဖြင့် အဘွားအို၏ဇာတ်လမ်းကို နိဂုံးချုပ်ရန် တာစူလိုက်သည်။ သို့သော် ...

"ဟင်း ဟင်း ဟင်း ...ငါကလည်း အပျင်းပြေ စမ်းကြည့်ရင် ကောင်းမလားလို့ စဉ်းစားနေတာ မောင်ခြိမ့်ရေ၊ ဒါပေမဲ့ ငါနဲ့တော့ မဟုတ်ဘူး ...ဟောဟိုမှာ ရပ်ပြီးကြည့်နေတဲ့ ငါ့ရဲ့ မြေးမလေး မာယာနဲ့ ထွတ်ပေးကြည့်တာပေါ့၊ ဒါပေမဲ့ နင့်ရဲ့





မြွေဟောက်နက်ကြီးက ငါ့မြေးမလေးကို ထိအောင်ပေါက်နိုင်မှာ မဟုတ်ပါဘူးလေ ...ဟင်း ဟင်း"

ပြောပြောဆိုဆိုနှင့် ဒေါ်ဇာယုမှာ စည်းဝိုင်းဘေးတွင် ရပ်၍ကြည့်နေသည့် မာယာအား လှမ်း၍ခေါ်လိုက်သည်။ အပျက်ပျက်နှင့် နာခေါင်းသွေးထွက်ကိန်းတော့ ဆိုက်လေပြီထင့် ...။ ပရိသတ်ကြီးကမူ ပို၍ ပို၍ကောင်းသော စိန်ခေါ်ကစားပွဲကြီးတစ်ခုကို ကြည့်ရတော့မည်မို့ လှုပ်လှုပ်ရှားရှားဖြင့် စိတ်ဝင်တစား ကြည့်ရှုနေကြပါလေ၏။

ထိုစဉ်မှာပင် ဝင်းဝါသော အသားအရေနှင့် ဖျင်အင်္ကျီလက်ပြတ်အမည်းကို ဝတ်ဆင်ထားသည့် ခန္ဓာကိုယ်အချိုးအဆက်လှပသော မာယာဆိုသည့် ဒေါ်ဇာယု၏ မြေးမလေးက စည်းဝိုင်းအတွင်းသို့ မရွံ့မကြောက်ဖြင့် တစ်လှမ်းချင်း ဝင်ရောက်လာခဲ့သည်။

"ရော် ...ဒီအဘွားကြီးတော့ ရူးနေပြီထင်တယ်၊ အသက်ငယ်ငယ်နဲ့ ချောမောလှပတဲ့ မိန်းကလေးကိုမှ အန္တရာယ်များလှတဲ့ မြွေဟောက်ကြီးနဲ့ ရင်ဆိုင်နိုင်းရတယ်လို့ ...ဟင်း ဟင်း ...ဒါပေမဲ့ ကျုပ် စေတနာနဲ့ သတိပေးလိုက်ဦးမယ် ...အခုချိန်မှာ ကျုပ်ကိုတောင်းပန်ပြီး စည်းဝိုင်းအပြင်ကို ပြန်ထွက်မယ်ဆိုရင် အချိန်မီသေးတယ်နော် မိန်းကလေး"

"ရတယ် ...မာယာက ဘွားဇာယုရဲ့မြေး ...သာယာဝတီသွေး စစ်စစ်ပဲ၊ ကဲ ...သာယာဝတီသားတွေရဲ့သွေး နီ



www.burmeseclassic.com

www.burmeseclassic.com



မနီ့ရဲ့မရဲ ဆိုတာသိရအောင် ဆရာခြိမ့်ရဲ့ မြွေဟောက်နက်ကြီးကို လွှတ်လိုက်တော့လေ''

အသက် ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိ မာယာဆိုသည့် မိန်းမချောလေးကလည်း သူ၏အဘွားလိုပင် အာဂသတ္တိခဲမလေးပင်တည်း။ ပါးပျဉ်းကြီးထောင်ကာ ဒေါသတကြီး မာန်ဖီနေသည့် လွန်စွာအန္တရာယ်ကြီးလှသော တောကြီးမြွေဟောက်ရာဇာကြီးကို စိန်ခေါ်လျက် ရှိပါချေတကား။

''အင်း ... ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့်ဒုက္ခ ကိုယ်ရှာကြတာပဲကိုး ... ကျွတ် ကျွတ် ... ကောင်း ... ဒီလိုဆိုရင်လည်း မြွေဟောက်နက်ကြီးကို ငါလွှတ်လိုက်တော့မယ်နော်၊ ဒါပေမဲ့ လိုလိုမယ်မယ် ငါ့ရဲ့ မြွေနိုင်လက်ဖွဲ့ကို ဆောင်ထားပါဦးလား မိန်းကလေး''

''မလိုပါဘူးမောင်ခြိမ့်ရယ် ... နင့်ရဲ့ လိမ်ညာဖြီးဖြန်းပြီး ရောင်းနေတဲ့ လက်ဖွဲ့ကို အယုံအကြည်မရှိပါဘူး၊ နင့်ရဲ့ အဆိပ်ပြင်းလှပါတယ်ဆိုတဲ့ မြွေဟောက်ဘုရင်ကြီးကို ငါ့ရဲ့မြေးမလေးက ဘာလက်ဖွဲ့အဆောင်မှ မပါဘဲ ရင်ဆိုင်ပါလိမ့်မယ်၊ နင့်ရဲ့ မြွေဟောက်ကြီးကိုသာ လွှတ်ပေးလိုက်တော့ မောင်ခြိမ့်''

အဘွားအိုဒေါ်ဖာယု၏ မလေးမခန့် စကားသံကြောင့် ယောပြန်ဆရာခြိမ့်တစ်ယောက် ရှူးရှူးရှဲရှဲ ဖြစ်သွားကာ သူ၏ မြွေဟောက်နက်ကြီး၏ ဦးခေါင်းကို ဆတ်ခနဲ ရိုက်လိုက်ပြီး စိန်ခေါ်သူ မြေးအဘွားနှစ်ယောက်ဆီသို့ လွှတ်လိုက်ပါတော့သည်။





''ရှီး ဖရှူး ဖူး''

မြွေဟောက်နက်ကြီးမှာ လူစိမ်းနံ့ ရရှိသွားသဖြင့် တရှူးရှူး တရှဲရှဲဖြင့် ပါးပျဉ်းကြီးထောင်ကာ ဒေါသဘကြီး ဝင်ရောက်လာပါ၏။ ယောပြန်ဆရာခြိမ့်နှင့် ပရိသတ်များအားလုံးကလည်း မိန်းမချောလေးတစ်ယောက်နှင့် မြွေဟောက်နက်ကြီးတို့၏ ထိပ်တိုက် ရင်ဆိုင်ပွဲကြီးကို စိတ်ဝင်တစားဖြင့် မျက်တောင်မခတ်စတမ်း ဝိုင်းအုံကြည့်ရှုနေကြပါတော့သည်။

''မာယာ တစ်ခုတော့ ကြိုတင်ပြီး ပြောထားပါရစေ ဆရာခြိမ့် ... ဆရာခြိမ့်ဟာ ပညာမာနတွေ မောက်ကြွားလွန်းနေတော့ သတိမမူ ဂုမြင့်ဆိုသလို ပညာရှိ သတိဖြစ်ခဲ ဖြစ်နေပါတယ်၊ အခု ဆရာခြိမ့်လွှတ်လိုက်တဲ့ မြွေဟောက်နက်ကြီးဟာ မာယာရဲ့မြွေ ဖြစ်သွားပါပြီ။ မာယာရဲ့လက်ထဲကို ရောက်လာခဲ့ပြီးရင်တော့ ဆရာခြိမ့် မကိုင်ပါနဲ့တော့နော်''

မာယာမှာ သူနှင့် လက်တစ်ကမ်းအကွာတွင် မာန်စောင်ပါးပျဉ်းထောင်နေသည့် မြွေဟောက်နက်ကြီးကို အသင့်ရင်ဆိုင်လိုက်ရင်း ဆရာခြိမ့်ထံ ပြောကြားလိုက်ပါ၏။

တစ်ချိန်တည်းမှာပင် သူ့အား ဒေါသတကြီးနှင့် လှမ်းပေါက်လိုက်သည့် မြွေကြီး၏ ပေါက်ချက်ကို ပွတ်ကာသီကာ ရှောင်လိုက်ပြီး ဆတ်ခနဲ မြွေဟောက်နက်ကြီးကို ကျွမ်းကျင်စွာ ဖမ်းယူလိုက်သည်။

'ရှီး .. ဖူး .. ရှီး'



www.burmeseclassic.com

www.burmeseclassic.com



'ဖတ် . . ဖရတ်'

ထို့နောက် အဝတ်နက်ကြီး ခြုံလွှမ်းထားသည့် စားပွဲထက်သို့ လွှားခနဲ ခုန်တက်သွားကာ မြွေဟောက်နက်ကြီးနှင့် အသည်းယားစဖွယ် ကစား၍ ပြနေပါတော့သည်။

"ဟာ"

"ဟေး . . . တော်လှချည်လားဟေး"

'ရှိ . . ဖြောင်း ဖြောင်း ဖြောင်း'

အံ့သြဖွယ်ရာမြင်ကွင်းတစ်ခုပင် . . .။ စည်းဝိုင်းအလယ်ရှိ စားပွဲခုံထက်တွင် သိုင်းအလှပြကစားသူတစ်ယောက်နှယ် မြွေဟောက်နက်ကြီးကို ခန္ဓာကိုယ်တွင်ရစ်ပတ်ကာ ဆော့ကစားပြနေသည်မှာ မြင်တွေ့ရသူတိုင်း သွေးပျက်ကျောချမ်းဖွယ်၊ ရင်တုန်ထိတ်လန့်ဖွယ်၊ အံ့သြချောက်ချားဖွယ် မြင်ကွင်းတစ်ခုပါတည်း။

ထိုမြင်ကွင်းကို ကြည့်ကာ ယောပြန်ဆရာခြိမ့်မှာ မျက်စိမျက်နှာပျက်ယွင်းလျက် ရှိပါချေ၏။

'ရှီး . . ဖရှး ရှူး'

"ဟေး ဟိုင်း"

မျက်လှည့်ပြသည့်စားပွဲပြင်ထက်တွင် အန္တရာယ်ကြီးမားလှသည့် မြွေဟောက်နက်ကြီးဖြင့် ယှဉ်ပြိုင်၍ သေမင်း၏နှုတ်ခမ်းဝတွင် ခုန်ပျံဆော့ကစားနေသည့် မာယာဆိုသော မိန်းမချောလေး၏ ပညာစွမ်းကလည်း မယုံကြည်နိုင်ဖွယ်ရာပင်တည်း။





အဆိပ်ပြင်းလှပါသည်ဆိုသော မြွေဟောက်ဘုရင် တောကြီးမြွေဟောက်နက်ကြီးမှာ ဆယ်ကျော်သက်မိန်းမချောလေး တစ်ယောက်၏လက်ထဲတွင် အရုပ်ကလေးတစ်ရုပ်နှယ် ပြုသမျှ နနေရရှာပါတော့ကော။

ဟုတ်ပါသည် . . .။ မြွေဟောက်ဘုရင် တောကြီးမြွေဟောက်ကြီးကို စိတ်ကြိုက်ပုံစံသွင်းကာ ဆော့ကစားနေသည့် မိန်းမချောလေး၏ နှုတ်ဖျားမှလည်း ဂါထာမန္တန်တချို့ကို တတွတ်တွတ်နှင့် ရွတ်ဆိုနေသည်မှာလည်း လွန်စွာ စိတ်ဝင်စားဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်ပါလေ၏။

"ဝိရူပက္ခေ ဟိ မေ မေတ္တံ
မေတ္တံ ဧရာပထေဟိ မေ၊
ဆ, ဗျာပုတ္တေဟိ မေ မေတ္တံ
မေတ္တံ ကဏှာဂေါတမကေဟိ စ"

ယောပြန်ဆရာခြိမ့်မှာမူ သူ၏ မြွေဟောက်နက်ကြီးအား အရုပ်ကလေးတစ်ရုပ်နှယ် စိတ်ကြိုက်ဆော့ကစားနေသည့် မာယာဆိုသည့် မိန်းမချောလေးကိုသာ မျက်မှောင်ကြီးကြုတ်လျက် မကျေမနပ်နှင့် ကြည့်နေပါလေ၏။

"သူ့နာမည်က မာယာတဲ့၊ နာမည်အပြည့်အစုံအရဆိုရင်တော့ 'ဆယ့်နှစ်ကြိုးမာယာ' လို့ ခေါ်တယ် မောင်ခြိမ့်၊ ဟောဒီ သာယာဝတီတစ်နယ်လုံးနဲ့ မြေလတ်ဒေသပိုင်းမှာတော့ 'ဆယ့်နှစ်ကြိုးမာယာ' ကို မသိတဲ့သူတွေ မရှိသလောက်ပါဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်၊ လက်လှည့်၊ ပဉ္စလက်ပညာတွေနဲ့ သူမတူအောင် အစွမ်းထက်မြက်လှတဲ့ မြွေအလမ္ပာယ်ပညာရပ်ကို လေးငါး ခြောက်နှစ်အရွယ်လောက်တည်းက ကတ်ကျွမ်းထားတဲ့သူ တစ်ယောက်ပဲ မောင်ခြိမ့်ရေ ... ဟင်း ဟင်း''

တောင်ဝှေးကောက်ကောက်ကြီးကို ထောက်လျက် သူ၏ မြေးမလေး၏ မြွေအလမ္ပာယ်ပညာစွမ်းကိုကြည့်ကာ တစ်ခွန်းချင်း ရှင်းပြပြောဆိုနေသည့် အဘွားအိုကြီး၏ စကားကြောင့် ယောပြန်ဆရာခြိမ့်မှာ မျက်စိပျက် မျက်နှာပျက်လျက် ရှိပါချေ၏။

''ဒီ ... ဒီလိုဆို ခင်ဗျားတို့ မြေးအဘွားက ပညာသည် အချင်းချင်း သစ္စာဖောက်ပြီး ကျုပ်ရဲ့မျက်လှည့်ပွဲကို လာပြီး စော်ကားဖျက်ဆီးကြတာပေါ့ ... ဟုတ်လား အဘွားကြီး''

''အဟား ဟား ... မှားသွားပြန်ပြီကော မောင်ခြိမ့်၊ နင်ကသာ မြွေအလမ္ပာယ်ဆရာတိုင်း လိုက်နာစောင့်ထိန်းရမယ့် စည်းကမ်းချက်တွေကို ဖောက်ဖျက်ပြီး ကိုယ့်ရဲ့ထမင်းရှင် ပရိသတ်တွေကို စော်ကား၊ မသိနားမလည်ကြတဲ့ တောသူတောင်သားတွေကို အသက်အန္တရာယ်ထိခိုက်စေမယ့် လက်ဖွဲ့အတုတွေ လိမ်လည်ပြီး ရောင်းချလိုရောင်းချနဲ့ ပညာရပ်တစ်ခုကို ခုတုံးလုပ်ပြီး မတရားစီးပွားရှာနေတဲ့ နင်ကသာ သစ္စာဖောက်ဖျက်ပြီး ကျူးလွန်နေတာလေ မောင်ခြိမ့်ရဲ့ ... ဟင်း ဟင်း ဟင်း ... အဲဒီ သစ္စာပျက်မှုအတွက် နင်တစ်နေ့နေ့မှာ ဒဏ်ခတ်ခံရလိမ့်မယ် နော''





အဘွားအို ဒေါ်ဇာယု၏ မထောက်မညှာပြောလိုက်သည့် စကားက ယောပြန်ဆရာခြိမ့်အဖို့ အနာပေါ် တုတ်ကျသွားလေသည်သို့ ဆွေ့ဆွေ့ခုန်မျှ ဒေါသပုန်ထလျက် ရှိပါချေ၏။ တစ်ဆက်တည်းမှာပင် မာယာ့ထံမှ သူ၏မြွေဟောက်နက်ကြီးကို ပြန်လည်ယူငင်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

ပါးစပ်မှ ဂါထာမန္တန်များကို တတွတ်တွတ် ရွတ်ဆိုရင်း မြွေကြီးနှင့် ကစားပြနေသည့် မာယာမှာ ရုတ်တရက် ပွဲကိုရပ်လိုက်ပြီး တောကြီးမြွေဟောက်ကြီးကို ယောပြန်ဆရာခြိမ့်ရှေ့သို့ လှမ်း၍ ပစ်ချလိုက်သည်။

'ဝိုး ..ဝိုး'

'ရှီး ..ဘုတ်'

'ရှူး ..ဖရူး ဖူး'

မြွေဟောက်နက်ကြီးမှာ ရုတ်တရက် ပစ်ချလိုက်သော အရှိန်ကြောင့် နာကျင်သွားလေသည်ထင့်။ ကျသွားသည့်နေရာမှ တွန့်လိမ်ရုန်းကြွကာ ပါးပျဉ်းထောင် မာန်ဖီလျက် ယိမ်းထိုး လှုပ်ယမ်းနေပါ၏။ တစ်ချိန်တည်းမှာပင် မာယာကလည်း စားပွဲထက်မှနေ၍ လွှားခနဲ မြေပြင်သို့ ခုန်ချလိုက်ပါသည်။

''ကိုင်း ... မာယာ ပြောထားပြီးပြီနော် ဆရာခြိမ့် ... ဒီမြွေဟောက်နက်ကြီးဟာ ဆရာခြိမ့်ရဲ့ မြွေမဟုတ်တော့ဘူးလို့၊ ဒီနေ့ ဒီအချိန်ကစပြီး သူသွားလိုရာကို လွတ်လွတ်လပ်လပ် သွားလာနိုင်ဖို့ မာယာ ကူညီလုပ်ကိုင်ပေးရတော့မယ်၊ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

တော့ ဆရာခြိမ့်ကို ကြိုတင်ပြီး ပြောထားလိုက်မယ် . . . ဟောဒီ မြွေဟောက်နက်ကြီးကို ဆရာခြိမ့် ကိုင်ဖို့, ဖမ်းဖို့ လုံးဝကို မကြိုး စားပါနဲ့တော့''

မာယာဆိုသော မိန်းမချောလေး၏ စကားအပြောအဆို ကြောင့် ယောပြန်ဆရာခြိမ့်၏ မျက်နှာကြီးမှာ ရှုံ့မဲ့မည်းနက်သွား ပြီး ထွက်လုဆဲဆဲ အမျက်ဒေါသမှာလည်း အထွင့်အထိပ်သို့ ရောက်ရှိသွားခဲ့ပါချေပြီကော။

''ဟွန်း . . . ဘာပြောတယ်၊ နင့်လို မလောက်လေး မလောက်စား ကောင်မလေးတစ်ယောက်က ငါလို ယောပြန် ဆောပြန် ဆရာတစ်ယောက်ကို အမိန့်တွေဘာတွေ ပေးနေရတယ် လို့ကွယ် . . . ဟင်း . . . တော်တော့်ကို ရယ်စရာကောင်းနေပြီ၊ အဲဒီမြွေဟောက်နက်ကြီးကို ငါကိုယ်တိုင် နှစ်နဲ့ချီပြီး ကျွေးမွေးလာ ခဲ့တာ၊ သူဟာ ငါ့ရဲ့ သားသမီးဆိုရင်လည်း မမှားဘူး၊ နောက်ပြီး ငါ့ရဲ့အမိန့် တစ်မိန့်တည်းကိုသာ နာခံတတ်အောင် သင်ကြားပေး ထားခဲ့ရတာလေ . . . ဟင်း ဟင်း''

ယောပြန်ဆရာခြိမ့်မှာ ပြောရင်းဆိုရင်းမှ သူ၏ မြွေ ဟောက်နက်ကြီးရှိရာသို့ တစ်လှမ်းချင်း တိုးဝင်သွားသည်။

''အဲဒီတော့ နင့်ရဲ့အမိန့်အတိုင်း ဒီမြွေကြီးကို ငါက ဘာဖြစ်လို့ ပြန်လွှတ်ပေးရမှာလဲ၊ ဒီမြွေကြီးဟာ ငါ့ရဲ့မြွေ၊ ငါ့ရဲ့ သား၊ ငါပိုင်ဆိုင်တယ်၊ ငါက ဘာဖြစ်လို့ မဖမ်းရ, မကိုင်ရမှာလဲ၊ ဟင်း ဟင်း . . . ကိုင်း . . . လာခဲ့စမ်း ငါ့သားကြီး''





ယောပြန်ဆရာခြိမ့်မှာ မာယာ၏စကားကို မနာခံဘဲ သူ၏ရှေ့တွင် ဒေါသတကြီးဖြင့် ပါးပျဉ်းထောင်ကာ မာန်ဖီ ရန် ထောင်နေသော မြွေဟောက်နက်ကြီးအား ခါးကြီးကိုကိုင်းညွတ်၍ ဖမ်းယူလိုက်သည်နှင့် . . .

'ရွီး . . ဖောက်'

''ဟာ . . . အ အ . . အား''

ရုတ်တရက် ပြောင်းလဲသွားသောမြင်ကွင်းက သွေးပျက် ချောက်ချားဖွယ်ရာပင်။ ဒေါသတကြီး ရန်စောင်နေသည့် မြွေ ဟောက်နက်ကြီးမှာ သူ၏သခင် ယောပြန်ဆရာခြိမ့်၏ လက်ကို ဆတ်ခနဲ လျင်မြန်စွာ ကိုက်ခဲလိုက်သဖြင့် ထိတ်လန့်တကြား ဟစ်အော်လိုက်သည့် ယောပြန်ဆရာခြိမ့်၏ အော်ဟစ်သံကြီးက ရွှေဆံတော်ဘုရားကုန်းထက်တွင် ပဲ့တင်ရိုက်ခတ်သွားပါလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [၂]

## ၁၉၃၀-ပြည့်နှစ်

## မှန်တိုင်းလေပွေနှိဒါန်း

### မှန်တိုင်းကြားမှ ဖိုးပြတ်အောင်သည်များ

အင်္ဂလိပ်မျက်နှာဖြူ နယ်ချဲ့တို့အား စတင်၍ တော်လှန်တိုက်ခိုက်ကြပြီ ...။

၁၈၂၄ ... ခုနှစ်ကတည်းက စ၍ မြန်မာပြည်အား လက်နက်အားကိုး၊ ဉာဏ်နီဉာဏ်နက်ဆိုးများဖြင့် အဓမ္မလွှမ်းမိုး အုပ်ချုပ်ခဲ့သည့် အင်္ဂလိပ်ဗြိတိသျှကိုလိုနီနယ်ချဲ့ အစိုးရကို မခံမရပ်နိုင်သည့်အဆုံးတွင် သာယာဝတီနယ်မြေမှ စတင်၍ တော်လှန်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။

"မနေရဲလျှင် သေ၊ မသေရဲလျှင် နေ" ဟူသော ကြွေးကြော်သံကြီးများဖြင့် ဆရာစံဦးဆောင်သော 'သုပဏ္ဏက ဂဠုန်ရာဇ' ဘွဲ့ခံ တောင်သူလယ်သမား ဂဠုန်တပ်သားများက လယ်သမား သူပုန်အဖွဲ့ကို ဖွဲ့စည်းကာ နယ်ချဲ့မျက်နှာဖြူ မိစ္ဆာကောင်များကို





ရရာလက်နက်များဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

• သို့တစေ လက်နက်အင်အား နိုင်မာတောင့်တင်းစွာဖြင့် မြန်မာတစ်နိုင်ငံလုံးအား သိမ်းပိုက်စိုးမိုးထားသော မျက်နှာဖြူ အင်္ဂလိပ်အစိုးရကို တော်လှန်တိုက်ခိုက်ရသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါ။ မိမိတို့၏ အသက်သွေးချွေးပေါင်းများစွာတို့ဖြင့် ရင်းနှီးပေးဆပ်ရမည် ဖြစ်ပါ၏။ လက်နက်အင်အား၊ လူအင်အား မည်သို့မျှ မမျှတသောတိုက်ပွဲကို ဂဠုန်တော်လှန်ရေး မျိုးချစ်တပ်သားများက သူ့ကျွန်မခံလိုသော စိတ်ဓာတ်၊ ခေါင်းငုံ့မခံလိုသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ရဲဝံ့စွာ တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

အင်္ဂလိပ် ဗြိတိသျှအစိုးရမှာ သူတို့အား မည်သို့မျှ တော်လှန်အံတုဝံ့မည်မဟုတ်ဟူ၍ ယူဆကာ သွေးနားထင်ရောက်နေကြချိန်တွင် ယခုကဲ့သို့ သာယာဝတီနယ်ဘက်ရှိ ဂဠုန်ဆရာစံဦးဆောင်သော တောင်သူလယ်သမားများက ရရာလက်နက်စွဲကိုင်ကာ တော်လှန်ပုန်ကန်လာခဲ့ကြသဖြင့် နယ်ချဲ့မျက်နှာဖြူတို့ ကြီးစွာ အကျပ်ရိုက်ခဲ့ကြသည် မဟုတ်ပါလား။

ဟုတ်သည်။ အင်္ဂလိပ်ဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံအပေါ်တွင် တင်းကျပ်စွာ ချမှတ်ထားသော မြေခွန်၊ လူခွန်၊ သဿမေဓခွန် ... စသည့် မတရားကောက်ခံသော ငွေကြေးများကြောင့် မြန်မာပြည်သူပြည်သားများ မကျေမနပ်ဖြစ်နေကြသည်မှာ ကြာခဲ့ပါပြီ။

ယခုကဲ့သို့ သာယာဝတီနယ်မှ ဆရာစံ ဦးဆောင်သော



www.burmeseclassic.com

www.burmeseclassic.com



တောင်သူလယ်သမား သူပုန်အဖွဲ့ကြီးက အချိန်ကောင်းတွင် ပုန်ကန်ထကြွခဲ့ကြသဖြင့် မျိုးချစ်လူငယ်လူရွယ်များမှာ ဂဠုန် ဆရာစံ၏ တော်လှန်ရေးတပ်ထဲသို့ မဖိတ်ခေါ်ရပါဘဲနှင့် တဖွဲဖွဲ ဝင်ရောက်လာကြပါလေ၏။ ဤသို့ဖြင့် ဆရာစံ၏ တောင်သူ လယ်သမား ဂဠုန်တပ်သားအင်အားက များပြားလာခဲ့သည်။ တစ်ဖက်တွင် လယ်ယာလုပ်ငန်းသိမ်းချိန် ဖြစ်နေသည်မို့လည်း ဂဠုန်တော်လှန်ရေးတပ်သားများအတွက် တစ်ပန်းသာနေပါ၏။ လယ်ကွက်များတွင် ရိုးပြတ်များသာ ရှိကြသည်။

ထိုရိုးပြတ်လယ်ကွင်းများထဲမှ ထွက်၍ ဂဠုန်တပ်သားများက ဝင်ရောက်စီးနင်း တိုက်ခိုက်ကြသည်။ "ရိုးပြတ်မှ လူဖြစ်ပြီး အင်္ဂလိပ်တို့ကို တိုက်သည်" ဟု ပြောစမှတ်ပြုကာ နယ်ချဲ့ မျက်နှာဖြူတို့ သွေးပျက်ထိတ်လန့်နေသည်မှာ ကြာပါပြီ။

၁၉၃၀ ... ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၄) ရက်။

၁၂၉၂ ... ခုနှစ်၊ ပြာသိုလဆန်း (၆) ရက်။

ဆောင်းနှင်းမြူထွေးများက တဖွဲဖွဲကျဆင်းနေသဖြင့် အရှက်ဦးပင် မပီမပြင်ရှိနေပါ၏။ အချိန်က နေ့အလင်းနှင့် ညဥ့် အမှောင်တို့ နယ်လုစစ်ခင်းနေကြချိန်။ နှင်းရည်တို့ဖြင့် စိုစွတ် လေးအိနေကြသည့် သစ်ပင်ချုံနွယ်များနောက်မှ လူတစ်စုက အလံတောင်နှင့် သုံးလေးမိုင်မျှကွာဝေးသော ဝဲရွာသစ်တောစခန်း ဆီသို့ တိတ်တဆိတ် ချီတက်နေကြသည်။

မကြာမီ ကညင်ပင်ကြီးတစ်ပင် ထီးထီးကြီး ပေါက်





နေသည့် ကုန်းမြင့်ထက်ရှိ ဝဲရွာသစ်တော ဘိုတဲအနီးသို့ တိတ်တဆိတ် ဝိုင်းရံမိလိုက်ကြပါ၏။ ထိုစဉ်မှာပင် ခေါင်းဆောင်လုပ်သူက အချက်ပေးလိုက်သည်မို့ ရှေ့ကင်းစခန်းမှ လူတစ်စုသည် ဂဠုန်အလံကို ရဲရဲဝံ့ဝံ့ လွှင့်ထူလိုက်သည်။

တစ်ချိန်တည်းမှာပင် နှင်းမြူဖွဲဖွဲကြားမှ ဂဠုန်တော်လှန်ရေး တပ်သားများ ဝုန်းခနဲ ထွက်ပေါ်လာကြပြီး ပြာသံပေးကာ ဘိုတဲအား ဝိုင်းရံစီးနင်း တိုက်ခိုက်ကြပါတော့သည်။

'ဟေး .. ဟိုင်း'

'ချွင် .. ချွမ်း'

'ဒုတ် .. ရွှီ'

"အင့် .. အား .. အို့"

ဘိုတဲကို စောင့်ကြပ်နေကြရသည့် မျက်နှာဖြူကုလား စစ်တာရီတချို့ ဂဠုန်တပ်သားတို့၏ ဓားသွားအောက်တွင် ခေါင်း တခြား ကိုယ်တခြား ဖြစ်သွားခဲ့ကြသည်။

'ဒိုင်း ဒိုင်း .. ဒိုင်း ဒိုင်း'

"ဟေး ... တက်ကြစမ်း၊ ကုလားဖြူတွေရဲ့ နောက် လိုက်ခွေးတွေ အကုန်သတ်ပစ်ကြစမ်း"

"ဟိုင်း ... ဆရာစံရဲ့ ဂဠုန်တပ်သားတွေဟေ့ ... သတ်ကြ ခုတ်ကြ"

"ဟေး ... မြန်မာ့သွေးက ရဲတယ်ဟေ့"

နေလုံးက မပြူ့တပြူ။ မြူနှင်းတမြူမြူကြားတွင် ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဝါးတစ်ရိုက်မျှထက် ပို၍မမြင်နိုင်သည်မို့ ဂျုန်တပ်သားများဘက်မှ အရေးသာနေပါ၏။ "ရိုးပြတ်မှ လူဖြစ်ပြီး အင်္ဂလိပ်ကိုတိုက်သည်" ဆိုသော စကားပုံဆောင်ပုဒ်အတိုင်းပင် . . . ဂျုန်တော်လှန်ရေးတပ်သားများသည် ရိုးပြတ်လယ်ကွင်းများကြားထဲတွင် တစ်ယောက်ပြီးတစ်ယောက် ပြေးထွက်လာကြသည်မှာ မည်းမည်းလှုပ်မျှပါတည်း။

"ဟေး . . . ဟိုင်း"

"မြန်မာ့သွေးကို ပြကြဟေ့"

"FIRE ... FIRE ... FIRE"

'ဒိန်း . . ဒိန်း . . ဒိန်း'

လက်နက်ချင်း မတူ။ သို့သော် ဂျုန်တပ်သားတို့၏ ခါးသည် မျိုးချစ်စိတ်ဓာတ်နှင့် သူ့ကျွန်မခံစိတ်ဓာတ်တို့ဖြင့် ဖွေးဖွေးလက်လျက် . . .။ ထိုဓားသွားထက်တွင် ကုလားဖြူမိစ္ဆာကောင်တို့၏သွေးတို့ စွန်းထင်းသွားကြသည်။ သစ္စာဖောက်နောက်လိုက်ခွေးတို့၏ သွေးဆိုးသွေးညစ်တို့ကို ဖောက်ထုတ်နိုင်ခဲ့ကြသည်။

သေနတ်သံ၊ ကျည်ဆန်၊ အမြောက်ဆန်တို့ကြားမှ ဂျုန်တော်လှန်ရေးတပ်သားတို့သည် မောင်းသံတဒူဒူနှင့် ဂျုန်အလံကို လွှင့်ထူနိုင်ခဲ့ကြသည်။ တောင်သူလယ်သမား ဂျုန်တပ်သားတို့ အမြောက်အမြား သွေးမြေကျခဲ့ရသည်။

သို့သော် ထို ဝဲရွာသစ်တောစခန်းတိုက်ပွဲတွင် သစ်တော





အင်ဂျင်နီယာ မစ္စတာဖီးကလပ်၏ ခေါင်းကို ဖြတ်ယူနိုင်ခဲ့ကြသည်။ သစ္စာဖောက် လောက်ကောင်များ ဖြစ်ကြသော တောအုပ်ဦးဘရင်နှင့် စာရေးဦးတင်အောင်တို့ကိုပါ သုတ်သင်သတ်ဖြတ်နိုင်ခဲ့ကြပါသည်။ အရုဏ်တက်ချိန်၊ နေထွက်ချိန်မှာတော့ ဝဲရွာသစ်တောခစန်း၏ မှတ်တမ်းဝင် ဘိုတဲကြီးမှာ ဂျုန်တပ်သားများ၏ လက်ချက်ဖြင့် မီးဟုန်းဟုန်းတောက်ခဲ့ရပြီး လက်နက်ခဲယမ်းများကိုပါ သိမ်းပိုက်နိုင်ခဲ့ရုံမျှမက မစ္စတာဖီးကလပ်၏ ဦးခေါင်းကိုပါ ဖြတ်ယူနိုင်ခဲ့ခြင်းက နယ်ချဲ့အင်္ဂလိပ်ကုလားဖြူများအား ရဲရဲစွာ စိန်ခေါ်လိုက်လေသည်သို့။

ဝဲရွာသစ်တောစခန်းတိုက်ပွဲကြောင့် သာယာဝတီ–သုံးဆယ် ရုံးပြင်၊ ဂါတ်တဲ၊ ခရိုင်ရုံးစိုက်ရာဌာနများရှိ မျက်နှာဖြူအရေးပိုင်များ၊ အရာရှိကြီးများနှင့် ရာထူးကြီးငယ်အလိုက် ဆူပူကြိမ်းမောင်းခံခဲ့ကြရသည်။ အင်္ဂလိပ်ဗြိတိသျှအစိုးရတို့ မဟာအရက်တော်ကြွသည်ဆိုကာ ဂျုန်ဆရာစံနှင့် ဂျုန်တော်လှန်ရေးတပ်သားများအား ဖိဖိစီးစီး လိုက်လံရှာဖွေ၍ ဖမ်းဆီးစေပါ၏။ အချို့သော အရေးပိုင်များနှင့် အရာရှိငယ်များကိုလည်း နေရာအရွှေ့အပြောင်း လုပ်ပစ်သည်အထိ အထက်အာဏာပိုင်များက ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သည်။

ဤသို့ဖြင့် သာယာဝတီမြို့နယ်သို့ ခရိုင်ရာဇဝတ်ဝန်ကလေးအဖြစ် ဘိုကပြား ရစ်ချပ်အောင်ဒင် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပါ၏။ ထိုစဉ်က သာယာဝတီနယ်ကို ကိုင်တွယ်သည့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်မှာ ဂျိမ်းကယ်လီ ဖြစ်ပါ၏။ ဂျိမ်းကယ်လီမှာ မြန်မာပြည်သို့ လွန်ခဲ့သော ရှစ်နှစ်ခန့်လောက်ကတည်းက ရောက်ရှိခဲ့သူ ဖြစ်သဖြင့် မြန်မာတို့၏ ရိုးသားအေးဆေးမှုနှင့် စိတ်ဓာတ်တို့ကို ကောင်းစွာ သိရှိနားလည်ထားသည့် မျက်နှာဖြူအရာရှိကြီးတစ်ဦး ဖြစ်သည်။ ရစ်ချပ်အောင်ဒင်သည် အရေးပိုင် ဂျိမ်းကယ်လီ၏ လက်ရင်းတပည့်ကျော်တစ်ယောက်ဖြစ်သည်မှ သာယာဝတီသို့ လွှဲပြောင်းခေါ်ယူခဲ့ခြင်း ဖြစ်သည်။ အသက်သုံးဆယ်ဝန်းကျင် ရှိပြီး ဖျတ်လတ်တက်ကြွပြီး ရဲရင့်သော စိတ်ဓာတ်ရှိသလောက် မြန်မာလူမျိုးတို့၏သဘောထားကို နားလည်နိုင်စွမ်းရှိသူ၊ လွန်စွာ သွေးအေးသလောက် ရက်စက်ကောက်ကျစ်သူတစ်ဦးလည်း ဖြစ်ပါ၏။

မြန်မာလူမျိုးများကို အထင်သေးသူ၊ သူနှင့် သူ၏ ဗြိတိသျှအစိုးရအား ပိုမို၍ အထင်ကြီးစေရန် နည်းပရိယာယ် အမျိုးမျိုးဖြင့် ဖန်တီးတတ်ခြင်း၊ မြေခွေးတစ်ကောင်ကဲ့သို့ ကောက်ကျစ်ပြီး စစ်ဆေးရေးနည်းဗျူဟာများ ကျွမ်းကျင်ခြင်း စသော ပညာရပ်များကြောင့် သူပုန် သူကန်၊ လူဆိုးများပေါများရာ သာယာဝတီနယ်သို့ ခရိုင်ရာဇဝတ်ဝန်လေးအဖြစ် စေလွှတ်ခြင်းခံခဲ့ရသူတစ်ယောက်လည်း ဖြစ်ပါချေ၏။

ယခုလည်း အရေးပိုင်မင်း ဂျိမ်းကယ်လီမှာ စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း ရုံးခန်းအတွင်းရှိ ကုလားထိုင်ထက်တွင် ဟန်ရပန်ရ အနားယူရင်း စဉ်းစားခန်းဝင်နေသည်။ ထိုစဉ် ဖိနပ်သံ





တဒေါက်ဒေါက်နှင့် သူ၏ရုံးခန်းဆီသို့ ဦးတည်လာသော ခြေသံများကြောင့် မေးစင်းထားသော မျက်လုံးအစုံကို ဖျတ်ခနဲ ဖွင့်လိုက်သည်။ ဤကဲ့သို့သောအချိန်အခါမျိုးတွင် သူ၏ရုံးခန်းထဲသို့ ဖိနပ်သံတဒေါက်ဒေါက်နှင့် ဝင်လာရဲသူမှာ သူကဲ့သို့သော မျက်နှာဖြူအရာရှိတစ်ယောက်ယောက်သာ ဖြစ်ရမည်ဟု ခန့်မှန်းတွက်ချက်ကာ ယူနီဖောင်းကို ဆွဲဆန့်ပြင်ဆင်လိုက်သည်။

''မောနင်း ဆာ''

'ဖြောင်း'

ဖြောင်းခနဲ ခြေစုံရပ်ကာ အလေးပြု၍ နှုတ်ဆက်လိုက်သော ခရိုင်ရာဇဝတ်ဝန်ကြီး ကင်းဘဲနှင့် ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်တို့ကို မစ္စတာဂျိမ်းကယ်လီ ပြုံးရွှင်စွာ ထ၍ နှုတ်ဆက်လိုက်ပါ၏။

''မောနင်း ကင်းဘဲ၊ မောနင်း အောင်ဒင်၊ လာကြ လာကြ . . . ကျုပ်တောင် အောင်ဒင်ကိုခေါ်ပြီး တွေ့ရရင် ကောင်းမလားလို့ ကင်းဘဲဆီ ဖုန်းဆက်အကြောင်းကြားမလို့ စဉ်းစားနေတာ . . . အခုတော့ အဆင်သင့် ဖြစ်သွားတာပေါ့''

အရေးပိုင်ဂျိမ်းကယ်လီက နေရာထိုင်ခင်းများ ပေးရင်း ခရီးဦးကြိုပြုကာ စီးကရက်ဘူးနှင့် ငွေမီးခြစ်ကို ထိုးပေးလိုက်သည်။

''ဒါနဲ့ . . . ဘယ်က လှည့်လာကြတာလဲ၊ ယူနီဖောင်း အပြည့်အစုံနဲ့ဆိုတော့ ကြည့်ရတာ ကျုပ်ကို တိုင်ပင်စရာရှိပုံ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ကဲ . . . ပြောပါ ကင်းဘဲ''

အရေးပိုင်မစ္စတာဂျိမ်းကယ်လီက စကားလမ်းကြောင်းခင်းပေးလိုက်သည့်မို့ ရာဇဝတ်ဝန်ကြီး မစ္စတာကင်းဘဲက စတင်ပြောကြားလိုက်သည်။

''တခြားကိစ္စတော့ မဟုတ်ပါဘူး မစ္စတာကယ်လီ . . . သာယာဝတီ-သုံးဆယ်ဘာက်က ဂျူန်သူပုန်တွေအတွက် ရောက်ရှိလာခဲ့တဲ့ ဟောဒီက ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်အတွက် ကြိုဆိုညစ်ခံပွဲလေးတစ်ခုလောက် လုပ်ပေးမလားဆိုပြီး မစ္စတာကယ်လီဆီကို ရောက်လာခဲ့ကြတာပါ''

''အိုး . . . ဂွတ် ပဲရီးဂွတ် . . . သိပ်ကောင်းတာပေါ့ ကင်းဘဲရယ်၊ အောင်ဒင့်အတွက်လည်း နယ်ခံလူကြီးတွေနဲ့ ကြိုတင်မိတ်ဆက်ပြီးသား ဖြစ်သွားတာပေါ့၊ နောက်ပြီး ညစ်ခံပွဲကိုအကြောင်းပြုပြီး ဂျူန်တွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တချို့လည်း ရနိုင်တာပေါ့၊ လုပ်ပါ လုပ်ပါ . . . ကင်းဘဲကောင်းမယ်ထင်သလို စီစဉ်ပါ၊ အောင်ဒင်က ဒီနယ်မြေနဲ့ နည်းနည်းစိမ်းနေသေးတော့ အစစအရာရာ ကင်းဘဲကိုပဲ အားကိုးရမှာနော . . . ဟင်း ဟင်း''

အရေးပိုင်ဂျိမ်းကယ်လီက ပါးနပ်လိမ္မာစွာဖြင့် သူ၏လက်ရင်းတပည့်ဖြစ်သူ ရစ်ချပ်အောင်ဒင်အတွက် စကားလမ်းကြောင်း ဖွင့်ပေးလိုက်သလို ခရိုင်ရာဇဝတ်ဝန်ကြီး ကင်းဘဲအားလည်း လုပ်ပိုင်ခွင့်ပေးလိုက်ပါ၏။





''ကျေးဇူးတင်ပါတယ် မစ္စတာကယ်လီ . . . ကျုပ်တို့ဆရာတပည့်နှစ်ယောက်အပေါ် နားလည်သိတတ်မှုပေးတာကို အထူးပဲ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ ကျုပ်တို့နှစ်ဦး ပူးတွဲပြီး ဂျူန်သူပုန်တွေရဲ့သတင်းကို အမြန်ဆုံး ထောက်လှမ်းမိပြီး လက်ရဖမ်းဆီးပေးပါ့မယ်လို့ ကတိပေးပါတယ်''

''ကျွန်တော်ကလည်း ဝန်ကြီးရဲ့အကူအညီနဲ့ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါ့မယ် မင်းကြီး''

ထို့နောက်မှာတော့ နှစ်ယောက်သား ပြုန်းခနဲ ထကာခြေစုံရပ်၍ အလေးပြုကာ နှုတ်ဆက်လိုက်ကြပြီး အရေးပိုင်မင်းကြီး၏ ရုံးခန်းအတွင်းမှ ထွက်ခွာလာခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကျောဘုရင်ဘုန်းတော်ရိပ်အောက်မှ တောတံခါးသံများ

အချိန်ကာလက ၁၉၃၀ . . . ပြည့်နှစ်ဝန်းကျင်။ မြန်မာနိုင်ငံအား နယ်ချဲ့အင်္ဂလိပ် ဗြိတိသျှကိုလိုနီအစိုးရတို့ အုပ်ချုပ်စိုးစံနေသည့်ကာလ ဖြစ်သည်။

ညို့ညို့ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းဝေဝေ မြူခြေတောင်နိုးများ ဖုံးလွှမ်းလျက်ရှိသော ပဲခူးရိုးမတောင်တန်းကြီးက သူ့အား ခြုံလွှမ်းထားသည့် မြူနှင်းဇာပဝါတို့ကို တစ်လွှာချင်းခွာချကာ နံနက်ခင်းနေခြည်နွေးနွေးတို့ကို မွတ်သိပ်တောင့်တစွာ ငံ့လင့်ကြိုဆိုနေပါလေ၏။

ပဲခူးရိုးမတောင်ခြေရွာလေးတစ်ရွာဖြစ်သော ဇိမ်ဇာရွာလေးသည် မြူနှင်းဇာပဝါကြားမှ ဖြန့်ကြက်ကျဆင်းလာသည့် နံနက်ခင်းနေခြည်အောက်တွင် လူသံသူသံ၊ နွားအော်သံ၊ ကလေးငိုသံများဖြင့် သက်ဝင်နိုးထလာခဲ့သည်။ ဤပဲခူးရိုးမတောင်တန်းကြီးနှင့် ဆက်နွယ်လျက်ရှိသော တောကြောတောင်ခြေတစ်





လျှောက်တွင် ရှေးအတိတ်ကာလများစွာကတည်းကပင် ရွာငယ်ကလေးများက ဟိုတစ်စု သည်တစ်စုဖြင့် ပြန့်ကျဲစွာ တည်ရှိနေကြပါ၏။ ငါးအိမ်စု၊ ဆင်စခန်း၊ ကိုးပင်ရိုး၊ ရေတိုက်၊ ဇိမ်ဇာ အစရှိသော ရွာများသည် ပဲခူးရိုးမ၏ တောင်ခြေရွာငယ်လေးများဖြစ်ကြပြီး လှည်းလမ်းကူ၊ ကမ်းနီ၊ ဝါးဖြူကုန်း စသော ရွာများသည် တောင်ပေါ်ရွာများအဖြစ် တည်ရှိခဲ့ကြပါသည်။ ယခုအချိန်မှာတော့ ဇိမ်ဇာရွာကလေးသည် တောင်ပေါ်တောင်အောက် ဆက်သွယ်ရေးကောင်းမွန်ပြီး အနီးဆုံးဖြစ်သည့် မြို့သာမြို့နှင့်လည်း လမ်းပန်းဆက်သွယ်ရန် လွယ်ကူချောမွေ့ခြင်းတို့ကြောင့် အတန်ငယ်စည်ကားလာခဲ့သည်။

ဇိမ်ဇာရွာအစွန်တွင် ဒေါ်ဇာယုတို့မြေးအဘွား နေထိုင်ကြသည့် တဲငယ်တစ်လုံးနှင့် ခြံဝင်းကျယ်တစ်ခု ရှိပါ၏။ သူ့၏ မြေးငယ် အသက်ဆယ့်ရှစ်နှစ်အရွယ်ခန့်ရှိသည့် မာယာမှာ မိန်းမချောလေးတစ်ဦး ဖြစ်သည်။ သူ၏မိဘနှစ်ပါးမှာ မျက်လှည့်ပညာရပ်ဖြင့် နယ်လှည့်ဖျော်ဖြေပြသကြသည့် နာမည်ကြီး မျက်လှည့်ဖနီးမောင်နှံ ဖြစ်ကြပါ၏။ တစ်ကြိမ်တွင် အထက်အညာဘုရားပွဲတစ်ခုတွင် မျက်လှည့်ပြသရင်း မျက်နှာဖြူပုလိပ်များက မသင်္ကာမှုဖြင့် ဖမ်းဆီးခဲ့ရာမှ မိဘနှစ်ပါးစလုံး သေဆုံးခဲ့ကြရသည်။

ထိုအချိန်တွင် မာယာလေးမှာ ဆယ်နှစ်သမီးအရွယ်ခန့်မျှသာ ရှိပါသေး၏။ ဘွားအေဖြစ်သူ ဒေါ်ဇာယု၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် မိဘနှစ်ပါး၏ မျက်လှည့်ပညာရပ်များကို



www.burmeseclassic.com

www.burmeseclassic.com



အမွေဆက်ခံသင်ယူရင်း ကြီးပြင်းလာခဲ့ရသူလည်း ဖြစ်သည်။

သို့သော် ဒေါ်ဇာယုမှာ ဥတုရာသီမရွေး အင်္ကျီမဝတ်၊ ဖျင်ထဘီအနက်ကို ရင်ရှား၍သာ ဝတ်ဆင်ထားလေ့ရှိခြင်း၊ ကောက်ကောက်ကွေးကွေး တောင်ဝှေးရှည်ကြီးကို ထောက်၍ အရုပ်ဆိုးဆိုး ထိပ်နီလင်းတကြီးတစ်ကောင်ကို ပခုံးထက်တွင် တင်ကာ ခါးကြီးတကုန်းကုန်းဖြင့် ရွာရိုးကိုးပေါက် လျှောက်သွားနေသည်ဖြစ်သဖြင့် ဖိမ်ဇာရွာတစ်ရွာလုံးက ဒေါ်ဇာယုအား စုန်းမကြီးတစ်ယောက်နှယ် ယိုးစွပ်ပြောဆိုခြင်း ပြုကြသည်။

ဒေါ်ဇာယု၏ ရုပ်ရည်အသွင်အပြင်နှင့် ဗီဇစရိုက်ကလည်း ရွာသူရွာသားများ အထင်အမြင်မှားမည်ဆိုပါက မှားချင်ဖွယ်ရာပင်တည်း။ အသက်အရွယ်က ဇရာပိုင်းသို့ ချဉ်းနင်းဝင်ရောက်ပြီမို့ ခြောက်သွေ့မည်းညစ်ပိန်လှီနေသည့် အသားအရေ၊ ပခုံးရိုးများ ငေါထွက်လျက် ရှည်လျားသေးသွယ်၍ လက်ဆစ်ရိုးများ တငေါငေါနှင့် ခြေသည်းလက်သည်းများမှာလည်း မည်းညစ်ရှည်ထွက်နေကြသည်။ သည်ကြားထဲ ဆွတ်ဆွတ်ဖြူနေပြီဖြစ်သည့် ဆံပင်ဖြူ ကျိုးတိုးကျဲတဲများကို ထိပ်တွင် သျှောင်ပေစုးကဲ့သို့ စုချည်၍ ထုံးထားသဖြင့် အကြည့်ရဆိုးနေပြန်ပါ၏။ သွားများကျိုးပဲ့လျက် မေးရိုးပါးရိုးများကလည်း တွဲရွဲကျနေပြီ ဖြစ်သဖြင့် ဒေါ်ဇာယု၏ ရုပ်ရည်သွင်ပြင်လက္ခဏာက သူ၏ပခုံးထက်မှ လင်းတထိပ်နီကြီးကဲ့သို့ပင် လွန်စွာမှ အရုပ်ဆိုးလွန်းလှပါလေ၏။

ထူးခြားသည်က ဒေါ်ဇာယု၏ မျက်လုံးများပင်ဖြစ်သည်။





အသက်ခုနစ်ဆယ်ကျော် ဇရာပိုင်းသို့ ကူးလူးရောက်ရှိနေပြီမို့ မျက်လုံးများသည် အားနည်းဖျော့တော့စွာ မှုန်မွှားဝေဝါး မှေးတိုင်းနေရမည့်အစား အရောင်တဝင်းဝင်းနှင့် လင်းလက်စူးရှရှိနေခြင်းပင်တည်း။ တော်ရုံ အသည်းငယ်သူတစ်ယောက်အဖို့ ဒေါ်ဇာယု၏ အသွင်သဏ္ဍာန်နှင့် စူးရှသော မျက်လုံးအကြည့်တစ်ချက်နှင့်ပင် ခုနစ်ရက်ခန့် ကြောက်ဖျားလန့်ဖျား ဝင်သွားနိုင်ပါ၏။ ထို့ကြောင့်လည်း ဖိမ်ဇာရွာတစ်ရွာလုံးက ဒေါ်ဇာယုကြီးအား စုန်းကဝေပညာရပ်များနှင့် ဆယ့်နှစ်ကြိုးမှော်ကို ပေါက်မြောက်အောင်မြင်ထားသည်ဆိုကာ 'စုန်းမကြီး ဆယ့်နှစ်ကြိုးကဝေမကြီး' ဟု ယိုးစွပ်ပြောဆိုနေကြခြင်း ဖြစ်ပါ၏။

သို့သော် ဒေါ်ဇာယု၏ကောင်းကွက်တစ်ခုမှာ ရွာသူရွာသားများနှင့် ကလေးငယ်တချို့ နာမကျန်း၍ ဖျားနာခြင်း၊ ကလေးသူငယ်နာ၊ ဝမ်းပျက်၊ အပူကြီးသည်မှစ၍ ရွာသူနှောင့်ယှက်ခြင်း၊ အပမှီခြင်း၊ သရဲပူးကပ်ခြင်းများကိုလည်း ဆေးဝါးကုသပေးတတ်ခြင်းကြောင့် ဖိမ်ဇာရွာတစ်ရွာလုံးက ဒေါ်ဇာယုအား ချစ်ကြောက်ရိုသေလေးစားကြပါ၏။ တစ်ဖက်တွင်လည်း မာယာဆိုသော ချောမောလှပသည့် မြေးမငယ်လေးကလည်း မျက်လှည့်ပညာရပ်နှင့် မြွေအလမ္ပာယ်ပညာတို့ကို ပေါင်းစပ်၍ နယ်လှည့်ပြသရင်း ရိုးသားစွာ ရှာဖွေစားသောက်နေကြသူများ ဖြစ်သဖြင့် ရွာသားအများအပြားက မည်သို့မျှ အတိုက်အခံ မလုပ်ကြပါချေ။

ရွာနီးချုပ်စပ်မှ လူပျိုကာလသားများကမူ မိုးကုတ်မိ



www.burmeseclassic.com

www.burmeseclassic.com

မယ်တစ်ပါးကဲ့သို့ ချောမောလှပသော အပျိုစင် မာယာ၏ အလှပန်းကို ဆွတ်ချူလှမ်းယူလိုကြပါသော်လည်း ဒေါ်ဇာယု၏ သတင်းကြောင့် အဝေးမှသာ ငေးမျှော်ကြည့်ရှုံမှုတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ ဆွတ်ချူခွင့်ရရန် မစွန့်စားဝံ့ကြပါပေ။

သည်ကြားထဲ ကြီးမားလှသောငန်းမြွေများနှင့် အမြဲတမ်းလိုလို ဆော့ကစားနေလေ့ရှိသော မျက်လှည့် လက်လှည့်၊ ပဥ္စလက်ဆရာမလေး 'ဆယ့်နှစ်ကြိုးမာယာ'၏ အပြုအမူများကြောင့်လည်း လူပျိုကာလသားများမှာ အဝေးမှမျှော်ငေးကြည့်ရှုံမှုနှင့်သာ တင်းတိမ်ကျေနပ်နေကြရသည် မဟုတ်ပါလား။

ယခုလည်း မျက်လှည့်နယ်ပွဲရက်များ နားနေစဉ်ကာလဝယ် ဥယျာဉ်ခြံလုပ်ငန်းကို မာယာတစ်ယောက် ကြိုးစား၍ လုပ်ကိုင်နေခြင်း ဖြစ်သည်။ ရေတွင်းထဲမှရေကို မောင်းလက်ဖြင့် ရေငင်၍ စိုက်ခင်းသီးနှံများအား ရေလောင်းပေးလျက်ရှိပါ၏။ ထိုစဉ် နံနက်ခင်းလေပြည်တွင် သဲ့သဲ့မျှ ကြားနေရသော သံပြိုင်ရွတ်ဆိုသံအချို့ကြောင့် မောင်းလက်ကို ခဏရပ်ကာ နားစွင့်လိုက်မိသည်။

"အောင်ဆုသြဘာ၊ မင်္ဂလာဖြင့်၊ ဆယ်ဖြာလက်မြှောက်၊ ဆက်ကာလျှောက်ပိတ်၊ စိုက်ဆောက်အောင်လံ၊ ဂရိတ်ဗြိတိန်မှ၊ နိုင်ငံအိန္ဒိယ၊ အစိုးရသည်၊ ဘဝသခင် ဂျော့ဘုရင်နှင့် အရှင်မိဖုရား၊ မြတ်နှစ်ပါးတို့၊ ပိုင်ထားစိုးစံ၊ ပြည်နိုင်ငံဝယ်၊ ရန်မာန်ကင်းပြီး၊ ဘုန်းတော်ကြီးလျက်၊ နှစ်သက်မြတ်နိုး၊ ဒုံ့ဩကာစိုး၍





တန်ခိုးနေသို့ ထွန်းစေသော်"

ရွာလယ်ရှိ မူလတန်းစာသင်ကျောင်းမှ ကျောင်းသားကျောင်းသူလေးများ၏ သံပြိုင်ညီညာ ရွတ်ဆိုနေကြသော 'ဂျော့ဘုရင် ဘုန်းတော်ဘွဲ့' က မာယာ၏နားထဲသို့ သံပူရည်လောင်းချလိုက်သကဲ့သို့ စီးဝင်လာကြပါလေ၏။ ရုတ်တရက်မို့ မာယာတစ်ယောက် နားနှစ်ဖက်ကို စုံပိတ်ကာ တောက်တစ်ချက်ကို နာကျင်စွာ ခေါက်လိုက်မိသည်။

"တောက်"

မိန်းမသားတန်မဲ့ နာကျင်စွာ ခေါက်လိုက်သည့် တောက်ခေါက်သံကြီး နံနက်ခင်းလေပြည်တွင် ပဲ့တင်ရိုက်ခတ်သွားလေသည်သို့။ မာယာ မျက်လှည့်ပွဲများမှ နားနေသည့် နေ့ရက်နှင့်ကျောင်းဖွင့်ရက်တို့ တိုက်ဆိုင်သွားတိုင်း ကလေးငယ်များ၏ အသံကို မကြားချင်ပါဘဲနှင့် ကြားနေရသည်။ ယခုကဲ့သို့ ယူနီယံဂျက်အလံကို အလေးပြုပြီး ဂျော့ဘုရင်မင်းမြတ်၏ ဘုန်းတော်ဘွဲ့ကို ရွတ်ဆိုနေကြသည့် ကလေးငယ်တို့၏အသံကို ကြားရတိုင်း မာယာ ရင်နာနေမိသည်။ မျက်စိရော နားကိုပါ ပိတ်၍ ကမ္ဘာ့အပြင်သို့တိုင် ထွက်ပြေးသွားချင်နေမိခဲ့သည်။

"တောက် ... ဒါဟာ သက်သက်မဲ့ ငါတို့နိုင်ငံက အပြစ်မဲ့တဲ့ ကလေးတွေကို ကျွန်ဇာတ်သွင်းနေတာပဲ ... ဟင်း"

ထိုကဲ့သို့ အတွေးများဝင်လာတိုင်း မာယာ၏ရင်သည် ဆတ်ဆတ်ခါမျှ နာကျင်ရစမြဲပင်။ မာယာမှာ ရေငင်လာစ



www.burmeseclassic.com

www.burmeseclassic.com

မောင်းလက်တံကို လွှတ်လိုက်ပြီး စိုက်ခင်းပြင်အား ကျော်နိုင်းပွက်ခွာခဲ့သည်။ သို့တိုင်အောင် ဂျော့ဘုရင်မင်းမြတ်၏ ဘုန်းတော်ဘွဲ့နှင့် ပတ်သက်၍မူ အတွေးများက လွင့်ပျံ့နေကြဆဲ။

"ဘဝဆိုတာ တိုက်ပွဲပဲ မာယာ . . . အဲဒီတိုက်ပွဲတကာ့တိုက်ပွဲတွေမှာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝက လွတ်မြောက်အောင် တိုက်ရတဲ့တိုက်ပွဲက ဘဝလောကခံတိုက်ပွဲတွေထက် ပိုပြီး ပြင်းထန်တယ်၊ စွန့်လွှတ်စွန့်စားရတယ်၊ ပိုပြီး မျက်ရည်ကျရတယ်၊ ပိုပြီး ရင်နာကြေကွဲရတယ်၊ နောင်ကိုလည်း ဆက်ပြီး စတေးသွားရဦးမယ်၊ ဒီတိုက်ပွဲမှာ မင်းတို့ငါတို့ ကျဆုံးသွားခဲ့ရင် ငါတို့ရဲ့သွေး မျိုးဆက်တွေက အောင်ပွဲရတဲ့အထိ ဒီနယ်ချဲ့မျက်နှာဖြူ မိစ္ဆာကောင်တွေကို ဆက်လက်တိုက်ပွဲဝင်သွားကြရမှာပဲကွယ့်"

ဟားရွှေကျော်ရွာမှ ဂျွန်သူပုန်ခေါင်းဆောင် ဆရာစံ၏ လက်ရင်းတပည့် ဦးကြီးယောနု၏ မျိုးချစ်စိတ်ဓာတ်၊ သံမဏိစိတ်ဓာတ်အပြည့်နှင့် ပြောခဲ့သောစကားများကို မာယာ ပြန်လည်၍ ကြားယောင်လာမိသည်။ ဟုတ်သည်၊ သည်ကျောင်းသူကျောင်းသားကလေးငယ်များအတွက် မာယာအပါအဝင် နိုင်ငံသူနိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု မာယာ နားလည်ခံယူထားပါ၏။ မည်သို့ပင်ဖြစ်စေ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤကုလားဖြူ နယ်ချဲ့မိစ္ဆာများကို အမိမြေပေါ်မှ မောင်းထုတ်ပစ်ရမည်ဟူသော အသိစိတ်ကို မာယာ စွဲမြဲစွာ မာန်သွင်းလျက် ခံယူထား





ပါလေ၏။

မာယာ၏ မိဘနှစ်ပါးစလုံးသည် ဤကုလားဖြူ မိစ္ဆာကောင်များ၏ လက်ချက်ဖြင့် အပြစ်မဲ့စွာ သေဆုံးခဲ့ကြသည်။ သူကိုယ်တိုင်ပင် လူမမယ်ဘဝဖြင့် ဘွားအေဖြစ်သူ ဒေါ်ဇာယု၏ ကျွေးမွေးစောင့်ရှောက်မှုကြောင့် ဘဝတွင် ဆက်လက်ရှင်သန်ကြီးပြင်းခဲ့ရသည် မဟုတ်ပါလား။

ယခုကဲ့သို့ သူတို့ခံစားခဲ့ရသော ဒုက္ခဆင်းရဲမျိုးစုံတို့ကို မည်သို့မျှ အပြစ်မရှိသော မျိုးဆက်သစ်ကလေး သူငယ်များအား မခံစားရစေလိုပါ။ မြန်မာတို့၏အလံကို လွှင့်ထူကာ မိမိတို့၏ အမျိုးသားသီချင်းကို ခေါင်းမော့ရင်ကော့၍ လွတ်လွတ်လပ်လပ် အားပါးတရ အော်ဟစ်သီဆိုနိုင်မည့်အချိန်ကို မာယာ မျှော်လင့်စောင့်စားနေခဲ့သည် မဟုတ်ပါလား။

သို့သော်လည်း ဤသို့သော ကိစ္စရပ်ကြီးသည် လွယ်ကူလှသည်တော့ မဟုတ်ပါ။ မိမိတို့၏ အသက်သွေးချွေးပေါင်း များစွာတို့ဖြင့် ရင်းနှီးပေးဆပ်ရမည်။ စွန့်လွှတ်စတေး၍ ရယူကြရမည် ဖြစ်ပါ၏။ သို့သော် ဤအရေးကိစ္စအတွက် မိမိတို့နိုင်ငံ လွတ်လပ်ရေးအတွက် မာယာကဲ့သို့ လူငယ်အားလုံး မည်သူမျှ နောက်တွန့်လက်ရှိနေကြမည့်သူများ မဟုတ်ပါ။ မိမိတို့၏အသက်ကိုပင် စတေးဖို့ ဝန်လေးနေကြမည့်သူများ မဟုတ်ပါလေ။

ယခုပင်လျှင် "မနေရဲရင်သေ၊ မသေရဲရင်နေ" ဟူသော တစ်ခဲနက် ကြွေးကြော်သံများဖြင့် ဂျွန်ဆရာစံကိုယ်တိုင် ဦး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်လျက် သာယာဝတီ၊ သုံးဆယ်ဘက်ရှိ တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးက ရရာလက်နက်များကို စွဲကိုင်ကာ နယ်ချဲ့ကုလားဖြူ မိစ္ဆာကောင်များကို တော်လှန်ပုန်ကန်နေကြပြီ မဟုတ်ပါလား။ 'မိမိတို့အား မည်သို့မျှ တော်လှန်ပုန်ကန်ဝံ့ကြမည်၊ အံတုတိုက်ခိုက်ဝံ့ကြမည် မဟုတ်' ဟူ၍ စိတ်ကြီးဝင်ကာ သွေးနားထင်ရောက်နေကြသည့် ဗြိတိသျှနယ်ချဲ့ မျက်နှာဖြူအစိုးရမှာ မျက်ဖြူဆိုက်၊ အကျပ်ရိုက်လျက် ရှိကြပြီး ဒုက္ခရောက်နေကြရပြီ မဟုတ်ပါလား။

လွန်ခဲ့သော ပြာသိုလကမှ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံကိုယ်တိုင် ဦးစီး၍ ဝဲရွာသစ်တောဘိုတဲကို စီးနင်းကာ သစ်တောအင်ဂျင်နီယာ မစ္စတာဖီးကလပ်၏ဦးခေါင်းကို ဖြတ်သတ်ခဲ့ပြီး ဘိုတဲကို မီးလောင်တိုက်သွင်းခဲ့သည့်သတင်းက သာယာဝတီနယ်တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားခဲ့ပါသေးသည်။ ထိုသတင်းကြောင့်ပင် မျက်နှာဖြူအရာရှိကြီးများ ထိတ်လန့်သွေးပျက်လျက်ရှိကြပြီး တချို့ဆိုလျှင် တခြားသောနယ်မြေများသို့ပင် ပြောင်းရွှေ့သွားခဲ့ကြသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ မာယာကျေနပ်သည်။ မိမိ၏ အပြစ်မဲ့ မိဘနှစ်ပါးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် မျက်နှာဖြူကုလားမိစ္ဆာများအား ရင်ထဲ၊ အသည်းထဲမှာပင် နာကျင်မုန်းတီးနေခဲ့သူ ဖြစ်သည်။ သူသာ မိန်းမသားတစ်ဦးမဟုတ်ဘဲ သန်သန်မာမာ ယောကျ်ားတစ်ဦးသာဆိုလျှင် ဂဠုန်တပ်ဖွဲ့ထဲသို့ ဝင်ရောက်





ပြီးသားပင်။ ယခုတော့ ကျေးဖူးရှင် အရွယ်လွန်အဘွားအိုတစ်ယောက်နှင့် ဘဝကို ခက်ခဲကြမ်းတမ်းစွာ ရုန်းကန်နေရသဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ပါလေ။

သို့သော် နယ်ချဲ့မျက်နှာဖြူ အင်္ဂလိပ်အစိုးရအား ဖြစ်သည့်နည်းနှင့် ဒုက္ခပေးနိုင်ရန်မှ မာယာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားနေဦးမည်သာပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

## သီဟပဗ္ဗတတောင်ခြေမှ ဖြူနိုင်ဆရာလေး

သီဟပဗ္ဗတတောင် သို့မဟုတ် ဖိုဦးတောင် ...။

ဆောင်းကာလ၏ မြူနှင်းဖာပဝါတို့ ခြုံလွှမ်းထားသည့် သီဟပဗ္ဗတတောင်ဟု ခေါ်ဆိုသည့် ဖိုဦးတောင်ခြေကို ရစ်ခွေပတ်လျက် ဧရာဝတီမြစ်ကြီးက ကောက်ကောက်ကွေ့ကွေ့နှင့် ယှက်ဖြာစီးဆင်းလျက် ရှိသည်။ စိမ်းစိမ်းညို့ညို့ သစ်ပင်အုပ်စုများကြားမှ ထုံးဖြူဖြူဖွေးဖွေး ဘုရားစေတီအချို့ကို ဖိုဦးတောင်ထက်တွင် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့နေရပါ၏။

ဖိုဦးတောင်ခြေသည် ဧရာဝတီမြစ်နှင့် နီးကပ်စွာ တည်ရှိခြင်း၊ မြေသီးမြေသြဇာ ကောင်းမွန်ခြင်းတို့ကြောင့် ယာခင်း၊ စိုက်ခင်းများနှင့် တောင်ယာစိုက်ပျိုး လုပ်ကိုင်ကြသည့် ရွာငယ်လေးများက တောင်ခြေတစ်ဝိုက်တွင် တည်ရှိနေကြသည်။ ထို့အပြင် ဖိုဦးတောင်တောကြီးနှင့် တောင်ကြားထက်တွင် သစ်ရာ၊ အင်ကြင်း၊ ပျဉ်းမ၊ ပျဉ်းဖြူ၊ ကုက္ကို၊ သက်နံ၊ ပိတောက်၊ ဖက်





ခန်းစသော သစ်မျိုးစုံတို့ ပေါက်ရောက်ရာနယ်မြေလည်း ဖြစ်ပါလေ၏။

ထို့ပြင် သက်ရင်း၊ အော်လဲ၊ ဆေးပုလဲ၊ ရာဇဝင်၊ တိသက်သားနှင့် ဘုမ္မရာဇာ အစရှိသော ဆေးမြစ်ဆေးပင် ဆေးဥများလည်း အများအပြား ပေါက်ရောက်လျက်ရှိသည်မို့ ဆေးသေါင်းခသည့်တောင်လည်း ဖြစ်သည်။ ဤသို့သော တောတောင်ရေမြေထဲသို့ တိုင်းရင်းဆေးဆရာဘေး ဥက္ကာသည့် လိုအပ်သော ဆေးပင်ဆေးမြစ်များ တူးဖော်ရှာဖွေရန်အတွက် ရောက်ရှိနေပါလေ၏။

ဥက္ကာ၏ဘဝဖြစ်စဉ်က အနည်းငယ် ထူးခြားနေပါ၏။ သူ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပင် ထူးထူးဆန်းဆန်း မြွေသတ္တဝါများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ သူ၏အဘိုးဖြစ်သူ ကပ္ပိယကြီးဘိုးဇာဂရ၏ ပြောကြားချက်အရဆိုလျှင် ဥက္ကာ လသားအရွယ်လောက်မှစ၍ ငန်းမြွေလင်မယားနှစ်ကောင်မကြာခဏ လာရောက်စောင့်ရှောက်ပေးလေ့ရှိသည်ဟု သိရသည်။

လသားအရွယ် ဥက္ကာလေး အိပ်ရာထက်တွင် အိပ်ပျော်နေခိုက် လူကြီးလက်ကောက်ဝတ်လောက်ခန့်ရှိသော ငန်းမြွေကြီးတစ်ကောင်သည် ဥက္ကာအိပ်နေသည့် ဦးခေါင်းပေါ်မှ ကြီးမားလှသော ပါးပျဉ်းကြီးကို ထောင်မတ်ကာ မိုးကာပေးထားသည်ကို အံ့သြထိတ်လန့်စွာ တွေ့ကြရသည်ဟု ဆိုပါ၏။ တွေ့မြင်ရသူ၏



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြား အော်ဟစ်သံကြောင့် မိဘနှစ်ပါး အပြေးအလွှား ရောက်လာကြချိန်မှာတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဥက္ကာလေး၏ အနီးဝန်းကျင်တွင် ငန်းမြွေကြီး အရိပ်အယောင်မျှပင် လုံးဝ မတွေ့ရပါတော့ချေ။

တစ်ဖန် ဥက္ကာ လေးငါးလ ခြောက်လအရွယ်လောက်တွင် မိဘနှစ်ပါးမှာ ယာခင်းစိုက်ပျိုးခင်းများသို့ ခေါ်ဆောင်လာခဲ့ကြသည်။ နေ့ခင်းနေ့လယ်ဘက်တွင် တဲထဲ၌ စောင်ပုခက်ဖြင့်သိပ်၍ မိဘနှစ်ပါးမှာ ယာခင်းထဲသို့ဆင်းကာ သီးနှံများကို ခူးဆွတ်နေကြသည်။ ထိုအခိုက် မိခင်ကြီးမှာ ရေသောက်ရန် တဲအတွင်းသို့ ဝင်လာရာ ငန်းမြွေလင်မယားနှစ်ကောင်သည် ထုပ်တန်းပေါ်တွင် ပုခက်ကြိုးအား လွှဲ၍လည်းကောင်း၊ မြွေကြီး တစ်ကောင်သည် ပါးပျဉ်းကြီးထောင်လျက် ဥက္ကာနှင့် ဆော့ကစားနေသည်ကို ထိတ်လန့်အံ့သြစွာ မြင်တွေ့ရပါသည်။ ဥက္ကာလေးမှာ အိပ်ရာမှနိုးလျက် မြွေကြီးနှင့် ပုတ်ခတ်ဆော့ကစားလိုက်၊ တခစ်ခစ်နှင့် ရယ်မောလိုက်နှင့် ကြည်နူးစွာ ဆော့ကစားနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ကြောက်လန့်တကြား အော်ဟစ်ကာ ယောကျ်ားဖြစ်သူအား ပြေး၍ ခေါ်ဆောင်လာခဲ့ပါ၏။ သို့သော် လင်မယားနှစ်ယောက်စလုံး တဲအတွင်းသို့ အပြေးအလွှား ရောက်ရှိလာခဲ့ချိန်မှာတော့ ဥက္ကာအနီးတွင် မည်သည့်မြွေကြီးများကိုမှ မတွေ့ရတော့ကြောင်း အဘိုးဖြစ်သူ ဘိုးဇာဂရက ပြောပြခဲ့သည်။

သူ ဆယ်နှစ်သားအရွယ်ခန့်တွင် မိဘနှစ်ပါးမှာ မြို့သို့



ခရီးသွားရင်း အပြန်တွင် ကားမှောက်ကာ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြရာ အဘိုးဖြစ်သူ ကပ္ပိယကြီးဘိုးဇာဂရက ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ ထို့ကြောင့်လည်း ဘိုးဇာဂရ၏ တိုင်းရင်းဆေးပညာရပ်များကို လေ့လာသင်ကြားရင်း အသက်အရွယ်ငယ်ငယ်ဖြင့် ဗိန္ဒောဆေးဆရာတစ်ပိုင်း ဖြစ်လာခဲ့ရခြင်းပင် ဖြစ်ပါ၏။

သူနေထိုင်ရာ ဗီးတောရွာဦးကျောင်းဆရာတော် ဦးပဏ္ဍိတမှာလည်း တိုင်းရင်းဆေးပညာရပ်များနှင့် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ပညာရပ်များတွင် ကျွမ်းဝင်ရင်းနှီးခဲ့သူမို့ ဥက္ကာအား ဗိန္ဒောဆေးပညာရပ်များကို သင်ကြားပြသပေးခဲ့ပါ၏။ လူ့လောကကြီးသည် မယုံကြည်နိုင်စရာ ထူးဆန်းအံ့သြဖွယ်ရာများနှင့် လျှို့ဝှက်ဖွဲ့စည်းထားသည့် ရှာကြီးတစ်ရှာနှင့် တူသည်။ ဖြစ်တည်ပြောင်းလဲလျက်ရှိသော သဘာဝတရားများကလည်း လျှို့ဝှက်ဆန်းကြယ်လွန်းလှပါ၏။ လောကဓံတရားများကလည်း လွန်စွာ မာယာများသလောက် ထွေပြားနိုင်လွန်းလှသည်။ ဘဝတွင် မျှော်လင့်မထားခဲ့သော အဖြစ်အပျက်တို့က မဖိတ်ခေါ်ဘဲ ရောက်လာကြုံလာခဲ့ကြရသည်မှာ မယုံကြည်နိုင်ဖွယ်၊ အံ့သြဖွယ် ဂမ္ဘီရဖြစ်စဉ်များလေလား . . . ဟု။

ဟုတ်သည် . . .။ ထိုဖြစ်စဉ်များကဲ့သို့ပင် နက္ခတ်စုံညီသော ညတစ်ညတွင် ဥက္ကာတစ်ယောက် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် မုတ်ဆိတ်ရှည်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထိတိုင် ရှည်လျားစွာ တွဲရွဲကျနေသည့် ဆံကျောင်တစောင်းနှင့် အသက်ရှစ်ဆယ်ခန့် ရှိသည့် သူတော်စင်အဘိုးအိုတစ်ဦးနှင့် ဆုံတွေ့ခဲ့ရသည်။ သူတော်စင်ကြီးမှာ ပုတီးကြီးတစ်ကုံးကို လည်ပင်းတွင်ဆွဲလျက် သစ်ခေါက်ဆိုး အညိုရောင် ယောဂီဝတ်စုံနှင့် လက်ထဲတွင် နဂါးခေါင်းရုပ်ထုထားသည့် တောင်ဝှေးကြီးတစ်ချောင်းကို ကိုင်လျက် ဥက္ကာအား ထူးဆန်းသောစကားများကို ပြောဆိုနေပါလေ၏။

"အေး … လူကလေးကို အဘိုးစောင့်မျှော်နေတာ ကြာပြီကွယ့်၊ အဲဒါ အခုလာမယ့် ဝါဆိုလပြည့်နေ့ဆိုရင် လူကလေး အသက်နှစ်ဆယ်တင်းတင်းပြည့်ပြီ၊ အဲဒီနေ့ကျရင် ဖိုဦးတောင်က မြေအောက်လှိုဏ်ဂူကို ရောက်အောင်လာခဲ့ပါ … အဘိုး လူကလေးကို စောင့်နေပါ့မယ်"

"ခင်ဗျာ … အဘိုး … အဘိုးက ဘယ် … ဘယ်သူပါလဲ၊ ကျွန်တော့်ကို သိနေတယ် … ဟုတ်လား"

ဥက္ကာက သူတစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အဘိုးအိုတစ်ယောက်က သူ့အား သိရှိနေခြင်း၊ ထူးဆန်းသော စကားများကို ပြောဆိုနေခြင်းကြောင့် အံ့သြနေမိသည်။

"ဟင်း ဟင်း … သိတာပေါ့ကွယ်၊ အဘိုးရဲ့အာရုံထဲမှာ လူကလေးရဲ့ အတိတ်, ပစ္စုပ္ပန်, အနာဂတ် စတာတွေအထိ သိမြင်နိုင်တဲ့ တတိယမျက်လုံးဆိုတာ ရှိတယ်လေ၊ အဲဒါကို … မနောစိတ်ဝိညာဉ်ကျင့်စဉ်လို့ ဂမ္ဘီရသမားတွေက ခေါ်ကြတယ်ကွယ့်၊ နောက်ပြီး လူကလေးကို ခေါ်ရတာကလည်း လူကလေးနဲ့ သက်ဆိုင်တဲ့ အတိတ်ဘဝက ပစ္စည်းတစ်ခုကို ပေးချင်လို့ ခေါ်ရတာကွယ့်"

"အင် … ဟို … ဟို … အဘိုးပြောတဲ့ ဖိုဦးတောင်က မြေအောက်လှိုဏ်ဂူဆိုတာ ဘယ်နားမှာရှိမှန်းမှ ကျွန်တော် မ … မသိခဲ့ရတာ … ဘယ်လိုလုပ်ပြီး လာနိုင်မှာလဲ အဘိုးရယ်"

"ဟင်း ဟင်း ဟင်း … ဖိုဦးတောင့်ရဲ့ ကျောက်ဆင်နက်ကြီးရှိတဲ့နေရာကိုသာ ရောက်အောင်လာခဲ့ပါ လူကလေး၊ အဲဒီမှာ လူကလေးကို ကြိုဆိုနေတဲ့သူကို တွေ့ရလိမ့်မယ်၊ သူ့နောက်ကသာ ယုံယုံကြည်ကြည်နဲ့ လိုက်ခဲ့ပါ လူကလေး"

ယောဂီဝတ်သူတော်စင်ကြီး သူ့အား မှာကြားနေဆဲမှာပင် မိုးငွေ့မြူငွေ့များက ထူထပ်သိပ်သည်းစွာ ကျဆင်းလာကြပြီး သူ့မျက်စိရှေ့မှ သူတော်စင် အဘိုးအိုမှာ တစ်စတစ်စ မြူငွေ့များကြားတွင် ဝေဝါးပျောက်ကွယ်သွားပါတော့သည်။ ထိုအချိန်မှာပင် ဥက္ကာတစ်ယောက် အိပ်မက်မှ လန့်၍နိုးလာခဲ့ပါတော့သည်။ ဤကဲ့သို့အိပ်မက်မျိုး တစ်ကြိမ်တစ်ခါမျှ မမြင်မက်ဖူးခဲ့။ စွဲလမ်းခဲ့ခြင်းမျိုးလည်း မရှိ။ ယခုကဲ့သို့ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်သို့ ရောက်လာကာမှ တောင်ဝှေးထိပ်တွင် နဂါးဦးခေါင်းရုပ်ကြီးနှင့် ယောဂီဝတ် မုတ်ဆိတ်ရှည် သူတော်စင်အဘိုးအို တစ်ယောက်အား အိပ်မက်ထဲတွင် ပီပြင်စွာ ဆုံတွေ့ခဲ့ခြင်းမှာ လွန်စွာမှ ထူးဆန်းအံ့သြဖွယ်ရာပင်တည်း။





သုခမစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှ သူတော်စင်အဘိုးအို ခေါ်ယူထားသည့် ဝါဆိုလပြည့် သို့မဟုတ် သူ့အသက်နှစ်ဆယ်တင်းတင်းပြည့်သော နေ့တွင် ဖိုဦးတောင် မြေအောက်ဥမင်လှိုဏ်ခေါင်းရှိရာသို့ သွားရောက်ရလေမည်လား။

သို့မဟုတ် အိပ်မက်ကို အိပ်မက်အတိုင်းပင် ထားလိုက်ရမည်လေလား။ ညဥ့်သည် တစ်စတစ်စ နက်လာပါ၏။ ဥက္ကာတစ်ယောက် ထူးဆန်းသော အိပ်မက်အကြောင်းကို တွေးရင်း အရဏ်တက်ခါနီးမှပင် မှေးခနဲ အိပ်ပျော်သွားခဲ့ပါတော့သည်။

ဝါဆိုမိုးက အုံ့မှုန်မှုန်နှင့် . . . ။

တဟူးဟူး တိုက်ခတ်နေသည့် လေပြည်ရှူးထဲဝယ် ဆောင်းငွေ့လက်ကျန် မြူနှင်းများက ခပ်ပါးပါး လွင့်ဝဲနေကြသည်။ ညဥ့်ဦးက မိုးတစ်ပြိုက်နှစ်ပြိုက် ကျထားသဖြင့် တောတောင်အလုံးသည် မြသားမြရည် လိမ်းကျံခြယ်လှယ်ထားသကဲ့သို့ စိမ်းလန်းစိုပြည်လျက် ရှိသည်။ အမျိုးအမည်မသိသော တောပန်းတောင်ပန်းများနှင့် သစ်ခွပန်းရောင်စုံတို့က ဖိုဦးတောင်တစ်ခွင်ဝယ် အလှချင်းပြိုင်ကာ ဖူးပွင့်နေကြပါ၏။

ငှက်ခါးတစ်ကောင်က ကျီခနဲ ကျီခနဲ အော်မြည်ကာ





နံနက်ခင်း နေခြည်နွေးနွေးအောက်တွင် ဟိုမှသည်မှ ခုန်ပျံကူးလူးလျက် ဖပ်မခေါ် အိမ်စာကလေးထက် ကိုယ်လုံးအနည်းငယ်ဖွံ့ထွားသည့် 'ဘွတ်စာမွဲ' ငှက်တစ်အုပ်ကလည်း တောင်ပိန္နဲပင်ထက်တွင် နေပူစာလှုံရင်း တကျည်ကျည်အော်မြည်ကာ တေးသံပေးလျက် ရှိကြသည်။

ဥက္ကာတစ်ယောက် ဖိုဦးတောင်ပေါ်သို့ တရွေ့ရွေ့နှင့်ပေါက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး မည်သည့် ထူးခြားမှုမျိုးမှ မတွေ့ရဘဲ သူတော်စင် အိပ်မက်ရှင် အဘိုးအိုပြောကြားခဲ့သည့် ကျောက်ဆင်နက်ရုပ်တုကြီးရှိရာသို့ ရောက်ရှိလာခဲ့ပါ၏။

''ဘယ်လိုလဲ . . . ဘာမှလည်း မထူးခြားပါလား၊ သွေးလေချောက်ချားပြီး မက်တဲ့အိပ်မက်ကို အဟုတ်အမှန်ထင်ပြီး ငါလာခဲ့တာ ရူးတာပဲ၊ တကယ်ဆို ငါ သေသေချာချာ စဉ်းစားဆင်ခြင်သင့်တာပေါ့ . . . ဟူး''

ဥက္ကာတစ်ယောက် သက်ပြင်းမောကြီးတစ်ခုကို မသက်မသာ မှုတ်ထုတ်လိုက်ရင်း ကျောက်ဆင်နက်ရုပ်တုကြီးကို မှီကာ စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။ ဟုတ်သည်။ သွေးလေချောက်ချား၍ မြင်မက်ခဲ့သော အိပ်မက်ကို အမှန်တကယ် ထင်မှတ်၍ ဤဖိုဦးတောင်ထက်သို့ ရောက်ရှိလာခဲ့ခြင်းကို တခြားသူတစ်ယောက်ယောက်သာ သိရှိသွားခဲ့လျှင် သူ့ကို ရူးသွပ်နေသူဟု စွပ်စွဲပြောဆိုကြပေလိမ့်မည်။

ထိုစဉ်မှာပင် သူ၏နားထဲတွင် လေချွန်သံသဲ့သဲ့ကို ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသလိုလို။

'ရှိ ‥ရှိ ‥ရှိ'

ဟုတ်သည် ...။ သူမှီထိုင်နေသည့် ကျောက်ဆင်နက်ရုပ်တုကြီး၏ နောက်ဘက်မှ ထွက်ပေါ်လာသဖြင့် ဥက္ကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟာ ... မြွေ ... မြွေကြီးတစ်ကောင်ပါလား"

သူ၏နောက်ဘက် မလှမ်းမကမ်းရှိ ချုံနွယ်များ အောက်ခြေမှ ပါးပျဉ်းကြီးကိုထောင်ကာ ဘယ်ညာယိမ်း၍ သူ့အား စိမ်းစိမ်းကြည့်နေသည့် မြွေကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရသဖြင့် ဥက္ကာ ထိတ်ခနဲ ရင်ခုန်သွားပါ၏။ ခဏအတွင်းမှာပင် မြွေကြီးက ပါးပျဉ်းကြီး ဘယ်ညာယမ်းခါနေရာမှ ရှုးခနဲ ပါးပျဉ်းကို ရုပ်ကာ တစ်ဖက်ချောက်ကမ်းပါးစောင်း ဆင်ခြေလျှောဘက်သို့ တရွေ့ရွေ့ ဆင်းသွားပါလေတော့သည်။

ရုတ်တရက် ဥက္ကာမှာ ဘာရယ်မသိ မြွေကြီးဆင်းသွားရာ နောက်သို့ ဆတ်ခနဲ ထကာ လိုက်လာခဲ့မိသည်။ သူ၏စိတ်ထဲတွင်လည်း သူ့ရှေ့မှ သွားနေသည့် မြွေကြီးကို သူ၏ သွေးသားရင်းချာတစ်ယောက်နှယ် ထင်မှတ်သွားလေသည်သို့။

ထိုစဉ်မှာပင် အိပ်မက်ထဲမှ သူတော်စင်၏စကားသံတချို့ကို ပြန်လည်၍ ကြားယောင်လာခဲ့ပြန်သည်။

"ဟင်း ဟင်း ... ဖိုဦးတောင်ရဲ့ ကျောက်ဆင်နက်ရုပ်ကြီးဆီကိုသာ ရောက်အောင်လာခဲ့ပါ လူကလေး၊ အဲဒီမှာ လူကလေးကို ကြိုနေတဲ့သူကို တွေ့ရလိမ့်မယ်၊ သူ့ရဲ့နောက်ကသာ ယုံယုံကြည်ကြည်နဲ့ လိုက်ခဲ့ပါ လူကလေး"





သူတော်စင်အဘိုးအို၏ စကားကို ကြားယောင်လာရင်း ဥက္ကာတစ်ယောက် မသိစိတ်နှင့်အတူ မြွေကြီးသွားရာနောက်သို့သာ တကောက်ကောက်နှင့် လိုက်လာမိခဲ့သည်။ သစ်ပင်ချုံနွယ်များကြားမှ ငုံ့လျှိုးကာ လိုက်ရသည်။ ဆင်ခြေလျှောတစောင်းအတိုင်း ခက်ခဲစွာ လျှောက်ခဲ့ရသည်။ နေရောင်မမြင်ရသည့် လျှိုကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာချိန်မှာတော့ သူ၏ရှေ့မှ မြွေကြီးက ကျောက်ဂူဝတစ်ခုရှေ့တွင် ရပ်တန့်သွားပါလေ၏။

ချုံနွယ်တချို့ ဖိတ်ဖုံးနေသည့် ကျောက်ဂူဝသည် လူတစ်ရပ်သာသာခန့် မြင့်ပြီး အကျယ်မှာမူ လေးတောင်ခန့်ရှိသည်။ ဥက္ကာမှာ ကျောက်ဂူဝကို ကြည့်ရှုနေစဉ်မှာပင် မြွေကြီးက ပါးပျဉ်းကြီးထောင်ကာ ရှူးခနဲ အသံပြုလိုက်ပြီး ကျောက်ဂူကြီးထဲသို့ လျှောခနဲ ဝင်သွားသည်ကို တွေ့မြင်လိုက်ရသည်။

"ဩော် ... မြွေကြီးက ကျောက်ဂူဝရှိတဲ့နေရာထိအောင် ငါ့ကို ခေါ်လာတာပဲကိုး၊ အင်း ... ကြည့်ရတာ အိပ်မက်ထဲက သူတော်စင်အဘိုးကြီးပြောတဲ့ မြေအောက်လှိုဏ်ဂူဆိုတာ ဒီကျောက်ဂူကို ပြောတာများလား"

ဥက္ကာ စဉ်းစားတွေးတောရင်း ကျောက်ဂူဝဆီသို့ တစ်လှမ်းချင်း တိုးဝင်လာခဲ့ပါ၏။ ၎င်းစဉ် ကျောက်ဂူအတွင်းမှ အနီရောင် အလင်းတန်းတချို့ ဂူအပြင်သို့ ထွက်လျှံကျလာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရသဖြင့် နောက်ဆုံး ကျောက်လှိုဏ်ဂူကြီးအတွင်းသို့ သတိနှင့် ဝင်ရောက်လာခဲ့ပါတော့သည်။

ကျောက်လှိုဏ်ဂူကြီးအတွင်းမှာတော့ အနီရောင် အလင်းတန်းတို့က လင်းလက်ယှက်ဖြာလျက် မည်သည့်နေရာမှ ဖိတ်လျှံထွက်ကျလာသည် မသိသော အနီရောင်အလင်းတန်းများကို အံ့သြစွာကြည့်ရင်း ဥက္ကာ ကျောက်ဂူကြီးအတွင်းပိုင်းသို့ ရောက်ရှိလာခဲ့သည်။

⊕ ⊕ ⊕



## ထူးဆန်းသော ဘုဇဂ်ိသိသ် သို့မဟုတ် မြွေအမျိုးတော

ကျောက်လှိုဏ်ဂူကြီးအတွင်းမှာတော့ အတန်ငယ် အေးစိမ့်နေပါ၏။ တစ်နေရာမှ ကျောက်စက်ရေကျသံ တပေါက်ပေါက်ကို စည်းချက်မှန်မှန် ကြားနေရသည်သို့ . . .။

ကျောက်ဂူက အဝင်ဝတွင် အတန်ငယ် ကျဉ်းသယောင်နှင့် အထဲတွင်မူ အတန်အသင့် ကျယ်ဝန်းပါ၏။ မည်သည့်နေရာမှ ထွက်ပေါ်လာသည် မသိသော အနီရောင်အလင်းတန်းများကို ဥက္ကာ တအံ့တသြ ငေးကြည့်နေစဉ်မှာပင် သူ၏ နောက်ဘက်မှ တောင်ဝှေးသံ တဒေါက်ဒေါက်ကို ကြားလိုက်ရပြီး ကရဏာသံများ ပျော်ဝင်လျက်ရှိသည့် အသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသည်။

"သြော် . . . လူကလေးတောင် ရောက်လာမှပဲကိုး၊ အတော်ပဲပေါ့၊ အဘိုးတောင် အခုလေးတင်မှ အဓိဋ္ဌာန်ပြီးသွားလို့ ဘုရားရှေ့ကနေ ထလာခဲ့တာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



အသံကြားရာသို့ လှည့်၍ကြည့်လိုက်ရာ အသက် (၈၀) ကျော်ခန့်ရှိသည့် မုတ်ဆိတ်မွေးရှည်ကြီးများနှင့် ယောဂီဝတ် သူတော်စင်ကြီးတစ်ပါးကို နဂါးခေါင်းရုပ်ထုထားသည့် တောင်ဝှေး ကြီးတစ်ချောင်းနှင့်အတူ အိပ်မက်ထဲမှ ပုံသဏ္ဌာန်အတိုင်း ထပ်တူ ထပ်မျှတွေ့မြင်လိုက်ရသဖြင့် ဥက္ကာ အံ့ဩမှင်သက်သွားရပါ၏။

''ဘာလဲ ... လူကလေးက အိပ်မက်ထဲကအတိုင်း အပြင်မှာတွေ့နေရလို့ အံ့ဩနေတာလားကွယ့်၊ ဒါတွေဟာ တကယ်တော့ သိပ်ပြီး မထူးဆန်းလှပါဘူးကွယ်၊ သည့်ထက် ထူးဆန်းတဲ့ ဖြစ်ရပ်တွေကို နောက်ဆိုရင် လူကလေးကိုယ်တိုင် ကြုံတွေ့ရဦးမှာဆိုတော့ ကိုင်း ... လာ လာ ... အဘိုးနောက်က လိုက်ခဲ့''

သူတော်စင်ကြီး၏ အသားအရေမှာ ဝင်းဝါစိုပြည်နေပြီး ထူးခြားသည်မှာ အသက်အရွယ်နှင့်မလိုက်အောင် စူးရှတောက် ပြောင်လျက်ရှိသော မျက်လုံးများနှင့် ဖျတ်လတ်ပေါ့ပါး သွက်လက် နေခြင်းပင်တည်း။ ဥက္ကာမှာ သူတော်စင်အဘိုးအို ခေါ်ဆောင်ရာ နောက်သို့ အာစေးမိနေသူတစ်ယောက်နှယ် တိတ်ဆိတ်စွာဖြင့် လိုက်ပါလာခဲ့သည်။

မကြာမီ အတန်ငယ်ကျယ်ဝန်းသော ကျောက်လှိုဏ်ဂူ ကြီးအတွင်းဝယ် အနီရောင်အလင်းတန်းတို့ မျက်စိကျိန်းလုမတတ် တပိတ်ပိတ်လင်းလက်တောက်ပြောင်နေသည့် ပတ္တမြားပလ္လင်ကြီး တစ်ခုကို အံ့ဩစွာဖူးမြင်တွေ့လိုက်ရသည်။ ကျောက်ဂူကြီးအတွင်း





ရှိသမျှအရာဝတ္ထုပစ္စည်းများပင် ပတ္တမြားရောင်တို့ဖြင့် လင်းလက် တောက်ပကာ အရောင်ပြန်များ တဖျပ်ဖျပ်နှင့် လှုပ်ရှားနေသည်။

ကျောက်ဂူကြီးအလယ်ရှိ ရှစ်တောင်ခန့်မြင့်သော ကျောက်သားတုံးနက်အပေါ်၌ ဘုံကိုးဆင့်ရှိသော ပိမာန်အတွင်း ဝယ် အရောင်တဖိတ်ဖိတ်တောက်ပလျက်ရှိသည့် (၆) တောင်ခန့် မြင့်သည့် ထူးခြားသပ္ပာယ်လှသည့် ပတ္တမြားပလ္လင်ကြီးကို ဖူးမြော် တွေ့ရှိနေရပါ၏။ ပတ္တမြားပလ္လင်၏ အနောက်ဘက်တွင် ဘီလူး ကဲ့သို့ အရုပ်ဆိုးဆိုးရှိကြသော ပုဂ္ဂိုလ်များ၊ ပတ္တမြားပလ္လင်ကြီး၏ မြောက်ဘက်တွင် မြွေကြီးများနှင့် ကြီးမားသော အမောက်ကြီး များနှင့် မြွေနဂါးကြီးများ၊ ပလ္လင်ကြီး၏ အရှေ့ဘက်တွင် ယောဂီ ဝတ် ပုဂ္ဂိုလ်များနှင့် အဖြူရောင်ပိတ်တို့ကို ဝတ်ဆင်ထားသည့် သူတော်စင်ကြီးများနှင့် ပတ္တမြားပလ္လင်၏ တောင်ဘက်တွင် ဇော်ဂျီ တပသီများ စသည်တို့သည် ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသည်တို့ကို တိတ်ဆိတ်ငြိမ်သက်စွာ အာရုံပြု၍ လုပ်ကိုင်လျက်ရှိကြသည်။

အံ့ဩတကြီး ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည့် ဥက္ကာအား မည်သူကမျှ ဂရုမစိုက်သကဲ့သို့ ရှုပ်ပြခြင်းလည်း မရှိကြပါချေ။ ပတ္တမြားပလ္လင်ကြီး၏ လေးပက်လေးတန်ကို့တွင် လှပသော ပန်းအိုးကြီးများနှင့် ပန်းများကို ဝေဝေဆာဆာ ကပ် လှူထားကြသဖြင့် ကျောက်ဂူကြီးအတွင်းဝယ် မွှေးပျံ့သော ရနံ့တို့ဖြင့် ထုံသင်းမွှေးပျံ့လျက် ရှိပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com



''သိပ်ပြီး အံ့ဩနေသလား လူကလေး၊ အင်း . . . ဘဝတွေ တစ်ခုပြီးတစ်ခု ဖြစ်တည်ပြောင်းလဲနေတဲ့ ဟောဒီ သံသရာကြီးထဲမှာ စုန်ဆန်ဝဲလှည့်နေကြရတဲ့ သတ္တဝါတွေဆိုတော့လည်း မေ့လျော့ကုန်ကြပြီပေါ့လေ''

သူ့အား တူသားနောင်ရင်းသဖွယ် ပြောဆိုနေသည့် သူတော်စင် အိပ်မက်ရှင် အဘိုးအိုအား ဥက္ကာ ငေးမောကြည့်ရင်းမှ တိတ်ဆိတ်စွာပင် နားထောင်နေမိသည်။ ထိုစဉ်မှာပင် သူတော်စင်ကြီးထံမှ ပေးနက်တည်ကြည်သော အသံဩဇာကြီးဖြင့် . . .

''အင်း . . . တကယ်တော့ လူကလေးဟာ နဂါးအမျိုးအနွယ်တော်တစ်ယောက် ဖြစ်တယ်၊ လူကလေးသိအောင် နားလည်အောင် ပြောရမယ်ဆိုရင်တော့ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ပြာသိုလပြည့်နေ့မှာ ဟောဒီ ဖိုဦးတောင်ထိပ်ကို မြတ်စွာဘုရားရှင်ဟာ ကြွချီလာတော်မူခဲ့တယ်၊ အဲဒီအချိန်ဟာ မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီး ကိုးလပြည့်မြောက်တဲ့နေ့ပေါ့ လူကလေး။

မြတ်စွာဘုရားရှင်ဟာ ဖိုဦးတောင်ကို ရောက်တဲ့အခါမှာ သမ္ဗုလဘီလူးမင်းရဲ့ ဘုံကိုးဆင့်ရှိတဲ့ ယခု ဗိမာန်ကြီးအတွင်းမှာ တင့်တယ်သပ္ပါယ်စွာ ဖန်တီးအပ်တဲ့ ဟောဒီပတ္တမြားပလ္လင်ကြီးထက်မှာ သီတင်းသုံးနေထိုင်တော်မူခဲ့တယ်ကွယ့်၊ ဘုရားရှင် သီတင်းသုံးနေထိုင်တော်မူခဲ့တဲ့ ပလ္လင်တော်ထက်မှာ ဘယ်လိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ မထိုင်အပ်ဘူးလေ၊ ထိုင်ခဲ့ရင်လည်း အလျှံငြီးငြီးတောက်လောင်နေတဲ့ မီးတွင်းကြီးထဲကို ပစ်ချလိုက်တဲ့





ကြက်မွေးလို ချက်ချင်းမီးကျွမ်းပြီး ပြာအတိကျသွားရတယ်ကွယ့်''

ဥက္ကာမှာ သူတော်စင်အဘိုးအို၏အနီးတွင် ကျုံ့ကျုံ့လေးထိုင်လျက် တစ်ကြိမ်တစ်ခါမျှ မကြားဖူးသေးသည့် အံ့ကြောင်းအရာများကို စိတ်ဝင်တစားနှင့် နားထောင်နေပါတော့၏။

''သမ္ဗုလဘီလူးမင်းဟာ ရောဝတီမြစ်ကြီးရဲ့ တစ်ဖက်ကမ်းမှာရှိကြတဲ့ ဝေမိသက, မဟိန္ဒနဲ့ ဣန္ဒမေနု စတဲ့ တောင်သုံးလုံးမှာ နေထိုင်ကျက်စားကြတဲ့ ဝေသာဂီရိဘီလူးမင်း, ဣန္ဒမန္ဒဘီလူးမင်း, ဝေဠုကန္တဘီလူးမင်းစတဲ့ ဘီလူးတွေနဲ့ ဝေမိသက စတဲ့ တောင် (၁၂) လုံးအောက်မှာ နေထိုင်ကြတဲ့ ရောပတ္တနဂါးမင်းကြီးကိုပါ ဖိတ်ကြားခဲ့ပြီး မြတ်စွာဘုရားကို ဝိုင်းဝန်းပူဇော်ကန်တော့ခဲ့ကြတယ်လေ . . .၊

အဲဒီမှာ လူကလေးဟာ ရောပတ္တနဂါးမင်းရဲ့ နဂါးစစ်သူကြီးတစ်ပါးအဖြစ် လိုက်ပါလာခဲ့ဖူးတယ်၊ အဲဒီအချိန်ကစပြီး လူကလေးရဲ့ ဓာတ်ဆက်, ပဋ္ဌာန်းဆက်, ကုသိုလ်ဆက်တွေကြောင့် ဘဝအဆက်ဆက် ကူးပြောင်းလာခဲ့ရာက အခုတစ်ခါလူသားတစ်ဦးဘဝနဲ့ လာရောက်ပြီး ဖူးမြော်ခွင့်ရခဲ့ပြန်တယ်၊ အင်း . . . အဲဒီလို ဖူးမြော်ခွင့်ရနိုင်ဖို့အတွက်ကိုလည်း လူကလေးရဲ့ညီတော် နဂါးကြီးက လမ်းပြခေါ်ဆောင်ပေးခဲ့တယ်ကွယ့်''

သူတော်စင်အဘိုးအိုက ဥက္ကာ၏ အတိတ်ဘဝတစ်ခုဆီက ဖြစ်ရပ်အကြောင်းများအား ရှည်လျားစွာ ရှင်းပြလိုက်ပြီး နဂါးမျိုးနွယ်ဝင် ဥက္ကာအတွက် သိသင့်သိထိုက်သည့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အရာများကို သေချာစွာ ပြောဆိုရှင်းပြနေပါတော့၏။

"လူကလေး . . . သေသေချာချာ သတိထားကြည့်မယ် ဆိုရင် လူကလေးကို ငယ်ရွယ်စဉ်ကာလကတည်းက အစဉ် တစိုက် စောင့်ရှောက်ခဲ့တဲ့ နဂါးအမျိုးအနွယ် မြွေလင်မယားကို အမှတ်ရလာပါလိမ့်မယ်၊ လူကလေးဟာ အကျင့်သိက္ခာ, စရဏ အားလည်း ကျင့်ကြံအားထုတ်နေတဲ့ လူတစ်ယောက်ဖြစ်တဲ့အပြင် သတ္တဝါတွေရဲ့ အသက်ကိုလည်း ကယ်တင်ပေးနေတဲ့ ဆေးဆရာ တစ်ယောက် ဖြစ်နေတဲ့အတွက် အဘိုးက လက်ဆောင်ကောင်း တစ်ခု ပေးလိုက်မယ် . . . အဲဒါကတော့ မြွေနိုင်ဆေးတစ်မျိုးပဲ၊ အဲဒီဆေးလုံးနဲ့ မြွေကိုက်ခံရတဲ့ သတ္တဝါတွေရဲ့အသက်ကို ကယ် တင်ပေးပါ၊ နောက်ပြီး လူကလေးသိထားဖို့က မြွေတွေဟာ မလွဲ မရှောင်သာတဲ့အခါကျမှသာ ကိုက်ခဲတတ်ကြတာပါ"

သူတော်စင်အဘိုးအိုက ပြောပြောသိုဆိုဖြင့် သူလွယ် ထားသည့် လွယ်အိတ်ညိုကြီးအတွင်းမှ စိမ်းညို့ရောင် တောက်ပ နေသည့် ဆီးဖြူသီးအရွယ်ခန့်ရှိသော အလုံးလေးတစ်လုံးအား ထုတ်ယူ၍ ပေးလိုက်ပါ၏။

"ကိုင်း . . . ရော့ လူကလေး . . . ဒါ 'ဘုဇင်္ဂသိဒ်' လို့ ခေါ်တယ်၊ မြွေနဂါးကြီးတွေရဲ့ဦးခေါင်းမှာ ဖြစ်တတ်တဲ့ ဆေး ပုလဲလို့ခေါ်တဲ့ မြွေအမြုတေတစ်မျိုးပဲ၊ နောက်ပြီး ဒီအမြုတေ ပစ္စည်းဟာ လူကလေးရဲ့ အတိတ်ဘဝက ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်း တစ်ခုပဲကွယ့်၊ ကဲ ကဲ . . . လူကလေး ပြန်ဖို့အချိန်တန်ပြီ၊ အဘိုး





လည်း အဓိဋ္ဌာန်စခန်းပြန်ဝင်ရမယ့်အချိန် နီးနေပြီလေ"

သူတော်စင်အဘိုးအိုက ထူးဆန်းသော ဘုဇင်္ဂသိဒ်ခေါ် မြွေအမြုတေပစ္စည်းကို ပဋ္ဌာန်းဆက်ဖြစ်သည့် ဥက္ကာအား ပေး အပ်လိုက်ရင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဥက္ကာ မှာ ငေးလိုက်တာသိပင် ခေါင်းညိတ်အဖြေပေးလိုက်ပြီး မြတ်စွာ ဘုရား၏ ပရိဘောဂစေတီ ပတ္တမြားပလ္လင်တော်ကြီးအား အဝန်း ကြာမျှ ဖူးမြော်ဝတ်ပြုနေပါ၏။ ပြီးလျှင် သူ၏ရှေ့ရှိ သူတော်စင် အဘိုးကြီးအား ဝတ်ပြုကန်တော့ကာ ကျောက်ဂူကြီးအတွင်းမှ တရွေ့ရွေ့ ကျောခိုင်းထွက်ခွာလာခဲ့ပါတော့သည်။

သူမှတ်မိနေသယောင်ယောင် . . .။ မြတ်စွာဘုရားရှင် သည် ယခုကဲ့သို့သော ဝါဆိုလပြည့်နေ့ ညချမ်းအခါဝယ် မိဂဒါဝုန် တော၌ ပဉ္စဝဂ္ဂီငါးပါးတို့အား ဟောကြားခဲ့သောအချိန်အခါတွင် အရှေ့ မြူဗွာဆီမှ လမင်းကြီးတစ်ခြမ်း ပေါ်ထွက်နေပြီး အနောက် ဂေါယာကျွန်းမှာကား နေမင်းကြီးက တစ်ခြမ်းဝင်လျက်ရှိသည့် အချိန်ကာလမျိုး ဖြစ်ပါသည်။

သူရိန်နေမင်းကြီး၏ ဝင်လုဆဲအချိန်တွင် တိမ်ရောင်စုံ များက တောက်ပမြူးတူးလျက်ရှိသော အချိန်၊ ရွှန်းပသော လ မင်းကြီး၏ အေးမြညှတ်နူးဖွယ်ရာ အလင်းရောင်တို့ ဖြန့်ကြက် ပေးသည့် အချိန်။ ဤသို့သော ထူးခြားရားပါးလှသည့် အချိန် ကာလမျိုးတွင် ဖိုဦးတောင်ပေါ်ရှိ စေတီပုထိုးများနှင့် နက်ရှိုင်း သော တောအုပ်တောင်တန်းအတွင်း မြင်မြင်သမျှတို့သည် မိဂဒါ



www.burmeseclassic.com

www.burmeseclassic.com



ဝန်တောကြီးပမာ ပတ္တမြားရောင် ရောင်စုံနေခြည်တိမ်တိုက်တို့နှင့် စိမ်းလန်းသော မြသားကမ္ဗလာကြီး ဖြန့်ကျက်ခင်းကျင်းထားသည့်နှယ် လွန်စွာမှ ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝလျက် ရှိပါတော့သည်။

ထိုအတူပင် ဆေးဆရာလေးဥက္ကာ၏ ဘဝဆက်၊ ပဋ္ဌာန်းဆက်၊ ကုသိုလ်ကံဆက်များကြောင့် ရောပတ္တနဂါးမင်းကြီး၏ ကိုယ်ရံတော်စစ်သူကြီးဘဝတွင် ရရှိခဲ့သော 'ဘူဇာ်သီသံ' ခေါ် မြွေအမြုတေပစ္စည်းတစ်ခုအား ယခုလက်ရှိဘဝတွင် တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်ရရှိလာခဲ့ခြင်းကြောင့် ဥက္ကာ၏ အနာဂတ်ဘဝခရီးလမ်းကြောင်း၊ အချိုးအကွေ့၊ အလှည့်အပြောင်းများသည် မည်ကဲ့သို့ ထူးခြားပြောင်းလဲလာမည် ဆိုသည်ကိုတော့ မည်သူမျှကြိုတင်မသိမြင်နိုင်ခဲ့ကြပါချေပြီတည်း။



# အပိုင်း ( ၃ )

## ၁၉၃၀-ပြည့်နှစ်

## တစ်ကျော့ပြန်မှန်တိုင်း

### ရိုးပြတ်မှ လူဖြစ်ပြီး အင်္ဂလိပ်ကိုတိုက်သည်

ရေတိုက်ရွာ၏ အရုဏ်ဦးတိုက်ပွဲက ဆူညံစွာ ပေါ်လာသော ကျားထိုးတက်သံများနှင့် သေနတ်သံ၊ ဓားသံများ အောက်တွင် ဆူပွက်လှုပ်ရှားသွားပါတော့သည်။

'ဒိန်း ..ဒိန်း ..ဒိန်း ..ဒိန်း'

''တက် ...မြန်မာ့သွေးကို ပြကြ ...ဂဠုန်သွေးကို ပြကြဟေ့''

'ထန်း ..ထန်း ..ရှမ်း'

'အီး ..အား ..အူး'

လယ်ယာလုပ်ငန်းသိမ်းချိန်မို့ ရွာပြင် လယ်ကွက်များထဲဝယ် ရိုးပြတ်များသာ ရှိကြသည်။ သည်ရိုးပြတ် လယ်ကွင်းများထဲမှ ထွက်၍ ဂဠုန်တပ်သားများက မျက်နှာဖြူနယ်ချဲ့စစ်သားများ



www.burmeseclassic.com

www.burmeseclassic.com

ကို တိုက်ခိုက်ကြသည်။

"ဟေး ဟေး ... မိစ္ဆာနယ်ချဲ့တွေရဲ့သွေးကို သောက်မယ် ... ဟေး"

"ဟေး ဟေး ... သတ်လဟ ... ခုတ်လဟ"

ဘဝင်ထိတိုင် ပျံ့လွင့်ရိုက်ခတ်သွားသည့် အော်ဟစ်ကြွေးကြော်သံများ၊ ကျားထိုးတက်သံများက လယ်ကွက် မြေသားများပင်မက ကမ္ဘာမြေကြီးပင် သိမ့်သိမ့်တုန်လှုပ်ခတ်သွားလေသည်သို့။ တစ်ယောက်ကျလျှင် နှစ်ယောက် ထွက်လာကြသည်။ နှစ်ယောက်ကျဆုံးသွားကြလျှင် လေးယောက်တက်လာကြသည်။ လက်နက်အားကိုးနှင့် မည်းမည်းမြင်ရာ ပစ်ခတ်တိုက်ခိုက်နေကြသည့် မျက်နှာဖြူဂေါ်ရာ စစ်သားများသည် လယ်ကွင်းရိုးပြတ်များကြားမှ မကောင်းဆိုးဝါး တစ္ဆေကောင်ကြီးများနှယ် ဓားကိုင်၍ ခုန်ပျံထွက်ပေါ်လာကြသည့် ဂျွန်တပ်သားများကို ကြည့်ကာ ထိတ်လန့်တုန်လှုပ်စပြုလာကြသည်။

"FIRE ... FIRE ... FIRE"

'ဒိန်း ဒိန်း .. ဒိန်း ဒိန်း'

"အိုး ဂေါ့ ... ဒီ ... ဒီဂျွန်သူပုန်တွေက မကုန်နိုင်သေးပါလား"

"ဟေး ဟိုင်း ယား"

ဟုတ်သည်။ တဖွဲဖွဲ ကျဆင်းနေသည့် နှင်းမြူငွေ့များအောက်ရှိ ရိုးပြတ်လယ်ကွင်းများထဲမှ ဩသံပေးကာ တစ်ဟုန်





ထိုး ပြေးတက်လာကြသည့် ဂျွန်တပ်သားများမှာ အရှေ့ဦးနေခြည် ထွက်ပြူလာသည့်အချိန်ထိတိုင် မကုန်နိုင်ကြသေးပါ။

'ရိုးပြတ်မှ လူဖြစ်ကာ အင်္ဂလိပ်တို့ကို တိုက်သည်' ဟု ထိတ်လန့်တုန်လှုပ်စွာ ပြောစမှတ်ပြုခဲ့ကြရသည်အထိ နယ်ချဲ့ကုလားဖြူ စစ်မိစ္ဆာတို့ သွေးပျက်ချောက်ချားခဲ့ကြရသည်။

"ယောန မတက်နဲ့တော့ ... ဆုတ် ဆုတ်၊ ရန်သူတွေ အင်အားများတယ်၊ ဖိမ်ဇာရွာဘက်မှာ ရောက်နေကြတဲ့ ကုလားဖြူစစ်တပ်နဲ့ ပေါင်းမိသွားကြပြီ"

ဝမ်းလျားထိုးရင်း တစ်စုံတစ်ယောက်က ဦးယောန၏ ခြေထောက်ကို နောက်မှ လျင်မြန်စွာဆွဲလှဲ၍ချလိုက်သည်။ ဦးယောနမှာ လက်မှဓွေ့ယမ်းနေသည့် ဂျွန်အလံကို အဆက်မပြတ် လွှင့်ထူလှုပ်ယမ်းလျက် နောက်သို့လှည့်အကြည့်တွင် မဟန်နိုင်တော့ဘဲ ယိမ်းယိုင်လဲပြိုသွားပါ၏။

'ဒိန်း ဒိန်း .. ဒိန်း ဒိန်း'

တစ်ချက်တည်းမှာပင် သေမင်းတမန် ဗိတုန်းကောင်များနှယ် တရှိန်ရှိန်နှင့် ဖြတ်သန်းသွားကြသည့် ရန်သူ၏ သေနတ်ကျည်ဆန်များက ဦးယောနအနီးမှ ပွတ်ကာသီကာနှင့် ...။ နောက်ကလူသာ အချိန်မီ ဆွဲမလှဲချခဲ့လျှင် ထိုသေနတ်ကျည်ဆန်များသည် ဦးယောန၏ခန္ဓာကိုယ်အတွင်းသို့ စူးနစ်ဝင်ရောက်သွားကြမည်မှာ မလွဲပင်တည်း။

သို့တိုင်အောင် ဦးယောနလက်ထဲမှ ဂျွန်တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com

တပ်ဦးအလံက တလူလူ လွင့်ထူထားဆဲ။ ယခုမှပင် သူ့အား နောက်ဘက်မှ ဆွဲလှဲချလိုက်သူကို မော့ကြည့်လိုက်သည်။

''ဟင် ...ဆ ရာ စံ''

ဟုတ်သည်။ အညိုရောင်ဝတ်စုံနှင့် သျှောင်တစောင်းထုံးကာ ညာဘက်လက်တွင် သွေးစွန်းနေသည့် ဓားတစ်စင်းကို ကိုင်စွဲထားသည့် ဂျူန်သူပုန်ခေါင်းဆောင် ဆရာစံက သူ၏ဂျူန်တပ်သားများကို စစ်ဦးကျွံဝင်သွားမည်စိုးသဖြင့် အချိန်မီ တပ်ဆုပ်နိုင်းနေခြင်း ဖြစ်သည်။ ဂျူန်တော်လှန်ရေးခေါင်းဆောင်ကြီး၏ အနီးဝန်းကျင်မှာတော့ ဂျူန်တပ်ဖွဲ့ဝင် သုံးလေးဦး သွေးအိုင်ထဲတွင် လဲကျသေဆုံးလျက်။

ရိုးပြတ်လယ်ကွင်းများထဲတွင် ကုလားဖြူစစ်သားတို့၏ အလောင်းများကလည်း သွေးသံရဲရဲနှင့် ပုံ့ကျဲနေကြသည်။ နှင်းမြူများကို ထိုးဖောက်ကျဆင်းလာသည့် နံနက်နေခြည်က မကြာခင် နေ့သစ်တစ်ခုကို မွေးဖွားပေးလာတော့မည်။ ယခုနေ လူလုံးမကွဲခင် တပ်ဆုပ် တပ်ဖျောက်မှ ဖြစ်ပေမည်။

''တပ်ဆုပ်မယ်''

'ဒို..ပို..ဒို..ဒို..ဒို'

မကြာခင် အော်ဟစ် ကြိမ်းဝါးသံ၊ တိုက်ပွဲအော်သံများနှင့် သေနတ်သံများကြားမှ အောင်မြင်ခန့်ညားသော ဂျူန်တော်လှန်ရေးခေါင်းဆောင်ကြီး၏ ပြတ်သားသော အမိန့်ပေးသံတဒူဒူ ထွက်ပေါ်လာသည့် အချက်ပေး အောင်မောင်းသံကြီးများ





နှင့်အတူ လယ်ကွင်းရိုးပြတ်များကြားမှ ဂျူန်တော်လှန်ရေး တပ်သားများသည် တစ်ယောက်ပြီးတစ်ယောက် ကြက်ပျောက်ငှက်ပျောက်နှင့် ပျောက်ကွယ်သွားကြပါတော့သည်။ ဤနည်းဖြင့် 'သုပဏ္ဏကဂျူနရာဇ'ဘွဲ့ရ ဂျူန်ဆရာစံ၏ တောင်သူလယ်သမား ဂျူန်ရဲဘော်များသည် မောင်းသံတဒူဒူအောက်ဝယ် တပ်ဆုပ်၊ တပ်ဖျောက်ကာ တစ္ဆေသူရဲကောင်းများနှယ် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားကြပါချေပြီကော။

မကြာမီ ... ကုလားဖြူစစ်သားများ အကျအဆုံးများလှသည့် ရေတိုက်ရွာတိုက်ပွဲသတင်းသည် သာယာဝတီ–သုံးဆယ်ခရိုင်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားခဲ့ပါသည်။

ထိုသို့သော အချိန်တွင် ...

သာယာဝတီနယ်အတွင်းရှိ ရွှေမြင်တင်ဘုရားပွဲတော်တွင် ဒေါ်ဖာယုနှင့် မာယာတို့သည် မျက်လှည့်ပွဲတစ်ခုကို ဖျော်ဖြေပြသနေစဉ် ဖြစ်ပါ၏။ ဂျူန်တပ်သားတို့ ဓားစွမ်းထက်လှသည့် 'ရေတိုက်ရွာတိုက်ပွဲ'အကြောင်းကို မာယာကြားသိလိုက်ရစဉ်က ရိုးတွင်းခြင်ဆီထိတိုင် ကြက်သီးဖြန်းဖြန်း ထခမန်း နှစ်ထောင်းအားရဖြစ်ခဲ့မိသည်။

စင်စစ် 'ဆယ့်နှစ်ကြိုးမာယာ' ဟူသော မြေပိုင်းမျက်လှည့်ပညာရပ်များဖြင့် မြေလတ်ဒေသရှိ နာမည်ကြီးဘုရားပွဲတော်များတွင် လှည့်လည်၍ပြသရင်း ဝမ်းရေးပြဿနာများကို ဖြေရှင်းနေရသည် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒုံးချမ်း ..ဒုံးချမ်း ..ဒုံးချမ်း'

သူ၏ တာပည့်ကျော် ဆယ့်နှစ်နှစ်သားအရွယ် ပုလုံးလေး၏ တဒုံးဒုံး တချမ်းချမ်းနှင့် ဘင်တီးသံကြောင့် မာယာ၏ ပျံ့လွင့်နေသောစိတ်တို့က ပစ္စက္ခရင်ခွင်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ အနက်ရောင် ရှမ်းဘောင်းဘီနှင့် အနက်ရောင် လက်ပြတ်အင်္ကျီတို့ကို ဝတ်ဆင်ကာ ဆံပင်ကို တစ်ပတ်လျှိုထုံးထားသည့် မာယာ၏ ဖြူဝင်းသောအသားအရေက ပရိသတ်အလယ်တွင် ထူးခြားစွာ လှပကျော့ရှင်းလျက် ရှိသည်။

တစ်ပေသာသာခန့် အနက်ရောင်ကြိုးကွင်းလေးများကို လေထဲတွင် လှပစွာ ပင့်မြှောက်ကစားရင်း စည်းဝိုင်းအတွင်းသို့ ကျော့ကျော့မော့မော့လေး ဝင်လာသည့် မာယာ၏ ကြိုးကွင်းပညာစွမ်းကြောင့် ပရိသတ်များ၏ လက်ခုပ်သံတဖျောက်ဖျောက် ကြိုဆိုလိုက်ကြပါသည်။

'ဖျောင်း ..ဖျောင်း ဖျောင်း ..ဖျောင်း ဖျောင်း'

လက်နှစ်ဖက်ဖြင့် ကြိုးကွင်းဆယ့်နှစ်ကွင်းကို မြှင့်ဆိုင်လှပစွာ ပင့်မြှောက်ဆော့ကစားပြခြင်း၊ ထိုကြိုးကွင်းငယ်လေးများနှင့် ထူးခြားလှပသော လက်လှည့်၊ မျက်လှည့်၊ ပဥ္စလက်ပညာရပ်များကို ပရိသတ်များ ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်ရသည်အထိ ပညာစွမ်းပြနိုင်ခြင်းကြောင့်လည်း 'ဆယ့်နှစ်ကြိုးမာယာ' ဟု သာယာဝတီ-သုံးဆယ်နယ်တစ်ကြောတွင် သတင်းကြီး ကျော်ကြားခဲ့ခြင်း ဖြစ်ပါ၏။





မာယာမှာ ဆယ့်နှစ်ကြိုးပြကွက်ကို အတန်ကြာမျှ လှပသေသပ်စွာ ဆော့ကစားပြသခဲ့ပြီး ပရိသတ်ကို ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။ ပြီးနောက် ခါးကို ဟန်ပါပါထောက်ကာ သူ၏ ပရိသတ်များနှင့် မိတ်ဆက်စကား ပြောဆိုနေပါ၏။

ထူးခြားသည်မှာ မာယာ၏ ခါးထောက်ထားသည့် ဟန်ပန်ပင် ဖြစ်သည်။ သူ့ ခါးထောက်ပုံ၊ ခါးထောက်နည်းမှာ အများသူငါကဲ့သို့ ခါးကို လက်မ၊ လက်ညှိုးတို့ဖြင့် ခွ၍ ထောက်ထားခြင်းမျိုး မဟုတ်မူဘဲ လက်သီးကလေးကို ခပ်ဖွဖွဆုပ်၍ လက်များကို နောက်ဘက်သို့လှည့်ကာ ခပ်ရွရွလေး ထောက်ထားခြင်းမျိုး ဖြစ်သည်။

ကလေးငယ်တစ်ဦးကဲ့သို့ မာယာ၏ ခါးထောက်ထားသော ဟန်ပန်လေးသည်ပင် တစ်မျိုးတစ်ဖုံ ကြည့်၍ကောင်းသလို ချစ်စရာလည်း ကောင်းလှသကဲ့သို့ အမြင်ကတ်ဖွယ်လည်း ကောင်းလှပါလေ၏။

ထို့နောက်တွင်မှ ဘယ်ဘက်လက်ကို ရှေ့သို့ ဖြည်းညင်းစွာ ထုတ်လိုက်ပြီး အောရှုရ ကြည်လင်ပြတ်သားသော လေသံဖြင့် စကားပြောဆိုနေသည်။

"အခုလို ကြွရောက်ချီးမြှင့်အားပေးလာကြတဲ့ မာယာရဲ့ သမင်းရှင်ပရိသတ်ကြီးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်၊ မကြာခင် စိတ်ဝင်စားစရာကောင်းလှတဲ့ မျက်လှည့်ပညာရပ်တွေနဲ့ ထူးခြားတဲ့ မြွေအလယ်မှာယ်ပညာရပ်တွေကို တင်ဆက်ပြသတော့



www.burmeseclassic.com

www.burmeseclassic.com



မှာမို့ ပရိသတ်ကြီး မျက်တောင်တစ်ချက် မခတ်စတမ်း အားပေးကြည့်ရှုတော်မူကြပါ၊ တစ်ခုပြောချင်တာကတော့ မာယာဟာ မျက်လှည့်ပညာရပ်ကို ခုတုံးလုပ်ပြီး ဆေးရောင်းချတာတို့, လက်ဖွဲ့ပစ္စည်း ရောင်းချတာတို့ကို လုံးဝပြုလုပ်မှာ မဟုတ်ပါဘူးရှင့်၊ မာယာ ဟောဒီထမင်းရှင် ပရိသတ်ကြီးဆီကနေ အလိုချင်ဆုံး အရာဟာ မေတ္တာနဲ့တုံ့ပြန်ချီးမြှင့်တဲ့ ဖြူစင်တဲ့အားပေးမှုပါပဲရှင်''

'ဒိန်း .. ချမ်း .. ဒုံးချမ်း .. ချမ်း ချမ်း'

တပည့်ကျော် ပုလုံးလေး၏ ဘင်သံနှင့် လင်းကွင်းသံက မာယာ၏ စကားအချနှင့် တစ်ထပ်တည်း ကျသွားသည်က မျက်လှည့်ပွဲတစ်ခု၏ သမ္မာအရင့်အနုကို ခွဲခြား၍ ပြသလိုက်သည်သို့ မျက်လှည့်ပညာရှင်လေး မာယာ၏ စကားပြောဆိုနေဟန်မှာ သူပြောဆိုနေသည့် စကားသံများနှင့် လိုက်လျောညီညွတ်စွာ သူ၏ လက်များ၊ ခါးများ၊ ပခုံးများနှင့် ဦးခေါင်းတို့သည် လှုပ်ရှားယိမ်းနွဲ့နေလေသည်မို့ သူ၏ပြောဟန်ဆိုဟန်တို့သည် ထူးခြားငြိမ့်ညောင်းသော တေးသရုပ်ဖော်တစ်ခုကို ကြည့်မြင်ခံစားနေရလေသည်သို့ ...။

တစ်ချိန်တည်းမှာပင် မျက်လှည့်ပညာကို ခုတုံးလုပ်ကာ လိမ်ညာ၍ ဆေးမရောင်း၊ လက်ဖွဲ့ပစ္စည်း၊ ဘာညာသာရကာ မရောင်းဟူသော စကားကြောင့် ခေါင်းပေါင်းတဘက်များ ပေါင်းကာ လွယ်အိတ်ကိုယ်စီလွယ်ထားကြသည့် လူကြီးနှစ်ယောက်၏ မျက်နှာတို့မှာ သိသိသာသာပင် ပျက်ယွင်းသွားကြသည်။





"ဟင်း ...တောက် ...နေနှင့်ဦးပေါ့ မိမာယာရယ်၊ ကြာခင် နင်လည်း ဘဝဆုံး, မျက်လှည့်ပွဲလည်း ပျက်စီးသွားရစေမယ်ဟေ့ ...ဟင်း ဟင်း''

တဘက်အဖြူပေါင်းထားသည့် လူညိုထွားကြီးက လွယ်အိတ်အတွင်းသို့ လက်ကိုနှိုက်ထားကာ စိတ်ထဲမှ အကြီးအကျယ် ကြိမ်းဝါးဆဲဆိုနေပါ၏။ ထိုသူကား အခြားမဟုတ်။ ရွှေဆံတော်ဘုရားပွဲတွင် မျက်လှည့်ဝိုင်းပြကာ မြွေနှိုင်လက်ဖွဲ့ကို လိမ်ညာရောင်းချခဲ့သည့် ယောပြန်ဆရာခြိမ့်ပင် ဖြစ်ပါ၏။ ထိုပွဲတွင် သူ၏ မြွေဟောက်နက်ကြီးကို မာယာက မည်ကဲ့သို့ ပြုလုပ်လိုက်သည် မသိ ...။ သခင်ရင်းဖြစ်သူ သူ့ကိုပင် ပြန်လည်၍ ဒေါသတကြီးဖြင့် ကိုက်ခဲခဲ့သည်မို့ အရှက်တကွဲ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။ ထိုဒဏ်ချက်ကို ပြန်လည်၍ ချေဖျက်နိုင်ရန် ဆရာခြိမ့်တို့ ဆရာတပည့်နှစ်ယောက် ပရိသတ်များကြားထဲတွင် တိတ်တဆိတ် ကိုယ်ယောင်ဖျောက်၍ ဝင်ရောက်ရောနှောနေကြခြင်း ဖြစ်သည်။ ယောပြန်ဆရာခြိမ့်တို့မှာ မကြာခင် မလုပ်သင့်မလုပ်ထိုက်သော အကြံဆိုးကြီးတစ်ခုကို ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် လုပ်ဆောင်ရန်အတွက် အခွင့်ကောင်းကို ချောင်းမြောင်းစောင့်မျှော်နေကြပါချေ၏။

'ဒုံးချမ်း .. ဒုံးချမ်း ... ဒုံးချမ်း .. ချမ်း ချမ်း'

ထိုစဉ်မှာပင် ပုလုံးလေး၏ ဘင်သံကြောင့် မကောင်းဘက်တွင် အတွေးလွန်နေသည့် ယောပြန်ဆရာခြိမ့်မှာ ထိတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com

မလုံမလဲ ဖြစ်သွားပါသည်။ ထိုအချိန်တွင် မာယာမှာ ပရိသတ်များနှင့် အပြန်အလှန် ဉာဏ်ရည်ကစားသော ဖဲချပ်မျက်လှည့်၊ ရောင်စုံဘောလုံးလေးများ၊ မှော်သေတ္တာငယ်လေးအတွင်းမှ ပစ္စည်းမျိုးစုံ ထုတ်ယူပြသသော ပြကွက်များ၊ အရိုးခေါင်းထဲမှ ဂီတသံ စသော ပြကွက်ဆန်းများကို ဆက်တိုက်ဆိုသလို ပြသသွားသဖြင့် ပရိသတ်များမှာ နှစ်ခြိုက်စွာ အားပေးကြသည်။ ပရိသတ်များကလည်း ပြကွက်တစ်မျိုး ပြသပြီးတိုင်း သြဘာလက်ခုပ်များဖြင့် ဆူညံစွာ အားပေးခြင်း၊ ပိုက်ဆံများကို စည်းဝိုင်းထဲသို့တိုင် ပစ်ပေါက်ကြဲဖြန့်ကာ ချီးမြှင့်အားပေးခြင်းတို့ကြောင့် မာယာမှာ ဦးခေါင်းလေးကို ညွှတ်ကာ ညွှတ်ကာဖြင့် ပရိသတ်အား ကျေးဇူးတုံ့ပြန်ခဲ့ပါသည်။

'ဖျောင်း ဖျောင်း ..ဖျောင်း ဖျောင်း ..ဖျောင်း'

"ကျေးဇူးအများကြီးတင်ပါတယ် ထမင်းရှင်များရှင့် အခု မာယာရဲ့ နောက်ဆုံးပြကွက်ဖြစ်တဲ့ ရောက်လေရာ နယ်မြေမြို့ရွာတိုင်းမှာ ထူးထူးခြားခြား မကြာခဏဆိုသလို ပရိသတ်ကြီးများ တောင့်တလေ့ရှိကြတဲ့ 'မြွေဟောက်များနဲ့ ဆော့ကစားခြင်း' လို့ အမည်ရတဲ့ မြွေအလမ္ပာယ်နဲ့ ညှို့ခံဖျော်ဖြေပေးပါ့မယ်၊ ပရိသတ်ကြီး ကျေနပ်နှစ်သိမ့်ကြတယ်ဆိုရင် လက်ခုပ်သြဘာလေးတွေ ချီးမြှင့်ပေးကြပါရှင်"

'ဖျောင်း ဖျောင်း ..ဖျောင်း ဖျောင်း ဖျောင်း'

"ရွှီး ရွှီး ...ကြိုက်တယ် ကြိုက်တယ် ...ပြပေးပါ"





"ဆယ့်နှစ်ကြိုးမာယာ မြွေတွေနဲ့ ဆော့ကစားပြပေးပါ"

ပရိသတ်များက လက်ခုပ်သြဘာသံများသာမက ငွေစက္ကူများပါ ကြဲဖြန့်ချီးမြှင့်ကာ အားပေးကြသဖြင့် မျက်လှည့်စည်းဝိုင်းထဲတွင် ငွေစက္ကူများက ဖွေးဖွေးလှုပ်နေပါချေပြီကော။ ဤသည်ကိုကြည့်ကာ ယောပြန်ဆရာခြိမ့်တို့ ဆရာတပည့် အကြီးအကျယ် မျက်စိမျက်နှာပျက်နေကြပါ၏။ တစ်ဆက်တည်းမှာပင် ဆရာခြိမ့်က သူ၏တပည့်ကျော် ကိုပိန်ရှည်ကို လက်တို့ကာ စည်းဝိုင်းအနီးသို့ တရွေ့ရွေ့နှင့် တိုးဝင်ချဉ်းကပ်လာကြပါသည်။ များပြားလှသော ပရိသတ်ကြီးမှာ ဆယ့်နှစ်ကြိုးမာယာ၏ ပြကွက်များကို စိတ်ဝင်တစားနှင့် ငေးမောကြည့်နေကြသည်မို့ အကြံသမား ယောပြန်ဆရာတပည့်နှစ်ယောက်ကို မည်သူမျှ သတိမထားလိုက်ကြပါ။ အထူးသဖြင့် ဆရာခြိမ့်က သူ၏လွယ်အိတ်ကြီးအတွင်းသို့ နှိုက်ထားသည့် လက်ကို အထူးသတိထားကာ စည်းဝိုင်းအနားသို့တိုင် တဖြည်းဖြည်း လူအုပ်ကို တိုးဝှေ့၍ ဝင်ရောက်လာခဲ့ပါချေပြီကော။



www.burmeseclassic.com

www.burmeseclassic.com

## တိုက်မြွေတစ်ကောင် အကြောင်းပြု၍

'ဒုံးချမ်း ဒုံ့ချမ်း ‥ ဒုံးချမ်း ဒုံးချမ်း'

ပုလုံးလေး၏ တဒုံးဒုံး တချမ်းချမ်း ထွက်ပေါ်လာသည့် ဘင်တီးသံ ကြမ်းကြမ်းနှင့်အတူ စည်းဝိုင်းအလယ်မှ အသင့် ဖွင့်ထားသည့် မြွေပခြုပ်ကြီးနှစ်ခုအတွင်းမှ မြွေဟောက်ကြီး နှစ် ကောင်က ဝဲခနဲ ပါးပျဉ်းကြီးများ ထောင်ကာ ထွက်လာကြသည်။

''လာကြ လာကြ၊ ငါ့ဆီကို ရောက်အောင် လာကြစမ်း ငါ့ဆီကို ရောက်အောင် လာခဲ့ကြစမ်း''

မာယာက စည်းဝိုင်းမြေကွက်အလယ်တွင် ကျကျနန တင်ပျဉ်ခွေ၍ထိုင်ကာ ပခြုပ်အတွင်းမှ ထွက်လာကြသည့် တစ်လံ နီးပါးခန့်ရှည်လျားသော မြွေဟောက်လင်မယားနှစ်ကောင်ကို စိန် စိန်းစိုက်ကြည့်ကာ တစ်ခွန်းချင်း အမိန့်ပေး ပြောဆိုနေပါ၏။ ပရိသတ်များစွာလည်း စိတ်ဝင်စားလွန်းသဖြင့် အပ်ကျသံကြား ရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေကြပါ၏။ မကြာမီ





မြွေဟောက်လင်မယားမှာ မာယာ၏ ပေါင်ပေါ်မှတစ်ဆင့် ခါး ဆီသို့၊ ခါးဆီမှတစ်ဆင့် မျက်နှာရှိရာသို့ တိုးဝင်ရစ်ပတ်လာကြ သည်ကို သည်းထိတ်ရင်ဖိုဖွယ် တွေ့မြင်နေရပါသည်။

''ဘုရား ဘုရား ...မြွေတွေကများ စိတ်ဖောက်ပြီး ကိုက်လိုက်မှဖြင့် ...ဟင်း''

''အားပါးပါး ...တော်တော်သတ္တိကောင်းတဲ့ မြွေ အလမ္မာယ်ဆရာမလေးပါလား''

''အောင်မယ်လေး၊ အိုး ...သူ့အစား အသည်းယား လိုက်တာ ...ဟူး''

ပရိသတ်များအားလုံးက မာယာနှင့် မြွေဟောက် လင် မယားထံသို့သာ မျက်တောင်မခတ်စတမ်း ကြည့်ရှုနေကြသည်။

''အေး ...ဟုတ်ပြီ ဟုတ်ပြီ ...တက်လာခဲ့ တက် လာခဲ့ကြ၊ ပြီးရင် နင်တို့နှစ်ကောင်စလုံး ငါ့ရဲ့ပါးကို နမ်းကြပါ၊ နမ်းကြပါ၊ နမ်းကြပါ''

မာယာ၏ မျက်လုံးအစုံကလည်း မြွေတစ်ကောင်နှယ် စိမ်းဖန့်လင်းလက်လာကြသည်သို့။ တစ်ခွန်းချင်း တစ်ခွန်းချင်း မြွေဟောက်လင်မယားကို နိုင်းစေ အမိန့်ပေးနေသည့် မာယာ၏ အသံအောအောလေးကသာ ပွဲတင်ကြီးစိုးနေပါလေ၏။ ထူးခြားစွာ ပင် လွန်စွာ အဆိပ်ပြင်းလှပါသည်ဆိုသော မြွေဟောက်ကြီးများ မှာ မာယာ၏ပခုံးထက်မှတစ်ဆင့် လည်ပင်းဆီသို့ တွယ်ငင် ရစ်ပတ်တက်လာကြပြီးလျှင် မာယာ၏ ပါးတစ်ဖက်တစ်ချက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



အား သူတို့၏ နာခေါင်းများနှင့် ထိကပ်ကာ နမ်းရှုပ်နေကြသည့် အသွင်ကို မယုံကြည်နိုင်ဖွယ်ရာကောင်းလောက်အောင်ပင် တွေ့မြင်နေကြရပါသည်။

"ဟေး . . . ဝေါ်တယ်ဟေ့ . . . အဲဒါမှ တကယ့်ပြကွက်ဆန်းပဲဟေ့"

'ဖျောင်း ဖျောင်း . . ဖျောင်း ဖျောင်း ဖျောင်း'

ထုံးစံအတိုင်းပင် ပရိသတ်များ၏ လက်ခုပ်သြဘာသံများနှင့် ငွေစက္ကူများကလည်း စည်းဝိုင်းထဲအထိတိုင် တဖွဲဖွဲ လွင့်ပျံကျလာကြပြန်ပါသည်။ ထိုအချိန်မှာပင် အကြံသမား ယောပြန်ဆရာခြိမ့်က သူ၏လွယ်အိတ်ကြီးထဲမှ လည်မျိုကို ညှစ်ကိုင်ထားသည့် မြွေဟောက်ကြီးတစ်ကောင်ကို မသိမသာ ဆွဲထုတ်ယူလိုက်သည်။

"ကိုင်း . . . ဒီတစ်ခါ နင့်အလှည့်ပဲဟေ့၊ ငါ့ရဲ့တိုက်မြွေအစွမ်းကို ခံနိုင်ရင်ခံပေတော့ မာယာရေ . . . ဟင်း ဟင်း ဟင်း"

ယောပြန်ဆရာခြိမ့်မှာ သူ၏တိုက်မြွေကို ဘင်တီးနေသည့် ပုလုံးလေး၏ နောက်ဘက်မှနေ၍ မာယာရှိရာ စည်းဝိုင်းအတွင်းသို့ လွှတ်ပေးလိုက်ပါ၏။ တိုက်မြွေက ပုလုံးလေးအနီးမှ ကစ်ကာ တရွေ့ရွေ့နှင့် မာယာရှိရာသို့ တိုးဝင်သွားခဲ့သည်။ ထိုအချိန်တွင် မာယာမှာ မြွေဟောက်လင်မယားနှစ်ယောက်၏ အနမ်းကို ငြိမ်သက်စွာ ခံယူနေသည့်အချိန်မို့ စည်းဝိုင်းထဲသို့ ဝင်ရောက်လာသည့် အခြားတိုက်မြွေတစ်ကောင်ကို မည်သူမျှ





တွေ့မြင်နိုင်ခြင်း မရှိကြသေးပါ။

'ဒုံးချမ်း ဒုံးချမ်း . . ဒုံးချမ်း ဒုံးချမ်း'

ဦးစွာ မြင်လိုက်ရသူက ဘင်တီးနေသည့် ပုလုံးလေးပင် ဖြစ်သည်။ စားပွဲဝိုင်းခုံများ၊ သေတ္တာရှည်ကြီးများ နံဘေးမှ ကွယ်၍ မာယာထံသို့ ဦးတည်သွားနေသည့် မြွေတစ်ကောင်ကို ပုလုံးက မြင်လိုက်ရသဖြင့် . . . '

"ဟာ . . . မြွေ . . . မြွေတစ်ကောင် စည်းဝိုင်းထဲ ဝင်လာပါလား"

ပုလုံးလေးမှာ ရုတ်တရက် ဘင်တီးနေရာမှ ထပြေးကာ ထိုမြွေဟောက်အား လက်ထဲမှ ဘင်တီးခတ်သည့် ရိုက်တံနှင့် ဖျတ်ခနဲ ဖိချလိုက်သည်။ သို့သော် ထိုမြွေသည် သာမန်ရိုးရိုး မြွေ မဟုတ်မှန်း သူ မသိခဲ့။

ဖျတ်ခနဲ သူ၏လက်အား ကိုက်ခဲလိုက်မှသာ ပုလုံးလေး သတိရလိုက်မိသည်။ သို့သော် နောက်ကျသွားခဲ့ပါပြီ။ မျက်လုံးထဲတွင် လင်းခနဲ လက်ခနဲ မီးများပွင့်သွားပြီး ဆူညံစွာ ဟစ်အော်လိုက်သည့် အော်ဟစ်သံများကိုသာ သူ နောက်ဆုံးကြားလိုက်ရကာ သတိလစ်လဲကျသွားပါလေတော့သည်။

"ဟာ . . . ပုလုံး . . . ပုလုံးလေး"

မြွေတစ်ကောင် လက်တွင် တန်းလန်းကြီးခဲကာ လဲကျသွားသည့် ပုလုံးလေးကို မြင်တွေ့လိုက်ရသည်နှင့် မာယာ ရိပ်စားမိလိုက်ပါပြီ။ အနှောင့်အယှက် အမှောင့်ပယောဂ တစ်ခုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ ယုတ်မာကောက်ကျစ်မှုဟူသော အချက်ပေး ခေါင်းလောင်းသံက အသိတရားကို တပ်လှန့်သတိပေးလိုက်သည်နှင့် ●

"ယား ... ဟိတ်"

ဖျတ်ခနဲ သူ၏ မြွေနှစ်ကောင်ကို ချုပ်ကိုင်သိမ်းရစ်လိုက်ပြီး လျင်မြန်သော ညာလက်က ပုလုံးလေးအား ကိုက်ခဲလိုက်သည့် တိုက်မြွေ၏ဖက်အား ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ဖမ်းဆီးလိုက်သည်။ ပြီးသည်နှင့် မျက်လှည့်ပိုင်းအတွင်းရှိ မြွေပခြုပ်အကွက်ထဲတွင် ထည့်ကာ လျင်မြန်စွာ ပိတ်ဆျောင်ထားလိုက်ပါ၏။

ထိုအချိန်တွင် ပုလုံးလေးမှာ မြွေဆိပ်တက်လာသဖြင့် တစ်ကိုယ်လုံး မည်းညစ်မှောင်လာခဲ့သည်။ မာယာမှာ ကပျာကယာ အဆိပ်ဖြေဆေးတစ်လုံးကို ပုလုံး၏ပါးစပ်ကို ဖြဲကာ ထည့်လိုက်သည်။ မျှော်လင့်ချက်ကမူ ရေးရေးမျှသာ ရှိသည်။ မာယာ၏ အတွေ့အကြုံနှင့် မျက်လှည့်သမ္မာအရ ဤမြွေသည် လွန်စွာ အန္တရာယ်ကြီးသော တိုက်မြွေတစ်ကောင်ဖြစ်ကြောင်း ရိပ်စားမိပါ၏။ ပုလုံးလေး အကိုက်ခံရသည်မှာ လက်ခွကြား ဒဏ်ရာက အစွယ်ရာနှင့် ပေါက်ပြဲကြေမွသွားသည်။ ပုလုံးလေးခမျာ မာယာ့ထံသို့ ဦးတည်သွားနေသည့်လမ်းကြောင်းကို နှောင့်ယှက်ဟန့်တားလိုက်သည်မို့ တိုက်မြွေ၏ ဒေါသတကြီး တုံ့ပြန်ချက်ကို ခံလိုက်ရခြင်း ဖြစ်သည်။

အကိုက်ခံလိုက်ရသည့်နေရာမှာပင် ပြင်းထန်သော မြွေဆိပ်ကြောင့် အသက်ရှူကျပ်လာပြီး ခွေကောက်တွန့်လိမ်ကာ





သတိလစ်လဲကျသွားခြင်း ဖြစ်ပါ၏။ မျက်လှည့်ပွဲကြည့် ပရိသတ်များမှာ ကြောက်လန့်တကြား ဝရုန်းသုံးကား ပြေးလွှားကုန်ကြသဖြင့် ပွဲပျက်သလို ဖြစ်သွားခဲ့သည်။ ယောပြန်ဆရာခြိမ့်တို့ဆရာတပည့်ကမူ လမ်းဘေးပွဲဈေးတန်းတစ်နေရာမှ အခြေအနေကို စောင့်ကြည့်အကဲခတ်နေကြပါ၏။

"တောက် ... ဒီကောင်လေး ရှုပ်တာနဲ့ ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်ပြီ၊ နေပါစေ သေသွားတော့လည်း ပယ်ယောက်လျော့သွားတာပေါ့"

"သိပ်တော့ အခြေအနေမကောင်းဘူး ထင်တယ်ဆရာခြိမ့်၊ ကျုပ်တို့မြွေကို မာယာက ချုပ်ကိုင်ပြီး ပခြုပ်ထဲကို သိမ်းသွားတာ တွေ့တယ်မဟုတ်လား၊ သူ တိုက်မြွေမှန်း ရိပ်မိသွားတယ် ထင်တယ်နော"

"ဟင်း ဟင်း ... ထားလိုက်စမ်းပါ တပည့်ကြီးရာ၊ လောလောဆယ် သူ့ကောင်လေးရဲ့အသက်ကို အရင်ဦးဆုံး ကယ်ပါဦး။ ဟင်း ဟင်း ... အဲဒါ ငါ့ကိုစော်ကားခဲ့တဲ့အတွက် ပထမဦးဆုံး သင်ခန်းစာပဲ မိမာယာရေ ... ဟင်း ဟင်း"

ယောပြန်ဆရာခြိမ့်မှာ သိပ်တော့ မကျေနပ်။ ရည်ရွယ်သည့်ပစ်မှတ်က တခြား၊ လက်ရှိဖြစ်သွားသည်က တခြား ဖြစ်သွားသည် မဟုတ်ပါလား။ ပွဲကြည့်ပရိသတ်အချို့ကလည်း မြွေကိုက်ခံရသည့် ဘင်တီးသမားနှင့် မျက်လှည့်ဆရာမလေးတို့အား ကရုဏာသက်စွာဖြင့် ဝိုင်းအုံကြည့်နေကြသည်။ မာယာကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ပုလုံးလေး၏အခြေအနေကို ကြည့်ကာ မျက်စိမျက်နှာပျက်နေပါ၏။

ထိုစဉ် ...

"အားလုံး ခဏလေး ဖယ်ပေးကြပါခင်ဗျာ ... ကျုပ်စမ်းကြည့်ချင်လို့ပါ"

ပင်နီတိုက်ပုံကို လက်ခေါက်၍ ဝတ်ဆင်ထားသည့် အသားဖြူဖြူနှင့် လွယ်အိတ်ညိုတစ်လုံးကို လွယ်ထားသော အသက်နှစ်ဆယ်ကျော်ခန့် လူရွယ်တစ်ယောက်က ဝိုင်းအုံကြည့်နေကြသည့် လူအုပ်ကြီးကို မေတ္တာရပ်ခံကာ မျက်လှည့်စည်းဝိုင်းထဲသို့ ဝင်လာပါ၏။

ပုလုံးလေးကို သူတတ်စွမ်းသမျှ ကုသရန်ကြိုးစားနေသည့် မာယာမှာ သူ့ရှေ့သို့ရောက်ရှိလာသည့် လူရွယ်အား မော့ကြည့်လိုက်သည်။

"ဟင်း ... ငါသိရသလောက်ကတော့ ကောင်လေးကို ကိုက်လိုက်တဲ့မြွေဟာ သာမန်ရိုးရိုးမြွေ မဟုတ်ဘူး ... တိုက်မြွေတစ်ကောင် ဖြစ်နေတယ်၊ မင်းကုသလို့ အဆင်ပြေမှာ မဟုတ်ဘူးနဲ့ တူတယ်၊ ငါ့ကို စစ်ဆေးကြည့်ဖို့ ခွင့်ပြုနိုင်မလား"

စကားအသွားအလာကို ကြားလိုက်ရကတည်းက မာယာသည် ဤလူရွယ်မှာ သာမန်လူရွယ်တစ်ဦး မဟုတ်မှန်း ခန့်မှန်းသိရှိလိုက်ပါ၏။ သူကိုယ်တိုင်ကလည်း ပုလုံးလေး၏အသက်ကို ကယ်တင်နိုင်ရေးမှာ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာမျှ





သာ။

ထိုအချိန်တွင် လူအုပ်ထဲမှ အောရှရှအသံကြီးကို ကြားလိုက်ရသည်။

"နေပါဦး ... မင်းက ဆရာလား၊ ကြည့်လုပ်နော် ... မြွေဆိပ်တွေက တစ်ကိုယ်လုံး ပျံ့နေပြီကွ၊ ကြည့်ရတာ လူနာက အသက်ထွက်ဖို့ပဲ ကျန်တော့တယ်၊ မတော်ရင် မင်းလုပ်လိုက်မှ အသက်မြန်မြန်ထွက်သွားဦးမယ်"

ရုပ်ဖျက်ထားသည့် ဆရာခြိမ့်က လူရွယ်ကို မလိုတမာ စိတ်နှင့် လှမ်းပြောလိုက်သံကြောင့် မာယာ နှုတ်ခမ်းကို တစ်ချက်မျှ ကိုက်လိုက်မိသည်။

"ဟုတ်ကဲ့ ... ကျွန်တော် မြွေဆေးကုသတဲ့ ဆရာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အခုလို ကိုယ့်ရဲ့မျက်စိရှေ့မှာ သေလုမျောပါး ဝေဒနာခံစားနေရတာကို မကြည့်ရက်လို့ပါ၊ အဲဒါကြောင့် ရလိုရငြား ကျွန်ုပ်ရဲ့ ဆေးနည်းတိုလေးတွေနဲ့ ကုသကြည့်ချင်လို့ပါ၊ ပျောက်တော့လည်း ကံ, မပျောက်တော့လည်း သူ့ကုသိုလ်ကံပဲပေါ့ ခင်ဗျာ"

လူရွယ်က စကားအပြောအဆို ရည်မွန်ခြင်း၊ ရေနစ်သူကို နီးရာမြက်တစ်ပင်ကို အားကိုးပြုလိုစိတ်ရှိခြင်းနှင့် မာယာ ခေါင်းညိတ်ကာ လူရွယ်ကို ခွင့်ပြုလိုက်ပါ၏။

"ဟင်း ဟင်း ... ဘယ်က ဆရာလက်သစ်လဲ မသိဘူးဟေ့၊ ဒီလောက် လူနာအခြေအနေဆိုးနေတာတောင် ကုလို့



www.burmeseclassic.com

www.burmeseclassic.com



ရှိုးမယ်လို့ ထင်နေသလား မသိဘူး။ မြွေကိုက်သွားတာက လက်ခွကြားမှာကွ၊ ဒီနေရာတွေကိုက်ရင် ဆေးမမီဘူးလို့ ပြောကြတာ၊ ဟင်း ဟင်း ...ကုလို့ရရင် ကုကြည့်ကြပေါ့ကွာ''

တစ်ဖက်လူ့အုပ်ထဲမှ ဆရာခြိမ့်၏တပည့်ဖြစ်သူ ကိုဝိန်ရှည်၏ မလိုတမာစကားသံကလည်း လွင့်ပျံ့ထွက်ကျလာပါ၏။ ထိုသို့သော ကဲ့ရဲ့စကား တင်းဆိုသံများကြားမှ လူရွှယ်မှာ တုန်လှုပ်ခြင်းအလျှဉ်းမရှိဘဲ မာယာ၏ထံမှ သောက်ရေတစ်ခွက်ကို တောင်းယူလိုက်သည်။

ထို့နောက် သူ၏ တိုက်ပုံအင်္ကျီအိတ်ထဲမှ 'ဘုဇင်္ဂသိဒ်ံမြွေအမြုတေကျောက်'ကလေးကို သောက်ရေခွက်ထဲတွင် စိမ်ကာ နမူးထိပ်တွင်ကပ်ကာ သစ္စာဓိဋ္ဌာန်ပြုနေပါလေ၏။

''ကျွန်တော်သည် မြွေဆိပ်ကုသသည့် ဆေးသမားမဟုတ်ပါ။ သို့သော် ကံငါးပါးကို သိတတ်စအရွယ်ကတည်းကပင် လုံခြုံစွာ ထိန်းသိမ်းခဲ့ပါသည်၊ ဤမှန်သော သစ္စာစကားကြောင့် ဤရေခွက်အတွင်း၌ရှိသော 'ဘုဇင်္ဂသိဒ်ံမြွေအမြုတေ'သည် အဆိပ်ဝေဒနာခံစားနေရသော ဤဝေဒနာရှင် လူငယ်လေးအား ပျောက်ကင်းချမ်းသာစေသည့် ဩသဓနေတ်ဆေး ဖြစ်ပါစေသတည်း''

ထိုကဲ့သို့ သစ္စာအဓိဋ္ဌာန်ပြုပြီးနောက် လူနာ၏ပါးစပ်ကို ဖြဲဟစေကာ သောက်ရေခွက်ထဲမှ ရေကို နည်းနည်းချင်း ဝင်အောင် ဂရုတစိုက်နှင့် တိုက်ကျွေးသည်။ လျှာရင်းထဲသို့ ရောက်





အောင် လက်ညှိုးနှင့်ကော်သွင်း၍ ထည့်သည်။ ထိုရေနှင့်ပင် မြွေကိုက်ခံရသည့် လက်ခွကြားနေရာသို့လည်း လောင်းချပွတ်သပ်ပေးရင်း လူရွယ်၏ နှုတ်မှလည်း တတွတ်တွတ်နှင့် ရွတ်ဆိုနေပါလေ၏။

''ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ၊
ဆ, ဗျာပုတ္တေဟိမေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိစ''

''အို ...ဝိရူပက္ခနဂါးမျိုးတို့နှင့် ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ၊ ဧရာပထနဂါးမျိုးတို့နှင့်လည်း ငါ၏ မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ၊ ဆဗျာပုတ္တနဂါးမျိုးတို့နှင့်လည်း ငါ၏မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေ၊ ကဏှာ ဂေါတမ နဂါးမျိုးတို့နှင့်လည်း ငါ၏မိတ်ဆွေအဖြစ် ချစ်မေတ္တာဖြစ်ပါစေသတည်း'' ...။



www.burmeseclassic.com

www.burmeseclassic.com

## မြွေနှိုင်ဆရာ မောင်ဥက္ကာ သို့မဟုတ်

ထိုကဲ့သို့ ရွတ်ဖတ်သရဇ္ဈာယ်ရင်း မာယာ၏ အကူအညီဖြင့် လူနာ၏ပါးစပ်အတွင်းသို့ ရေခွက်ထဲမှရေများကို မဝင် ဝင်အောင် တိုက်သည်။ မကြာခင် လူနာမှာ အန်သံအော့သံ ပြုလာခဲ့ပါ၏။

''ဟွန်း . . . ကောင်းကွာ၊ မြွေကိုက်ခံရတဲ့လူနာကို ရေတိုက်သတဲ့ဗျာ၊ ကြား မကြားဘူးပေါင်ဟေ့ . . . အဟင်း ဟင်း''

''ဩော် . . . မြန်မြန် အသက်ထွက်သွားတာပေါ့ဗျာ၊ ဒါမှ လူစွာလုပ်ချင်တဲ့ ဆရာလက်သစ် နာမည်ကြီးသွားတာပေါ့ဗျာ . . . ဟင်း ဟင်း''

သည်ကြားထဲ မကြားတကြား ကဲ့ရဲ့စကားတင်းဆိုကာ မလိုတမာ ပြောဆိုနေသည့် အသံများကိုလည်း ကြားနေရသည်။ သို့သော် လူရွယ်ကမူ တစ်ချက်ကလေးမှ မျက်နှာမပျက်။ သူလုပ်ဆောင်ဖွယ်ရှိသည်များကိုသာ အဆက်မပြတ် လုပ်ဆောင်





နေသည်မို့ မာယာပင် ကြားထဲမှ လူရွယ်အား လွန်စွာအားနာနေမိသည်။ သို့သော် မျှော်လင့်ချက်နည်းလှသည့် လူနာ၏ နောက်ဆုံးအချိန်လေးတွင် အသက်ရှင်လိုရှင်ငြား ဝိုင်းဝန်း၍ ကုသသည်ကို အပြစ်မြင်၍ မရပ်ခဲ့လေ။ နောက်ဆုံး ပတ်ဝန်းကျင်မှ စကားသံများကို မာယာ လုံးဝ ဥပေက္ခာပြုထားလိုက်ပါလေ၏။

လူရွယ်ကမူ ဘာကိုမျှ မကြားလေသည့်အလား။ ရေခွက်ထဲမှ ရေနှင့်ပင် အစွယ်ရာအထက်လက်မောင်းရင်းမှသည် စ၍ လူးလိမ်းပြီး အောက်သို့ သက်အောင် လိမ်ဆွဲ၍ သပ်ချပေးသည်။ ပါးစပ်မှလည်း ခန္ဓသုတ်ကို တတွတ်တွတ်နှင့် ရွတ်ဆိုနေပါ၏။ သုံးကြိမ်သုံးခါ လိမ်း၍ သပ်ချပေးလိုက်သောအခါ အံ့ဩစရာပင် အစွယ်ဒဏ်ရာအဝမှ ညိုညစ်ညစ်သွေးများ စီးဆင်းအံကျလာသည်ကို မယုံကြည်နိုင်ဖွယ် တွေ့မြင်လိုက်ကြရသည်။

''ဟာ''

''ဟယ် . . . သွေးပုပ်တွေ အန်ထွက်ကျလာပါလားဟေ့''

''ဟာ . . . ဘယ်လိုလဲဟေ့ . . . သွေးညစ်တွေ ထွက်ကျလာပြီ''

တစ်ချိန်တည်းမှာပင် သတိလစ် မေ့မြောနေသည့် ပုလုံးလေးမှာလည်း တအင်းအင်း တအဲအဲနှင့် သတိရလာသည်သို့။

''အင်း . . အီး အင်း . . ကျွတ် ကျွတ်''

ပြောင်းလဲသွားသည့်ဖြစ်ရပ်ကြောင့် မာယာ အရမ်း ဝမ်းသာသွားမိသည်။ လူရွယ်မှာ ထပ်၍ ခွက်ထဲမှရေများကို ဖန်စင်



www.burmeseclassic.com

www.burmeseclassic.com



အောင် တိုက်လိုက်သည်။ လက်ကျန်ရေကို ဒဏ်ရာပေါ်သို့ လူး၍ သပ်ချပြန်သည်။ မကြာခင် သွေးညစ်များနောက်မှ ကြည့်လှဲ့လှဲ့ အဖြူရောင် မြွေဆိပ်ရည်များ ဒဏ်ရာဝမှ စီးထွက်ကျလာပြီး လူနာမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာပါလေ၏။

"အား ...အင်း အင်း ...ရေ ...ရေ"

"ဟာ ...ရေ ...ရေတဲ့၊ လူနာက ရေ ...ရေ တောင်းလာပြီ"

"ဟင် ...ပု ...ပုလုံး ရေ ...ရေတောင်းတယ်၊ ဒါ ...ဒါဆို စကားပြော ...ပြောနိုင်ပြီပေါ့"

မာယာ ထိတ်ခနဲ ဖြစ်သွားသည်။ တစ်ဆက်ထဲမှာပင် လူရွှယ်မှာ ရေခွက်ထဲမှ 'ဘူဇင်္ဂသီသံ မြွေအမြုတေ' ကို ထုတ်ယူလိုက်ပြီး လက်ဝါးထဲတွင် အတန်ကြာမျှ ပွတ်လိုမ့်နေပြီး ထိုလက်နှင့် လူနာ၏ပါးစပ်ကိုဖြဲကာ လျှာကို နှိုက်ယူလိုက်သည်။ ပါးချောင်များကို ပွတ်သည်။ ထို့နောက် တစ်ကိုယ်လုံးကို လူးသပ်ချလိုက်ပါ၏။

"လောလောဆယ် ရေတိုက်လို့ မရသေးဘူး၊ သူ အန်ချပါစေဦး၊ အင်း ...အန်ချပြီးရင်တော့ စိတ်ပူစရာမရှိတော့ပါဘူး မြွေဆရာမလေးရေ"

လူရွှယ်ပြောဆိုနေစဉ်မှာပင် ပုလုံးလေးမှာ ခြေလက်များ လူးလွန့်လှုပ်ရှားလာပြီး ပါးစပ်မှလည်း အစာဟောင်းများနှင့် ခပ်ဝါဝါ အညစ်အကြေးများကို အန်ချလာခဲ့သည်။





'ဝေါ့ ..အော့ ဝေါ့'

"အ အင်း ...အစ် ...အစ် ...အမ် ...ဟို မြွေ ...မြွေကြီးရော"

"ဟင် ...နှင် ...နှင်သတိရလာပြီ ...ဟုတ်လား ပုလုံး ...ဝမ်း ...ဝမ်းသာလိုက်တာ ဆရာလေးရယ်၊ ဆရာလေးက တကယ့်ကို မြွေဆိပ်ချနိုင်တာပဲကိုး"

မာယာတစ်ယောက် ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးကျလာခဲ့သည်။ လူရွှယ်၏ မျက်နှာကိုလည်း ဝမ်းသာအားရဖြင့် ကြည့်လိုက်ပါ၏။ လူရွှယ်ကမူ မည်သူ့ကိုမျှ မကြည့်ပါလေတော့။ သူ၏ 'ဘူဇင်္ဂသီသံ မြွေအမြုတေ' ကိုသာ အဝတ်ဖြူလေးနှင့် ပွတ်သတ်တိုက်ချွတ်၍ နေသည်။

"ရေသောက်ချင်ရင်တော့ အာသာပြေရုံလောက် နည်းနည်းချင်းတိုက်လိုက်ပါ"

လူရွှယ်က မာယာ့ကို မကြည့်ဘဲ သူ၏ မြွေအမြုတေလေးကို သေချာစွာသိမ်းဆည်းရင်း မှာကြားနေပါ၏။ ထိုအချိန်မှာပင် ယောပြန်ဆရာခြိမ့်တို့ ဆရာတပည့်နှစ်ယောက်မှာ မျက်စိမှုက် မျက်နှာပျက်နှင့် မာယာတို့အနီးမှ မယောင်မလည်နှင့် ဆုတ်ခွာရန် ဟန်ပြင်လိုက်ကြသည်။

"နေကြပါဦးလေ ...ပြန်ကြတော့မလို့လား၊ ကိုယ့်ပစ္စည်းလေးကိုတော့ ကိုယ် ပြန်ယူသွားကြဦးမှာပေါ့"

ရုတ်တရက် လူရွှယ်၏နှုတ်ဖျားမှ ထွက်ကျလာသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားသံကြောင့် ယောပြန်ဆရာခြိမ့်တို့ ဆရာတပည့်နှစ်ယောက်၏ ခြေလှမ်းများ တန့်သွားကြပါ၏။ ဝိုင်းအုံကြည့်နေကြသည့် ပရိသတ်ကြီးမှာ မည်သူ့ကိုရည်ရွယ်၍ ပြောဆိုမှန်းမသိသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

မာယာမှာလည်း လူရွယ်၏ ထူးခြားသောစကားများကြောင့် ပရိသတ်အတွင်းသို့ သေချာစွာ ဂရုစိုက် ရှာဖွေကြည့်နေပါ၏။ တဘက်ပေါင်းထားပြီး လွယ်အိတ်ကိုယ်စီလွယ်ထားကြသည့် လူနှစ်ယောက်ကို မသင်္ကာဖွယ် တွေ့လိုက်ရသည်မှ သူကိုယ်တိုင် သတိထားကြည့်နေမိသည်။

ထိုစဉ်မှာပင် လူရွယ်က သက်သာစပြုလာပြီဖြစ်သည့် ပုလုံးလေးအနီးမှ ထကာ မျက်လှည့်ပြပွဲအလယ်ရှိ မြွေပခြုပ်များဆီသို့ လျှောက်သွားပါ၏။ ပြီးလျှင် မာယာကိုယ်တိုင် ပုလုံးလေးအား ကိုက်ခဲ့သည့် တိုက်မြွေထည့်ထားသည့် ပခြုပ်ကို လူရွယ်က ဆတ်ခနဲဖွင့်ကာ အထဲမှမြွေကို နှိုက်ယူလိုက်သည်။

ပခြုပ်ထဲမှ တိုက်မြွေကြီးက လူရွယ်၏လက်ထဲတွင် အသေကောင်တစ်ကောင်နှယ် စင်းစင်းကြီးပါလာခဲ့ပါ၏။ တစ်ဆက်တည်းမှာပင် လူရွယ်၏ခြေလှမ်းများက တဘက်ခေါင်းပေါင်းထားသည့် လူနှစ်ယောက်ဆီသို့ ဦးတည်သွားလျက် ...

"ရော့ ... ခင်ဗျားတို့ပစ္စည်း ... ကျုပ် ပြန်ပေးတာ ယူထားလိုက်၊ နို့မို့ဆိုရင် ဟို မြွေဆရာမလေးက ဒီမြွေ ခင်ဗျားတို့ကို ပြန်ပြီးတိုက်ခိုက်ရင် ခင်ဗျားတို့မှာ အန္တရာယ်ရှိတယ်





နော်"

လူရွယ်၏လက်ထဲမှ မြွေကြီးကို ယောပြန်ဆရာခြိမ့် ယောင်နနဖြင့် လှမ်းယူလိုက်ပြီး မာယာရှိရာသို့ မကျေမချမ်းဖြင့် လှမ်း၍ကြည့်ကာ ထိုနေရာမှ နှစ်ယောက်စလုံး ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားကြပါတော့သည်။

ထိုအချိန်ကျမှ မာယာတစ်ယောက် သတိဝင်လာပြီး ပုလုံးလေးအား သေတ္တာတစ်လုံးတွင် အသာအယာ မှီလိုက်ပြီး လူရွယ်ရှိရာသို့ လျှောက်သွားပါ၏။ အနီးသို့ရောက်သည်နှင့် ...

"နေ ... နေပါဦး ... ရှင် သူတို့ကို သိလား"

"ဟင့်အင်း ... မသိပါဘူး၊ မင်း မြွေကြီးတွေနဲ့ နမ်းရှုပ်ပြတုန်း သူတို့ လှုပ်ရှားနေပုံရယ်၊ နောက် ဝိုင်းထဲကို တိုက်မြွေတစ်ကောင် ရုတ်တရက်ဝင်လာပြီး ဘင်တီးတဲ့ကောင်လေးကို ကိုက်တာရယ် ပေါင်းစပ်ပြီး အဖြေရှာလိုက်လို့ သူတို့လက်ချက်မှန်း သိလိုက်တာပါ"

လူရွယ်၏အသွင်သဏ္ဍာန်က လွန်စွာမှ တည်ငြိမ်အေးဆေးလှကြောင်းရှိသည်မို့ သူ့ကိုကြည့်ကာ မာယာ၏ လှုပ်ရှားနေသောစိတ်တို့ပင် အတန်ငယ် တည်ငြိမ်လာသည်သို့။

"ဟို ဟို ... မာယာရဲ့ ဘင်တီးသမားလေးရဲ့အသက်ကို ကယ်တင်ပေးခဲ့တဲ့အတွက် ... ဟို ဟို ... ကို"

"ကိုယ့်နာမည် ဥက္ကာလို့ ခေါ်ပါတယ်၊ ဓာတ်ဝိဇ္ဇာဆရာတစ်ယောက်ပါ၊ နယ်လှည့်ဆေးကုရင်း ပညာရှာရင်းနဲ့ မာယာ



www.burmeseclassic.com

www.burmeseclassic.com

ဝတီနယ်ဘက်ကို ရောက်လာခဲ့တာပါ''

''ဟို ဟို . . . ဘာပဲဖြစ်ဖြစ် မာယာရဲ့ပြဿနာအားလုံးကို ဖြေရှင်းပေးခဲ့တဲ့အတွက် ကိုဥက္ကာကို အများကြီး ကျေးဇူးတင်ပါတယ်၊ အချိန်ရရင် မာယာရဲ့အဘွားနဲ့တွေ့ရအောင် မာယာတို့ တည်းခိုတဲ့ ဘုန်းကြီးကျောင်းကို လိုက်ခဲ့စေချင်ပါတယ်''

မာယာက ဥက္ကာဆိုသည့် မြွေနိုင်ဆရာလေးကို တလေးတစားဖြင့် ဖိတ်ကြားနေခြင်း ဖြစ်ပါ၏။ ဥက္ကာကလည်း မြွေကိုက်လူနာအား လုံးဝသက်သာပျောက်ကင်းသည်အထိ ကုသပေးရန်အတွက် ပရိသတ်ထဲမှ လူရွယ်နှစ်ဦး၏ အကူအညီဖြင့် ဝါးလုံးတစ်လုံးနှင့် စောင်ပုခက်ပြုလုပ်ကာ မြွေကိုက်ခံရသူအား ဘုန်းကြီးကျောင်းသို့ သယ်ဆောင်စေရင်း မာယာနှင့်အတူ လိုက်ပါလာခဲ့ပါတော့သည်။

❂

ထိုနေ့က တည်းခိုသည့် ဘုန်းကြီးကျောင်းသို့ မာယာတို့ ရောက်လာတော့ ဖားရွှေကျော်ရွာမှ ဂဠုန်ဆရာစံ၏ တပည့်ရင်း ဦးယောနပါ ရောက်ရှိနေသဖြင့် မြွေနိုင်ဆရာလေးဥက္ကာနှင့် မိတ်ဆက်ပေးရင်း မာယာက အဖြစ်အပျက်အားလုံးကို အဘွားဖြစ်သူ ဒေါ်ဇာယုနှင့် ဦးယောနတို့အား ရှင်းလင်းပြောဆိုပြလိုက်ပါ၏။





''အင်း . . . ကြည့်ရတာ ဟိုရွှေဆံတော်ဘုရားပွဲမှာ လက်ဖွဲ့တို့ ဆေးတို့ကို လိမ်ညာပြီးရောင်းနေတဲ့ ယောပြန်မောင်ခြိမ့်တို့ ဆရာတပည့်ပဲ ဖြစ်ရမယ်၊ ကြည့်စမ်း . . . ဒီကောင်တွေ တော်တော်ကို ယုတ်မာရက်စက်ကြတာပဲ၊ ဟင်း . . . ငါ့မြေးများ တစ်ခုခုဖြစ်လို့ကတော့ ဒင်းတို့နှစ်ကောင်ကို ငါကိုယ်တိုင် အစိမ်းလိုက် နုပ်နုပ်စဉ်းပစ်မယ်ဟေ့ . . . ဟွန်း''

မြေးငယ်ဖြစ်သူ မာယာ၏စကားများကြောင့် အသက်ခုနစ်ဆယ်ကျော် အဘွားကြီးတစ်ယောက်၏ မာန်ဝင်းစိန်ခေါ်ဘဲကြောင့် မြွေဆရာလေးဥက္ကာမှာ အသာအယာ ပြုံးလိုက်မိပါ၏။ ဦးယောနကမူ ဒေါ်ဇာယု၏အကြောင်းကို သိရှိထားပြီးသူမို့ သူ့ရှေ့ရှိ ကွမ်းအစ်ကြီးထဲမှ ကွမ်းတစ်ရွက်ယူကာ ထုံး၊ ဆေး၊ ကွမ်းသီးသင့်ရုံထည့်၍ စိတ်အေးလက်အေးပင် ယာလျက်ရှိသည်။

''ဒီလိုဆိုတော့ သူတို့ရဲ့တိုက်မြွေကို နင်ပြန်ပြီး ဖမ်းချုပ်မထားလိုက်ဘူးလား မာယာ ဟင်''

သည်တစ်ကြိမ်တော့ ဘွားအေဖြစ်သူ၏မေးခွန်းကို မာယာမဖြေတော့ဘဲ ဥက္ကာထံသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဥက္ကာကလည်း မာယာ့အကြည့်ကို နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းကိုညိတ်လိုက်ပြီး . . .

''ကျွန်တော်ကိုယ်တိုင် မာယာသိမ်းထားတဲ့ ပခြုပ်ထဲကနေ နှိုက်ယူလိုက်ပြီး အဲဒီ မောင်ခြိမ့်ဆိုတဲ့လူကြီးလက်ထဲကို ပြန်ထည့်ပေးလိုက်ပါတယ် အဘွား''



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးကွယ် ... မင်းက အဲဒီတိုက်မြွေကို ဘယ်လိုသဘောနဲ့ သူတို့လက်ထဲကို ပြန်ထည့်ပေးလိုက်ရတာလဲ၊ မင်းကရော မောင်ခြိမ့်ရဲ့လူပဲလား ... ဟင်း"

ရူးရူလင်းလက်သော မျက်လုံးအစုံဖြင့် ဥက္ကာကို စိန်းစိန်းကြည့်ကာ မေးလိုက်သည့် ဒေါ်ဇာယုအား ဥက္ကာကလည်း အေးငြိမ်းစွာပင် ပြန်လည်၍ကြည့်လိုက်သည်။ ခဏတာမျှ ဒေါ်ဇာယုနှင့် ဥက္ကာတို့ အကြည့်ချင်း အားပြိုင်လျက်ရှိကြသည်။

ရူးရူပုလောင် ပြင်းထန်သလောက် လောင်မီးကျစေနိုင်သည့် ဒေါ်ဇာယု၏အကြည့်စွမ်းအင်နှင့် အေးမြငြိမ်းချမ်းသောသဘောကိုဆောင်သည့် ဥက္ကာ၏ တည်ငြိမ်အေးဆေးသော အကြည့်တို့က ထိပ်တိုက်အားပြိုင်လျက် ...။

ပူလောင်ပေါက်ကွဲတော့မည့် မီးတောင်တစ်ခုနှင့် အေးမြငြိမ်းချမ်းသော မေတ္တာစွမ်းအားတို့ ပဋိပက္ခ အားပြိုင်မှုတစ်ခု။ အချိန်အတန်ကြာမျှ တစ်ဦးနှင့်တစ်ဦး မျက်နှာမလွှဲစတမ်း ရူးရူးနစ်နစ် ကြည့်နေကြရာမှ ထူးဆန်းစွာပင် ဒေါ်ဇာယုက ဦးစွာ အကြည့်ကို လွှဲဖယ်လိုက်သည်။ ထိုအခါမှ ဥက္ကာက တည်ငြိမ်အေးဆေးစွာ ပြန်လည်၍ ဖြေကြားလိုက်ပါ၏။

"ဒီလိုပါ အဘွား ... ဒီမြွေကို သူတို့ကို ပြန်ပြီးပေးလိုက်တဲ့သဘောက ရန်ကိုရန်ချင်း မတုံ့ပြန်ချင်လို့ပါ အဘွား၊ ဒီမြွေကို မာယာ ဖမ်းချုပ်ပြီး ပခြုပ်ထဲကိုထည့်ကဘည်းက မာယာရဲ့ အကြံအစည်ကို ကျွန်တော် ကြိုပြီးသိလိုက်ပါတယ်၊ ဒီလိုသာ





နှားပါးတိမ်မြုပ်နေတဲ့ ပညာရပ်တွေကို တလွဲသုံးပြီး သူနိုင်ကိုယ်နိုင် လက်တုံ့ပြန်နေမယ်ဆိုရင် ငြိမ်းချမ်းမှုအစစ်ကို ဘယ်မှာ ရတော့မှာလဲ အဘွားရယ်၊ ဒီအတွက် အပြစ်ရှိတယ်ဆိုရင် ကျွန်တော့်ကိုပဲ အပြစ်ပေးပါ"

သည်တစ်ကြိမ်တော့ တည်ငြိမ်ပြတ်သားသော ဥက္ကာ၏ စကားကြောင့် ဦးယောနမှာ ကွမ်းဘာမြုံ့မြုံ့ဝါးနေရာမှ မျက်လွှာပင့်ကြည့်လိုက်ပြီး ...

"အင်း ... မင်းရဲ့အသက်အရွယ်နဲ့ မမျှအောင် မင်းရဲ့အတွေးအခေါ်၊ အယူအဆတွေက ပိုပြီးရင့်ကျက်နေတယ် မောင်ဥက္ကာ၊ မင်းလိုစိတ်ဓာတ်ရှိတဲ့လူငယ်တွေသာ ဟောဒီ မြန်မာပြည်ကြီးမှာ အများကြီးရှိကြမယ်ဆိုရင် ငါတို့ရဲ့မြေပေါ်မှာ မတရားအနိုင်ကျင့်စိုးမိုးနေတဲ့ ဗြိတိသျှကိုလိုနီနယ်ချဲ့တွေကို မောင်းထုတ်နိုင်တာ ကြာလှပေါ့ကွယ်၊ ဟင်း ဟင်း ... ဒါ့ထက် မင်းရဲ့ဇာတိနဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို ပြောပြလို့ရရင် ပြောပြပါလား မောင်ဥက္ကာ"

ဦးယောနကိုယ်တိုင် ကြားဖြတ်၍ စကားပြောလိုက်သဖြင့် ဒေါ်ဇာယုမှာ ဆက်၍ မပြောတော့ဘဲ ပုလုံးလေးကို ဆေးတိုက်ရန်အတွက်သာ ပြင်ဆင်နေပါတော့သည်။ မာယာကမူ ရေနွေးကြမ်းတစ်အိုးနှင့် ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ မြေပဲ စသည်တို့ကို ချကာ ဥက္ကာအား ညှော်ခံကျွေးမွေးနေပါ၏။ မြွေကိုက်လူနာပုလုံးလေးမှာ ဥက္ကာ၏ ဂရုတစိုက်ပြုစုကုသမှုကြောင့် ထူထူ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထောင်ပင် ဖြစ်နေပါပြီ။

"ကျွန်တော့်ရဲ့ဇာတိကတော့ မိုဦးတောင်ဘက်ဆီကပါ ဦးကြီး၊ မိဘနှစ်ပါး ဆုံးသွားလို့ ကပ္ပိယဆေးဆရာအဘိုးနဲ့ အတူနေရင်း တိုင်းရင်းဗိန္ဒောဆေးပညာတွေကို သင်ယူလေ့လာခဲ့တာပါ၊ ကျွန်တော်သိတတ်စအရွယ်ကတည်းက မြွေဆိုရင် ရေမြွေတောင် မသတ်ခဲ့ပါဘူး ဦးကြီး၊ ဆရာတော်နဲ့ ကပ္ပိယအဘိုးရဲ့ ထိန်းသိမ်းမှုအောက်မှာ ကြီးပြင်းခဲ့ရတာကြောင့် ကံငါးပါးကို ကနေ့အချိန်ထိ လုံခြုံအောင် စောင့်ထိန်းခဲ့ပါတယ်၊ အကြောင်းတစ်ခုကြောင့် မြွေအမြုတေတစ်မျိုးကို လက်ခံရပြီးတဲ့နေ့ကစပြီး မြွေသတ္တဝါတွေက ကျွန်တော့်ကို လုံးဝ ရန်မရှာကြပါဘူး၊ တချို့မြွေတွေဆို ကျွန်တော့်ကိုမြင်ရင် တရှိုးရှိုးအော်ပြီး ပါးပျဉ်းထောင်ပြီး ကြိုဆိုနှုတ်ဆက်ဟန်ကြသလို ခေါင်းညိတ်ငုံ့လျှိုးပြီးတော့လည်း ဝေးရာကို ရှောင်သွားတတ်ကြတယ်၊ ကျွန်တော်ကတော့ မြွေမြင်တိုင်း မေတ္တာပို့တယ်၊ သူတို့တစ်တွေ ဘေးရန်ကင်းဖို့ ဆုတောင်းပေးတယ်၊ ကြာလာတော့ ကျွန်တော်နဲ့မြွေတွေဟာ မေတ္တာဆိုတဲ့ တန်ခိုးသတ္တိထူးကြောင့် မိတ်ဖက်ဖြစ်လာကြတယ် ထင်တာပဲ ဦးကြီး၊ ကျွန်တော့်ရဲ့မိဘတွေ မသေခင်က ပြောခဲ့တာကတော့ ကျွန်တော် ငယ်ငယ်ကတည်းက မြွေတွေက ပါးပျဉ်းမိုးပြီး စောင့်ရှောက်ပေးခဲ့ကြတာလို့လည်း ပြောခဲ့ပါတယ် ဦးကြီး"

ဥက္ကာက သူ၏ဘဝဇာတ်ကြောင်းကို ဦးယောနနှင့် မာယာတို့အား တလေးတစားနှင့် ပြန်လည်၍ ပြောပြနေပါသည်။





မာယာကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည့် ဥက္ကာ၏ ဘဝတစ်စိတ်တစ်ပိုင်းကို တိတ်ဆိတ်စွာပင် နားထောင်နေပါ၏။

သို့သော် ဥက္ကာကမူ အိပ်မက်ရှင်သူတော်စင်ကြီးက သူ့အား သုံးနှစ်တိတိ နယ်လှည့်၍ လူနာများအား ကယ်တင်ရန် အမိန့်ချထားပုံနှင့် သူ၏ ထူးဆန်းသော ဘဝတစ်စိတ်တစ်ပိုင်းကိုမူ ဦးယောနတို့အား ပြော၍မပြတော့ဘဲ ချန်လှပ်၍ ထားခဲ့ပါ၏။

"အင်း ... ကောင်းပါလေ့ မောင်ဥက္ကာရယ်၊ ဒါပေမဲ့ ငါတို့ရဲ့ မြန်မာပြည်ကြီးဟာ တိုင်းတစ်ပါးသားလူမျိုးခြား မိစ္ဆာကုလားဖြူတွေလက်အောက်က မလွတ်မြောက်ကြသေးဘူးလေ၊ အဲဒီအတွက်ရော မောင်ဥက္ကာမှာ ဘယ်လိုစိတ်ဆန္ဒများ ရှိသလဲကွယ့်"

ဦးယောနက ဂျွန်တော်လှန်ရေးတပ်သားတစ်ယောက်ပီပီ ဥက္ကာကဲ့သို့ အရည်အသွေးရှိသူတစ်ယောက်ကို အလိုရှိသဖြင့် သွေးတိုးစမ်းကာ မေးမြန်းလိုက်ခြင်း ဖြစ်သည်။ မာယာကလည်း ရေနွေးကြမ်းငှဲ့ပေးရင်း ဥက္ကာထံမှ အဖြေစကားကို ငံ့လင့်နေပါလေ၏။

"ဒီအရေးကိစ္စကတော့ ဦးကြီးမေးမှ မဟုတ်ပါဘူး .. ကျွန်တော်ကိုယ်တိုင် မြန်မာပြည်မှာရှိတဲ့ မြန်မာတိုင်းရင်းသားတစ်ဦးဖြစ်နေတာမို့ ကျွန်တော်တို့မြေပေါ်မှာ ကျူးကျော်ဝင်ရောက်လာပြီး ဗိုလ်ကျစိုးမိုးနေတဲ့ တိုင်းတစ်ပါးသားကုလားဖြူတွေကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်ကိုယ်တိုင်ကလည်း ရွံမုန်းနေတာပါပဲ၊ ကျွန်တော်တင်မကဘဲ မျိုးချစ်စိတ်, တိုင်းချစ်ပြည်ချစ်စိတ် ရှိတဲ့သူတိုင်း ဒီကုလားဖြူမိစ္ဆာတွေကို ဟောဒီမြေပေါ်ကနေ မောင်းထုတ်ပစ်ကြဖို့ တာဝန်ရှိတာပေါ့ ဦးကြီးရယ်''

ဦးယောနမှာ စကားအရာတွင်ပါ လိမ္မာပါးနပ်သော ဥက္ကာအား ခေါင်းတညိတ်ညိတ်၊ ကွမ်းတမြုံ့မြုံ့နှင့် သဘောကျနှစ်ခြိုက်လျက် ရှိပါ၏။ ထိုနေ့ညက ဦးယောန၊ ဥက္ကာနှင့် မာယာတို့ သုံးဦး စကားလက်ဆုံကျနေကြသည်မှာ ညဉ့်သန်းခေါင်ပင် ကျော်လွန်သွားခဲ့ပါတော့သည်။



## အလယ်တောင်စခန်းမှ ငွေနှင်းတောင်ပံခတ်သံ

မြူနှိုးနှင်းမှုန်များဖြင့် ညို့မှိုင်းအုပ်ဆိုင်းနေသည့် ပဲခူးရိုးမတောင်တန်းကြီးသည် နှင်းဖာပဝါတို့ကို တစ်စချင်း၊ တစ်လွှာချင်း ဖယ်ခွာချကာ အိပ်ရာထက်မှ နိုးထလာသည့်နှယ် မြင့်မြင့်ားမား၊ ငွားငွားစွင့်စွင့်ဖြင့် လူ့ဘုံလောကကြီးအား မျက်လွှာမှွင့်၍ လှမ်းမျှော်ကြည့်နေသည့်နှယ်။

ညဘက်က မိုးချုပ်မှ အိပ်ရာဝင်ခဲ့သည့်တိုင် အလေ့အကျင့် ဖြစ်နေသော ဥက္ကာ၏မျက်လုံးများက နံနက်ငါးနာရီထိုးသည်နှင့် လန်းလန်းဆန်းဆန်းနှင့် နိုးထလျက်ရှိပါ၏။ ကျောင်းရေတွင်းတွင် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ကျောင်းပေါ်ကို ပြန်တက်လာတော့ မာယာက ရေနွေးကြမ်း၊ ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် အသင့်စောင့်ကြိုလျက်။

"အစ်ကိုက အစောကြီးအိပ်ရာက နိုးနေတာပဲ၊ ...
သေးတယ် ... မာယာ စောစောထပြီး ကောက်ညှင်း...ပေါင်းထား



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆရာတော်ကြီးဆီကို ကောက်ညှင်းဆွမ်းကပ်ပြီးတာနဲ့ ဦးကြီးနဲ့ အစ်ကို့အတွက် လာပြီးပို့တာ''

ကျောင်းပေါ်သို့ တက်လာသည့် ဥက္ကာအား မာယာက အပြုံးလေးနှင့် ဆီးကြိုရင်း ပြောလိုက်ပါ၏။

''အာ ... စောစောစီးစီးကြီး မာယာရယ်၊ ညက မာယာလည်း မိုးချုပ်မှ အိပ်ရာဝင်တာ မဟုတ်လား၊ အဘွားရော အိပ်ရာက နိုးပြီလား''

''အဘွားက ဘုရားတောင် ကန်တော့ပြီးလို့ ဟိုးဘက်က ဆွမ်းချက်ရုံမှာ ကျောင်းသားတွေနဲ့ စီစဉ်ချက်ပြုတ်နေပြီ၊ ဦးကြီး ကတော့ ရွာထဲကို ခဏသွားတယ်၊ လက်ဖက်ရည်သောက်ချိန် အမီပြန်ခဲ့မယ်လို့ ပြောသွားတယ်လေ''

အိပ်ရာထစ နံနက်ခင်း ကပိုကရိုအလှနှင့် လှသွေးကြွယ်နေသည့် မာယာကို တစ်ချက်မျှ ရှုးစိုက်ကြည့်နေပြီးမှ ဥက္ကာ အကြည့်လွှဲကာ ကောက်ညှင်းပေါင်းစားပွဲဝိုင်းတွင် ထိုင်ချလိုက်ပါ၏။

''ဟင် ... ဦးကြီးလည်း ရွာထဲကို အစောကြီး ထွက်သွားတာပဲကိုး၊ အစ်ကိုက အိပ်ရာက ပေသေးဘူးတောင် မှတ်နေတာ၊ ဒါနဲ့ ပုလုံးလေးရော မြွေကိုက်ဒဏ်ရာက တော်တော်သက်သာသွားပြီ မဟုတ်လား၊ ညကရော ကောင်းကောင်းအိပ်ရရဲ့လား မာယာ''

''ပြော် ... ကျေးဇူးရှင်အစ်ကို့ကြောင့် ပုလုံးလေး





အသက်ဆက်ရှင်ခွင့်ရတာပါ အစ်ကို၊ ဒီအတွက်လည်း အစ်ကို့ကို မာယာ ကျေးဇူးတင်လို့ မဆုံးပါဘူး အစ်ကိုရယ်''

''တော် ... တော်ပါတော့ မာယာရယ်၊ ဒီ ကျေးဇူးဆိုတဲ့ စကားကြီးကို နောက်ထပ် ဘယ်နှကြိမ်လောက် ပြောနေဦးမှာလဲ၊ အစ်ကို့ဘဝဇာတ်ကြောင်းကိုလည်း မာယာ့ကို ပြောပြထားပြီးပြီပဲ၊ ဒီကိစ္စမျိုးတွေက အစ်ကို့ရဲ့ မလွှဲမသွေလုပ်ဆောင်ရမယ့် တာဝန် တစ်ရပ်ပါ မာယာရယ်''

ဥက္ကာမှာ မာယာကမ်းပေးလိုက်သည့် ရေနွေးကြမ်းပန်းကန်ကို လှမ်းယူလိုက်ရင်း ပြောကြားလိုက်ပါ၏။ ထိုစဉ်မှာပင် ကျောင်းပေါ်သို့ ဦးယောနတက်လာပြီး ဥက္ကာကို နှုတ်ဆက်ကာ ဝင်ရောက်ထိုင်လိုက်သည်။

''ဟော ... မောင်ဥက္ကာတောင် လက်ဖက်ရည်ဝိုင်းမှာ ထိုင်နေပြီပဲ၊ ဦးကြီးက ကိစ္စလေးတစ်ခု အရေးကြီးလို့ ရွာထဲကို ခဏသွားလိုက်တာပါ၊ ကိုင်း ... ညကကိစ္စကို စဉ်းစားပြီးပြီလား၊ လိုက်မှာလား''

ရောက်ရောက်ချင်း ကောက်ညှင်းပေါင်းတစ်ဆုပ်ကို နှိုက်စားလိုက်ပြီး ဥက္ကာအား မေးလိုက်သည်။ ဥက္ကာက မာယာအား တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ရင်း ...

''စဉ်းစားပြီးပါပြီ ဦးကြီး ... အလံတောင်ကို ဦးကြီးနဲ့ အတူ လိုက်ခဲ့ပါ့မယ်၊ ဟိုမှာ လိုအပ်တဲ့ကိစ္စတွေ စီရင်ပြုလုပ်ပြီးမှ ဦးကြီးပြောသလို မာယာနဲ့အတူပူးပေါင်းပြီး မြေပေါ်သတင်းဆေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အနေနဲ့ လုပ်ဆောင်ပါ့မယ် ဦးကြီး''

ဥက္ကာ၏အဖြေစကားက ဘာကြောင့်ရယ်မသိ။ မာယာ၏ တစ်ကိုယ်လုံးကို နွေးထွေးသွားစေသည်သို့။ စင်စစ် ညဦးယံစကားဝိုင်းအသိမ်းတွင် ဦးယောနက သူ၏အကြောင်းကို ဖွင့်ဟပြောပြပြီး ဥက္ကာအား ဂျူနီတပ်သား (က) အဆင့်သို့ ဝင်ရောက်ရန် စည်းရုံးပြောဆိုခဲ့ခြင်း ဖြစ်သည်။ အမှန်ဆိုပါလျှင် ဦးယောနမှာ ဂျူနီတပ်ဖွဲ့ဝင်များကို တိတ်တဆိတ်စုစည်းကာ ဂျူနီခေါင်းဆောင် ဆရာစံရှိရာသို့ ပို့ဆောင်ပေးရသူ ဖြစ်ပါ၏။

''အင်း ...ဒါဆိုရင် အတော်ပဲ၊ ဟို ရေတိုက်ရွာနဲ့ ဖိမ်ဇာရွာဘက်က ရဲဘော်တွေလည်း လိုက်ကြမယ်လို့ အခုပဲ သတင်းရခဲ့တယ်၊ အဲဒီ မောင်ဥက္ကာပါဆိုရင် အားလုံးပေါင်း ကိုးယောက်၊ အစီအစဉ်ကတော့ မနက်ဖြန်ည ကမ်းနီရွာဘက်က ဘုန်းကြီးကျောင်းမှာ ဆုံကြမယ်၊ နောက်တစ်နေ့ သန်ဘက်ခါ မနက်မှာ ဆရာစံနဲ့တွေ့ကြရမယ် မောင်ဥက္ကာ၊ မာယာတို့က လည်း မနက်ဖြန် ဘုရားပွဲပြီးပြီမို့ ဖိမ်ဇာရွာကိုပြန်ကြမှာဆိုတော့ ငါတို့ အလံတောင်ကနေ ဆင်းတာနဲ့ မာယာတို့နဲ့ ဖိမ်ဇာမှာ ပြန်ပြီးဆုံကြမယ်''

ဥက္ကာက မာယာ့ထံ လှမ်းအကြည့်၊ မာယာကလည်း ဥက္ကာထံ လှည့်အကြည့်နှင့် အကြည့်နှစ်ခုတို့ ထိပ်တိုက်ဆုံစည်း သွားကြသည်။ သို့သော် မာယာက ကပျာကသီ မျက်လွှာချကာ အကြည့်ကို အရှက်မျက်နှာဖြင့် လွှဲလိုက်ပါ၏။





သို့တိုင်အောင် နှစ်ဦးသား၏ ရင်ထဲမှာတော့ သံယောဇဉ် လိပ်ပြာတောင်ပံခတ်သံတို့က ဆူညံသွားကြလေသည်ထင့် ...။

ဤသို့ဖြင့် ဥက္ကာတစ်ယောက် ဦးယောနတို့အဖွဲ့နှင့်အတူ ဂျူနီတော်လှန်ရေးခေါင်းဆောင် ဆရာစံရှိအောင်းရာ ပဲခူးရိုးမ တစ်နေရာရှိ အလံတောင်စခန်းခရီးစဉ်တွင် လိုက်ပါသွားပါလေ၏။ ချိန်းဆိုထားရာ ကမ်းနီရွာရှိ ဘုန်းကြီးကျောင်းသည် ပဲခူးရိုးမရှိ ဆရာစံ၏ အလံတောင်သို့ သွားရာ အနီးဆုံးတောင်ပေါ်ရွာတစ်ရွာ ဖြစ်သည်။

ငါးအိမ်စု၊ ဆင်စခန်း၊ ကိုးပင်ရိုး၊ ရေတိုက် စသော ရွာများသည် ပဲခူးရိုးမ၏ တောင်ခြေရွာများ ဖြစ်ကြပြီး လှည်းလမ်းကူ၊ ကမ်းနီရွာတို့သည် တောင်ပေါ်ရွာများ ဖြစ်ကြပါ၏။ ချိန်းဆိုထားသော ကမ်းနီရွာ ဘုန်းကြီးကျောင်းသို့ ဦးယောနတို့ လူစု နေညိုချိန်ခန့်တွင် ရောက်ရှိခဲ့ကြပါသည်။ ထိုနေ့ညမှာတော့ သူတို့လူစု ဘုန်းကြီးကျောင်းမှာပင် တစ်ညအိပ်ရပ်နားခဲ့ကြပါ၏။

ညဘက်သို့ရောက်တော့ ဥက္ကာ တော်တော်နှင့် အိပ်မပျော်နိုင်ပါ။ အိပ်ရာထက်တွင် ဘယ်ညာလူးလိမ့်ရင်း တစ်ကြိမ်တစ်ခါမျှ တွေ့ဖူး မြင်ဖူးခြင်း မရှိသော ဆရာစံနှင့် တွေ့ဆုံရမည့် အရေးကို တွေးကာ ရင်ခုန်လှုပ်ရှားလျက် ရှိသည်။ သို့နှင့် အိပ်မပျော်တစ်ချက်၊ ပျော်တစ်ချက်ဖြင့် အရုဏ်ဦး အုန်းမောင်း ခေါက်ချိန်ခန့်တွင် ဦးယောန လာရောက်နှိုးမှသာ အိပ်မှုန်စုံမွှားနှင့် ထလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် နှင်းမြူများ တဖွဲဖွဲကျဆင်းနေသည့်ကြားမှ ဆရာစံရှိရာ အလံတောင်စခန်းဆီသို့ ကျွန်းတောကြီးများ၊ ဝါးတောကြီးများနှင့် လျှိုမြောင်အဆင့်ဆင့်ကို ငုံ့လျှိုးဖြတ်ကျော်ခဲ့ကြသည်။ အချိန်ကာလက ညဦးအမှောင်နှင့် နေအလင်း နယ်လုစစ်ခင်းနေကြသည့် အရုဏ်ဦး ...။

နှင်းမြူမိုးငွေ့များက ပိတ်ဆီးထားကြသည်မို့ ရှေ့တစ်လံကျော်ကျော်ထက် ပို၍မမြင်ရ။ ကုတ် ကုတ် ကကူး ... ဟူသော အသားစား ညဥ့်ငှက်များ၏ အော်မြည်သံ၊ ပူစီ ဒီးဒုတ်ဟူသော ပင်မြင့်ထက်မှ ဒီးဒုတ်ငှက်များ၏ အချီအချ အော်မြည်သံကြီးများက အရုဏ်ဦးနှင်းမြူများကြားမှ စည်းချက်မညီမညာနှင့် ထွက်ပေါ်နေပါ၏။

တလှုပ်လှုပ် တရွရွနှင့် မှုန်ဝါးဝါး မိုးရိပ်မြူငွေ့များကြားမှ တိုးဝင်သိုတက်လာကြသည့် လူတစ်စုက တောကိုကျော်၍ လျှိုကိုဖြတ်လျက် ခရီးဆုံးရှိရာ အလံတောင်စခန်းဆီသို့ မနားမနေ ခရီးနှင်နေကြသည်။

တရှဲရှဲ၊ တဖျောဖျော နှင်းတောင်ပံ ရိုက်ခတ်သံကြီးများပေးလျက် ပျံသန်းသွားကြသည့် အောင်လောင်ငှက်ကြီးများကြောင့် ရိုးမ၏အရုဏ်ဦးသည် လှုပ်လှုပ်ရှားရှားဖြင့် နိုးထလာကြသည်သို့။

အနက်နှင့်အဝါရောင် ရောနှောချယ်သထားသည့် လင်းသက် ခေါ် ရှဥ့်ငပေါ်ကြီးများကလည်း တကြုတ်ကြုတ်နှင့် အော်





မြည်သံပေးရင်း တစ်ပင်မှတစ်ပင် ခုန်လွှားကူးသန်းကာ တောသံပေးနေကြသည်။ မားမားမြင့်မြင့် ကျွန်းပင်ကြီးများ၊ အောက်ခြေရှင်းသော ဝါးတောကြီးများကို အဆင့်ဆင့် ဖြတ်ကျော်ပြီးချိန်မှာတော့ ကွေ့ကောက်ကာ စီးဆင်းလျက်ရှိသည့် သုံးဆယ်ချောင်းမကြီးကို ဘွားခနဲ တွေ့မြင်လိုက်ရပါလေ၏။ ထိုအချိန်တွင် နံနက်ခင်း နေခြည်တန်းများက အရုဏ်ဦးနှင်းမြူများကို ထိုးဖောက်ကာ သစ်ရွက်သစ်ခက်တို့ကြားမှ တိုးဝင်ဖြန့်ကြက်စပြုနေပါပြီ။

ဦးယောနဦးဆောင်သည့် တော်လှန်ရေးတပ်သား ၁၂ စုသုံးဆယ်ချောင်းမကြီးကို ကွေ့ကာ ဝိုက်ကာဖြင့် တောင်ထိပ်သို့ တစ်မောခန့်တက်ရောက်လိုက်သည်နှင့် နှင်းမြူမီးခိုးများ ရောနှောလိမ်လျက် တောင်ခိုးများ ဝေနေသည့် ဆရာစံ၏ အလံတောင်စခန်းသို့ ရောက်ရှိလာခဲ့ကြပါတော့သည်။

နံနက်အရုဏ်မတက်ခင်ကတည်းက ခရီးပြင်းနှင်လာခဲ့ကြသည်မို့ ဥက္ကာအပါအဝင် ဦးယောနတို့လူစုမှာ အတန်ငယ်မောပန်းလျက် ရှိကြပါ၏။ ခြေခင်းလက်ခင်း ညီညာသည့် ကျွန်းပင်ကြီး သုံးပင်၏ အလယ်ခေါင်မြေပြန့်ထက်တွင် ဦးယောနက သူတို့လူစုအား ခေတ္တနားနေစေပြီး ကမ်းနီဘုန်းကြီးကျောင်းမှ အင်ဖက်များဖြင့် ထုပ်ယူလာသည့် ကောက်ညှင်းပေါင်းများကို စားသောက်စေသည်။

ဥက္ကာတို့လူစု စားသောက်နေကြစဉ်မှာပင် ဦးယောန တောင်ကုန်းတစ်ဖက်ဆီသို့ တစ်ဦးတည်း ဝင်ရောက်ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com

သွားပါ၏။ မကြာခင် အညိုရောင်ဝတ်စုံမှိုင်းမှိုင်းကို ဝတ်ဆင်ထားပြီး နှုတ်ခမ်းမွေး ကျင်စွယ်များနှင့် မျက်နှာသွယ်သွယ်၊ ပါးလျကာ ခပ်တင်းတင်း စိထားသည့် ပြတ်သားသော နှုတ်ခမ်းတစ်စုံပိုင်ရှင် လူညိုထွားတစ်ယောက် လိုက်ပါလာပြီး သူတို့လူစုအား စူးရဲလင်းလက်သော မျက်လုံးအစုံဖြင့် တစ်ဦးချင်း ကြည့်ရှုနေပါသည်။

"ကိုယောန . . . ဒီတစ်ခေါက် ရဲဘော်တွေ ဘယ်နယောက် ပါလာသလဲကွယ့်"

"ကိုးယောက်ပါ ဆရာကြီး"

"အေး အေး . . . ကောင်းတယ် ကိုယောန၊ တွင်းကြေနဝင်းကြေပေ့ါ၊ ကျုပ်ကတော့ သွားမြန်မြန်, လာမြန်မြန်, တိုက်ရင်လည်း မြန်မြန်ပေ့ါကွာ၊ ငါတို့ရဲ့တိုင်းပြည်အခြေအနေကတော့ မင်းတို့အားလုံး သိကြပြီးဖြစ်တဲ့အတိုင်းပဲ အကျယ်ချဲ့ပြီး မပြောလိုတော့ဘူး . . . မျက်နှာဖြူကုလားတွေက ငါတို့ မြန်မာပြည်ရဲ့ အမျိုး ဘာသာ သာသနာကို နည်းမျိုးစုံနဲ့ စော်ကားဖျက်ဆီးလာကြတာကို ငါတို့ ဒီအတိုင်းတော့ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး။ အဲဒါကြောင့် ငါကိုယ်တိုင် 'သုပန္နကဂဠုန်ရာဇ' ဆိုတဲ့ ဘွဲ့မည်နာမခံပြီး လယ်သမားသူပုန်အဖွဲ့ကို ဖွဲ့စည်းလိုက်ရတာပဲ"

မျက်နှာသွယ်လျလျ၊ အသားညိုညိုနှင့် သာမန် ခန္ဓာကိုယ်ဖွဲ့စည်းမှုမျှသာ ရှိသော်လည်း သူ၏နှလုံးသားမှ ယိုစီးကျလာသော စကားများက သွေးရဲရဲနီလျက်ပါတည်း။





"ဒီအတွက် ငါပြောချင်တာက ဒီကုလားဖြူ မိစ္ဆာတွေရဲ့ လက်အောက်မှာ ကျွန်သက်ဆက်ပြီး ရှည်နေမလား၊ သူတို့ လက်က လွတ်မြောက်အောင် တော်လှန်တိုက်ထုတ်ကြမလား၊ ကိုယ့်လူမျိုးအတွက်, ကိုယ့်ဘာသာ သာသနာအတွက် တိုက်ရဲခိုက်ရဲ, သေရဲတဲ့ အမျိုးကိုချစ်ပြီး အမျိုးကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ဘယ်သူ့ကိုမဆို ငါ အမြဲတမ်း လက်ကမ်းကြိုဆိုနေမှာပဲ ရဲဘော်တို့"

ရဲရင့်ပြတ်သားသော၊ သွေးနီသော 'သုပန္နက ဂဠုန်ရာဇ' ဘွဲ့ခံ ဂဠုန်ခေါင်းဆောင် ဆရာစံ၏အဆိုအမိန့်များက ဥက္ကာတို့ တော်လှန်ရေးရဲဘော်သစ်များ၏ နှလုံးသားအတွင်းထိတိုင် နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်သွားပါလေ၏။

ထို့နောက်မှာတော့ သူတို့လူစုအား ကျွန်းသုံးပင်အလယ် မြေကွက်လပ်တွင် စုဝေးစေပြီး ဂဠုန်တပ်ဖွဲ့ဝင် (က) အသင်းအဖြစ် လက်ခံသည့်အစီအစဉ်ဖြင့် လက်တစ်ဆစ်၏ တစ်ဝက်ခန့်ရှိ (ဆရာစံကိုယ်တိုင် အစီအရင်ပြုထားသော) အပ်ကလေးများကို တစ်ချောင်းစီ ပေးအပ်လိုက်သည်။

"ကိုင်း . . . သစ္စာတိုင်မယ် . . . အားလုံး သစ္စာဆိုကြပါ"

မကြာမီ အမျိုး ဘာသာ သာသနာအပေါ်တွင် သစ္စာစောင့်သိရန်နှင့် အမိမြေပေါ်မှ မိစ္ဆာကုလားဖြူများကို အရိုး[illegible]ကျကျေ၊ အရေခန်းခန်း အသက်စွန့်၍ တိုက်ပွဲဝင်သွားမည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သွေးသစ္စာဆိုသံများက ရှီးမတစ်ခွင်လုံး ပဲ့တင်ရိုက်ခတ်သွားပါချေပြီတည်း။

ထိုကဲ့သို့ သွေးသစ္စာသောက်ပြီးသည်နှင့် ရဲဘော်များ၏ လက်ဖျံများပေါ်တွင် (က–ဂဠုန်) စာတန်းများကို စုပ်အပ်ဖြင့် ဖရဲထိုးပေးပြီး အဆိုပါ အစီရင်အပ်ကိုလည်း လက်ဖျံအရင်း အသားတွင်းသို့ ဆရာစံကိုယ်တိုင် ထိုးစိုက်မြှုပ်နှံပေးလိုက်ပါ၏။

"ကိုင်း ... အားလုံး နားထောင်ကြစမ်း ... မင်းတို့ အားလုံး သွေးသစ္စာဆိုထားကြပြီးပြီမို့ ငါအထူးမပြောလိုတော့ဘူး တစ်ခုပဲ မှာချင်တယ် ... အဲဒါကတော့ မင်းတို့ သစ္စာစောင့်သိနေသမျှ မင်းတို့ကိုယ်မှာ မြှုပ်နှံထိုးသွင်းပေးထားတဲ့ ဆေးအစီအရင်တွေက မင်းတို့ကို အမြဲတစေ ကာကွယ်စောင့်ရှောက်ပေးနေကြမှာပဲ၊ ဒီအထဲမှာ ဟို ... မောင်ဥက္ကာနဲ့ ညိုမှိုင်းတို့ကတော့ ကိုယောနနဲ့ ပြန်လိုက်သွားကြပြီး မြို့ပေါ်က ကုလားဖြူတွေရဲ့ သတင်းတွေကို လျှို့ဝှက်စုံစမ်းကြပါ၊ အရေးကြီးတဲ့ စစ်ရေး သတင်းအချက်အလက်တွေ ရခဲ့ရင် ကိုယောနနဲ့ ဆက်သွယ်တိုင်ပင်ပြီး လိုအပ်သလို လုပ်ကိုင်ကြရမယ်၊ ကဲ ... မရှင်းလင်းတာ ရှိရင် မေးနိုင်တယ်"

"မရှိပါဘူး ဆရာကြီး ... ဒါပေမဲ့ ဆရာကြီးကို သတင်းပို့စရာ ရှိပါတယ်"

ဦးယောနက ဆရာစံ၏ အမှာစကားဆုံးသည်နှင့် အရေးကြီးသည့် သတင်းအချက်အလက်အချို့ကို ဆရာစံအား တင်ပြ





ပြောဆိုနေပါ၏။

"ဒီလိုပါ ဆရာကြီး ... ပြီးခဲ့တဲ့လက ဖြစ်ပွားခဲ့တဲ့ ရေတိုက်ရွာတိုက်ပွဲအတွက် ကုလားဖြူအစိုးရဘက်က တော်တော်လေး အထိနာခဲ့လို့ သာယာဝတီတစ်နယ်လုံးမှာ ဂယက်ရိုက်နေပါတယ်၊ အဲဒီအတွက် သာယာဝတီအရေးပိုင်မင်း ကျိမ်းကယ်လီကိုယ်တိုင် သူ့ရဲ့တပည့်လက်သားတွေနဲ့ အထူးစုံစမ်းစစ်ဆေးမှုတွေ လုပ်ကိုင်နေပါတယ် ဆရာကြီး၊ နောက်ပြီး သာယာဝတီ–သုံးဆယ်ဘက်က လယ်သမားသူပုန်တွေကို ဖမ်းဆီးနှိမ်နင်းဖို့ ဆိုပြီး ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်ကို အရေးပိုင်မင်းကိုယ်တိုင် သီးသန့်ခေါ်ယူခဲ့တယ်ဆိုတာလည်း သိရပါတယ် ဆရာကြီး"

ဦးယောန၏သတင်းပို့မှုများကို ဆရာစံကိုယ်တိုင် လေးလေးနက်နက် စဉ်းစားဆင်ခြင်နေပါ၏။ ပြီးခဲ့သည့်လပိုင်းက ရေတိုက်ရွာတိုက်ပွဲတွင် သူကိုယ်တိုင်ဦးစီး၍ ကုလားဖြူဂေါ်ရာ စစ်တပ်ဗိုလ်လေး ဖယ်လ်အာသာ၏ ဦးခေါင်းကို ဖြတ်ကာ မိစ္ဆာကုလားဖြူကောင်များကို သတ်ဖြတ်ချေမှုန်းခဲ့သည်။ ထိုတိုက်ပွဲတွင် ကုလားဖြူဂေါ်ရာ စစ်သားအများအပြား အသက်ဆုံးရှုံးရမှုမှာ လက်နက်ခဲယမ်းများပါ ဆုံးရှုံးခဲ့ရသဖြင့် အထိနာခဲ့သော တိုက်ပွဲတစ်ပွဲဟု ဆိုရပါမည်။

အမှန်တော့ ဆရာစံဦးစီးသော ဂဠုန်တော်လှန်ရေး တပ်သားများသည် ပျားအုံကို တုတ်နှင့်ထိုးခဲ့ရုံမက မီးလောင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပါ သွင်းခဲ့ခြင်းကြောင့် နယ်ချဲ့ကုလားဖြူအစိုးရတို့ ဖင်ကြွားခဲ့ညှပ်သကဲ့သို့ နေမထိ ထိုင်မရ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။ သာယာဝတီ၊ သုံးဆယ် တစ်နယ်လုံး ဂေါ်ရာစစ်သားများ လက်နက်အင်အား၊ လူအင်အား အပြည့်အစုံဖြင့် ဂျူနိသူပုန်များကို သဲသဲမဲမဲ ရှာဖွေဖမ်းဆီးနေကြသည်ဟုလည်း သိရပါ၏။

"အဲဒါကြောင့် ဒီရက်ပိုင်းအတွင်းမှာ ကျုပ်တို့ဂျူနိတပ်ဖွဲ့တွေ ခြေရာဖျောက် လူစုခွဲပြီး သိုသိုသိပ်သိပ်နေကြဖို့ စီစဉ်ထားခဲ့ပါတယ်၊ အဲဒါ ဆရာကြီးခိုအောင်းနေတဲ့ ဒီအလံတောင်စခန်းကိုလည်း ခြေစလက်စဖျောက်ထားဖို့ လိုမယ်ထင်ပါတယ်"

"အင်း . . . ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ် ဆိုတဲ့သဘောနဲ့ ဂျူနိတိုက်စစ်ကို ယာယီရွှေ့ဆိုင်းထားလိုက်ပါ ကိုယောနု၊ ဟင်း ဟင်း . . . ဖားရွှေကျော်မှာ ကြီးစိုးမင်းမူနေတဲ့ မေဂျာစမစ်တစ်ယောက်တော့ သက်ဆိုးနည်းနည်းရှည်သွားတာပေါ့ကွယ်၊ ဟို နောက်ထပ် ပြောင်းရွှေ့လာတဲ့ ရာဇဝတ်ဝန်ကလေး ရစ်ချပ် ဘယ်သူ . . . အဲ . . . သူ့သတင်းကိုလည်း ရသလောက်ယူနိုင်းထားပါ ကိုယောနု၊ ကိုင်း . . . အားလုံး သွားနိုင်ကြပါပြီ"

ထို့နောက်မှာတော့ မြူနှင်းများဝေနေသည့် တောင်စခန်းမှ ဂျူနိတော်လှန်ရေးတပ်သားတို့ ဂျူနိတောင်ပံရုပ်ကာ အလျိုလျိုနှင့် ပျောက်ကွယ်သွားကြပါချေပြီတည်း။



# အပိုင်း ( ၄ )

# ၁၉၃၀-ပြည့်နှစ်

# မုန်တိုင်းနိဒါန်း

## အနူစ်လေးပုည ခရုံးကြမ်း

ပထမတော့ ဥက္ကာအမြင်ဆန်းနေပါ၏၊ ထို့အတူ အပျော်တစ်ဝက်နှင့် လှုပ်ရှားနေသည့် ရင်အစုံသည်ပင် ယိဟ်ခနဲ ခုန်လှုပ်သွားသည်သို့ . . . ။

ဟုတ်သည်၊ မည်သို့ပင် ဖြစ်စေ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက ထိတ်လန့်ချောက်ချားဖွယ် ကောင်းသလို အော်ဂလီဆန်ဖွယ်လည်း ကောင်းလှပါ၏။ ကြည့်ပါ။ အိမ်ခြံဝတံခါးဝနှင့် မနီးမဝေးရှိ ရေတွင်းအနီးတွင် တောင်ဝှေးကောက်ကြီးတစ်ချောင်းကို ကိုင်ကာ အမွေးအတောင် ကျိုးတိုးကျဲတဲနှင့် လင်းတထိပ်နီကြီး တစ်ကောင်ကို ကြိုးလိုသေးကွေးလှပြီး အရိုးငေါငေါထွက်နေသည့် ပခုံးထက်တွင်တင်ကာ သူတို့အား ကျောပေးထိုင်နေသည့် အဘွားအိုတစ်ဦး၏ ပုံပြင်ကြောင့် ဥက္ကာ ထိတ်ခနဲပင် နောက်ဆုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်သို့။

အဝေးမှ လှမ်းမြင်တွေ့လိုက်ရတော့ မာယာတို့၏ အိမ်ကလေးမှာ သက်ငယ်မိုး၊ အင်ဖက်ကာနှင့် ရှမ်းတဲကုပ်လေး သဖွယ် တွေ့လိုက်ရသည်။ ငါးအိမ်စုရွာ၏ ရွာပြင်မကျတကျ စိမ့်ကလေးတစ်ခုအနီးတွင် တလင်းပြူကလေးနှင့် စိမ်းစိုသော ယာခင်းအလယ်၌ တည်ရှိသည်။ ယာခင်းထဲရှိ ပဲပင်ငယ်များနှင့် ငှက်ပျောပင်လေးများက စိမ်းစိမ်းစိုစိုနှင့်တောင်လေတွင် တဖျပ်ဖျပ် လှုပ်ယမ်းနေကြသည်။ ရေတံခင်း၊ ခရမ်းခင်းကလေးများနှင့် အခြားသီးနှံပင်များကိုလည်း သပ်သပ်ရပ်ရပ်၊ စိမ်းစိမ်းစိုစိုနှင့် စိုက်ပျိုးထားပါ၏။ အိမ်ရှေ့ဘက်တွင် ဝါးရုံပင်ကြီးတစ်အုပ် ရှိပြီး ၎င်းအနီးတွင် ရေတွင်းတစ်တွင်းရှိကာ ထိုရေတွင်းအနီးတွင် အဘွားအိုနှင့် လင်းဟာထိပ်နီကြီးတစ်ကောင်က ကျောနိုင်းလျက် ဥက္ကာကို ကြိုဆိုနေကြပါသည်။

"ဟေး . . . မယ်ဇာယု . . . နင်တို့အိမ်ကို ဧည့်သည်တစ်ယောက် မေးလို့ လိုက်ပို့တယ်နော် . . . ဒီမှာလေ"

ထန်းသမားဦးကြီးက လွယ်အိတ်တစ်လုံးနှင့် ဥက္ကာကို ဒေါ်ဇာယုတို့ အိမ်သို့ လိုက်လံပို့ဆောင်ပေးခြင်း ဖြစ်သည်။ ဦးယောနသည် အရေးတကြီးကိစ္စရှိ၍ ကိုးပင်ရိုးကတည်းက လမ်းခွဲသွားကာ ဥက္ကာကို ဖိမ်ဇာရွာသို့ လမ်းညွှန်ပြသပေးခဲ့သည်။ ထိုလမ်းညွှန်ချက်အတိုင်း စုံစမ်းမေးမြန်းရင်း နေ့လယ်ခင်းခန့်တွင် ဖိမ်ဇာရွာစွန်ရှိ မာယာတို့၏ နေအိမ်ခြံဝင်းထဲသို့ ရောက်ရှိလာခဲ့ပါ





သည်။

ထန်းသမားဦးကြီး၏ စကားသံကြောင့် အဘွားအို ဒေါ်ဇာယုက ဥက္ကာထံသို့ လှမ်းကြည့်လိုက်သည်။ မည်သို့မျှ အံ့ဩဟန်မပြဘဲ ရူးရှလင်းလက်သော မျက်လုံးများနှင့် ဥက္ကာအား စိုက်ကြည့်လိုက်ပြီး . . .

"သြော် . . . မင်းရောက်လာခဲ့ပြီကိုး၊ ယောန မပါဘူးလား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ဦးကြီးယောနက ကိုးပင်ရိုးမှာကတည်းက အရေးတကြီးကိစ္စတစ်ခုနဲ့ လမ်းခွဲသွားခဲ့ပါတယ်၊ ကျွန်တော့်ကိုတော့ ဖိမ်ဇာကို အရောက်သွားဖို့လမ်းညွှန်လို့ ရောက်လာခဲ့တာပါ အဘွား"

ဥက္ကာက တလေးတစားနှင့် ဖြေကြားလိုက်မှ မျက်လုံးများထဲတွင် အရောင်များ ပြောင်းလဲလင်းလက်သွားကာ ထိုင်နေရာမှ ထရပ်လိုက်သည်။ ထို့နောက် ဥက္ကာကို မကြည့်ဘဲ . . .

"အိမ်း . . . အပြင်မှာနေပူတယ်၊ တဲထဲမှာ ဝင်နားချည်ပါ"

ထိုအခါမှ ဥက္ကာမှာ လိုက်လံပို့ဆောင်ပေးသည့် ထန်းသမားဦးကြီးကို ကျေးဇူးစကားဆိုလိုက်ပြီး ဒေါ်ဇာယုနောက်မှ လိုက်ပါလာခဲ့သည်။ ဒေါ်ဇာယုက သူ၏ပခုံးထက်မှ လင်းတာထိပ်နီကြီးကို သစ်ငုတ်တိုထက်တွင် တင်လိုက်ပြီး တဲအေါ်သို့ တက်သွားကာ မြက်ဖျာတစ်ချပ်ကို ခင်းပေးလိုက်သည်။ ဥက္ကာက



www.burmeseclassic.com

www.burmeseclassic.com



တဲတံခါးဝမှ ငုံ၍ တဲအတွင်းသို့ ခေါင်းငုံ၍ ဝင်လိုက်သည်။

အဘွားအိုက အိမ်နံဘေးရှိ ကွမ်းခင်းမှ ကွမ်းရွက်များ ခူးကာ စဥ့်အိုးတွင် ရေဆေးပြီး ဗန်းနှင့်ပြင်ကာ အသင့်ရှိသော ရေနွေးကြမ်းအိုးနှင့်အတူ ဥက္ကာရှေ့သို့ လာချပေးလာပါ၏။ ပြီးလျှင် အိမ်အတွင်း ခေါင်တိုင်အနီးတွင် သွားထိုင်လိုက်ပြီး ...

''မြေးလေးလည်း ပြန်လာခါနီးပါပြီ၊ ပုလုံးနဲ့ ဟိုဘက်ရွာ ခဏသွားကြတာ''

ထိုစဥ်မှာပင် ခြံဝဆီမှ အသံတချို့ ကြားလိုက်ရပြီး မာယာနှင့်ပုလုံးတို့ သေတ္တာငယ်တစ်လုံးနှင့်အတူ ဝင်လာကြသည်ကို ဥက္ကာ မြင်တွေ့လိုက်ရသည်။ ထို့အတူ မာယာကလည်း တဲပြတင်းဝမှတစ်ဆင့် ဥက္ကာကို တွေ့လိုက်ရသဖြင့် ...

''အယ် ... အစ်ကိုတောင် ပြန်ရောက်လာပြီ''

တဲပေါ်သို့ နီမြန်းသော မျက်နှာလေးနှင့် တက်လာပြီး လက်ထဲမှ သေတ္တာငယ်လေးကို ပုလုံးထံ လွှဲပေးလိုက်ပြီး ဥက္ကာရှိရာသို့ ဝင်ရောက်လာခဲ့သည်။

''အိမ်း ... ညည်းကို စောင့်နေတာ အတော်ကြာပြီပေါ့ ကဲ ... လာ ... ငါ စိုက်ခင်းဘက်ကို ပြန်သွားဦးမယ်''

ဒေါ်ဖာယုမှာ ပြောပြောဆိုဆိုနှင့် တဲအိမ်ပေါ်မှ ဆင်းကာ ခြံထဲသို့ ထွက်သွားပါ၏။ တဲအိမ်ပေါ်မှာတော့ ဥက္ကာနှင့်မာယာ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြသည်။ ဥက္ကာကမူ မာယာကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားပါ၏။





''ဘယ်လိုလဲ အစ်ကို ... ဆရာစံနဲ့ တွေ့ခဲ့ရဲ့လား၊ ဦးကြီးယောနရော ပြန်လိုက်မလာဘူးလား၊ အစ်ကိုက ဘာဖြစ်လို့ ဒီကို ပြန်လာရတာလဲ ဟင်''

''အာ ... ဖြည်းဖြည်း ... ဖြည်းဖြည်းမာယာ၊ မာယာ မေးတာကို အစ်ကိုတစ်ခုချင်း ဖြေပါ့မယ်၊ အစ်ကိုတို့ ကမ်းနီရွာက တစ်ဆင့် ဆရာစံရှိအောင်းတဲ့ အလံတောင်စခန်းထိ ရောက်ခဲ့တယ်၊ အစ်ကိုကိုယ်တိုင်လည်း သွေးသစ္စာရေသောက်၊ အစီအရင်တွေ လုပ်ပြီး (က) ဂျူန်တပ်သားအဖြစ် စာရင်းသွင်းခဲ့ပြီလေ၊ ဦးကြီးယောနကတော့ ကိုးပင်ရိုးကနေ လမ်းခွဲပြီးထွက်သွားတယ်၊ အစ်ကိုကိုတော့ ဗိုလ်ဖာရွှာကို လမ်းညွှန်ပေးလိုက်ပြီး မာယာတို့ အိမ်ကနေ စောင့်နေဖို့ မှာသွားခဲ့တယ်လေ''

ဥက္ကာက ဂျူန်အမှတ်အသားတံဆိပ်များ ဆေးထိုးပြီး သွေးသစ္စာဆိုကာ (က) ဂျူန်တပ်သားအဖြစ် စာရင်းသွင်းခဲ့ပုံ၊ ဆရာစံကိုယ်တိုင် အစီအရင်များ ပြုလုပ်ကာ မြေပေါ်သတင်းပေး တစ်ယောက်အဖြစ် တာဝန်ပေးခဲ့ပုံများကို မာယာ့အား ခရေစေ့တွင်းကျ ပြောဆိုရှင်းပြနေသည့်ကို မာယာက ဝမ်းသာအားရဖြင့် နားထောင်နေပါလေ၏။ မာယာမှာ ဥက္ကာအတွက် ဂုဏ်ယူဝမ်းမြောက်နေပါသည်။ ထို့ပြင် ဥက္ကာကလည်း မာယာအား ဂျူန်အဖွဲ့ဝင်ကတ်ပြားကိုပင် ဂုဏ်ယူဝံ့ကြွားစွာ ထုတ်ပြလိုက်ပါသေးသည်။

''ဝမ်းသာလိုက်တာ အစ်ကိုဥက္ကာရယ်၊ ဖြစ်နိုင်ရင်လေ



www.burmeseclassic.com

www.burmeseclassic.com



မာယာကိုယ်တိုင် (၈) ဂျွန်တပ်သားစာရင်းဝင်ပြီး ဒီမျက်နှာဖြူမိစ္ဆာကောင်တွေကို တိုက်ထုတ်ပစ်ချင်တာ အစ်ကိုရဲ့ . . . ဟင်း ဟင်း''

''ကောင်းတာပေါ့ မာယာရဲ့၊ ဦးကြီးယောနကတောင် ပြောနေသေးတာ . . . သူ့ရဲ့စကားကို ကြိုက်နှစ်သက်လွန်းလို့ အစ်ကို သေသေချာချာကို မှတ်ထားတာလေ . . . ဟင်း ဟင်း . . . ဘာတဲ့ . . . ဟို လူလိမ္မာတွေပေါများပြီး ခေါင်းရှောင်ချင်ကြတဲ့ ဟောဒီခေတ်ကြီးထဲမှာ လူမိုက်တွေကို ပိုလိုချင်တယ်လို့ ဆိုတဲ့ စကားကိုပေါ့ . . . ဟင်း ဟင်း ဟင်း''

''ဟင်း . . . ဒီလိုဆိုရင် မာယာတို့တစ်တွေက လူမိုက်တွေပေါ့ . . . ဟုတ်လားအစ်ကို''

မာယာ၏ ချစ်စဖွယ် မျက်စောင်းတစ်ချက်နှင့်အတူ မေးလိုက်သောစကားကြောင့် ဥက္ကာ . . . ပို၍ပင် သဘောကျသွားသယောင်။

''ဒီလိုလည်းမဟုတ်ပါဘူး မာယာရယ်၊ ဦးကြီးဆိုချင်တဲ့ သဘောက မိစ္ဆာကုလားဖြူတွေရဲ့ ကျွန်အဖြစ်နဲ့ နှံ့နှစ်နေကြရာက နေ ရုန်းထွက်ကြဖို့ အစ်ကိုတို့ရဲ့ မြေပေါ်မှာ ဗိုလ်ကျစိုးမိုးနေတဲ့ နယ်ချဲ့မျက်နှာဖြူတွေကို မောင်းထုတ်ကြဖို့အတွက် သတ်ရဲသေရဲ, တိုက်ရဲတဲ့ မျိုးချစ်လူငယ်တွေ အများကြီး လိုအပ်နေတယ်ဆိုတာကို သိစေချင်တဲ့စိတ်ဓာတ်နဲ့ အားမလိုအားမရ ပြောတဲ့ သဘောပါ မာယာရယ်''





နယ်လှည့်ဆေးဆရာလေးဥက္ကာနှင့် မျက်လှည့်ဆရာမလေး မာယာတို့မှာ ဆုံတွေ့ချိန်၊ ရင်းနှီးချိန် နည်းပါးတိုတောင်းလှသော်လည်း ရေးရေစက်ကြောင့်လေလား မသိ . . တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်အိမ်နီးချင်းများသဖွယ် အချိန်တိုကာလအနည်းငယ်အတွင်းမှာပင် ခင်မင်ရင်းနှီးသွားခဲ့ကြပါ၏။

ပုလုံးလေးကလည်း မိဘနှစ်ပါး မရှိတော့သဖြင့် မာယာတို့ မြေးအဘွားကပင် ကျွေးမွေးစောင့်ရှောက်ထားခြင်း ဖြစ်သည်။ ဥက္ကာကိုလည်း သူ၏ အသက်သခင် ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ကာ ပုလုံးခမျာ လေးစားချစ်ခင်လျက် ရှိသည်။ ထိုနေ့က ညစာစားပြီးသည့်အချိန်ထိတိုင် ဦးယောန ရောက်မလာသေးသဖြင့် ဥက္ကာမှာ နေမထိ ထိုင်မသာ ဖြစ်နေပါလေ၏။ သွေးမတော် သားမစပ်သည့် မိန်းမသားများသာ ရှိကြသော နေအိမ်တွင် သူ ညအိပ်ညနေအထိတော့ တည်းခိုရန်မသင့်ဟု တွေးနေမိသည်။

မာယာကမူ ဘာကိုမျှ တွေးတောစဉ်းစားနေဟန် မတူပါ။ ဖြူစင်ပွင့်လင်းသောစိတ်နှင့် ဥက္ကာအား ညှော်ခံကျွေးမွေးသည်၊ ရင်းနှီးစွာ စကားဆိုသည်။ အထူးသဖြင့် ဦးယောနနှင့်အတူ ဂျွန်တပ်ဖွဲ့ဝင်တစ်ယောက် ဖြစ်သွားခဲ့သည်ကိုလည်း မာယာမှာ လွန်စွာမှ နှစ်ထောင်းအားရ ဖြစ်နေပါလေ၏။ ယခုလည်း သနပ်ဖက်ဆေးလိပ်နှင့် မီးခတ်ခုံကို ယူကာ ကွမ်းခုံနားသို့ ထည့်လိုက်ရင်း ဥက္ကာ၏ အနေကျပ်မှုကို ရိပ်စားမိသည့်



www.burmeseclassic.com

www.burmeseclassic.com



အလား ...

"ရော့ ... ဆေးလိပ်သောက်တတ်ရင် သောက်ပါဦး အစ်ကို၊ ဦးကြီးယောနက သူချိန်းထားရင် လာဖြစ်အောင် လာမှာပါ အစ်ကို၊ ဒီ့အတွက် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်မနေပါနဲ့ အစ်ကို၊ မာယာကသာ အဘွားရဲ့အပြုအမူနဲ့ပတ်သက်ပြီး အစ်ကို့ကို အားနာနေရတာပါ"

ယခုမှ ဥက္ကာ သတိထားမိသည်။ နေ့လယ်ခင်းကတည်းက စိုက်ခင်းထဲ ဆင်းဦးမည်ဟုဆိုကာ ပျောက်သွားခဲ့သည့် ဒေါ်ဇာယုကို ယခုအချိန်ထိတိုင် မတွေ့မြင်ရသည်မှာ ထူးခြားနေသယောင် ...

"ဟို ဟို ... အစ်ကိုရောက်လာလို့များလား ... အဘွား ... အဘွား"

"မဟုတ်ပါဘူး အစ်ကို ... အဘွားက စကားနည်းတာရယ်၊ လူတွေကြားမှာ မနေတတ်တာရယ်ကြောင့်ပါ၊ ဟို ... နောက် ... နောက်ပြီး တစ်ရွာလုံးကလည်း အဘွားကို စုန်းမကြီး၊ ဆယ့်နှစ်ကြိုး ကဝေမကြီး၊ ဇော်ဂနီမကြီးဆိုပြီး စွပ်စွဲပြောဆိုနေကြလို့ အစ်ကို အထင်လွဲမှာကိုလည်း မာယာ စိုးရိမ်နေရတာပါ အစ်ကို"

"အို ... မဟုတ်တာပဲ မာယာရယ်၊ အင်း ... ဒါပေမဲ့ အဘွားက အဲဒီလိုပုံစံကြီးနဲ့ပဲ မထုံတက်တေးနေတာရယ်၊ သူ့ရဲ့ ဟို ... ဟို ... လင်းတကောင်ကြီးရယ်၊ သူ့ရဲ့အသွင်အပြင်ရယ်





က ရွာသားတွေကြားမှာ အမြင်တစ်မျိုးဖြစ်နေလို့ နေမှာပါ၊ အစ်ကိုတောင်မှ နေ့ခင်းက အဘွားရဲ့ပုံစံကို မြင်မြင်ချင်း လန့်သွားသေးတာပဲ"

ဥက္ကာ၏ ပြောဆိုဝေဖန်စကားကြောင့် မာယာ၏မျက်နှာလှလှလေးမှာ အတန်ငယ် ညှိုးနွမ်းသွားသယောင်။ ပြောလက်စစကားသံများ တိတ်သွားကာ အဝေးသို့ငေးနေရှာသည့် မာယာ့ကိုကြည့်ကာ သူ၏စကားများ လွန်သွားလေသည်လား ... ဟု။ ထိုအတူ အချိန်တိုတိုအတွင်းမှာ တွေ့ကြုံခဲ့ရသည့် မာယာဆိုသော မြေအလမ္ပာယ်ဆရာမလေးအပေါ်တွင် ထူးထူးခြားခြား သံယောဇဉ်ကြိုးများ ရစ်ပတ်နှောင်ဖွဲ့သွားမိလေပြီလား ဆိုသည်ကိုတော့ ...။

ထိုစဉ် မာယာ၏ သက်ပြင်းချသံသဲ့သဲ့နှင့်အတူ ဆွေးမြည့်လွမ်းမောဖွယ် စကားသံလေးများက မှောင်ရီသန်းစပြုနေပြီ ဖြစ်သည့် ဆည်းဆာအလွန် ညချမ်းတွင် လွင့်မျောထွက်ပေါ်လာခဲ့ပါသည်။

BURMESE CLASSIC .com

"ဟင်း ... အမှန်တော့ အဘွားရဲ့ဘဝက အထီးကျန်ဆန်လွန်းလှပါတယ် အစ်ကိုရယ်၊ အဘွားဟာ ငယ်ငယ်ကတည်းက မိဘမဲ့ဘဝနဲ့ ရုန်းကန်ရင်း ရှင်သန်ခဲ့ရတာပါ၊ သချိုင်းက သုဘရာဇာကြီးတစ်ယောက် ကောက်ယူကျွေးမွေးခဲ့ရာက ဆရာတစ်ယောက်နဲ့တွေ့ပြီး အဘွားကို လောကီပညာရပ်တွေ သင်ကြားပေးခဲ့တယ်၊ အဲဒီမှာ အင်းအိုင်လက်ဖွဲ့ ဆေးဝါးမန္တန်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

အတူ အစီရင်တွေနဲ့ တခြားလောကီပညာရပ်တွေကို ဆရာ တစ်ဆူနီးပါး တတ်ကျွမ်းခဲ့တယ် အစ်ကို''

ဥက္ကာမှာ မာယာပြောပြနေသည့် ဘွားဇာယု၏ စိတ်ဝင်စားဖွယ် နောက်ကြောင်းရာဇဝင်ကို စိတ်ဝင်တစား နားထောင်နေပါ၏။ အပြင်မှာတော့ အမှောင်ရိပ်တို့က ကြီးစိုးမင်းမူစပြုနေပါပြီ။ တဲငယ်အစွန်းမှာတော့ ပုလုံးလေး ထွန်းညှိလိုက်သည့် မီးတိုင်အလင်းကြောင့် အတန်ငယ် လင်းလက်လျက်ရှိသည်။

''နောက်တော့ အဘွားဟာ ရွာစဥ်လှည့်ပြီး ဆေးဝါ ကုသရင်းနဲ့ မြွေအလမ္ပာယ်ဆရာတစ်ယောက်နဲ့ ချစ်ကြိုက်သွားခဲ့ ကြရာက အတူတကွ ပေါင်းသင်းခဲ့ကြတယ်၊ အဲဒီမှာပဲ မာယာရဲ့ အမေကို အဘွားက မွေးခဲ့တယ်၊ အမေက အဘွားနဲ့အဘိုးရဲ့ ပညာတွေကို တစ်ဆင့်ရခဲ့တယ်လေ၊ ဒါပေမဲ့ အဘွားကံမကောင်း ရှာဘူး အစ်ကိုရယ်၊ တစ်နေ့ ဆေးမြစ်ဆေးဥတူးရာက ရရှိလာ တဲ့ ဆေးမြစ်တွေ စမ်းသပ်ရင်းနဲ့ ဆေးစားမှားပြီး ရုပ်ဆင်းအဖ ပျက်ယွင်းသွားရရှာတယ်၊ ဒီမှာတင် အဘွားရဲ့ယောက်ျားကလည်း နောက်မိန်းမတစ်ယောက်နဲ့ ဖောက်ပြန်ရင်း အဘွားနဲ့အမေ ထားရစ်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး အဘွားဟာ လူတွေကို စိတ် နာသွားခဲ့ရာက ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ အထီးကျ တစ်ယောက်တည်း နေခဲ့တယ်၊ သူ့ရဲ့ခြံထဲမှာလည်း ကျီးတွေ လင်းတတွေ မွေးထားပြီး အဲဒီသတ္တဝါတွေနဲ့ပဲ နေထိုင်ခဲ့ရ နှစ်တော်တော်ကြာ လောကကြီးကို အဆက်ဖြတ်ထားခဲ့တာ





မာယာရဲ့မိဘနှစ်ပါး ဆုံးပါးသွားခဲ့ရတဲ့အထိပေါ့ အစ်ကိုရယ်၊ နောက်တော့မှ မိဘမဲ့သွားခဲ့တဲ့ မာယာကို ငဲ့ညှာပြီး ဒီလောက ကြီးထဲကို ဒုတိယအကြိမ်ပြောက် ပြန်ပြီး အဘွားဝင်ရောက်လာ ခဲ့တာပါ၊ ဒါကြောင့် အစ်ကိုရဲ့စိတ်ထဲမှာ အဘွားနဲ့ပတ်သက်ပြီး အမြင်မရှင်းမှာစိုးလို့ မာယာ ရှင်းပြနေတာပါ၊ ဒီကိစ္စနဲ့ပတ်သက် ပြီး မာယာ ဘယ်သူ့ကိုမှ ပြောမပြခဲ့ဖူးပါဘူး အစ်ကိုရယ်''

ဟုတ်ပါသည်။ တချို့ ကံအလှည့်မသင့်၍ ဘဝတွင် ခံမှန်ဖူးခဲ့သူများမှာ ထိုတစ်ကြိမ်တစ်ခါ ထိမှန်ခဲ့ဖူးသောကြောင့် သူတို့ဘဝတွင် အထိနာခဲ့ကြသည်၊ ကျရှုံးခဲ့ကြရသည်၊ ခံမှန်ခဲ့ ဖူးသော စာသူငယ်မို့ လေးသံကြားတိုင်း ကြောက်လန့်နေခဲ့ရ သည်၊ လူတွေကို နာကြည်းလာသည်၊ အကြောင်းမဲ့ ရွံမုန်းတတ် ကြသည်။ နောက်ဆုံး လူတွေနှင့် မဆက်ဆံချင်တော့သည်အထိ ဘဝတွင် ဒဏ်ရာဒဏ်ချက်များဖြင့် ခါးသီးခဲ့ရသည်။ ထိုကဲ့သို့ သော ကြုံတွေ့ခဲ့ဖူးသူများထဲတွင် ဒေါ်ဇာယုတစ်ယောက် ကံ အလှည့်မသင့်သဖြင့် ပါဝင်သွားခဲ့ရခြင်း ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် ဘွားဇာယုမှာ မည်သူနှင့်မျှ အဆက်အဆံ လုပ်၊ စကားမပြောတော့။ သူတကာက သူ့အား စုန်းမကြီး၊ ဘယ်နှစ်ကြိုး ကဝေမကြီး၊ ဇော်ဂနီမကြီးဟု စွပ်စွဲပြောဆိုလာ ကြသည့်တိုင် မည်သူ့ကိုမျှ မဖြေရှင်းတော့။ လှည့်၍မျှပင် မကြည့် တော့။ ထိုသူတို့ စွပ်စွဲပြောဆိုသကဲ့သို့ပင် စုန်းမကြီးတစ်ယောက် သဏ္ဌာန်ဖြင့်သာ နေထိုင်ပြုမူကျင့်ကြံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပို၍ဆိုးသည်က ဥတုရာသီမရွေး အင်္ကျီလုံးဝ ဝတ်ဆင်ခြင်း မရှိဘဲ ဖျင်ထဘီအနက်တစ်ထည်ကိုသာ ရင်ရှား၍ နေထိုင်ခြင်း။ ဆေးစားမှားထားသဖြင့် ရုပ်ဆင်းအင်္ဂါ ပျက်ယွင်းနေခြင်း။ အသားအရေ ခြောက်သွေ့ညိုမည်းလျက် ပခုံးရိုးများက ငေါငေါ ပိန်လှီသေးကွေးသော ခန္ဓာကိုယ်တွင် အသားဟူ၍ပင် မရှိတော့ သယောင်။ ခြေသည်းလက်သည်းများက ရှည်လျားညိုမည်းပြီး ညစ်ပတ်နေရသည့်အထဲ ဆွတ်ဆွတ်ဖြူနေသော ဆံပင်ဖြူ ကျိုးတိုးကျိုးတဲကို ထိပ်တွင် စုချည်ကာ သျှောင်ထုံးထားပြန်သဖြင့် လွန်စွာမှပင် အကြည့်ရဆိုးနေပါ၏။

လက်ထဲတွင် ကောက်ကွေးနေသည့် တောင်ဝှေး တစ်ချောင်းကို အမြဲလိုလို ကိုင်စွဲထားရုံမက ပိန်လှီသော ပခုံးထက်တွင်လည်း အမွေးအတောင်များ ကျွတ်လုနီးပါးရှိသည့် အရုပ်ဆိုးဆိုး ကျက်သရေမရှိသည့် လင်းတထိပ်နီကြီးတစ်ကောင်ကို တင်ကာ ရွာရိုးကိုးပေါက်ထင်သလို သွားလာနေသည့်ကြောင့်လည်း တစ်ရွာလုံးက စုန်းကဝေမကြီးဟု စွပ်စွဲပြောဆိုကြသည်မှာ မဆန်းပါလေတော့။

"အင်း ...အစ်ကို တကယ်စိတ်မကောင်းပါဘူး မာယာ။ တကယ်တော့ လူတွေဟာ မြေနိမ့်ရာကိုပဲ လှံစိုက်ချင်ကြတာကလား။ အစ်ကို့ရဲ့ဘဝကလည်း မာယာ့လိုပါပဲကွယ်၊ အဘိုးရဲ့ သွန်သင်ဆုံးမမှုအောက်မှာ စိတ်ဓာတ်တွေ လေလွင့်ပျက်စီးမသွားအောင် ကြိုးစားထိန်းသိမ်းရင်းနဲ့ ဘဝကို တိုးတက်အောင်





ကြိုးစားခဲ့ရတာပါ မာယာ၊ အခုချိန်ကစပြီး အစ်ကို့ကို မာယာရဲ့ အစ်ကိုရင်းချာတစ်ယောက်လို သဘောထားပြီး လိုအပ်တာတွေကို တိုင်ပင်နိုင်တယ်. အကူအညီတောင်းနိုင်တယ်ဆိုတာ တစ်လက်စတည်း ပြောလိုက်ပါတယ် မာယာ"

ဥက္ကာ၏ ရိုးသားပွင့်လင်းသော စကားများကြောင့် မာယာ၏ ကြည်လင်ရွှန်းပသော မျက်ဝန်းအစုံတွင် မျက်ရည်ဥလေးများပင် နိုတွယ်ဝင်ရောက်လာကြသည်သို့။

ညဉ့်ကောင်းကင်ယံထက်မှာတော့ မှိတ်တုတ်မှိတ်တုတ်ငွေကြယ်ပွင့်တို့က လင်းတချို့၊ မှိန်တချို့. ညဉ့်ဦးယံလေပြည်းကြောထဲမှာတော့ သံယောဇဉ်လေပြည် သို့မဟုတ် အချစ်လေပြည် ခရီးကြမ်း၏ နိဒါန်းက ဝေ့ဝဲတိုက်ခတ်လာလေပြီထင့် ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ညရှစ်နာရီကျော်ကျော်ခန့်မှ ဦးယောန ဖိမ်ဇာရွာသို့ ရောက်လာခဲ့သည်။ သူနှင့်အတူ သတင်းထူးများက ပူးတွဲ၍ ပါလာခဲ့၏။ ဦးယောနက ရေနွေးကြမ်းကို နှစ်ခွက်တိတ် ဆင့်၍သောက်လိုက်ပြီး ကွမ်းဗန်းထဲမှ ကွမ်းရွက်နှစ်ရွက်ကို ထပ် ကာ ထုံး၊ ဆေး၊ ကွမ်းသီးတို့ထည့်ကာ ယာလျက်ရှိသည်။

"အင်း ... မြို့ပေါ်မှာတော့ ခရိုင်ရာဇဝတ်ဝန်ကလေး ပြောင်းလာတဲ့ သတင်းနဲ့ ဂျွန်တပ်သားတွေကို သတင်းပေးနိုင် ရင် ဆုတော်ငွေ ဘယ်၍ဘယ်မျှဆိုတဲ့ သတင်းတွေ ပလူပျံနေ တာပဲဟေ့၊ ကြည့်ရတာ ဟို ဝဲရွာသစ်တောစခန်းတိုက်ပွဲနဲ့ ရေ တိုက်ရွာတိုက်ပွဲတွေက ဒီကုလားဖြူကောင်တွေ တော်တော် အထ နာသွားပုံရတယ်ကွ"

လက်ထဲမှာ ရာပြီးသွားသည့် ကွမ်းယာကို ဦးယောန ပါးစောင်အတွင်းသို့ ထည့်ကာ တမြုံ့မြုံ့နှင့် ဝါးနေပါ၏။





"ဒီလိုဆို ကျွန်တော်တို့က ဘာဆက်ပြီး လုပ်ရမလဲ ဦးကြီး၊ ကျွန်တော်ကြားရတဲ့သတင်းကတော့ သာယာဝတီ တစ် နယ်လုံးမှာရှိတဲ့ ဂေါ်ရာစစ်တပ်တွေကို တပ်လှန့်ထားတယ်လို့ လည်း ကြားရတယ်၊ ကျွန်တော် ကိုးပင်ရိုးက ထွက်လာတော့ အဲဒီသတင်းကို ကြားရတာပဲ ဦးကြီး"

ဥက္ကာနှင့်မာယာတို့က ဦးယောနပြောလာမည့် စကားသံ ကို နားစွင့်နေကြသည်။ ဥက္ကာ၏ ပြောစကားအရမှု မြေပေါ် သတင်းပေးအဖြစ် သူ့အား တာဝန်ပေးလိုက်သည်ဟု သိရသည်။ ယခု ထိုသတင်းများနှင့်ပတ်သက်၍ တိကျရေရာသော အဖြေ တစ်ခုခု ရရှိရန်အတွက် ဥက္ကာ လှုပ်ရှားရပေမှာမည်။

"ဟုတ်တယ် မောင်ဥက္ကာ၊ ဒီကြားထဲ နောက်ရောက် လာတဲ့ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်က တော် တော်လေး လက်စောင်းထက်တယ်လို့လည်း ကြားရတယ်၊ အေး တစ်ခုတော့ ရှိတယ် မောင်ဥက္ကာ။ မင်းတို့နှစ်ယောက် စွန့်တော့ စွန့်စားရလိမ့်မယ် ထင်တယ်"

"ဟုတ် ... ဟုတ်ကဲ့၊ ပြော ... ပြောပါ ဦးကြီး ... ကျွန်တော် ဘာလုပ်ရမလဲ"

"ဟုတ်တယ် ဦးကြီးယောန ... ဒီကိစ္စမှာ ဖြစ်နိုင်ရင် မာယာကိုယ်တိုင်လည်း ဝင်ပြီး လှုပ်ရှားကြည့်ချင်ပါတယ်၊ ဟို အစ်ကိုဥက္ကာက နယ်မြေသိပ်မကျွမ်းသေးဘူးဆိုတော့ ..."

ဟုတ်ပါတယ် မာယာရဲ့၊ အဲဒီကိစ္စကို ဦးကြီးပြောမလို့



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ၊ အခုဆိုရင် မာယာရဲ့ မျက်လှည့်ပွဲကလည်း 'ဆယ့်နှစ်ကြိုး မာယာ' ဆိုပြီး မြို့ပေါ်မှာရော နယ်ဘက်တွေမှာပါ နာမည်လေး တော်တော်ရလာပြီ၊ အဲဒီတော့ မာယာက မောင်ဥက္ကာကို မျက်လှည့်ပညာမှာ အလွယ်ဆုံးဖြစ်တဲ့ ပညာရပ်သုံးလေးခုလောက် သင်ပြပေးလိုက်ပြီး နယ်လှည့်ပြသတဲ့ပွဲတိုင်း မောင်ဥက္ကာကို ခေါ်သွားနိုင်ရင်တော့ ကုလားဖြူတွေရဲ့သတင်းကိုလည်း စုံစမ်းထောက်လှမ်းလို့ရမယ်၊ နယ်မြေလည်း ကျွမ်းကျင်ပြီးသား ဖြစ်သွားမယ်၊ အေး ... အဆင်သင့်ရင်လည်း ဗိန္ဓောပညာရပ်နဲ့ ဆေးကုသလို့ ရတာပေါ့၊ ဒါ့ပြဲဖြစ်ဖြစ် အဓိက,ကတော့ ကုလားဖြူအစိုးရရဲ့ အရေးကြီးတဲ့ စစ်ရေးသတင်းတွေ, လက်နက်ကိရိယာ တွေ, အခွန့်ဘဏ္ဍာငွေ အရွှေ့အပြောင်း, အသယ်အပို့သတင်း တွေ တိတိကျကျရရှိနိုင်ဖို့က အရေးကြီးဆုံးပဲ၊ ဘယ့်နှယ့်လဲ ... လုပ်နိုင်ပါ့မလား မောင်ဥက္ကာ''

ဦးယောနက သူကြိုတင်စီစဉ်ထားသည့် စိတ်ကူးကို မာယာနှင့်ဥက္ကာတို့အား မူးပေါင်းစေပြီး သတင်းထောက်လှမ်းရာတွင် ထိထိရောက်ရောက် လုပ်ကိုင်စေခြင်းပင်။ အမှန်ဆိုလျှင် ယခု လယ်သမားသူပုန်တော်လှန်ရေးတိုက်ပွဲတွင် မကျေနပ်စိတ် မခံချင်စိတ်တို့ဖြင့်သာ တိုက်နိုက်တော်လှန်ကြသည့် လယ်သမားကြီးများသာ ဂဠုန်အဖွဲ့ထဲတွင် အများအပြား ပါဝင်ခဲ့ကြခြင်း ဖြစ်သည်။ ယခု ဥက္ကာကဲ့သို့ အသိပညာ ကြွယ်ဝသော မျိုးချစ်စိတ်ရှိသော၊ လူစွမ်းလူစရှိသော လူငယ်လူရွယ်များမှာမူ လွန်စွာ





မှ နည်းပါးနေပါ၏။ ထို့ကြောင့် ဦးယောနကိုယ်တိုင် ခေါင်းဆောင်ဆရာကြီးများနှင့် အသေးစိတ် ညှိနှိုင်းတိုင်ပင်၍ ဥက္ကာအား မြေပေါ်သတင်းထောက်လှမ်းရေးတွင် တာဝန်ပေးခိုင်းစေခဲ့ခြင်းပင် ဖြစ်ပါချေ၏။

"ဟာ ... ဦးကြီးကလည်း ကုလားဖြူခွေးစုတ်တွေကို ဟောဒီမြေပေါ်က မောင်းထုတ်နိုင်မယ်ဆိုရင် ကျွန်တော် ဘာကိုပဲ လုပ်ရ လုပ်ရ လုပ်ပါ့မယ်လို့ ဦးကြီးကို ကြိုတင်ပြီး ပြောထားတယ် မဟုတ်လား၊ အခု ဦးကြီးပေးအပ်တဲ့တာဝန်ကို ဟောဒီက မာယာနဲ့အတူ တွဲပြီး ကျေပွန်အောင်ဆောင်ရွက်ပါ့မယ်လို့ ကျွန်တော် ကတိပေးပါတယ်''

ဥက္ကာ၏ ရဲရဲတောက်ကတိစကားကြောင့် ဦးကြီးယောနနှင့် မာယာတို့မှာ ဝမ်းသာကျေနပ်နေကြပါသည်။ ဤသို့ဖြင့် ဥက္ကာအား မာယာကိုယ်တိုင် မျက်လှည့်ပညာရပ်များတွင် အလွယ်ကူဆုံးဖြစ်သည့် ဖဲချပ်မျက်လှည့်၊ ရောင်စုံပင်ပေါင်လုံးလေးများ ပြကွက်၊ မှော်သေတ္တာပြကွက်၊ သံကွင်းဆက်အဖြည့်အဖြုတ် ပြကွက် စသည်တို့ကို မာယာ၏နေအိမ်မှာပင် ရက်တစ်ပတ်ခန့် သင်ကြားပြသပေးပါတော့သည်။

ညအိပ်ချိန်များမှာမူ ဦးယောနက ဖိမ်ဇာရွာမှ သူ၏ အစ်ကိုဝမ်းကွဲ ဘုန်းကြီးကျောင်းတွင် တိုင်းရင်းဗိန္ဓောဆေးဆရာ တစ်ယောက်ဟု အသိပေးကာ ဥက္ကာအား တည်းခိုစေခဲ့သည်။ ယခုဆိုလျှင် ဦးယောန၏ အကွက်ကျကျစီစဉ်မှုဖြင့် ဥက္ကာနှင့်



www.burmeseclassic.com

www.burmeseclassic.com



မာယာတို့၏ ပညာသင်ယူပွဲမှာ အစစအရာရာ အဆင်ပြေ ချော မောလျက် ရှိပါချေ၏။

သို့သော် လောကတွင် အဖြူနှင့်အမည်း၊ အကောင်းနှင့် အဆိုး၊ အမှားနှင့်အမှန်၊ အပူနှင့်အအေး စသော သဘောတရား များက အမြဲထာဝရ ဒွန်တွဲလျက် ရှိသည်မို့ တစ်နယ်တစ်ကျေ မှ ရောက်ရှိလာပြီး ဘုန်းကြီးကျောင်းတွင် ကပ်၍နေသူ တစ် ယောက်က ဇိမ်ဇာရွာ၏ အချောအလှစာရင်းဝင် မာယာဆိုသည် နှတ်သမီးလေး၏ နေအိမ်သို့ အဝင်အထွက်များနေခြင်း၊ မာယာ နှင့် တပူးပူးတကွဲတွဲ ရှိနေခြင်း စသည်တို့ကို ဇိမ်ဇာရွာသူကြီး ဦးမြေဇာ၏သား ရွှေမိုးတစ်ယောက် နေမထိ ထိုင်မသာ ဖင်ကြား ခဲညှပ် ဖြစ်နေရပါချေပြီကော။

''ငါသိရသလောက်ကတော့ ရွှေမြင်တင်ဘုရားပွဲမှာ မျက်လှည့်ပြရင်း ပုလုံးလေးကို မြွေကိုက်ခံရတာကစပြီး အဲဒီ ဥက္ကာဆိုတဲ့ မြွေနိုင်ဆရာလေးနဲ့ မာယာတို့ ရင်းနှီးခဲ့ကြတာပဲ အဲဒီပွဲမှာ ပုလုံးလေးရဲ့အသက်ကို အဲဒီဥက္ကာဆိုတဲ့ မြွေဆရာက ကယ်တင်ပေးလိုက်တာတဲ့လေ၊ အင်း . . . ဘုရားပွဲကအပြန် သုံး လေးရက်လောက်ကြာတော့ ဥက္ကာဆိုတဲ့ မြွေဆရာတစ်ယောက် တည်း ဟိုမေးဒီမေးနဲ့ မာယာ့ဆီကို လိုက်လာတာတဲ့ အာစရိရေ''

ကျောက်ခဲက သူ၏ရှေ့ မြူအိုးထဲမှ ထန်းရေကို အုန်း မှုတ်ခွက်နှင့် ခပ်ကာ သောက်ရင်း ကျောက်ပေါက်မာသဲ့သဲ့နှင့် သူကြီးသားရွှေမိုးအား ပြောပြနေခြင်း ဖြစ်ပါ၏။ ရွှေမိုးက မကျေ





မနှစ်မျက်နှာဖြင့် လည်ပင်းမှမာဖလာကို ပြင်၍ပတ်လိုက်ရင်း

"ဘာ မြွေဆရာလဲ . . . ဘယ်ကနေ ကလေကလွင့် ရောက်လာတဲ့ကောင်လဲ မသိဘူး၊ ငါ့ရဲ့နယ်မြေထဲကို ကျူးကျူး ကျော်ကျော်ရောက်လာပြီး ငါ့ရဲ့ နှတ်ပန်းမဥ္စူနားမှာ လာပြီးချဉ်း ကပ်ဝံ့တာ ဟင်း . . . ရွှေမိုးအကြောင်းကို မသိသေးဘူးနဲ့ တူတယ်''

'ထောက် . . ခွပ်'

လက်ထဲမှ သောက်လက်စ ဝါးဆစ်ခွက်ကို ဆောင့်၍ ချလိုက်ရင်း ရွှေမိုး ကြိမ်းမောင်းရွတ်ဆိုလိုက်သည်။ သူ၏ ဘွားအေ စုန်းမကြီးဒေါ်ဇာယုကြောင့် သူချစ်ရသူ မာယာလေး အား အဝေးမှသာ အရိပ်တကြည့်ကြည့်ဖြင့် ငေးမောကြည့်နေရ သည့် ရွှေမိုးမှာ နောက်မှ ရောက်လာသည့် ဥက္ကာဆိုသူက သူ့ ထက်အရင် ဦးစွာ ပန်းဝင်သွားမည်ကို မည်သို့မျှမလိုလား မရှု စိမ့်နိုင်ပါပြီကော။

"နေစမ်းပါဦး ကျောက်ခဲရ . . သူ့သမီးရဲ့အနားကို ယင် ကောင်တစ်ကောင်တောင် ကပ်တာမကြိုက်တဲ့ ဟိုစုန်းမကြီးက ဒီတစ်နယ်သား ဥက္ကာကျတော့ ဘယ်လိုဖြစ်ပြီးခွင့်ပြုလိုက်ရတာလဲ ကွ ဟေ''

"ဟ . . . မင်း တော်တော်ဒုံးဝေးတဲ့ကောင်ပဲကိုး၊ ဖို ဖားရွှေကျော်ရွာသား ဂျွန်သူပုန်ယောင်ယောင် ဦးယောနန္ဒာည်း အဲဒီ ဥက္ကာဆိုတဲ့ကောင်က တပူးပူးတတွဲတွဲနဲ့ကွ၊ ခုစနေ့က



www.burmeseclassic.com

www.burmeseclassic.com



တောင် ဦးယောနန့် ဖားရွှေကျော်ရွာဘက်ကို ပါသွားသေးတယ်''

သူကြီးသား ရွှေမိုး၊ ကျောက်ခဲနှင့်ကျော်တိုးတို့က ဖိမ်ဇာရွာကြီးတွင် ဖခင်သူကြီးဦးမြေဇာ၏ အရိုန်အဝါဖြင့် လူစွာလုပ်နေကြသူများ ဖြစ်ကြသည်။ ကျောက်ခဲနှင့်ကျော်တိုးတို့က ရွှေမိုး၏ ညာလက်ရုံးနှင့် ဘယ်လက်ရုံး။ လက်ရဲဖက်ရဲနှင့် သတ်ရဲဖြတ်ရဲ ရိုက်ရဲသူများ ဖြစ်ကြသည်မို့ ဖိမ်ဇာရွာတွင်သာမက ကိုးပင်ရိုး ဆင်စခန်းရွာကြီးများအထိ နာမည်ပေါက် သတင်းကြီးသူများ ဖြစ်ကြသည်။

သူတို့လူစုထဲတွင် အသားညိုညို၊ အရပ်မြင့်မြင့် ကျောက်ပေါက်မာသွဲ့သွဲ့နှင့် ဘိုကေကို ဆီရွှဲရွှဲလူးကာ မျက်နှာဖြူ ဘိလပ်သားများကဲ့သို့ နောက်လှန်ဖြီးတင်ကာ မာဖလာကို လည်ပင်းတွင် စတိုင်ကျကျပတ်ထားသည့် သူကြီးသား ရွှေမိုးက ဆရာတစ်ဆူ ဖြစ်၏။ သူကြီးသားပိပိ ငါးအိမ်စု၊ ဆင်စခန်း၊ ကိုးပင်ရိုး တစ်ဝိုက်တွင် ဩဇာလည်း ရှိသည်။

နောက်ထပ် လူစွာတစ်ယောက်က ကြက်သမား ကျော်တိုး။ ကြက်တိုက်ရာတွင် နာမည်ကြီးသကဲ့သို့ ရန်ဖြစ်ရာတွင်လည်း လက်သံပြောင်လှသည်။ လူက ဝဘိတုတ်ခိုင်ခိုင်၊ ပုပု၊ စိတ်ကြမ်းကိုယ်ကြမ်းသမား။ သူတို့ထဲတွင် ကျောက်ခဲက ယှူရည်လည်သည်၊ ပါးနပ်သည်၊ ကောက်ကျစ်ရမည့်နေရာတွင် မြေခွေးက အဖေခေါ်လောက်သည်။ အကြံဉာဏ် ကောင်းသလောက် အကြံအဖန်ကောင်းသည့်အပြင် လက်ယဉ်သူတစ်ယောက်လည်း





ဖြစ်ပါ၏။ ထန်းရည်မြူးအိုး ငါးအိုးခန့်ကုန်သွားပြီမို့ သုံးဦးသားလျှာသွက်အာသွက် ဖြစ်နေကြသည်။ ရွှေမိုးက လက်ကျန် ထန်းရည်တချို့ကို လက်ခုံနှင့် သုတ်ဖယ်လိုက်သည်။

''ဖွိုး . . . ဒီမှာ ကျောက်ခဲ . . . ဥက္ကာဆိုတဲ့ကောင်ကို မျက်ခြည်မပြတ်စေနဲ့၊ ဒီကောင် ဘာကောင်လဲဆိုတာ ငါသိချင်တယ်၊ ဟိုအဘိုးကြီးကိုလည်း သတိထားဦး . . . သူ့ဟာသူ ဂျွန်မကလို့ နဂါးပါ ခေါ်လာလည်း ရွှေမိုးတို့က ဂရုမစိုက်ဘူး၊ အေး . . . အကွက်ထဲကို ဝင်လာလို့ကတော့ ဟွန်း . . . တစ်ခါတည်း အရေးပိုင်အချုပ်ခန်းထဲ တန်းပြီးပို့လိုက်မယ် . . . ဟင်း ဟင်း''

ရွှေမိုးက တတွတ်တွတ်မှာကြားရင်း ပုဆိုးကို သပ်သပ်ရပ်ရပ် ပြင်ဝတ်ကာ ဆွဲဆန့်လိုက်သည်။ တစ်ဆက်တည်းပင် အင်္ကျီကြယ်သီးများကိုပါ စမတ်ကျကျ ပြင်ဆင်လိုက်သည်။ ထို့နောက် အင်္ကျီလက်ကို နှစ်ဆင့်ပင့်ခေါက်လိုက်ပြီး လက်ဝါး နှစ်ဖက်ကို ပွတ်ကာ သူ၏ ဘိုကေကို နောက်ပြန်၍ နှစ်ခါသုံးခါ သပ်တင်လိုက်ပါ၏။

အားလုံး သပ်သပ်ရပ်ရပ်နှင့် စတိုင်ကျကျ ပြင်ဆင်ပြီးသည်နှင့် သူ၏လက်ရုံးနှစ်ဆူကို ဘယ်ညာခံလျက် ထန်းတောထဲမှ ထွက်ခွာလာခဲ့ပါတော့သည်။ ထိုအချိန်တွင် ဆည်းဆာနေလုံး နီနီကြီးသည် ပဲခူးရိုးမအနောက်ခြမ်းထက်တွင် မေးတင်နိုနေလျက် ရှိပါချေပြီကော။



www.burmeseclassic.com

www.burmeseclassic.com

## စုန်းမကြီးဒေါ်ဇာယုတို့မြေအဘွားနှင့် တွေ့ဆုံခြင်း

အချိန်က မိုးအကုန် ဆောင်းအကူး စပ်ကူးမတ်ကူး ကာလ။

ညို့မှိုင်းအုပ်ဆိုင်းလျက်ရှိသော တောရိပ်တောင်ရိပ်များကြောင့် နေလုံးက ထန်းတစ်ဖျားခန့်ရောက်ရှိနေသည့်တိုင် နေရောင်ခြည်တန်းများက မဝံ့မရဲဖြင့် ထိုးဖောက်ကျဆင်းနေဆဲသာ။

ထိုအချိန်တွင် အစိမ်းပုပ်ရောင် ဂျစ်ကားတစ်စီးက ဇိမ်ဇာရွာကြီး၏ အရှေ့ဘက်ရွာတံခါးမှ နေ၍ ခပ်ဖြည်းဖြည်းနှင့် ဝင်ရောက်လာသည်။ ထိုဂျစ်ကားပေါ်မှာတော့ မကြာခင်ကမှ ပြောင်းရွှေ့ရောက်ရှိလာသည့် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ် အောင်ဒင် အပိုင်ဂါတ်တဲမှ ဌာနအုပ်ဦးထွန်းဆိုင်၊ စာသင်ကြီး တစ်ယောက်နှင့် ဂေါ်ရာစစ်ပုလိပ် သုံးယောက်တို့လက်နက် အပြည့်အစုံဖြင့် လိုက်ပါလာကြသည်။

မကြာမီ ဂျစ်ကားလေးမှာ ဇိမ်ဇာရွာသူကြီးဦးမြေဇာ၏





အိမ်ကြီး ရှိရာ ခြံဝင်းထဲသို့ ချိုးကွေ့ဝင်ရောက်လာပြီး အိမ်ရှေ့တွင် ကားကို စက်သပ်ကာ ရပ်လိုက်သည်။ အိမ်ကြီးပေါ်တွင် အလုပ်ရှုပ်နေကြသည့် သူကြီးဦးမြေဇာတို့ မိသားစုမှာ ခြံထဲသို့ ဂျစ်ကားဝင်လာကတည်းက ပျာပျာသလဲနှင့် အိမ်ရှေ့တွင် ရောက်ရှိနေကြပါ၏။

ဦးစွာ ဂျစ်ကားမောင်းသည့်ဒရိုင်ဘာ ဆင်းလာပြီး ကားတံခါးကို ဖွင့်ပေးလိုက်မှ ဂျစ်ကားရှေ့ခန်းမှ အရပ်မြင့်မြင့် အသားဖြူဖြူနှင့် ယူနီဖောင်းအပြည့်အစုံကို သပ်ယပ်စွာဝတ်ဆင်ထားသည့် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင် ဆင်းလာပါ၏။ သူ၏နောက်မှ ဌာနအုပ်ဦးထွန်းဆိုင်၊ စာသင်ကြီးနှင့် ဂေါ်ရာစစ်ပုလိပ်များ၊ လက်နက်ကိုယ်စီကိုင်၍ ဆင်းလာကြပြီး ချက်ချင်းပင် လုံခြုံရေးအပြည့်ယူလိုက်ကြသည်။ စနစ်တကျ လျှင်မြန်စွာ စစ်ဖိနပ်သံ တဖျောင်းဖျောင်းနှင့် နေရာယူလိုက်ကြပုံကို ကြည့်ကာ သူကြီးဦးမြေဇာတို့မိသားစု ငေးမောမှင်တက်သွားကြသည်။ ခဏကြာမှ သတိဝင်လာကြသည်ထင့် ...။ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်အား ရှိသေသမှုပြုကာ နှုတ်ဆက်စကားဆိုလိုက်သည်။

''ဟို ... ဟို ... အကြောင်းကြားစာရထားပေမယ့် ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ရောက်လာလိမ့်မယ်မထင်လို့ ဆီးကြိုမှုပျက်ကွက်တာ ခွင့်လွှတ်ပေးပါ ဝန်မင်းခင်ဗျား''

သူကြီးဦးမြေဇာ၏ တောင်းပန်စကားကြောင့် ရစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com

အောင်ဒင် ခါးကို အနည်းငယ်ကိုင်းကာ ပီသကြည်မြသော မြန်မာစကားလုံးများနှင့် ပြန်လည် ပြောဆိုလိုက်ပါ၏။

"အိုး ဂေါ့ ... သက်စ်ရိုက် ... ရပါတယ် သူကြီး၊ ကျွန်ုပ်က နယ်မြေအခြေအနေတွေကို လှည့်လည်စစ်ဆေးရင်း လမ်းကလည်း သင့်နေတာနဲ့ ဖိမ်ဇရွာဘက်ကို လှည့်ဝင်လာကြတာ၊ ဘယ့်နှယ့် ... ဒီဘက်မှာ အေးအေးချမ်းချမ်းပဲ မဟုတ်လား သူကြီး"

"အာ ... ဟုတ် ဟုတ် ... ဟုတ်ကဲ့ ... အေး ... အေးချမ်းပါတယ် ဝန်မင်း၊ လာပါ ... ကြွပါခင်ဗျာ၊ ကျွန်တော်မျိုးတို့ တတ်နိုင်သမျှနဲ့ ညှဉ့်ဝတ်ပြုပါရစေဦး"

ထို့နောက်မှာတော့ သူကြီးဦးမြေဇာမှ ခရိုင်ရာဇဝတ်ဝန်ကလေးက ရစ်ချပ်အောင်ဒင်တို့ကို အပေါ်ထပ်တွင် ဘုန်းကြီးပွဲအလား ပြင်ဆင်ကျွေးမွေးညှဉ့်ခံပါလေ၏။ စင်စစ် သူကြီး ဦးမြေဇာသည် ခေတ်ပျက်ကာလတွင် ကိုယ့်ရွာသူကိုယ့်ရွာသားများ ပေါ်တွင် ခပ်ဖိဖိ အုပ်ချုပ်သူဖြစ်သဖြင့် အရေးပိုင်မင်းမှအစ မျက်နှာဖြူစစ်ဗိုလ်များ၏ အရေးပေးမြှောက်စားခြင်းကို ခံရသူဖြစ်သည်။

သူကြီးသား ရွှေမိုးတို့အဖွဲ့ကလည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်လျက် ဤပွဲတွင် သူ၏ဖခင်ဖြစ်သူ သူကြီးမင်းနာမည်ကောင်း ရရှိစေရန်အတွက် ကြိုးစားလုပ်ဆောင်လျက် ရှိကြသည်။ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်သည် ကပြား





တစ်ယောက်ဖြစ်ပြီး အသက်သုံးဆယ်ကျော်ခန့်ရှိကာ လက်ရှိ အိမ်ထောင်မရှိသေးသူတစ်ဦးအဖြစ် အမည်ခံထားသူဖြစ်သည်။ မြန်မာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး လွန်စွာပါးနပ်ကောက်ကျစ်သူ၊ သွေးအေးရက်စက်သူတစ်ယောက်လည်း ဖြစ်ပါ၏။ ထို့အပြင် မြန်မာလူမျိုးတို့၏ အကြောင်းအရာ၊ မြန်မာလူမျိုးတို့၏ စိတ်ဓာတ်တို့ကို ကောင်းစွာနားလည်သိရှိထားပြီး မြန်မာတို့၏ ကုပ်သွေးကို ကျွမ်းကျင်စွာ စုပ်တတ်သော မျက်နှာဖြူ အရာရှိ သွေးစုပ်ဘီလူးကြီးတစ်ကောင် ဖြစ်ပါသည်။

"ဘယ်လိုလဲ သူကြီး ... မြေခွန်လူခွန်တွေ သသသမေ ခွန်တွေနဲ့ သတ်မှတ်ထားတဲ့အခွန်အခတွေ အကျေအလည် ပေးဆောင်ကြတယ်မို့လား၊ အခုတလော သူပုန်လူဆိုးတွေ ဟောဒီနယ်တွေဘက်မှာ တော်တော်လေး ထကြွသောင်းကျန်းကြတယ်လို့လည်း သိထားတယ်၊ အဲဒါ သူကြီးအုပ်စိုးတဲ့ ရွာတွေမှာ ဒီလိုသတင်းမျိုး ကျွန်ုပ်မကြားချင်ဘူး၊ တကယ်လို့ ကြားခဲ့ရင်လည်း သူကြီးကိုယ်တိုင် ကျွန်ုပ်ကို အမြန်ဆုံးအကြောင်းကြားပါ"

ခရိုင်ရာဇဝတ်ဝန်ကလေး၏ ပြတ်သားသောစကားကြောင့် သူကြီးဦးမြေဇာနှင့် သားဖြစ်သူ ရွှေမိုးတို့မှာ ခေါင်းတညိတ်ညိတ်နှင့် တလေးတစား နားထောင်နေကြပါ၏။ စင်စစ် ဖိမ်ဇရွာသူကြီး ဦးမြေဇာမှာ ငါးရွာစားတိုက်နယ်သူကြီးတစ်ယောက်ဖြစ်သည်။ အကျူးအာဏာရ သူကြီးဖြစ်ပြီး ဒါဘာပွဲများတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆုတော်လာဘ်တော်များ ချီးမြှင့်မြှောက်စားရာ၌ ဦးမြေဇာအတွက် နာရီ၊ ငွေဓား၊ သေနတ်၊ နာမည်ကောင်း၊ အမှုထမ်းကောင်း လက်မှတ်များထဲမှ တစ်ခုခုမှမပါရှိခဲ့လျှင် ဒါဘာပွဲမဖြစ်သလောက် အမှုတော်ထမ်းကောင်းခဲ့သော၊ ထက်မြက်သော ဩဇာရှင် သူကြီးတစ်ယောက်လည်း ဖြစ်ပါ၏။

ဦးမြေဇာ၏နေအိမ်သည် တိုက်နယ်သူကြီးရုံးတစ်ခု ဖြစ်သလို နေအိမ်လည်း ဖြစ်ပါ၏။ ကျွန်းတိုင်လုံးကြီးများနှင့် ပျဉ်ထောင်ပျဉ်ခင်း နှစ်ဆောင်ပြိုင်အိမ်ကြီးသည် ကျယ်ဝန်း ကြီးမားခန့်ထည်သလောက် မြို့မှ ရာဇဝတ်ဝန်ထောက်များ၊ အရေးပိုင်များ စသည့် မျက်နှာဖြူအရာရှိကြီးများ နယ်မြေလှည့်လည် စစ်ဆေးခြင်း၊ အခွန်ကောက်ခြင်းများ ပြုလုပ်ခဲ့လျှင် ဝင်ရောက်၍ တည်းခိုရာ နားနေနေကျ အိမ်လည်း ဖြစ်သည်။

ယခုလည်း မြို့ငသာသို့ အထူးတာဝန်ဖြင့် ပြောင်းရွှေ့ ရောက်ရှိလာသည့် အသစ်စက်စက် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်တို့ အဖွဲ့အား လိုလေသေးမရှိ ညွှဝတ်ကျွေးမွှန် ခြင်းကြောင့် ရာဇဝတ်ဝန်ကလေးမှာ တပြုံးပြုံးနှင့် ရှိနေပါချေ၏။

"အင်း . . . ကျွန်ုပ် ဒီရွာကအပြန်မှာ ကိုးပင်ရိုးဘက်ကို လှည့်ပြီး ဝင်ရိုးမှာမို့ သူကြီးအိမ်ကနေ နေ့ခင်းနှစ်နာရီလောက်မှာ ပြန်ထွက်ချင်တယ်၊ သေသေချာချာ စီစဉ်ထားပေးပါ သူကြီး"

"စိတ်ချပါ ဝန်ထောက်မင်း . . . အစစအရာရာ မလစ်ဟင်းစေရအောင် စီစဉ်ပေးထားပါ့မယ် ခင်ဗျာ"





ဤသို့ဖြင့် နေ့ခင်းနှစ်နာရီခန့်တွင် ဖိမ်ဇာရွာမှနေ၍ ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်တို့မှာ ကိုးပင်ရိုးရွာဘက်သို့ ခရီးဆက်ရန် ရွာလမ်းမအတိုင်း ဂျစ်ကားကို မောင်းနှင်ထွက်ခွာလာကြသည်။ ထိုခရီးစဉ်မှာ ရွာစွန်ရှိ ဘွားဓာယု၏ခြံအနီးမှ ဖြတ်သန်းသွားရမည်ဖြစ်ပါ၏။ ဖြစ်ချင်တော့ ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်၏ ဂျစ်ကားမှာ ဒေါ်ဓာယုနှင့် မာယာတို့ နေထိုင်ကြသည့် ခြံဝနှင့်မလှမ်းမကမ်းတွင် စက်ချို့ယွင်းသွားသဖြင့် ဂစ်တန့်သွားခဲ့သည်။

"အိုး ဂေါ့ . . . ဒုန့်ဝါရီ . . . မင်းတို့တစ်တွေ တော်တော်အသုံးမကျတာဘဲ၊ ခရီးဝေးထွက်ရမယ်မှန်းသိရက်နဲ့ ကားစက်ပိုင်းကို ဂရုမစိုက်ဘူး၊ မြန်မြန်လုပ်ကြ . . . မမှောင်ခင် ကိုးပင်ရိုးကို ရောက်မှဖြစ်မယ်၊ ဒီနယ်ဘက်တွေက သူပုန်ဓားပြတွေ ရှိနိုင်တယ်"

"မကြာစေရပါဘူး ဝန်ထောက်မင်း . . . ကျွန်တော်တို့ ဆယ့်ငါးမိနစ်အတွင်း ပြီးစီးအောင် အမြန်ဆုံး ပြုပြင်ပါ့မယ်၊ ဝန်ထောက်မင်းသာ ဟို . . . ဟို . . . ကားပေါ်က ခဏလောက် ဆင်းပြီး ခြေညောင်းလက်ဆန့်လုပ်ပါလား ခင်ဗျာ"

သူကြီးသား ရွှေမိုးနှင့် ကားဒရိုင်ဘာတို့မှာ ချက်ချင်းပင် ကားရှေ့ခေါင်း စက်ဖုံးကို ဖွင့်ကာ စစ်ဆေးရှာဖွေကြည့်ကြသည်။ အချိန်အနည်းငယ်ရသဖြင့် ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်နှင့် ဌာနအုပ် ဦးထွန်းဆိုင်တို့မှာ အနီးဝန်းကျင် လမ်းနံ့သွား



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းစိမ်းစိမ်းတွင် လမ်းလျှောက်ရင်း ဟိုဒီကြည့်ရှုနေကြသည်။

အဝေးဆီမှ မြူငွေ့တိမ်ခိုးများ ယှက်သန်းနေသည့် ပဲခူးရိုးမတောင်ကြောကြီး သည်မှာဘက်တွင် ရှည်လျားသော ဝါးတောကြီးနှင့် စိမ်းစိုနေသော လယ်ကွင်း၊ ယာခင်းများတို့မှ တစ်ဆင့် လေပြည်တွင် တဖျတ်ဖျတ်ရိုက်ခတ်နေကြသည့် ငှက်ပျောတော စိမ်းစိမ်းနှင့် အခြားသီးနှံပင်များ စိုက်ပျိုးထား သည့် စိုက်ခင်းခြံတစ်ခု။

ထိုစဉ် ယာစိုက်ခင်းခြံအလယ်ရှိ ရေတွင်းတစ်ခုတွင် မောင်းလက်တံနှင့် ရေငင်နေသည့် အချိုးအဆစ် ပြေပြစ်တင့်တယ်သော မိန်းမချောလေးတစ်ယောက်။

ရစ်ချပ်အောင်ဒင်၏ အဆင့်ဆင့် ရွေ့လျားလာခဲ့သော မျက်လုံးအစုံက ထိုမိန်းမချောလေးတစ်ယောက်၏ နောက်ပိုင်းအလှတွင် ရပ်တန့်သွားပါလေ၏။ အသားဝါဝါ၊ နက်မှောင်ရှည်လျားသော ဆံပင်ကို နောက်တွဲထုံးထားပြီး ဖျင်အင်္ကျီအမည်းအောက်မှ အချိုးကျသွယ်လျသော ခန္ဓာကိုယ်နှင့် သေးကျဉ်သောခါး၊ မည်းထဘီအောက်မှ ဖွံ့ထွားသော တင်၊ ဖြောင့်စင်းသော ပေါင်တံအလှများဖြင့် မိန်းမချောတစ်ယောက်၏ ရှိသင့်ရှိထိုက်သော ရှုက်ဖိုကြီးငယ်အသွယ်သွယ်ကို ပိုင်ဆိုင်ထားသည့် မိန်းမပျိုတစ်ဦး၏ အလှကို ရစ်ချပ်အောင်ဒင် သတိလက်လွတ် ငေးမောကြည့်နေမိသည်။

ဤသည်ကို သိရှိလိုက်သည့် ဌာနအုပ်ကြီးဦးထွန်းဆိုင်က





မပွင့်တပွင့် ပြုံးလျက် ...

"ဟင်း ဟင်း ဟင်း ... အသီးကတော့ မှည့်ရွှန်းဝင်းပပြီး ချိုသယောင်ယောင် ထင်ရပေမယ့် သူ့အပင်က တကယ့်ကို ခါးလှပါတယ် ဝန်ထောက်ကလေး ... ဟိုမှာကြည့်လိုက်ပါဦး"

ဌာနအုပ်ဦးထွန်းဆိုင်က ကဗျာလိုလို၊ စာလိုလိုနှင့် စကားဦးသန်းကာ သူတို့နှင့် မနီးမဝေးရှိ ခြံဝဆီသို့ မေးဆတ်၍ ပြလိုက်သည်မို့ ရစ်ချပ်အောင်ဒင် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်တွင် ...

"အိုး ဂေါ့ ... ဘုရားသခင် ... အဲ ... အဲဒါ ဘာ ... ဘာလဲ၊ ဟို ... ဟို ... အင်္ဂလိပ်ပုံပြင်စာအုပ်တွေထဲက စုန်း ... စုန်းမကြီးလား ဟင်"

ရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ရစ်ချပ်အောင်ဒင်ပင် လန့်ဖျပ်သွားပါ၏။ ပိန်လှီမည်းညစ်သော ခန္ဓာကိုယ်တွင် အင်္ကျီမပါ၊ ထဘီအမည်းကို ရင်ရှားလျက် ခါးကြီးကိုင်းကာ တောင်ဝှေးကောက်ကောက်ကြီးကို ထောက်လျက် သူတို့နှစ်ဦးမှာ စူးစူးဝါးဝါး ကြည့်နေသည့် အရုပ်ဆိုးဆိုး အဘွားကြီး တစ်ယောက်။

သူ၏ပခုံးထက်တွင် အမွေးဟူ၍ မရှိသလောက်ဖြစ်နေသည့် လင်းတထိပ်နီကြီးတစ်ကောင်ကလည်း သခင့်နည်းတူ အကျည်းတန်အရုပ်ဆိုးလွန်းလှပါ၏။ ထူးခြားသည်က ထိုအဘွားအို၏ မျက်လုံးများပင်တည်း။ ထူးထူးခြားခြား စူးရှလင်းလက်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် မျက်လုံးအကြည့်ကို ရစ်ချုပ်အောင်ဒင်မခံနိုင်။ ချက်ချင်းပင် မျက်နှာလွှဲလိုက်ပါ၏။ ထိုစဉ်မှာပင် ...

''နင်တို့တစ်တွေ ဘယ်သူတွေလဲ၊ ငါ့ခြံနားမှာ လာပြီး ရစ်သီရစ်သီလုပ်နေကြတာ ဘာသဘောလဲ ... ဟေ'

'ဒုန်း'

သူ၏ လက်ထဲမှ တောင်ဝှေးကောက်ကြီးကို မြေပြင်တွင် ဒုန်းခနဲ ထောက်ကာ အသံပြုလိုက်သည်မို့ လင်းတထိပ်နီကြီးပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။ သည်တစ်ခါတော့ ရစ်ချုပ်အောင်ဒင်ပင် အံ့သြတွေဝေသွားပါ၏။ မည်သူ့ကိုမျှ အကြောက်အလန့်မရှိ စူးရဲသော နဂါးမျက်စောင်းမျိုးနှင့် မာန်စောင် ဟစ်အော်နေသည့် အဘွားအိုကြီးကို တုံဏှိဘာဝေ ငေးမောကြည့်နေမိသည်။

ထို့ကြောင့် မနေနိုင်တော့သည့် ဌာနအုပ်ကြီးဦးထွန်းဆိုင်က အဘွားအိုရှေ့သို့ လျှောက်သွားကာ ...

''ဒီမှာ အဘွားကြီး ... အသက်အရွယ်ကြီးသလောက် စကားပြောတာ မောက်မာလှချည်လား၊ ဒါ ဘယ်သူများ မှတ်နေသလဲ ... မြို့သာက ခရိုင်ရာဇဝတ်ဝန်ကလေးဗျ။ တစ်ခါတည်း ဖမ်းချုပ်လိုက်မှ နောင်တတွေရနေမယ် ... ဟွန်း''

''ဘာ ခရိုင်ရာဇဝတ်ဝန်ကလေးလဲ၊ ငါကတော့ ဝန်ကလေးပဲဖြစ်ဖြစ်၊ ဝန်ကြီးပဲဖြစ်ဖြစ် ငါ့ရဲ့ခြံနားကို ကပ်လာရင် မေးမြန်းတားဆီးရမှာပဲ၊ ဖြစ်နိုင်ရင် ဟောဒီ ငါ့ခြံနယ်နိမိတ်ကနေ





လှည့်ပြီးပြန်သွားရင် ကောင်းမယ်''

ခြံဝမှ ဆူဆူညံညံအသံများကြောင့် ရေတွင်းတွင် မောင်းလက်ဖြင့် ရေငင်နေသည့် မိန်းမပျိုလေးမှာ သူ၏ အဘွားအိုရှိရာသို့ အပြေးတစ်ပိုင်းနှင့် ရောက်ရှိလာခဲ့သည်။

''အို ... အဘွား အဘွား ... ဘာတွေဖြစ်နေတာလဲ သူ ... သူတို့က ဘယ်သူတွေလဲ''

အနီးသို့ရောက်မှ မိန်းမပျိုလေး၏အလှက ပို၍ ရင်ခုန်ဖွယ်ရာပင်။ အသားဝါဝါ၊ မျက်နှာသွယ်ယောင်ယောင်၊ နေလောင်ထားဟန်တူသည့် ပါးနှစ်ဖက်က ရဲလျက်။ နဖူးဆံစလေးများတွင် ချွေးသီးလေးများက တွဲခိုကာ ညို့မျက်ဝန်းအစုံက ရွှန်းစိုလင်းလက်နေပါ၏။ နီရဲစွတ်စိုသော နှုတ်ခမ်းဖူးဖူးလေးနှင့် ရင်အုံလေးများက မို့မောက်လုံးဝန်းလျက် ဖျင်အင်္ကျီအမည်းအောက်မှ စိုစိုပိုပို တင်းတင်းရင်းရင်းနှင့် အားလုံးခြုံ၍ဆိုရပါလျှင် ရိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် ချောမောလှပသော မိန်းမချော တစ်ယောက်ဟု ရစ်ချုပ်အောင်ဒင် မှတ်ချက်ချလိုက်ပါလေ၏။

''ဒီမှာ မိန်းကလေး ... မင်းရဲ့အဘွားကို စကားဆင်ခြင်ပြီး ပြောနိုင်းစမ်း၊ အခု မင်းတို့ရှေ့မှာ ရပ်နေတဲ့သူဟာ ငါတို့တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဗြိတိသျှအင်္ဂလိပ်အစိုးရက ခန့်အပ်တာဝန်ပေးထားတဲ့ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချုပ်အောင်ဒင်ဆိုတာပဲ၊ ကိုင်း ... သိပြီလား မိန်းကလေး''

ရစ်ချုပ်အောင်ဒင်၊ ခရိုင်ရာဇဝတ်ဝန်ကလေး၊ မျက်နှာဖြူ



www.burmeseclassic.com

www.burmeseclassic.com



အစိုးရ၏ ပြန်တမ်းဝင်ကာပြားအရာရှိတစ်ဦးဆိုသည့် မျက်နှာဖြူ အရာရှိကို မာယာစူးစူးနစ်နစ် ကြည့်လိုက်ပါ၏။ ယခုအချိန်ထိ တိုင် ရစ်ချပ်အောင်ဒင် လုံးဝစကားပြောဆိုခြင်း မရှိသေးပါ။ မိန်းမချောလေးမာယာကိုသာ ငေးမောကြည့်ရှုနေသည် မဟုတ် ပါလား။

ရုတ်တရက် မာယာမှာ အကြည့်ကိုလွှဲလိုက်ပြီး ဌာနအုပ် ကြီး ဦးထွန်းလှိုင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

''အဘွားနေ့ပတ်သက်ပြီး ဖြစ်ခဲ့သမျှကို မာယာ တောင်း ပန်ပါတယ် ဌာနအုပ်မင်း ... မာယာတို့ကို သွားခွင့်ပြုပါ''

ထို့နောက်မှာတော့ မာယာမှာ သူ၏ အဘွားဖြစ်သူကို တယုတယ ဆွဲခေါ်သွားပြီး တဲအိမ်ဆီသို့ ကျောခိုင်းထွက်ခွာသွား ပါလေ၏။

မိန်းမကျမ်းကြေကာ မိန်းမများစွာနှင့် တွေ့ကြုံခဲ့ရပြီး ဖြစ်သော ရစ်ချပ်အောင်ဒင်မှာ တောပန်းတစ်ပွင့်နှယ် လန်းဆန်း လှပနေသည့် မာယာ့အပေါ် တစ်ခဏတာမျှ မြင်ရုံဖြင့် အသည်း ထဲထိတိုင် စူးနစ်ဝင်ရောက်သွားသည်ကိုတော့ မည်သူမျှ မသိနိုင် ကြပါချေပြီတည်း။



အသင်ဂိုဏ်းဘုန်းတိုင်းအမှာ

စင်စစ် သာယာဝတီအရှေ့ဘက် ဖားရွှေကျောင်းတောင်ဘက် ရွာမှ ဆရာစံ၏ လက်ပညာရှင်း ဦးယောနသည် သိုင်းဆရာ တစ် ယောက် ဖြစ်ပါ၏။ ဆိုရလျှင် ဦးယောနသည် မျိုးချစ်စိတ်ကြီးသူ လည်း ဖြစ်သည်။ မြန်မာ့မြေပေါ်တွင် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တို့ (၁၂၄၇) ခုနှစ်မတိုင်မီကာလ၌ ဝင်ရောက်ကျူးကျော်အုပ်စိုးခဲ့ရသည့် အချိန်မှစ၍ ကျေနပ်ခြင်း လုံးဝမရှိခဲ့။

''အင်း ... ပြောရရင်တော့ ဒီကောင်တွေဟာ ငါတို့ မြန်မာပြည်ကို မတရားသဖြင့် အဓမ္မစစ် သုံးကြိမ်သုံးခါတိုက်ပြီး ထင်သလို ခြယ်လှယ်ပြီး ကုပ်သွေးစုပ် အုပ်ချုပ်ခဲ့ကြတာကွယ့်၊ အဲဒါကြောင့် ဒီကုလားဖြူနယ်ချဲ့တွေကို တော်လှန်တိုက်ခိုက်ဖို့က ယောက်ျားမှန်ရင် ယိုးကွင်းမင်ကြောင်နဲ့ အမျိုးချစ်တဲ့စိတ်ရှိပြီး အနည်းဆုံးတော့ မြန်မာ့ရိုးရာသိုင်း၊ ဓန်တို၊ ဓန်ရှည်၊ ဓားသိုင်း၊ လှံသိုင်း၊ တုတ်သိုင်းလောက်ကိုတော့ အခြေခံနားလည်ပြီး တတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းထားဖို့ လိုတယ် မောင်ဥက္ကာ''

အလ်တောင်လျှို့ဝှက်စခန်းတွင် ဂျပန်တပ်သားများကို ဓားသိုင်းပညာရပ်ကို သင်ကြားပေးရင်း ဦးယောနက စိတ်ဓာတ်ရေးရာပါ မြှင့်တင်ပေးနေခြင်း ဖြစ်ပါ၏။ ဦးယောနမှာ ဓားရေးလွန်စွာကောင်းသူ တစ်ယောက်ဖြစ်သည်။ ခေတ်ကာလမကောင်း၍ သူ့ကျွန်ဘဝသို့ ရောက်နေရသော်လည်း ရင်ထဲအသည်းထဲမှ ဇာတိသွေးဇာတိမာန်နှင့် မျိုးချစ်စိတ်တို့က ဖုံးဖိချိုးနှိမ်၍ မရ။ သူကိုယ်တိုင်တတ်ကျွမ်းသော မြန်မာ့ရိုးရာ ကိုယ်ခံသိုင်းပညာရပ်များကို အလျဉ်းသင့်သလို သင်ကြားဖြန့်ဖြူးပေးနေခြင်း ဖြစ်သည်။

''ငါတို့ရဲ့ မြန်မာ့ရိုးရာသိုင်းပညာဟာ အနိုင်အထက်ပြုဖို့ချည်းသက်သက်အတွက် မင်းတို့ကို သင်ပေးနေတာ မဟုတ်ဘူး။ အမျိုးဘာသာသာသနာကို နှောင့်ယှက်ဖျက်ဆီးသူတွေကို ခုခံတော်လှန်ဖို့ ကိုယ်ရေးကြုံခဲ့ရင်တောင် ကိုယ့်ကို မျက်ရည်ပေါက် ကြီးငယ်ကျအောင် အမျိုးမျိုးစော်ကားမှသာ ဒီပညာကို သုံးပြီး ခုခံတိုက်ခိုက်သင့်တာ၊ တစ်ပါးသူကို ဒီပညာနဲ့ အနိုင်ကျင့်စော်ကားတာမျိုးတွေ မပြုလုပ်ရဘူး၊ အထူးသဖြင့် ကံငါးပါးကို လုံခြုံအောင် ထိန်းသိမ်းရမယ်၊ သီပေါမင်းပါတော်မူပြီးခဲ့တဲ့ နောက်ပိုင်း နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကြောင်းတွေကို ပြန်ကြည့်ရင် တော်လှန်ရေးသမားတွေဟာ နယ်ချဲ့ကုလားဖြူမိစ္ဆာတွေကို ဒီဓားနဲ့ပဲ ခုခံတော်လှန်ခဲ့ကြတာပဲ၊ ငါတို့ကလည်း ဒီကုလားဖြူ





မိစ္ဆာတွေရဲ့ ခေါင်းကို ဟောဒီမြန်မာ့ဓားနဲ့ပဲ ဖြတ်ယူကြရမှာပဲ ဟေ့ . . . ကြားကြရဲ့လား''

''ကြားပါတယ် ဆရာကြီး''

ထိုကဲ့သို့ ဓားရေးပညာ၊ စိတ်ဓာတ်ရေးရာတို့ကိုပါ ဦးယောနသည် သူ၏ တော်လှန်ရေးရဲဘော်များအား ရိုက်သွင်း၍ အလ်တောင်လျှို့ဝှက်စခန်းတွင် စနစ်တကျ သင်ကြားပေးခဲ့သည်။ ထို့ကြောင့်လည်း အင်္ဂလိပ်ကုလားဖြူဂေါ်ရာ စစ်သားများနှင့် ဂျပန်တပ်သားတို့ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ရတိုင်း မြန်မာတို့၏ ဓားစွမ်းကြောင့် ရန်သူကုလားဖြူတို့၏ ဦးခေါင်းများက ရိုးပြတ်လယ်ကွင်းများကြားတွင် ဖွေးဖွေးလှုပ်ခဲ့ရသည် မဟုတ်ပါလား။

ထိုကဲ့သို့ ဦးယောနနှင့်အတူ အားလပ်ရက်များတွင် အလ်တောင်သို့ လိုက်သွားကာ ဓားသိုင်းပညာရပ်များ သင်ယူခြင်း၊ မာယာနှင့်မြိုင်သာမြို့ပေါ်တွင် မျက်လှည့်ပွဲများ လိုက်လံဖျော်ဖြေပြသခြင်းဖြင့် ဥက္ကာ အလုပ်များနေသည့်အချိန်တွင် သူကြီးသား ရွှေမိုးတို့နှင့် ညနေခင်းတစ်ခုတွင် ထိပ်တိုက်ဆုံတွေ့ခဲ့ကြပါလေ၏။

ထိုနေ့က ဥက္ကာမှာ ဦးယောနနှင့် လိုက်ပါသွားခဲ့သဖြင့် မာယာနှင့်အတူ မျက်လှည့်ပြပွဲသို့ လိုက်ပါသွားနိုင်ခြင်း မရှိခဲ့။ ထို့ကြောင့် မာယာတို့ ပြန်အလာကို ဖိမ်ဖာရွာထိပ်မှ စောင့်ကြိုရန် တစ်ယောက်တည်း ထွက်လာခဲ့သည်။

တိုက်ဆိုင်ချင်တော့ ထိုအချိန်တွင် ရွှေမိုးတို့လူစုက ထန်း



www.burmeseclassic.com

www.burmeseclassic.com



တောမှ ထန်းရှည်သောက်ကာ ပြန်လာကြသည့်အချိန် ဖြစ်နေပါလေ၏။ ရွာလမ်းမှဖဲ့ကာ ချိုးကွေ့လျှောက်လာသည့် ဥက္ကာကို ကျောက်ခဲက မြင်တွေ့သွားသဖြင့် ရွှေမိုးကို တံတောင်ဖြင့် တွက်ကာ အသိပေးလိုက်ပါ၏။

"ရှူး . . . ဟို . . . ဟိုမှာ အာစရိ . . . ဘုန်းကြီးကျောင်းမှာ ကပ်နေတဲ့ကောင်လေ"

ကျောက်ခဲက ညွှန်ပြသဖြင့် ရွှေမိုး လှမ်းကြည့်လိုက်တော့ လှည်းလမ်းကြောင်းအတိုင်း လျှောက်လာနေသည့် ဥက္ကာကို မြင်လိုက်ရသည်။ ချက်ချင်းပင် ရွှေမိုး၏မျက်လုံးများက အရောင်ပြောင်းသွားကြသလို ယိမ်းယိုင်နေသည့် ခြေထောက်များက ဥက္ကာရှိရာသို့ . . . ။

"ဟော့ . . . ဟော့ . . . ဟော့ကောင်"

ရိုင်းပျရင့်သီးသော ခေါ်သံများနှင့်အတူ ဥက္ကာရှေ့သို့ အရိပ်သုံးခု ဖျတ်ခနဲ ရောက်ရှိလာကြသည်။ ဥက္ကာ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ သူကြီးသားရွှေမိုးတိအုပ်စုကို ထန်းရည်နံ့ တထောင်းထောင်းနှင့် တွေ့မြင်လိုက်ရသည်။ ရန်လိုသောပုံစံများကို တွေ့မြင်လိုက်ရသဖြင့် ဥက္ကာ ရှောင်ထွက်ရန်ကြိုးစားလိုက်၏။

"ဟော့ကောင် . . . နေဦး . . . မင်းကို ငါ သတိပေးစရာ ရှိသေးတယ်"

ရွှေမိုး၏မျက်နှာက မချိုမချဉ်နှင့် ဥက္ကာအနီးသို့ တိုးကပ်လာသည်။ ကျန်နှစ်ယောက်ကလည်း တြိဂံပုံစံဖြင့် ချဉ်းကပ်လာကြသည်မို့ ဥက္ကာ ခြေကို မသိမသာခွဲကာ အခြေအနေကို စောင့်ကြည့်နေပါ၏။

"နေပါဦး . . . မင်းတို့က သတိပေးရအောင် ငါက ဘာတွေများ ဖြစ်နေလို့လဲ"

"အိုး ဟိုး ဟိုး . . . သိရမယ်လေ . . . အခုပဲ သိရမှာပေါ့၊ ဘာဖြစ်လို့ ဆန္ဒတွေစောနေရတာလဲ အုတ်ခဲရဲ၊ အဲ . . . အဲ . . . ဥက္ကာရဲ့ . . . ဟင်း ဟင်း"

အခြေအနေကတော့ သိပ်မကောင်း။ ညနေစောင်း ထန်းတောက အပြန်မို့ ရွှေမိုးတို့လူစု လှာသွက်အာသွက် ဖြစ်နေကြပါ၏။ ထို့ထက် လက်သွက်ခြေသွက်ဖြစ်လာခဲ့လျှင် ကာကွယ်နိုင်ရန်အလို့ငှာ ဥက္ကာ ပြင်ဆင်လိုက်သည်။

"ဒီလိုကွာ . . . မင်း ဒီနေ့ကစပြီး မာယာတို့အိမ်ကို သွားစရာ မလိုတော့ဘူး၊ မာယာနဲ့လည်း စကားပြောစရာ မလိုတော့ဘူး၊ ကုန်ကုန်ပြောလိုက်မယ်ကွာ . . . မာယာရဲ့အနားကိုလည်း ကပ်စရာမလိုတော့ဘူး ဥက္ကာ"

"ဒါက ငါ့ရဲ့ကိစ္စပါ ရွှေမိုး . . . မင်း အမိန့်ပေးစရာ မလိုပါဘူး"

"ဟာကွာ . . . ဒီကောင်"

'ဖောင်း'

ဥက္ကာ၏ မချေမငံစကားကြောင့် ရွှေမိုး ဒေါသပေါက်ကွဲသွားသည်ထင့် . . . ။ သူ့ရှေ့မှ ဥက္ကာ၏မျက်နှာအား ဖောင်းခနဲ







www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရိုက်ချလိုက်သည်။ ဥက္ကာမှာ မမျှော်လင့်ဘဲ အလစ်အငိုက်မိသွားသဖြင့် မျက်လုံးထဲတွင် ကြယ်တွေလတွေပါ မြင်တွေ့လိုက်ရသည်။ တစ်ချိန်တည်းမှာပင် . . .

'ဖောင်း' . . 'အင့်'

'ခွပ် . . ဖျောင်း'

'အင့် . . အု'

နောက်ဘက်မှ ကျော်တိုးက ဥက္ကာအား ဆောင့်ကန်လိုက်ရာ ရှေ့သို့ စိုက်ကျသွားစဉ် ကျောက်ခဲက ဥက္ကာနံစောင်းဆီသို့ လက်သီးနှင့် ပစ်ထိုးလိုက်သည်။ ရှူးခနဲ ပါးစပ်မှ လေများပင် ထွက်ကာ ဝေဒနာကို နာကျင်စွာ ခံစားလိုက်ရပါ၏။ ဥက္ကာမှာ ကုန်းကုန်းကွကွ ဖြစ်သွားသည့် ခန္ဓာကိုယ်ကို ဟန်ချက်ထိန်းကာ အားယူ၍ မတ်မတ်ရပ်ကာ အံကြိတ်လိုက်သည်။ လက်သီးအစုံက ကျစ်ကျစ်ပါအောင်ဆုပ်လျက် ရင်မှဒေါသအရှိန်သည် ပေါက်ကွဲထွက်ကျလုလု အချိန် . . .။

ဦးယောန၏ စကားသံအချို့က ဥက္ကာ၏နားထဲသို့ လျှပ်စီးလက်သလို ဝင်လာခဲ့သည်။

"မြန်မာ့ရိုးရာသိုင်းပညာရပ်ဟာ သူတစ်ပါးကို အကျိုးမဲ့ နိုင်လိုမင်းထက် စော်ကားတဲ့ပညာရပ် မဟုတ်ဘူး။ သူတစ်ပါးက ကိုယ့်ကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် စော်ကားလာခဲ့ရင်တောင် အတတ်နိုင်ဆုံး သည်းခံရမယ်၊ မလွှဲမရှောင်သာမှ ပြန်ပြီးခုခံရမယ် ဥက္ကာ"





"ဘာလဲ ဟော့ကောင် . . . မင်းက ငါလိုတိုက်နယ်သူကြီးသားတစ်ယောက်ကို ပြန်ပြောစရာ အဆင့်လားကွ . . . ဟေ၊ မင်း လူမိုက်လား . . . ဂျွန်သူပုန်လားကွ"

'ဖောင်း . . ခွပ် . . ဖျောင်း'

'အင်း . . အူး'

'ဖောင်း'

သုံးယောက်သား ထန်းရည်မူးမူး၊ ဒေါသမူးမူးနှင့် ဥက္ကာကို ငါးဖယ်တေသလို ဝိုင်း၍တေကြသည်။ ဥက္ကာ ဝမ်းဗိုက်တစ်ခုလုံး နာကျင်စွာ ခံစားနေရသည်။ နှုတ်ခမ်းများပင် ဖူးရောင်ပေါက်ပြဲလျက် သွေးများပင် ထွက်ကျလာပါ၏။ မျက်နှာပြင်တစ်ခုလုံးလည်း ရောင်အန်းလာပြီး မျက်ရည်များပင် စီးကျလာခဲ့သည်။

"ကိုင်း . . . တစ်ရွာကလာပြီး လူစွာလုပ်ချင်ဦးကွာ"

'ဖျောင်း . . ခွပ် . . ဖောင်း'

'အင့် . . အူး'

ထိုစဉ် ကျောက်ခဲက လမ်းဘေးရှိ သစ်ကိုင်းကျိုးတစ်ခုနှင့် ဥက္ကာ၏ ဦးခေါင်းအား ဖြတ်၍ရိုက်ချလိုက်စဉ် . . .

"ဟိတ် . . ယား . . ဖောင်း'

"အား"

"ဟာ မာယာ"

မမီလိုက်တော့။ ဥက္ကာ၏ဦးခေါင်းမှာ သွေးများ ဖြာစီးကျသွားစဉ်မှာပင် ကျောက်ခဲ၏ခန္ဓာကိုယ်ကြီးမှာ ပျံဝဲလာသော



www.burmeseclassic.com

www.burmeseclassic.com

အရိပ်တစ်ခု၏ အဖြောင့်ကန်ချက်ကြောင့် လမ်းဘေးသို့ လွင့်စဉ်သွားပါတော့သည်။

မြန်လိုက်သည့်ဖြစ်ခြင်း။ လျှပ်စီးလက်သလို ပြက်သွားသည်။ မှန်တိုင်းတစ်ခုလို တိုက်ခတ်သွားသည်။ ဖောင်းခနဲ ရိုက်ချက်နှင့်အတူ ကျော်တိုး လှည်းလမ်းကြောင်းထက်သို့ မှောက်ကျသွားပါ၏။

'ဖောင်း ‥ အား ‥ ဘုန်း'

ကျားသစ်တစ်ကောင်နှယ် ခုန်ပျံတိုက်ခိုက်လာသည့် အရိပ်ရှင်ကို ရွှေမိုး ထိတ်လန့်တကြား လှည့်ကြည့်လိုက်တော့ ရှမ်းဘောင်းဘီအနက်၊ ဖျင်အင်္ကျီအနက်နှင့် မြွေဟောက် တစ်ကောင်နှယ် မာန်စောင်နေသည့် မာယာ့ကို အံ့သြထိတ်လန့်စွာ တွေ့လိုက်ရသည်။

"ဒါ ဘာလုပ်တာလဲ ရွှေမိုး ... ငါ့ညီသည်ကို နင်တို့က အုပ်စုနဲ့ အနိုင်ကျင့်တဲ့သဘောလား၊ ဒီလိုဆိုရင်တော့ ငါနဲ့ အရင်လာပြီး ယှဉ်လှည့်ကြ"

မျက်လုံးသေတ္တာထမ်းလာသည့် ပုလုံးလေးထံမှ မျက်လှည့်သုံး မားရှည်တစ်ချောင်းကို ဖျတ်ခနဲဆွဲယူကာ ရင်ဆိုင်လိုက်သည့်သွင်ဟန်က နဂါးတစ်ကောင်သာဆိုလျှင် ရွှေမိုးတို့လူစု နေရာတွင်ပင် ပြာကျသွားနိုင်လောက်သည်ထင့် ...။

ဒေါသပြင်းပြင်းနှင့် ဝင်ရောက်လာသည့် မာယာကြောင့် ရွှေမိုးတစ်ယောက် မျက်စိမျက်နှာပျက်သွားကာ သူ၏ လက်ရုံးနှစ်ယောက်ကို ဆွဲကိုင်ထူမလိုက်ရင်း ...

"ဘယ်ကိုမှ ရှောင်ထွက်မသွားနဲ့ ဥက္ကာ ... မကြာခင် ငါ့အကြောင်းကို သိရစေ့မယ်၊ ဟင်း ... တောက်"

ရွှေမိုးတစ်ယောက် ဥက္ကာ၏ မျက်နှာအား စူးစူးရဲရဲ ကြည့်ကာ ကြိမ်းမောင်းဆဲဆိုရင်း သူ၏ လူနှစ်ယောက်ကို တွဲကာ ထိုနေရာမှ ကျောခိုင်းထွက်ခွာသွားပါလေတော့သည်။ ထိုအခါမှ ဦးခေါင်းတွင် အရိုက်ခံရ၍ သွေးများယိုစီးကျနေသည့် ဥက္ကာအား ဖိုးရိမ်တကြီး တွဲထူကာ ...

"ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ် ... ဒီကောင်သုံးကောင် အနိုင်ကျင့်တာကိုများ ငုံ့ပြီးခံနေရတယ်လို့ အစ်ကိုရယ်၊ ကြည့်စမ်းပါဦး ... မျက်နှာတစ်ခုလုံးလည်း ဖူးရောင်ပေါက်ပြဲနေတာပဲ၊ ခေါင်းကဒဏ်ရာကလည်း ဘယ်လောက်တောင် ထိသွားသလဲ မသိဘူး၊ ဟင်း ... တောက် ... နေနှင့်ဦးပေါ့ ရွှေမိုးရယ်၊ နင်တို့ မိုးကောင်းတုန်းတော့ ရွာထားကြဦးပေါ့"

မာယာမှာ ဒေါသတကြီးနှင့် တတွတ်တွတ် ပြောဆိုရင်း ဥက္ကာကို တွဲကာ နေအိမ်သို့ ပြန်လာခဲ့ကြပါတော့သည်။ ထိုအချိန်တွင် ဝင်လုဆဲ နေလုံးနီနီကြီးသည် တောင်စွယ်တွင် တဖြည်းဖြည်း နိမ့်ဆင်းကျသွားကာ မကြာမီ စုန်းစုန်းနစ်မြုပ်သွားပါလေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၅ ]

## ကံကြမ္မာ၏ သားကောင်များ

### မှန်တိုင်းအဆင့် လေအဝင်

'ချစ်ခြင်းအစ မျက်စိက' ဟု ဆိုရိုးစကား ရှိထားခဲ့သော်လည်း မာယာနှင့် ဥက္ကာတို့အဖို့မူကား 'ချစ်ခြင်းအစ သံယောဇဉ်က' ဟု ဆိုရမည့်ကဲ့သို့ ဖြစ်နေပါ၏။ စင်စစ် မာယာဆိုသည်က ချစ်စရာကောင်းသော၊ လှပသော မြွေအလမ္ပာယ်ဆရာမလေးတစ်ယောက်ဖြစ်သည်။ မျက်နှာရုပ်ရည်သွင်ပြင်နှင့် ကိုယ်ဖနဟန်ထားမှာ ကြော့ရှင်းပြေပြစ်သူဖြစ်ပြီး ရှမ်းသွေးစပ်သူပီပီ အသားဝါရွှေသွေးနှင့် အချိုးကျကျလှပသူ ဖြစ်ပါ၏။

ယခုကဲ့သို့ မျက်လှည့်ပဒေလက်၊ မြွေအလမ္ပာယ်ပညာရပ်များနှင့် 'ဆယ့်နှစ်ကြိုးမာယာ' ဟူ၍ နယ်လှည့် မျက်လှည့်ဆရာမလေးတစ်ယောက်အဖြစ် သတင်းကြီးလာသည့်အချိန်မှာတော့ ဥက္ကာနှင့်တွဲဖက်ကာ နယ်ချဲ့ ကုလားဖြူအစိုးရ၏ သတင်းအချက်အလက်များကို ပူးတွဲကာ စုံစမ်းခဲ့ကြသည်။ ထို့နောက်





ရရှိလာသည့် စစ်ရေးသတင်းအချို့ကို ဦးယောနမှတစ်ဆင့် ဂျွန်ဘပ်သားများထံ သတင်းပို့ပေးခဲ့သည်။

ထိုလျှို့ဝှက်စစ်ရေးသတင်းများကြောင့် ဆရာစံဦးဆောင်သည့် တောင်သူလယ်သမား ဂျွန်တပ်သားများမှာ ကုလားဖြူဂေါ်ရာစစ်သားများအား အလစ်အငိုက်များတွင် ချုံခို၍ တိုက်ခိုက်နိုင်ကြသည် မဟုတ်ပါလား။ ရွာများမှ အခွန်ဘဏ္ဍာငွေများကို ကြားဖြတ်၍ တိုက်ခိုက်ယူငင်ခြင်း၊ လက်နက်ခဲယမ်းများပါ အပိုင်သိမ်းယူနိုင်ခြင်း၊ ထို့ပြင် မျက်နှာဖြူအရာရှိကြီးများပါရှိခဲ့လျှင် ခေါင်းဖြတ်သတ်ခြင်း စသည်တို့ကြောင့် သာယာဝတီခရိုင်ထဲတွင် ဂျွန်ဆရာစံ၏သတင်းက နာမည်ကြီး သတင်းကျော်ကြားလျက်ရှိပါလေ၏။

သည်အရေးကိစ္စများထဲတွင်မှ ဝါသနာတူ၊ စိတ်ဓာတ်ခ ရင်းခံ တူညီသည့်အပြင် လုပ်ဖော်ကိုင်ဖက်များသဖွယ် ဖြစ်နေကြသည့် ဥက္ကာနှင့်မာယာတို့ နှစ်ဦး ချစ်မေတ္တာမျှခဲ့ကြသည်မှာ ...ည်သို့မျှ မဆန်းပါလေတော့။ ဘွားအေဖြစ်သူ ဒေါ်ဇာယုမှာလည်း ...ည်သို့မျှ ဝင်ရောက်စွက်ဖက်ခြင်း မရှိသဖြင့် ဥက္ကာနှင့်မာယာတို့ ... ချစ်လမ်းခရီးမှာ ဖြောင့်ဖြူးသာယာလှပလျက် ရှိနေပါသည်။ ...စဉ် အချိန်ကာလများကမူ သူတို့နှစ်ဦး၏ ချစ်မေတ္တာခရီးလမ်း ...သည် အနှောင့်အယှက်ကင်းကင်းနှင့် အေးချမ်းဖြောင့်ဖြူးလိမ့် ...ည်ဟု ထင်မှတ်ယုံကြည်ခဲ့ကြသည်။

သို့သော် လူ့ဘဝ၊ လူ့ကမ္ဘာ အထူးသဖြင့် အချစ်အမုန်း၊



www.burmeseclassic.com

www.burmeseclassic.com



အာဃာတ၊ အငြိုးအတေး စသည်တို့ဖြင့် လွန်စွာမှ ရှုပ်ထွေး ပွေလီလှသည့် လူ့ဘဝ၊ လူကမ္ဘာထဲတွင် မည်သည့်အရာမှ တစ်သမတ်တည်း မသွားပါ။ ဆိုရပါမူ လူ့ဘဝကကြမ္မာသည် မြားပြေးသကဲ့သို့ တဖြောင့်တည်း မသွား၊ လှိုင်းလုံးများကဲ့သို့ နိမ့်ချည်မြင့်ချည်၊ မြုပ်ချည်ပေါ်ချည်နှင့်သာ သွားလေ့ရှိသည်ကို ချစ်သူနှစ်ဦး မေ့လျော့နေကြရာသည်ထင့်။

တစ်နေ့ . . . ၊ ထိုတစ်နေ့သည် မာယာတို့၏ အေးချမ်း သာယာသော ဘဝလေးကို သောကမုန်တိုင်း ဝင်ရောက်မွှေသော နေ့ သို့မဟုတ် ရိုင်းစိုင်းရက်စက်လှသည့် ကြမ္မာမုန်တိုင်းက ဒေါ သမာန်ဟုန်ပြင်းစွာဖြင့် ကဆုန်စိုင်း၍ ဝင်ရောက်မွှေနှောက်ခဲ့ သော နေ့တစ်နေ့ဟု ဆိုပါလျှင် . . .

သာယာဝတီခရိုင် မြို့င်သာမြို့တွင် နောက်ထပ် ပြောင်း ရွှေ့ ရောက်ရှိလာသည့် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချ အောင်ဒင်အား ဂုဏ်ပြုကြိုဆိုညစာခံပွဲက ယခုလာမည့် တနင်္ဂနွေ နေ့တွင် ကျင်းပပြုလုပ်ကြမည် ဖြစ်ပါ၏။ အဆိုပါ မျက်နှာဖြူ ခရိုင်ဝန်ထောက်ကလေး၏ ညစာခံပွဲတွင် 'ဆယ့်နှစ်ကြိုးမာယာ မျက်လှည့်ပွဲကို ညစာခံဖျော်ဖြေရန် တိုက်နယ်သူကြီး ဦးမြေဇာ တစ်ဆင့် မှာယူဆင့်ခေါ်ခဲ့ခြင်းက ထူးခြားမှုပေါ်စခုပင်တည်း။

ထိုညစာခံပွဲသည် မျက်နှာဖြူအရာရှိကြီးများ၊ အစိုး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်ကြီးများ။ နယ်ချဲ့အလိုတော်ရိများ သက်ဆိုင်ရာဌာန အကြီးအကဲများပါ တက်ရောက်ကြမည့် ညစာ





ပွဲ ဖြစ်သဖြင့် စစ်ဘက်နှင့်ပတ်သက်သည့် သတင်းများနှင့် အခြား သတင်းအချက်အလက်များပါ ရရှိနိုင်မည့်အပြင် မျက်နှာဖြူ အရာရှိ အသိုင်းအဝိုင်းနှင့် ဝင်ဆန့်နိုင်ခဲ့လျှင်လည်း အကျိုးမယုတ် နိုင်ဟု ဦးယောနနှင့်ဥက္ကာတို့က တိုက်တွန်းခဲ့ခြင်းကြောင့် မာယာ လက်ခံခဲ့ရခြင်း ဖြစ်သည်။

မာယာ၏ သဘောဆန္ဒအတိုင်းသာဆိုလျှင် ထိုညစာခံပွဲ တွင် မဖြေဖျော်ချင်ပါ။ အကြောင်းမှာ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်၏ ရမ္မက်ဖုံးသော မျက်လုံးတို့ကို မကြိုက်၍ ဖြစ်သည်။ ဤကဲ့သို့သော မျက်နှာပိုင်ရှင်များသည် ကောက်ကျစ် စဉ်းလဲတတ်ခြင်း၊ သွေးအေးရက်စက်တတ်ခြင်းဟူသော သဘော သရားများ ရှိသည်ဟု လူကဲခတ်ပညာအရ မာယာကြိုတင်၍ ခန့်မှန်းရိပ်စားမိပါ၏။

ဟုတ်သည်။ ကပြားကောင် မျက်နှာဖြူအရာရှိ ခရိုင်ဝန် ရစ်ချပ်အောင်ဒင်သည် မာယာကို တွေ့မြင်လိုက်ရကတည်းက မာယာ၏ အလှကို မျက်စိကျခဲ့ပြီး နွားသိုးကြိုးပြတ်နယ် ဖြစ်ခဲ့ ရသည် မဟုတ်ပါလား။ ထို့ကြောင့် ဖိမ်ဖာတိုက်နယ်သူကြီး ဦးမြေဇာမှတစ်ဆင့် မာယာ၏သတင်းကို စုံစမ်းစေခဲ့သည်။ ထို ကိစ္စများကို မာယာတို့လူစု မည်သူမျှ မသိရှိလိုက်ကြ။ မျက်နှာဖြူ အရာရှိများ၏ နည်းမျိုးစုံဖြင့် မာယာ၏ကိစ္စအဝဝကို တိတ်တ ဆိတ် လျှို့ဝှက်စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ညစာခံပွဲပြုလုပ်သည့် တနင်္ဂနွေနေ့ ညနေခင်းမှာတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ပစ္စည်းများနှင့်အတူ မာယာနှင့်ပုလုံးလေးတို့အား တိုက်နယ်သူကြီး ဦးမြေဇာကိုယ်တိုင် မြိုင်သာထိတိုင် လိုက်လံ ပို့ဆောင်ပေးခဲ့သည်။

"အစီအစဉ်အရ မာယာက မျက်လှည့်ပညာနဲ့ ဖျော်ဖြေနေတုန်းမှာ ဥက္ကာက အပေါ်ထပ်က မျက်နှာဖြူကောင်ရဲ့ ရုံးခန်းထဲကို တိတ်တဆိတ် ဝင်မွှေပြီး သတင်းယူရမယ်၊ ကျုပ်နဲ့ ရဲဘော်ငါးဦးက ရစ်ချပ်အောင်ဒင်ရဲ့ အိမ်နောက်ဘက်မှာ အဆင်သင့် ရှိနေကြမယ်၊ ပိုပြီး အဆင်ပြေတာက ဧည့်ခံပွဲက ညအချိန်ဆိုတော့ ဥက္ကာ ပိုပြီး လှုပ်ရှားရလွယ်တာပေါ့၊ ကိုင်း . . . ဘာမေးစရာ ရှိကြသလဲ"

"မရှိတော့ပါဘူး ဦးကြီးယောန၊ အရေးကြီးတာက ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုမှာ မာယာနဲ့မပတ်သက်မိအောင် ဂရုစိုက်ပေးဖို့ပါပဲ"

ဥက္ကာကမူ လျှို့ဝှက်သတင်းဆက်သားပီပီ ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်နိုင်သော်လည်း ချစ်သူကိုမူ ငြိစွန်းမှာ ပူပန်မိပါ၏။ သို့သော် ဤကဲ့သို့သော အခွင့်အရေးသည် နောက်ထပ် တစ်ကြိမ် ရရှိနိုင်ဖို့ မလွယ်ကူတော့ပါ။ အခွင့်သာခိုက် လှုပ်ရှားရမည်မှာ သူ၏ သမိုင်းပေးတာဝန်တစ်ရပ်ပင် မဟုတ်ပါလား။

ဦးယောနနှင့် ဂဠုန်တပ်ဖွဲ့ဝင်များ တစ်ဖက်တွင် စစ်ရေးကိစ္စနှင့် လျှို့ဝှက်စွာ လှုပ်ရှားနေကြချိန်တွင် ခရိုင်ရာဇဝတ်ဝန်





ကလေး ရစ်ချပ်အောင်ဒင်ကလည်း သူတစ်ဖက်သတ်ချစ်မြတ်နိုး နေရပါသော မာယာ့အား အပိုင်သိမ်းသွင်းရယူနိုင်ရန်အတွက် လျှို့ဝှက်စွာ ကြံစည်အားထုတ်နေသည်ကိုတော့ မည်သူတစ်ဦး တစ်ယောက်မျှ မရိပ်စားမိခဲ့ကြပါချေ။

ဤသို့ဖြင့် ညနေမှောင်ရီပျိုးစအချိန်တွင် ရာဇဝတ်ဝန် ကလေး ရစ်ချပ်အောင်ဒင်၏ ခြံဝင်းထဲတွင် ရောင်စုံမီးလုံးလေး များနှင့် ထိန်ထိန်ငြီးကာ လင်းလက်လှပလျက်ရှိသည်။ မျက်နှာဖြူ အသိုင်းအဝိုင်း၏ ဧည့်ခံပွဲပီပီ မြက်ခင်းပြင်စားပွဲဝိုင်းများတွင် ယမကာအမြည်းများနှင့် စားသောက်ဖွယ်များက စုံလင်လှပါ ချေ၏။

'ဆယ့်နှစ်ကြိုးမာယာ'ဟု သတင်းကြီးခဲ့သည့် မျက်လှည့် ဆရာမလေး မာယာ၏ပြပွဲကိုတော့ မြက်ခင်းပြင်ပေါ်တွင် စတိတ် ခုံ ကျယ်ကျယ်တစ်ခုနှင့် ပြင်ဆင်ခင်းကျင်းပေးထားပါ၏။ မြွေ အလမ္ပာယ်ဆရာမလေး မာယာကမူ ထုံးစံအတိုင်း အနက်ရောင် ဝတ်စုံနှင့် မီးရောင်စုံအောက်တွင် မဟူရာမင်းသမီးလေးတစ်ပါး သဖွယ် ထူးထူးခြားခြား လှပနေပါသည်။ မကြာမီ ပုလုံးလေး၏ ဘင်တီးသံနှင့် လင်းကွင်းချမ်းသံတို့က ညဆည်းဆာလေပြည်ထဲ တွင် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာပြီး မျက်လှည့်ပွဲကို စတင် လိုက်ပါတော့သည်။

မြက်ခင်းပြင်ထက်ရှိ စားပွဲဝိုင်းများထက်မှာတော့ မျက် နှာဖြူအသိုင်းအဝိုင်းမှ အရာရှိကြီးများ၊ ပုဂ္ဂိုလ်ကြီးများက တဖွဲဖွဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြပြီး နေရာယူကာ သောက်စားလျက်ရှိကြသည်။ ရစ်ချပ်အောင်ဒင်ကမူ ညည့်ခံပွဲ၏ အဖွင့်စကားကို မြန်မာသံ ပီပီသသနှင့် တစ်မျိုး၊ အင်္ဂလိပ်ဘာသာနှင့် တစ်ဖုံ လေယူ လေသိမ်း ဌာန်ကရိုဏ်းကျစွာနှင့် ပြောဆိုရင်း ယခု သူ၏ ညည့်ခံ ပွဲသို့ မြန်မာမျက်လှည့်ပညာရှင်မလေး မာယာကိုယ်တိုင် လာ ရောက်ဖျော်ဖြေခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဖွင့်ဟပြောဆိုသွားခဲ့သဖြင့် လက်ခုပ်သြဘာသံ တဖျောင်းဖျောင်း နှင့် ဆူညံသွားခဲ့ပါသည်။

မာယာကိုယ်တိုင်ကလည်း သည်ညှ ဖျော်ဖြေရေးတွင် ထူးထူးခြားခြား စိတ်များလေးလံနေခဲ့သည့်တိုင် ပြပွဲစတိတ်ခုံပေါ် မှာတော့ သူ၏မျက်လှည့်ပညာရပ်များကို သေသေသပ်သပ်နှင့် ပြသသွားနိုင်ခဲ့သည်။ ယခုလည်း သူ၏နာမည်ကျော် ဆယ့်နှစ် ကြိုးပြကွက်ဆန်းကို သူ၏ မွေ့ဟောက်ကြီးနှစ်ကောင်နှင့်အတူ အံ့မခန်း ဆန်းကြယ်စွာ ပြသနေသဖြင့် မျက်နှာဖြူအရာရှိကြီးများ ကိုယ်တိုင် သဘောကျနှစ်ခြိုက်လျက် ရှိကြပါ၏။

'ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း'

မာယာကမူ လက်ခုပ်သြဘာသံ တဖျောင်းဖျောင်း ကြား မှ သူ၏ ဆယ့်နှစ်ကြိုးတိတိရှိသော ကြိုးကွင်းလေးများနှင့် ပါးပျဉ်း ထောင် မာန်ဖီကာ တရှူးရှူး မာန်စောင်နေကြသည့် မွေ့ဟောက် ကြီး နှစ်ကောင်ထံ ပစ်ပေါက် ဖမ်းဆီးနေသည့် ပြကွက်ဆန်းကို အန္တရာယ်ကြားမှ တည်တည်ငြိမ်ငြိမ်ပင် ပြသနေပါလေ၏။





ညည့်ခံပွဲသို့ လာရောက်ကြသည့် မျက်နှာဖြူအရာရှိကြီး များ၊ နယ်ချဲ့လက်ပါးစေပုဂ္ဂိုလ်များက များစွာ သဘောကျ နှစ် ခြိုက်ကြသဖြင့် လာရောက်ချီးမြှင့်ကြသော ဆုငွေများက မာယာ၏ လှပသော ခန္ဓာကိုယ်လေးကိုပင် ဖုံးအုပ်လုမတတ် ရှိပါချေပြီ ကော။

'ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း'

''ချီးယား ... ဟိုင်း ... ဟိုင်း''

လက်ခုပ်သံ၊ အော်ဟစ်အားပေးသံများက ညဉ့်နက်လာ လေလေ ပို၍ ဆူညံလာလေနှင့် ရစ်ချပ်အောင်ဒင်၏ ညည့်ခံပွဲက အစည်ကားဆုံး အရှိန်မြင့်ဆုံးသို့ ရောက်ရှိနေပါချေပြီ။

''ကွန်ဂရက်ကျူလေးရှင်း မစ္စတာအောင်ဒင် ... ခင် ဗျားရဲ့ မဟူရာမင်းလမီးလေး အစီအစဉ်က ဟောဒီညည့်ခံပွဲမှာ အကောင်းဆုံးပဲ ... ချီးယားစ်''

''သင့်ခ်ယူ ... ကျေးဇူးတင်ပါတယ် မင်းကြီး၊ အခုလို မင်းကြီးကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးတာကို ကျွန်တော် ဂုဏ်ယူမိပါတယ်၊ တစ်ဆက်တည်းပြောရရင် မင်းကြီးကိုယ်တိုင် ကျွန်တော့်ကို ယုံကြည်အားကိုးလို့ ပေးထားတဲ့ တာဝန်ကိုလည်း ကျေပွန်စေရပါ့မယ်လို့ ကတိပေးပါတယ် မင်းကြီး''

အရေးပိုင်မင်းကြီး ဂျိမ်းကယ်လီမှာ တပည့်ဖြစ်သူ၏ စကားကြောင့် မျက်နှာဖြူဖြူကြီးမှာ ဝင်းထိန်လင်းလက်သွားပါ ၏။ ထို့နောက်မှာတော့ ရစ်ချပ်အောင်ဒင်မှာ တစ်ယောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပြုံးချိုစွာဖြင့် နှုတ်ဆက်လျက် ရှိပါသည်။ ထိုအချိန်တွင် ...

ညဥ့်အမှောင်ကို အကာအကွယ်ပြုလျက် လှုပ်ရှားနေသည့် လူတစ်စုမှာ ရစ်ချပ်အောင်ဒင်၏ နေအိမ်ခြံဝင်းနောက်ဘက်ရှိ ကုက္ကိုပင်ကြီးအောက်တွင် လူစုခွဲကာ ပျောက်ကွယ်လိုက်ကြသည်။ ထိုလူစုထဲတွင် အနက်ရောင်ကိုယ်ကျပ်ဝတ်စုံဖြင့် ကြောင်နက်တစ်ကောင်နှယ် တိတ်ဆိတ်စွာ လှုပ်ရှားနေသူကတော့ ဥက္ကာပင်တည်း။ ဥက္ကာသည် အဆင့်ဆင့်ကို ဖြတ်ကျော်လာခဲ့ပြီး ယခုအချိန်တွင် ရစ်ချပ်အောင်ဒင်၏ ရုံးခန်းပေါက်ရှေ့တွင် ရောက်ရှိခဲ့ပါပြီ။

အောက်ထပ်ခြံဝင်း မြက်ခင်းပြင်ထက်မှ ပျံ့လွင့်လာသော ဘင်တီးသံ၊ လင်းကွင်းချမ်းသံများနှင့် လက်ခုပ်သံများကို ဥက္ကာ ခပ်သဲ့သဲ့ကြားနေရသည်။ ချစ်ရသူ မာယာတစ်ယောက် သူ၏ဟာဝန်ဝတ္တရားကို ပီပြင်အောင် ထမ်းဆောင်နေပါချေပြီကော။ ဥက္ကာကိုယ်တိုင်ကလည်း ရစ်ချပ်အောင်ဒင်၏ ရုံးခန်းကို ဦးယောနပေးလိုက်သည့် သော့ဝိဇ္ဇာနှင့် ကြိုးစား၍ ဖွင့်လျက်ရှိပါ၏။ မကြာခင် ချောက်ခနဲ သော့ပွင့်သွားသံက တိတ်ဆိတ်နေသည့် ဝန်းကျင်တွင် ဗုံးတစ်လုံးပေါက်ကွဲသံကဲ့သို့ ထွက်ပေါ်လာခဲ့သည်။

''ဟော ... သော့ပွင့်သွားပြီ''

ထိတ်ခနဲ ရင်ခုန်သံနှင့်အတူ ဥက္ကာမှာ ပွင့်သွားသည့်





တံခါးချပ်ကို ညင်သာစွာ တွန်း၍ ဖွင့်လိုက်သည်။ တိတ်ဆိတ်မှောင်မည်းနေသည့် ရုံးခန်းက ဥက္ကာအား ဆီးကြိုနေပါ၏။ ဥက္ကာ အတန်ကြာမျှ အမှောင်ထဲတွင် စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး ဝင်ပေါက်တံခါးကို ကျောနှင့်ဖိကပ်၍ ပြန်ပိတ်လိုက်သည်။

'ချပ်'

'ချောက် .. ဖျောက်'

ချပ်ခနဲ တံခါးပိတ်သွားသည့် အသံနှင့်အတူ ဖျောက်ခနဲ မီးခလုတ်ဖွင့်သံပါ တစ်ဆက်တည်း ကြားလိုက်ရပြီး ရုံးခန်းတစ်ခုလုံး လင်းထိန်သွားပါလေ၏။

'ဖျောင်း ဖျောင်း ဖျောင်း'

''ကြိုဆိုပါတယ် ဂျွန်သူရဲကောင်းကြီး ... ဟင်း ဟင်း ဟင်း''

ရုတ်တရက် လင်းထိန်သွားသည့် မီးအလင်းရောင်ကြောင့် ဥက္ကာ မျက်လုံးများ ပြာသွားစဉ်မှာပင် သူ၏ တစ်ဖက်တစ်ချက်မှ သေနတ်ပြောင်းဝများက ဥက္ကာအား အသင့်ချိန်ရွယ်ထားလိုက်ကြသည်။

သူ၏ရှေ့တည့်တည့် ကုလားထိုင်ပေါ်မှာတော့ အမြိန့်သားထိုင်နေသည့် သူကြီးသားရွှေမိုးအား ခြောက်ကပ်ကပ် ကြိုဆိုသံကြီးနှင့်အတူ ဥက္ကာမြင်တွေ့လိုက်ရသည်။ တစ်ချိန်တည်းမှာပင် သူထောင်ချောက်တွင် အမိခံလိုက်ရပြီဖြစ်ကြောင်း ဥက္ကာ သိလိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . မင်း . . . မင်း . . . မင်းတို့ ဒါ ဘာသဘော လဲ ရွှေမိုး"

ဒေါသကြောင့် ဥက္ကာ၏အသံက တုန်ယင်ပေါက်ကွဲ လျက်။ ဤသို့ဆိုလျှင် ခြံနောက်ဖေးဘက်ရှိ ဦးကြီးယောနတ်တို့ လူစုပင် အန္တရာယ်ထောင်ချောက်တွင် သက်ဆင်းသွားကြလေပြီ လား။

"ဟင်း ဟင်း ဟင်း . . . မင်းမဆိုးဘူးပဲ ဥက္ကာ၊ ခရိုင် ရာဇဝတ်ဝန်ထောက်လေးတစ်ယောက်ရဲ့ ရုံးခန်းထဲကိုတောင် အချိန်မတော် နိုးပြီးဝင်ရဲတဲ့ သတ္တိကတော့ တော်တော့်ကို လေး စားချီးကျူးစရာကောင်းပါတယ်၊ ဒါပေမဲ့ ငါ့အမြင်ပြောရရင်တော့ မင်းဟာ မိုက်ရူးရဲဆန်တဲ့လူမိုက်တစ်ယောက်ပဲကွ"

"ဘာကွ . . . ဘာပြောတယ်၊ မင်းသာ ပထွေးကို အဖေ ခေါ်ချင်တဲ့ သစ္စာဖောက်ပုဆိန်ရိုးတွေက ဟင်း"

"အဲမာ လူပါးဝလို့ကွာ . . . ကိုင်း"

'ဖျောင်း'

'ခွပ် . . ဒုတ်'

သူ့ရှေ့မှ ရွှေမိုးအား ဒေါသတကြီးနှင့် အော်ဟစ်ပြောဆို လိုက်သည်နှင့် နံဘေးတွင် အသင့်စောင့်နေကြသည့် ကုလားဖြူ ဂေါ်ရာ စစ်ပုလိပ်နှစ်ယောက်နှင့် ကျောက်ခဲတို့က ဥက္ကာအား ဝိုင်းဝန်းရိုက်နှက်ကြရာ နောက်ဆုံး ခေါင်းကို သေနတ်ဒင်နှင့် ဆောင့်မိပြီး ဥက္ကာ သတိလစ်မေ့မြောသွားပါလေတော့သည်။





ထိုအတူ ခြံနောက်ဖေးကုက္ကိုပင်အောက်မှ ဦးယောနတ်တို့ လူစုကိုလည်း ရာဇဝတ်ဝန်ထောက်ကလေး ရစ်ချပ်အောင်ဒင်၏ ဂေါ်ရာစစ်ပုလိပ်များက ဝိုင်းဝန်းဖမ်းဆီးကြရာ ဦးယောနနှင့် ရဲဘော်တစ်ဦးကိုသာ လက်ရဖမ်းဆီးမိသွားကြပါ၏။

တစ်ဖက်တွင် ဦးယောနနှင့်ဥက္ကာတို့အား အကွက်ကျကျ နှင့် တိတ်တဆိတ် လက်ရဖမ်းဆီးနိုင်ရေးအတွက် စစ်ဗျူဟာ ချမှတ်ကာ သွေးအေးအေးနှင့် အကောင်အထည်ဖော်ခဲ့သူမှာ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်ဖြစ်ကြောင်းကိုတော့ တိုက်နယ်သူကြီး ဦးမြေဇာတို့သားအဖမှတစ်ပါး မည်သူမျှ မသိရှိ လိုက်ကြပါချေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

### ပိုးချည်မျှင်နှင့် ညှတ်ကွင်းဆင်သူ သို့မဟုတ်

စင်စစ် ရစ်ချပ်အောင်ဒင်မှာ သည်ယုန်မြင်၍ သည်ချုံ တွင်လိုက်ခြင်းသာ ဖြစ်သည်။ ဖိမ်ဇာရွာတွင် ဂျစ်ကားပျက်စဉ်က မမျှော်လင့်ဘဲ တွေ့မြင်ခဲ့ရသည့် မာယာလေးကို မြင်လျှင်မြင်ချင်း ချစ်ခင်စွဲလမ်းမိခဲ့သည်။ ဆိုရပါမူ . . .

စားလည်း ခင့်စိတ်၊
အိပ်လည်း မပျော်၊
နေသော်မရှင်၊ မောင့်ဖြစ်အင်ကို၊

ချစ်ကြင်နှမ၊ မြင်လှည့်သော် ဆိုသကဲ့သို့ ဖိမ်ဇာရွာမှ ပြန်လာပြီးကတည်းက ရစ်ချပ်အောင်ဒင်တစ်ယောက် တောရိုင်း စပယ်လေး မာယာ၏ မျက်နှာချောချောလေးကို တမ်းတ မြင် ယောင်နေမိခဲ့သည်။ နောက်ဆုံး အရက်သောက်၍ စိတ်ကို ဖြေ လျှော့သည့်တိုင် သူရာရေတွင် ဖျောနေသည့် နှလုံးသားတွင် မာယာ၏ ပုံရိပ်ကို တွေ့မြင်နေရသည်။ မိန်းမကျမ်းကြေခဲ့သည့်





မိန်းမများနှင့် အထိအတွေ့များခဲ့သော်ငြားဝင်ရောက်မှုနဲ့ ဖမ်းမိထား ရစ်ချပ်အောင်ဒင်တစ်ယောက် တောရိုင်းစပယ်လေး မာယာ မလေးနှင့် ကြုံတွေ့ခဲ့ရပါမှ ရာဇဏ္ဍ

ထို့ကြောင့် ဖိမ်ဇာတိုက်နယားကြောင့် မာယာတစ်ယောက် ကာ ယုတ်မာကောက်ကျစ်သောသွားခဲ့သည်။ ဂေါ်ရာပုလိပ်များ အထည်ဖော်ခဲ့ကြခြင်း ဖြစ်သည်။ ကင်းက ဦးယောနနှင့်ဥက္ကာတို့ ဦးယောနသည် ဂျူနိသူပုန်များနှင့်ပဲပါခုပင်လျှင် ချစ်ရသူဥက္ကာနှင့် အဖြစ် ဦးမြေဇာက သိရှိထားခဲ့သည်။ ယုတ်ထားကြလေမည်နည်း။ မြွေနှိုင်ဆေးကုဆရာတစ်ယောက် ဒေါ်ဇာယုပျံး စိတ်မကောင်းပါ ပတ်သက်၍ သူအုပ်ချုပ်နေသည့် ဖိမ်ဇာရွာသို့ ဖြုံခံပွဲမှာမှ ဖြစ်ရ ပြန်သည်။ မကြာမီ ဥက္ကာနှင့် ဦးယောနတို့ ပတ်သက်ဆာဇဝတ်ဝန် မှ ရှိလာပြန်ပါ၏။ ထို့နောက် ‘ဆယ့်နှစ်ကြိုးမာယာ’ ဟူသည့် မျက်လှည့်အဖွဲ့တွင် ဥက္ကာပါ ပူးပေါင်းပါဝင်ခဲ့ပြီးနောက် မာယာ နှင့်ဥက္ကာတို့နှစ်ဦး ချစ်သူရည်းစားဘဝသို့ ရောက်ရှိသွားခဲ့ကြ သည်။

ဤကိစ္စသည် သာမန်သွေးရိုးသားရိုး ဖြစ်စဉ်တစ်ခုဟု ယူဆလျှင် ရပါသော်လည်း မြွေမြွေချင်း ခြေမြင်သည့် တိုက်နယ် သူကြီး သားအဖတို့က ဦးယောနနှင့် ဆက်သွယ်လာသည့် ဥက္ကာ ကိုပါ မသင်္ကာစာရင်းသွင်းကာ စောင့်ကြည့်ခဲ့ကြရာမှ နောက်ဆုံး ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်ပါ ဤကိစ္စကြီးထဲသို့ မာယာနှင့်ပတ်သက်၍ ဝင်ရောက်လာခဲ့ပြန်ပါလေ၏။ ဤအခွင့်



www.burmeseclassic.com

www.burmeseclassic.com

ှိကောင်းလက်မှတ် ဆုလာဘ်ငွေ
သှသော ဖိမ်ဇာသူကြီးဦးမြေဇာနှင့်
အောင်ဒင်တို့၏ ပူးပေါင်းကြံစည်မှု
ာနှင့် မာယာတို့မှာ ကံကြမ္မာ၏
ရှိသွားခဲ့ကြခြင်းသာ ဖြစ်ပါချေ

ယာသိရှိလိုက်ရချိန်မှာတော့ များစွာ
ည့်ခံပွဲကြီး ပြီးဆုံးသွားသည့် ညဆယ်နာရီ
ပုလုံးလေးတို့ မျက်လှည့်ပစ္စည်းများကို ဝိုင်း
စင်စည်းလျက်ရှိစဉ် ဖိမ်ဇာရွာသူကြီး ဦးမြေဇာနှင့် ဂေါ်ရာပုလိပ် သုံးဦး မာယာအား အရေးကြီးသည်ဆိုကာ ရစ်ချပ်အောင်ဒင်၏ အိမ်ကြီးပေါ်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ မာယာမှာလည်း မျက်လှည့်ပွဲပြီးစီးသွားခဲ့သည့်တိုင် သူ့ထံလာရောက်မဆက်သွယ်သေးသည့် ချစ်ရသူဥက္ကာနှင့်ဦးယောနတို့ကြောင့် စိတ်လေးလေးနှင့် လိုက်ပါလာခဲ့သည်။

အခန်းတစ်ခုထဲသို့ အရောက်တွင် ဖိမ်ဇာရွာသူကြီး ဦးမြေဇာက မာယာ့အား ဖွင့်ဟပြောပါလေ၏။

''အင်း . . . မပြောလို့ကလည်း ပြီးမှာမဟုတ်လို့ ညည်းစိတ်အေးအေးထားပြီးတော့သာ နားထောင်ပေတော့ . . . ယောနနဲ့ ဟို . . . မြွေဆရာလေးတို့ ကို ဂေါ်ရာပုလိပ်တွေက ဖမ်းမိသွားကြတယ်၊ ဟို . . . ဦးကြီးကြားတာကတော့ သူတို့လူစု ခရိုင်ရာဇဝတ်





ဝန်ကလေးရဲ့ ရုံးခန်းထဲကို ဖောက်ထွင်းဝင်ရောက်မှုနဲ့ ဖမ်းမိထားကြတာလို့ ပြောတယ်''

''ရှင်''

ဖိမ်ဇာရွာသူကြီး၏ စကားကြောင့် မာယာတစ်ယောက် မျက်စိမျက်နှာများ ပျက်ယွင်းသွားခဲ့သည်။ ဂေါ်ရာပုလိပ်များ ဖမ်းမိသွားသည်ဆိုသည့် သတင်းက ဦးယောနနှင့်ဥက္ကာတို့အတွက် အခြေအနေမကောင်း၊ ယခုပင်လျှင် ချစ်ရသူဥက္ကာနှင့် ဦးယောနတို့အား မည်မျှ ရိုက်နှက်နှိပ်စက်ထားကြလေမည်နည်း။

''ဟုတ်တယ် မာယာ၊ ဦးကြီးလည်း စိတ်မကောင်းပါဘူး၊ ဖြစ်ချင်တော့ ရာဇဝတ်ဝန်ကလေးရဲ့ ညည့်ခံပွဲမှာမှ ဖြစ်ရတယ်လို့၊ သူတို့ကလည်း မကြောက်မရွံ့ ခရိုင်ရာဇဝတ်ဝန်ထောက်လေးရဲ့ ရုံးခန်းကိုမှ ဖောက်ထွင်းဝင်ရောက်ရတယ်လို့၊ အင်း . . . ရာဇဝတ်ဝန်ကလေးကတော့ ဒီကိစ္စဟာ ဂျူန်သူပုန်တွေနဲ့ ဆက်နွယ်မှုရှိလိမ့်မယ်ဆိုပြီး မရအရ စစ်ဆေးဖော်ထုတ်မှာပဲ မာယာ''

ဦးမြေဇာ၏ စကားသံများကို မာယာ မကြားတစ်ချက်ကြားတစ်ချက်နှင့် ယခုကဲ့သို့ ဂျူန်တော်လှန်ရေးနှင့်ပတ်သက်၍ ရှုပ်ထွေးနေသည့် အချိန်ကာလမျိုးတွင် ဥက္ကာနှင့် ဦးယောနတို့ကို ထိုကဲ့သို့ သံသယဝင် ဖမ်းမိထားခြင်းမှာ အခြေအနေမကောင်းပါ။ သည်ကြားထဲ ယခုရောက်ရှိလာသည့် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်မှာ လွန်စွာ သွေးအေးရက်စက်တတ်



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ယောက်လည်း ဖြစ်နေသည်မို့ မာယာခမျာ ချစ်သူအတွက် ကြာနြေမျှပျက်ယွင်းလုနီးပါး ရှိနေပါလေ၏။

"ဟို . . . ဟို . . . သူတို့ကို အခုဘယ်မှာ ဖမ်းချုပ်ထားတာလဲဆိုတာ ဦးကြီးမသိဘူးလားဟင်၊ မာ . . . မာယာ သူတို့ကို တွေ့ . . . တွေ့လို့မရဘူးလား ဦးကြီးရယ်"

ဦးမြေဇာက မာယာ၏ သိသိသာသာ ပျက်ယွင်းသွားသည့် အမူအရာကို မသိမသာ အကဲခတ်လိုက်ရင်း . . .

"ဒီလိုတော့ရှိတယ် မာယာ . . . တွေ့ခွင့်တော့ ရမယ် မထင်ဘူး၊ ဒါပေမဲ့ သူတို့ကို မာယာ ခပ်လှမ်းလှမ်းကနေ ချောင်းကြည့်လို့တော့ရမယ်ထင်တယ်၊ လာ လာ . . . ဦးကြီးနောက်က လိုက်ခဲ့"

မာယာမှာ လက်ရှိ ပစ္စုပ္ပန်အခြေအနေကြောင့် ဘာကိုမျှ စဉ်းစားမနေနိုင်ပါလေတော့။ ဦးမြေဇာခေါ်ရာ နောက်မှသာ ကြေကွဲဆို့နင့်စွာ လိုက်ပါလာခဲ့သည်။ အခန်းသုံးလေးခန်းမျှ ကျော့ပတ်ဖြတ်ကျော်လာခဲ့ပြီး မီးလင်းနေသော အခန်းတစ်ခုအနီးသို့ ရောက်ရှိလာခဲ့သည်။

"ရှူး . . . တိုး တိုး . . . အသံမထွက်စေနဲ့၊ လာ . . . ဟောဒီ ပျဉ်ချပ်အကွဲနားကနေ အထဲကို ချောင်းကြည့်လိုက်၊ သတိထား . . . ဂေါ်ရာ စစ်ပုလိပ်တွေ အများကြီးရှိတယ်နော်"

ဦးမြေဇာက ပျဉ်ချပ်အကွဲနေရာမှ မာယာ့ကို အတွင်းသို့ ချောင်းမြောင်းကြည့်ရှုစေသည်။ မာယာမှာ ချစ်သူကို တွေ့မြင်လို





စောဖြင့် ပျဉ်ချပ်တွင် မျက်နှာအပ်ကာ ချောင်းကြည့်လိုက်ပါ၏။ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက သွေးပျက်ထိတ်လန့်ဖွယ်ရာပင်။ မာယာခမျာ အသံထွက်လုနီးပါး ဖြစ်သွားသည့် သူမ၏ ပါးစပ်ကို လက်ဝါးလေးနှင့် ကပျာကသီ ပိတ်လိုက်ရသည်။

ဥက္ကာ၏ဦးခေါင်းနှင့် မျက်နှာတစ်ဝိုက်တွင် နီရဲသော သွေးများက စီးကျလျက် ကုလားထိုင်တွင် လက်ပြန်ကြိုးတုပ်ထားပြီး ဥက္ကာမှာ သတိလစ်နေပုံရသည်။ မျက်နှာက ရင်ဘတ်ထက်တွင် တစောင်းငိုက်ကျနေပါ၏။ ဥက္ကာ၏နံဘေးမှ ကုလားထိုင်တွင်မူ ဦးယောနကို ချုပ်နှောင်ထားသည်။ ဦးယောန၏ တစ်ဖက်တွင် ဂျူနီတပ်ဖွဲ့ဝင်တစ်ဦး မျက်နှာတစ်ခုလုံး ဖူးရောင်ညိုမည်းလျက် . . .။

ဦးယောနကမူ မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် သူ့အား ဖမ်းဆီးချုပ်နှောင်ထားသည့် ဂေါ်ရာစစ်ပုလိပ်များကို စားမတတ် ဝါးမတတ် ကြည့်နေပါ၏။ အကြီးအကဲ စစ်ပုလိပ်တစ်ဦးက ဂျူနီတပ်ဖွဲ့ဝင်တစ်ဦးကို စစ်မေးနေဟန်တူသည်။ အမေးခံရသည့် ဂျူနီတပ်သားက ပြန်လည်၍မဖြေသဖြင့် နံဘေးမှ အစောင့်ဂေါ်ရာပုလိပ်က ဖျောင်းခနဲ ရိုက်နှက်လိုက်သောကြောင့် မာယာ ချောင်းကြည့်နေရာမှ မျက်နှာကို ခွာလိုက်သည်။

"ကဲ . . . မြင်ရပြီ မဟုတ်လား၊ လာ . . . သွားကြမယ်၊ ဦးကြီးတို့ကိုတွေ့သွားရင် မကောင်းဘူး"

ဦးမြေဇာမှာ မာယာ၏လက်မောင်းကို ဆုပ်ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



လာရာလမ်းအတိုင်း ပြန်လည်၍ ထွက်ခွာလာခဲ့သည်။ အပြန်ခရီးမှာတော့ လက်နက်ကိုင် စစ်ပုလိပ်များ ပါမလာကြပါလေတော့။ မာယာ၏ ငိုရှိုက်သံသဲ့သဲ့ကသာ စကြာလမ်းတစ်လျှောက် ပဲ့တင်စီးမျောလျက် ...။

"အဟင်း ဟင်း ... ဦးကြီးရယ် ... အစ်ကိုဥက္ကာကို မကယ်နိုင်တော့ဘူးလားရှင်၊ ဖြစ်နိုင်ရင် သူ ... သူတို့ကို ပြန်ပြီး လွှတ်ပေးဖို့ ပြော ... ပြောပေးပါလား ဦးကြီးရယ်၊ မာယာ ကျေးဇူးမမေ့ပါဘူး ဦးကြီးရယ် ... အဟင်း ဟင်း"

တဟင်းဟင်းနှင့် ရှိုက်ငင်ငိုကြွေးနေသည့် မာယာကို ကြည့်ကာ ဦးမြေဇာ ခေါင်းတညိတ်ညိတ်နှင့် ရှိပါချေ၏။ အချိန်က ညဆယ့်တစ်နာရီကျော်ခန့် ရှိပါပြီ။ လက်ရှိအခြေအနေသည် ခရိုင်ရာဇဝတ်ဝန်ကလေး ကြိုတင်ခန့်မှန်းထားသည့်အခြေအနေနှင့် တစ်ထပ်တည်းကျလျက် ရှိပါချေပြီကော။

ဝါကြွင်ကြွင် မီးလုံးလေးထွန်းထားသည့် အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ဦးမြေဇာ ရပ်လိုက်သည်။ ထို့နောက် မာယာကို ကြည့်ကာ စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်ရင်း...

"ဟင်း ဦးကြီးလည်း ဒီရာဇဝတ်မှုကြီးကို ဘယ်လိုလုပ်ပြီး ဖြေရှင်းလို့ရမှာလဲကွယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ... အဲဒါကတော့ မာယာ့အပေါ်မှာပဲ မူတည်နေတယ်"

ဦးမြေဇာ၏စကားသံကြောင့် မာယာ၏ မျက်ရည်များဖြင့် စိုစွတ်နေသည့် မျက်လုံးအစုံက လင်းလက်သွားသည်သို့





"ပြော ... ပြောပါ ဦးကြီး ... သူတို့ လွတ်မြောက်ဖို့အတွက် မာယာ ... မာယာလုပ်နိုင်မယ့် နည်းလမ်းရှိရင် ပြောပြပါ ဦးကြီးရယ် ... နော်"

"ဒီလိုကွယ့် ... ယောနနဲ့ဥက္ကာတို့ ဖောက်ထွင်းဝင်ရောက်ခဲ့တာက ခရိုင်ရာဇဝတ်ဝန်ကလေးရဲ့ ရုံးခန်းဆိုတော့ ရာဇဝတ်ဝန်ကလေးကို မာယာကိုယ်တိုင် အသနားခံကြည့်ရင်တော့ တစ်ခုခုများ ပြောင်းလဲသွားမလားမသိဘူး။ အခုလောလောဆယ် ဒီညကတော့ သူတို့ကို ဂါတ်တဲကို မပို့သေးဘူး၊ ဒါပေမဲ့ မနက်မိုးလင်းလို့ သက်ဆိုင်ရာပုလိပ်ဟွေလက်ထဲကို ရောက်သွားပြီဆိုရင်တော့ ဒီထက်ပိုပြီး အခြေအနေက ဆိုးရွားသွားနိုင်တယ် မာယာ"

ဦးမြေဇာကတော့ ကိုလိုနီနယ်ချဲ့လက်ပါးစေတစ်ယောက် ပီပီ ဉာဏ်နီဉာဏ်နက် ကလိန်ကကျစ် အကြံအစည်များက သူ၏ ရင်ဘတ်ကြီးထဲတွင် အပြည့်အသိပ်ရှိလေသည်ထင့်။ ယခုလည်း မာယာဆိုသည့် သမင်ပျိုမလေးတစ်ကောင်ကို ရစ်ချုပ်အောင်ဒင်၏ ရမ္မက်တောကြီးထဲသို့ လှည့်ပတ်ခြောက်လှန့်ကာ ကျုံးသွင်းလျက် ရှိပါချေပြီတည်း။

ယခုအချိန်မှာတော့ မာယာ မည်ကဲ့သို့ တတ်နိုင်ပါတော့မည်နည်း။ ဦးကြီးမြေဇာအကြံပေးသကဲ့သို့ ခရိုင်ရာဇဝတ်ဝန်ကလေးအား သွားရောက်၍ တောင်းပန်ကြည့်ရလျှင် ကောင်းလေမည်လား။ သို့သော် ခရိုင်ရာဇဝတ်ဝန်ကလေး၏ ရုပ်ကိုမူ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်လုံးအစုံကို မာယာမြင်ဖူးထားသဖြင့် နှစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းရမည့်အရေးကို ကြောက်လန့်နေမိသည်။

တိုက်နယ်သူကြီး ဦးမြေဇာသည့် အကျိုးလို၍ ညှောင်ရေလောင်းနေခြင်းလား။ သူ့အား မည်သည့်အတိုင်းအတာအထိ ကာကွယ်ပေးနိုင်ပါမည်နည်း။ မာယာ ကြာရှည်မစဉ်းစားနိုင်။ အချိန်သည် သူ့အတွက် လွန်စွာမှ အရေးကြီးနေသည် မဟုတ်ပါလား။ နောက်ဆုံးတော့ မာယာတစ်ယောက် ရာဇဝတ်ဝန်ကလေးထံ ဝင်ရောက်အသနားခံရန်သာ ဆုံးဖြတ်လိုက်ရပါတော့သည်။

"ဟင်း . . . နောင်ခါလာမှ နောင်ခါချေးပဲ ရှိတော့တယ်၊ လောလောဆယ် ပုလိပ်ဘက်ကို အစ်ကိုတို့ကို မလွှဲပေးသေးခင် ငါဝင်ပြီး ဖြေရှင်းနိုင်မှ ဖြစ်မယ်၊ ကျန်တာတွေကတော့ ငါ့ရဲ့ကံကြမ္မာအတိုင်းသာ ရှိပါစေတော့"

မာယာ စိတ်လျှော့ချလိုက်ပါပြီ။ သူ့အတွက် ရွေးချယ်ရန် အချိန်အခါ အခွင့်အလမ်းက ရှားပါးခက်ခဲနေပြီ မဟုတ်ပါလား။ မျက်ရည်ကို သုတ်၊ အံကိုတင်းတင်းကိုက်ကာ ကျားရဲပေါ်သောတောထဲသို့ ဝင်ရန် သူ၏စိတ်ဓာတ်တို့ကို မာယာ မြှင့်တင်လိုက်သည်။

"ကဲ . . . ဒီလိုဆိုရင်လည်း ဦးကြီးကောင်းမယ်ထင်သလိုသာ စီစဉ်ပေးပါတော့ရှင်၊ ရာဇဝတ်ဝန်ကလေးနဲ့ တွေ့ခွင့်ရဖို့ အစ်ကိုတို့လူစု လွတ်မြောက်သွားစေဖို့အတွက် မာယာကိုယ်တိုင်





ရာဇဝတ်ဝန်ကလေးဆီမှာ အသနားခံဖို့ ဆုံးဖြတ်လိုက်ပါပြီ"

မာယာ၏ နောက်ဆုံးစကားသံနှင့်အတူ မျက်ရည် တစ်စက် ကြွေသက်လွင့်စဉ်ကျသွားသည်ကို မီးရောင်အောက်တွင် လက်ခနဲ မြင်တွေ့လိုက်ရသည်။ အကယ်၍သာ ထိုမျက်ရည်တစ်စက်သည် မာယာ၏ ပြောင်းလဲသွားမည့် ရှေ့အနာဂတ်ဘဝအတွက် နိဒါန်းအဖွင့် မျက်ရည်တစ်စက်သာ ဖြစ်ကြောင်း ကြိုကြင်၍သာ သိရှိနိုင်ခဲ့မည် ဆိုပါလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com

## ရင်ခွင်မီးတောင်အောက်မှ ကြွေလွင့်သွားသော ပန်းတစ်ပွင့်

အောင်ဆုဩဘာ၊ မင်္ဂလာဖြင့်၊
ဆယ်ဖြာလက်မြှောက်၊ ဆက်ခါလျှောက်ပိတ်၊
စိုက်ဆောက်အောင်လံ၊ ဂရိတ်ဗြိတိန်မှ၊
နိုင်ငံအိန္ဒိယ၊ အစိုးရသည်၊
ဘဝသခင်၊ ဂျော့ဘုရင်နှင့်၊
အရှင်မိဖုရား၊ မြတ်နှစ်ပါးနှင့်၊
ပိုင်ထားစိုးစံ၊ ပြည်နိုင်ငံဝယ်၊
ရန်မာန်ကင်းပြီး၊ ဘုန်းတော်ကြီးလျက်၊
နှစ်သက်မြတ်နိုး၊ အုပ်ခါစိုး၍၊
တန်ခိုးနေသို့ ထွန်းစေသော်ဝ်။

တလူလူလွင့်ပျံ့နေသော ယူနီယံဂျက်အလံနှင့် စာသင်ကျောင်းဘက်ဆီမှ ကျောင်းသားကျောင်းသူလေးများ၏ သံပြိုင်ညီညီ ရွတ်ဆိုနေသော ဂျော့ဘုရင်မင်းမြတ်၏ ဘုန်းတော်ဘွဲ့





သီဆိုသံလေးများက မာယာ၏နားထဲသို့ သံပူရည်လောင်းချလိုက်သည့်နှယ် စီးဝင်လာသည်မို့ နားနှစ်ဖက်ကို တင်းတင်းကျပ်ကျပ်ပင် စုံပိတ်ထားမိလိုက်သည်။

သည် ဘုန်းတော်ဘွဲ့ ရွတ်ဆိုသံလေးများက ကျောင်းပိတ်ရက်များမှလွဲ၍ မာယာခမျာ နေ့စဉ်လိုလိုပင် ကြားနေရသည်။ ကြားလိုက်ရသည့် အခါတိုင်းလည်း မာယာခမျာ သူရူးကြီး တစ်ယောက်နှယ် ဦးခေါင်းတရမ်းရမ်းဖြင့် နားနှစ်ဖက်ကို စုံပိတ်ထားရသည့် အကြိမ်မှာလည်း မရေမတွက်နိုင်ပါလေတော့။ မာယာ၏ အိပ်ခန်းပြတင်းပေါက်သည် မြိုင်သာစာသင်ကျောင်းနှင့် မျက်စောင်းထိုး မြင်တွေ့နေရသည်မို့ ကလေးများ၏ ရွတ်ဆိုသံများကို အတိုင်းသားကြားနေရပါ၏။

ယခုကဲ့သို့ အင်္ဂလိပ်ဗြိတိသျှအစိုးရ၏ ယူနီယံဂျက်အလံကို အလေးပြု၍ ဂျော့ဘုရင်မင်းမြတ်၏ ဘုန်းတော်ဘွဲ့ကို ရွတ်ဆိုနေသည့်စာအံသံများအား ကြားရတိုင်း မာယာ၏ အသည်းနှလုံး ပျက်ကြွေလုမတတ် ခံစားရသည်။ ထိုစာအံသံ၊ ရွတ်ဆိုသံများကို ကြားရတိုင်း မျက်စိရော၊ နားပါ ပိတ်ထားမိစမြဲ။ ရင်တစ်ခုလုံးသည်လည်း ဆတ်ဆတ်ခါမျှ နာကျင်ရစမြဲပါတည်း။

နောက်ဆုံး မာယာတစ်ယောက် ပြတင်းပေါက် တံခါးရွက်များကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်သည်။ ကိုလိုနီနယ်ချဲ့မိစ္ဆာကောင်များသည် အပြစ်မဲ့ကျောင်းသားလူမမယ်လေးများကိုပင် ကျွန်ဇာတ်သွင်းနေကြပါချေပြီကော။ သည်ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



လူမမယ်များအတွက် မြန်မာတစ်မျိုးသားလုံးတွင် တာဝန်ရှိသည်ဟု မာယာခံယူထားသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် အကြောင်းညီညွတ်ခဲ့လျှင်တော့ မြန်မာတိုင်းရင်းသားများအားလုံး စုပေါင်း၍ ဤမျောက်ဖြူမိစ္ဆာကောင်များကို မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်လိမ့်မည်ဟု ဗာန်သွင်းအံကြိတ်ထားပါလေ၏။

ယခု သူ ခံစားနေရသော ဒုက္ခဆင်းရဲမျိုးကို မည်သည့်အပြစ်မှ မရှိရှာကြသော လူမမယ်ကျောင်းသားလူငယ်လေးများအား မခံစားစေလိုပါ။ မြန်မာ့အလံကို မြင့်မြင့်မားမား လွှင့်ထူပြီး အမျိုးသားသီချင်းကို ခေါင်းမော့ရင်ကော့ကာ လွတ်လပ်စွာ သီဆိုဟစ်ကြွေးနိုင်မည့် အချိန်ကိုသာ မာယာ မျှော်လင့်တောင့်တနေမိပါ၏။

သို့သော် ထိုကဲ့သို့ ဖြစ်ရပ်ဆန်းမျိုးမှာ လွယ်လွယ်ကူကူဖြင့်တော့ ရရှိခံစားနိုင်လိမ့်မည် မဟုတ်။ မြန်မာတိုင်းရင်းသားများ၏ အသက်သွေးချွေးပေါင်းများစွာဖြင့် ရင်းနှီးပေးဆပ်ရယူကြရပေလိမ့်မည်။ သည့်အတွက်မှ ကြောက်ရွံ့နောက်တွန့်ကာ တွေဝေ စဉ်းစားနေလိမ့်မည် မဟုတ်။ ဂျူန်သူပုန်ခေါင်းဆောင်ကြီးဆရာစံကဲ့သို့၊ ဦးယောနတို့ကဲ့သို့၊ အသက်နှင့်အမျှ ချစ်ရပါသောအစ်ကိုဥက္ကာတို့ကဲ့သို့ မျိုးချစ်စိတ်ရှိကြသူများအားလုံး အမိမြေလွတ်လပ်ရေးအတွက် သွေးချွေးအသက်တို့ကို ပေးဆပ်စတေးကြဖို့ မည်သူမျှ နောက်တွန့်နေကြမည် မဟုတ်ပါလား။

သူကတော့မှ . . .





ဖြစ်နိုင်လျှင် သူမ၏ ဘဝဖြစ်စဉ်ကို ပြန်လည်၍ မတွေးလိုတော့။ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီဖြစ်သော အတိတ်မြို့ဟောင်းကို ပြန်လည်၍ မတူးဖော်လိုတော့။ သည်အတိတ်ဆိုးကြောင့် မာယာခမျာ တော်လှန်ရေးခရီးတစ်ဝက်ခန့်တွင် ဘဝပျက်ခဲ့ရသည်။ အသက်နှင့်အမျှ ချစ်ခဲ့ရပါသော ချစ်သူနှင့် မိဘ၏ အမွေအနှစ်ပညာရပ်ဖြစ်သော မျက်လှည့်လောကကိုလည်း ကျောခိုင်းစွန့်ခွာခဲ့ရသည်။

သည်စဉ်ကမှ ချစ်သူနှင့်ကွေကွင်းရခြင်းဟူသော ဒုက္ခ၊ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်းဟူသော ဒုက္ခ။ ထိုဒုက္ခဆင်းရဲမှုစုစုလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းလိုလို မာယာတစ်ယောက် အလူးအလဲ ခံစားခဲ့ရပါလေ၏။ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ၊ နာရီပေါင်းများစွာတို့သည် မျက်ရည်မြစ်တွင် စီးမျောပျော်ဝင်ခဲ့ရသည်။

မြေခွေးတစ်ကောင်ထက် ကောက်ကျစ်စဉ်းလဲသော ကျားတစ်ကောင်ထက် ဆိုးသွမ်းရက်စက်သော ကုလားဖြူမိစ္ဆာ တစ္ဆေတစ်ကောင်၏ ရင်ခွင်အောက်တွင် မာယာတစ်ယောက် ဘဝပျောက်ခဲ့ရသည်၊ ဘဝပျက်ခဲ့ရသည် မဟုတ်ပါလား။ စင်စစ်ထိုညသည် မာယာ့အတွက် ငရဲခန်းတစ်ခုထက် ဆိုးညစ်သော ညတစ်ည ဖြစ်ခဲ့ရသည်။

အဓိကတရားခံသည် . . . မျက်နှာဖြူကပြား မောင်ချစ်အောင်ဒင်။



www.burmeseclassic.com

www.burmeseclassic.com



ပူးတွဲတရားခံများသည်ကား ဖိမ်ဖာတိုက်နယ်သူကြီး ဦးမြေဖာနှင့် သူ၏သား နယ်ချဲ့အလိုတော်ရိ လက်ကိုင်တုတ် လက်ပါးစေ ရွှေမိုး။ သူတို့သုံးယောက် စုပေါင်း၍ ဖာတ်တိုက်ကာ မာယာ၏ဘဝကို ဖျက်ဆီးခဲ့ကြသည်။ ဦးယောနတို့လူစုကို ပိုး ချည်မျှင်ဖြင့် ညှတ်ကွင်းထောင်ချောက်ဆင်ခဲ့သည်။ နောက်ဆုံး ပျားရည်သုတ်လိမ်းထားသည့် တားသွားအောက်တွင် မာယာ၊ ဥက္ကာနှင့် ဦးယောနတို့ သားကောင်များဘဝသို့ ရောက်ရှိသွားခဲ့ကြ ရသည် မဟုတ်ပါလား။

ဟုတ်သည်။ မျက်နှာဖြူကပြားအရာရှိ ရစ်ချပ်အောင်ဒင် သည် မာယာတည်းဟူသော အစွယ်ကိုအလိုရှိသဖြင့် မာယာ၏ ချစ်သူရည်စား ဥက္ကာနှင့်ဦးယောနတို့ကို ထောင်ချောက်ဆင်ကာ ဖမ်းဆီးခဲ့ခြင်းပင် ဖြစ်ပါချေ၏။ မာယာ၏ချစ်သူ ဥက္ကာနှင့် ဦး ယောနတို့အား စစ်ရေးသတင်း လျှို့ဝှက်ချက်များကို ခိုးယူရန် ဖောက်ထွင်းဝင်ရောက်မှုနှင့် ဂျွန်တပ်ဖွဲ့ဝင်များအဖြစ် စွဲချက်တင် ကာ ဖမ်းဆီးမည်ဟု မာယာအား အကျပ်ကိုင်ပြောဆိုလာခဲ့သည်။

ကိုလိုနီနယ်ချဲ့ မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်ကလေး ရစ်ချပ်အောင်ဒင်သည် အညာကို ကိုင်လှုပ်လိုက်ပါချေပြီ။ မာယာ မည်သို့မျှ ပြေး၍ မလွတ်သာပါလေတော့။ နောက်ဆုံး အသည်း ပေါက်မတတ် ချစ်ရသူ ဒုက္ခမရောက်စေရေး၊ အချုပ်အနှောင်မှ လွတ်မြောက်စေရေး၊ ဂျွန်တပ်ဖွဲ့ဝင် ဦးယောနနှင့်အပေါင်းပါတို့ ပါ လွတ်မြောက်ရေးအတွက် ရစ်ချပ်အောင်ဒင်၏အလိုကျ ခေါင်းညိတ်လက်ခံရုံမှတစ်ပါး ဘာမျှမတတ်နိုင်ပါလေတော့။ ထိုနေ့ည မှာပင် မာယာ၏ နုပျိုလန်းဆန်းသော ပန်းပွင့်လိုဘဝကလေး အညာကျိုးကြေခဲ့ရသည်။ မာယာ့အတွက် ငရဲခန်းသည် ထိုညမှာ ပင် စတင်၍ မွေးဖွားလာခဲ့သည်။



ပထမတော့ သူ့ကိုယ်သူသတ်သေရန် အကြိမ်ကြိမ် ကြိုး စားသည်။ သို့သော် ရစ်ချပ်အောင်ဒင်၏ လက်ပါးစေ တပည့် များကြောင့် မအောင်မြင်ခဲ့။ နောက် ခေါင်းအေးအေးထား၍ မာယာ စဉ်းစားဆင်ခြင်မိသည်။ ဤနည်းဖြင့်လည်း သူမ ရင်ဆိုင် နေရသော ပြဿနာသည် ပြေလည်၍သွားမည်မဟုတ်ပေ။ အကယ်၍သာ သူမ သေဆုံးသွားခဲ့မည်ဆိုပါလျှင် ချစ်သူဥက္ကာ၊ ဘွားအေကြီးနှင့် ဦးယောနတို့ကို ဆက်လက်၍ ဒုက္ခပေးနေခဲ့လျှင် မခက်ပါလား။ နောက်ဆုံး ထိုအကြံအစည်ကို မာယာ ပယ်ဖျက် လိုက်သည်။

ယခုဆိုလျှင် မျက်နှာဖြူကပြားအရာရှိ ရစ်ချပ်အောင်ဒင် သည် ဥက္ကာနှင့်ဦးယောနတို့ကို အချုပ်အနှောင်မှ ခြွင်းချက်မရှိ လွှတ်ပေးလိုက်သည်။ မာယာ့ကို သူ၏နေအိမ် ခြံဝင်းကြီးထဲမှာ ပင် ခမ်းနားစွာ လက်ထပ်ယူငင် ပေါင်းသင်းခဲ့သည်။ မာယာ သူ၏အပေါ်တွင် မဖောက်ပြန်သ၍ ဥက္ကာ၊ ဦးယောနနှင့်ဒေါ်ဖာယု တို့ကို လုံးဝဖမ်းဆီးချုပ်နှောင်ခြင်း မရှိစေရဟု ရစ်ချပ်အောင်ဒင်က သူ့၏ဇနီးချော မာယာအား လက်ထပ်သည့်ညမှာပင် ကတိ ကဝတ် ပေးခဲ့ပါလေ၏။





www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မာယာတစ်ယောက် ချစ်သူ ခင်သူများနှင့် အသက်ရှင်လျက် ဝေးကွာခဲ့ရပါသည်။ မချစ်မနှစ်သက်သူ၏ ရင်ခွင်အောက်မှ ငယ်ချစ်ဦးကို ရှူးရှူးမူးမူး တမ်းတနေရုံမှတစ်ပါး အခြားမရှိပါချေပြီတည်း။ စစ်စစ် မျက်နှာဖြူကပြားကောင် ရစ်ချပ် အောင်ဒင်သည် သွေးအေးအေးနှင့် လွန်စွာမှ ကောက်ကျစ် ရက်စက်သူတစ်ယောက် ဖြစ်မှန်း လင်မယားအရာဖြင့် အနီးကပ် ပေါင်းသင်းကြည့်မှ မာယာ ပို၍ သိရှိလာခဲ့ရသည်။

ကနဦးအစကမူ မာယာသည် သူ့အား ချုပ်ချယ်လိမ့်မည်။ ပညာရှိနည်းဖြင့် နှိမ့်စက်မည်ဟု ထင်မြင်ယူဆခဲ့သည်။ သို့သော် တကယ့်လက်တွေ့တွင်မူ ရစ်ချပ်အောင်ဒင်သည် ဇနီးချောမာယာအား အလိုလိုက် အကြိုက်ဆောင်ပေးခဲ့သည်။ လွတ်လပ်စွာသွားလာခွင့်ကိုလည်း ပေးသည်။ ယုတ်စွအဆုံး ဖိမ်ဖာရှာရှိ သူမ၏ဘွားအေ ဒေါ်ဇာယုနှင့် ချစ်သူရည်စား ဖြစ်ခဲ့သူ ဉက္ကာနှင့်ပင် လွတ်လပ်စွာ တွေ့ခွင့်ပေးခဲ့ပါ၏။

"မာယာတော့ ရစ်ချပ်ကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး အစ်ကို၊ အိမ်ပြန်ရောက်ရင်လည်း ဘာမှ အမေးအမြန်းမရှိဘူး။ ပုံမှန်ပဲ ဆက်ဆံပြီး ဝီစကီလေးတမြမြနဲ့ သူ့ရဲ့ရုံးလုပ်ငန်းတွေကိုပဲ အေးအေးဆေးဆေး လုပ်နေတာတွေ့ရတယ်၊ တစ်ခုတော့ရှိတယ် ... အဲဒါက မာယာ့ကိုတော့ သူ တကယ်ချစ်ပုံပဲ အစ်ကို"

ဉက္ကာနှင့် ဆုံတွေ့စဉ် မာယာက ရစ်ချပ်အောင်ဒင်၏





အကြောင်းကို ရှင်းပြပြောဆိုနေခြင်း ဖြစ်ပါ၏။ ဉက္ကာနှင့် ပုလုံးလေးတို့သည် သူမ၏ မျက်လှည့်အမွေကို ဆက်ခံရင်း သူမ၏ အဘွား ဒေါ်ဇာယုနှင့် အတူတကွ နေထိုင်ကြပါ၏။ မျက်လှည့်ပွဲမရှိသော အချိန်များတွင် စိုက်ခင်းခြံတွင် လုပ်ကိုင်ကြရင်း မာယာ့ကိုယ်စား ဒေါ်ဇာယုအား စောင့်ရှောက်ပေးနေကြပါ၏။

ထိုအဖြစ်ကို မာယာ မြင်ရတွေ့ရလေလေ ကြေကွဲဝမ်းနည်းရလေလေမို့ နောက်ပိုင်းတွင် အရောက်အပေါက် ကျဲပါးသွားပါ၏။ အရေးကြီးကိစ္စများနှင့် နေထိုင်မကောင်းဖြစ်မှသာ ပုလုံးလေးကိုလွှတ်ကာ အသိပေးအကြောင်းကြားစေခဲ့သည် မဟုတ်ပါလား။

"အင်း ... သတိတော့ထားပြီးနေပါ မာယာ၊ ဒီမျက်နှာဖြူကောင်တွေဟာ ပရိယာယ်မာယာ အင်မတန် ကောင်းကြတာ၊ လုပ်စရာရှိတဲ့လုပ်ငန်းတွေကို ကြောင်လက်သည်းဝှက်သလို ဖိဖိ ရှိရှိနဲ့ လူသိမခံဘဲ လုပ်ကိုင်လေ့ရှိကြတယ်၊ အင်မတန် သွေးအေးသလောက် ကြောက်စရာလည်း ကောင်းတယ်၊ အစ်ကိုရဲ့ အမြင်ကို ပြောရရင်တော့ ရစ်ချပ်အောင်ဒင်ဟာ ငြိမ်ငြိမ်လေးခွေနေတဲ့ မြွေပွေးတစ်ကောင်ပဲ၊ သူ့ကိုမထိရင်တော့ ဘယ်သူ့ကိုမှ ရန်ရှာမှာ မဟုတ်သလို သူ့အပေါ် သစ္စာဖောက်ခဲ့ရင်လည်း သွေးအေးအေးနဲ့ လက်တုံ့ပြန်မယ့် လူသားမျိုးပဲ မာယာ"

ဉက္ကာ၏ ထင်မြင်ယူဆချက်များမှာ မှန်သင့်သလောက် မှန်ပါ၏။ စင်စစ် ရစ်ချပ်အောင်ဒင်သည် မာယာကို သည်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားခြင်း မဟုတ်ပါ။ မာယာ၏ နောက်တွင် အရိပ်ထည့်ပေးထားသည်။ ဒါကို ကာယကံရှင် မာယာပင် သိလိမ့်မည် မဟုတ်ပါ။ မျက်နှာဖြူကပြားတစ်ယောက်က ယခုကဲ့သို့ ခရိုင်ရာဇဝတ်ဝန်ကလေးဘဝသို့ ရောက်ရှိလာခဲ့သည်မှာ သာမန် ကြိုးစားအားထုတ်မှု၊ ဝီရိယ၊ ဖွဲ့လုံ့လများနှင့်တော့ မဖြစ်နိုင်ပါ။ ရစ်ချပ်အောင်ဒင်တွင် ပါရမီနှင့်စွမ်းရည် တစ်ခုခုရှိ၍သာ ဖြစ်ပါလေ၏။

ရစ်ချပ်အောင်ဒင်သည် လွန်စွာ စိတ်ရှည်သည်၊ ဖွဲ့ကောင်းသည်၊ ဝီရိယကြီးသည်၊ သွေးအေးသည်၊ သူဖြစ်ချင်သည်ကိစ္စဆိုလျှင် မဖြစ်မနေ ကြိုးစားလုပ်ကိုင်လေ့ရှိသည်။ ရယူစရာရှိလျှင်လည်း မဖြစ်မနေ ယူတတ်သည်။ အလုပ်လုပ်ရာတွင် တိကျပြတ်သားသလောက် ပါးရည်နပ်ရည်လည်း ရှိသူဖြစ်ပါ၏။ ထို့ကြောင့် မျက်နှာဖြူအရာရှိ ကြီးကြီးပိုင်းက ရစ်ချပ်အောင်ဒင်အား လွန်စွာမှ သဘောကျနှစ်ခြိုက်သလောက် အားကိုးသမှုလည်း ပြုကြသည်။ ယခုပင် ကြည့်ပါ ...။- ဂျုန်သူပုန်များ ထကြွသောင်းကျန်းလျက်ရှိသည့် သာယာဝတီခရိုင်အတွင်းသို့ ရစ်ချပ်အောင်ဒင်အား ခရိုင်ရာဇဝတ်ဝန်ကလေးအဖြစ် စေလွှတ်လိုက်ခြင်းက အထက်ပိုင်းမျက်နှာဖြူအရာရှိကြီးများက မည်မျှ အားထားကြောင်း သက်သေပြလိုက်ခြင်းပင် မဟုတ်ပါလား။

အချိန်ကာလတွေ တရွေ့ရွေ့ ပြောင်းလာသည်နှင့်အမျှ မာယာ၏ ဒဏ်ရာရနှလုံးသားသည်လည်း အနာဖေးတက်ခဲ့ပါပြီ။





ထို့အတူ ဘဝတစ်ခု ဖြစ်တည်လာသည်နှင့် ထိုဘဝ၏ အတိတ်ကံ၊ ကုသိုလ် အကုသိုလ်တို့ကို အကြောင်းပြု၍ ကံကြမ္မာ အဆိုးအကောင်း၊ အနိမ့်အမြင့် စသည့် တရားသဘောနှင့်လည်း ဆင်ခြင်လာနိုင်ခဲ့သည်။

ဘဝ၏ အဆိုးအကောင်းထဲမှ ကောင်းကွက်များကို ရွေးချယ်တတ်လာခဲ့သည်။ ဘဝ၏ အရှုံးတရားထဲမှလည်း အမြတ်ကို ရှာဖွေယူငင်ရန် စဉ်းစားတွေးခေါ်တတ်လာခဲ့ပါ၏။ မည်သို့မျှ ပြုပြင်ပြောင်းလဲ၍ မရနိုင်တော့ပြီဖြစ်သော ဘဝအရှုံးထဲမှ မာယာ ရွေးချယ်ယူငင်ရမည့် အမြတ်သည် ...



www.burmeseclassic.com

www.burmeseclassic.com

## ဘဝကြွေး နှင့် ရာဇဝင်ကြွေးဆပ်သူ သို့မဟုတ် ...

မေဂျာကလစ်ဖို့ဒ် ဦးစီးသည့် ဂေါ်ရာစစ်သားသုံးဆယ်နှင့် ယနေ့ညနေ (၄) နာရီခန့်တွင် ဖားရွှေကျော်ရွာမှ အခွန် ဘဏ္ဍာငွေများကို မြို့ငသာခရိုင်ရုံးသို့ ပို့ဆောင်ပါလိမ့် မည်။ ထိုဘဏ္ဍာငွေများကို ဂျုန်တော်လှန်ရေးတွင် ပြောင်းရွှေ့အသုံးပြုနိုင်ရန် သတင်းပေးအပ်ပါသည်။

"ဂျုန်အရေးတော်ပုံ အောင်မြင်ပါစေ"

ရာဇဝင်ကြွေးဆပ်သူ

သတင်းပေးသည့်စာကို ဂျုန်တော်လှန်ရေးခေါင်းဆောင် ကြီး ဆရာစံကိုယ်တိုင် သေသေချာချာ ဖတ်ကြည့်နေပါ၏ ပြီးလျှင် အနီးရှိ ဦးယောနကိုခေါ်ကာ နှစ်ယောက်သား တိုးတိုး တိတ်တိတ် ဆွေးနွေးပြောဆိုကြသည်။ အလံတော်ထက်မှာတော့ မိုးငွေမြူငွေ့များက လွှမ်းမောဖွတ်ပုံ့ဖွယ် အုံ့ဆိုင်းဝေ့ဝဲနေကြ





သည်။ သည်ရက်ပိုင်း၊ လပိုင်းအတွင်း ဂျုန်တပ်သားများအား ဖိဖိစီးစီး လိုက်လံဖမ်းဆီးနေသဖြင့် ဂျုန်တော်လှန်ရေးတပ်သား များ လျှို့ဝှက်စွာဖြင့် ငြိမ်သက်နေခဲ့ကြသည်မှာ ရက်အတန်ကြာခဲ့ ပါပြီ။

ယခုမူ မြေပေါ်သတင်းပေး ဥက္ကာမှတစ်ဆင့် ဦးယောန၊ ဦးယောနမှတစ်ဆင့် ဆရာကြီးထံ ရောက်ရှိလာသည့် မျက်နှာဖြူ အစိုးရ၏ စစ်ရေးသတင်းသည် လွန်စွာမှပင် တန်ဖိုးရှိလှပါ၏။ ယခင်တစ်ကြိမ်ကလည်း ဤ (ရာဇဝင်ကြွေးဆပ်သူ) ဟူသော လက်မှတ်ထိုးနှင့် ဂျုန်တပ်ဖွဲ့ဝင်အချို့အား တိမ်းရှောင်နေကြရန် အချိန်မီ သတင်းပေးခဲ့သဖြင့် ကုလားဖြူဂေါ်ရာ၏ စစ်သားများ ၏ လက်မှ ပွတ်ကာသီကာလွတ်မြောက်ခဲ့ဖူးပါသည်။ ထို့အတွက် ဂျုန်တော်လှန်ရေးတွင် အားထားရမည့် ဂျုန်တပ်ဖွဲ့ဝင်များ ဆုံးရှုံးမှုမရှိခဲ့ပါပေ။

ယခုလည်း တိကျသေချာသော စစ်ရေးသတင်းကို 'ရာဇဝင်ကြွေးဆပ်သူ' ဟူသော သတင်းပေးသမားက ဥက္ကာမှ တစ်ဆင့် ပေးပို့လာပြန်ပါ၏။ သည်တစ်ကြိမ်တွင် ထိုသူပေးသည့် သတင်းသာ မှန်ခဲ့မည်ဆိုလျှင် ပြည်သူတို့၏ဘဏ္ဍာငွေကို ဂျုန် တပ်သားများ လွှဲပြောင်းရယူကာ ဂျုန်တော်လှန်ရေးတွင် အသုံး ချနိုင်မည် ဖြစ်ပါချေ၏။

"ဟုတ်တယ် ... အဲဒီတော့ ငါတို့ ဂျုန်တပ်သားတွေ ဖားရွှေကျော်ရွာအပြင် လယ်ကွင်းတွေထဲကနေ ကြိုတင်ပြီး စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေကြမယ်၊ ဂေါ်ရာစစ်သားတွေ ဘဏ္ဍာငွေတွေ သယ်လာတာနဲ့ လှိုင်းတံပိုးစစ်ဆင်ရေးနဲ့ အသေခံပြီး ဝင်တိုက်ကြမယ်၊ အရေးကြီးတာက ထုံးစံအတိုင်း မေဂျာကာလစ်ဖိုဒ်ရဲ့ ခေါင်းကို ဖြတ်ယူနိုင်ပြီး ဘဏ္ဍာငွေတွေကို အောင်မြင်စွာနဲ့ ရယူနိုင်ဖို့ပဲ''

ဦးယောန၏ ပြတ်သားအောင်မြင်သော စကားသံကြီးက အလံတောင်ထက်တွင် ပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။ ဤသို့ဖြင့် ဂဠုန်တော်လှန်ရေးခေါင်းဆောင် ဆရာစံကိုယ်တိုင် ဦးစီး၍ ဖားရွှေကျော်တိုက်ပွဲကို အသက်သွေး ချွေးပေါင်းများစွာ စတေး၍ တိုက်ခိုက်ခဲ့သည်။ မောင်းသံတဒူဒူ၊ ဂဠုန်အောင်လံ တလွင့်လွင့်၊ ဓားတဝင့်ဝင့်နှင့် မြန်မာတို့၏ သတ္တိသွေးကို ရဲဝံ့စွာ ပြသခဲ့သည်။

တဒိုင်းဒိုင်း ပစ်ခတ်လျက်ရှိသော သေမင်းတမန် ကျည်ဆန်များကြားမှ ရန်သူမျက်နှာဖြူ စစ်သားများကို အသေခံ၍ ဓားဖြင့် ဝင်ပိုင်းခဲ့ကြသည့် ဂဠုန်တပ်သားများ၏ လှုလှိုင်းထိုးစစ်ဆင်ရေးကို မျက်နှာဖြူများနှင့်ဂေါ်ရာစစ်သားများ ထိတ်လန့်ကြောက်ရွံ့ကြသည်။ ရိုးပြတ်လယ်ကွင်းကြားမှ လူဖြစ်လာကြလေသည်လားဟု ထင်မှတ်မှားဖွယ်ရာ ဓားများကိုဝင့်ကာ အပြေးဝင်လာကြသည့် ဂဠုန်တပ်သားများက လူပင်လယ်ကြီးသဖွယ်ပင်တည်း။

ထိုဖားရွှေကျော်တိုက်ပွဲတွင် မေဂျာကာလစ်ဖိုဒ်၏ ဦးခေါင်းကိုလည်း ဖြတ်ယူနိုင်ခဲ့သည်မို့ ဂဠုန်တော်လှန်ရေးသမားများနှင့်





ဆရာစံ၏ ဂုဏ်သတင်းက သာယာဝတီ၊ သုံးဆယ်၊ ဥက္ကံ၊ အိုက်ကြီး၊ လက်ပံတန်း စသည့် မြို့ကြီးများထိတိုင် သတင်းကြီးကျော်ကြားသွားခဲ့ပါချေတော့သည်။ အောင်ပွဲနှင့်အတူ ပြန်လာကြသည့် ဂဠုန်တပ်သားများသည် အလံတောင်တွင် တိတ်တဆိတ်ဝင်ရောက်ခိုအောင်းကာ ခြေရာဖျောက်ကြသည်။ ရေတိုက်ရွာတိုက်ပွဲ၊ ဖားရွှေကျော်တိုက်ပွဲတို့သည် 'မိမိတို့အား တော်လှန်အံတုဝံ့မည်မဟုတ်' ဟူ၍ စိတ်ကြီးဝင်ကာ သွေးနားထင်ရောက်နေကြသည့် နယ်ချဲ့မျက်နှာဖြူအစိုးရအား သတိပေးစိန်ခေါ်လိုက်လေသည့်နယ်ပါတည်း။

ထိုကိစ္စအတွက် သာယာဝတီအရေးပိုင်မင်း ဂျိမ်းကာယ်လီနှင့် မျက်နှာဖြူအရာရှိများ၊ မြို့သာခရိုင် ရာဇဝတ်ဝန်ကြီးနှင့် နိကလေးရစ်ချပ်အောင်ဒင်တို့သည် များစွာ အလုပ်ရှုပ် ပျာယာခတ်ကုန်ကြပါလေ၏။ နယ်ချဲ့ မျက်နှာဖြူအရာရှိများ မျက်ဖြူဆိုက်၍ အကျပ်ရိုက်သွားကြသည့် ဂဠုန်တို့၏ တောင်ပံခတ်သံပြင်းပြင်းက အရှိန်အဟုန်ပြင်းစွာဖြင့် ပြန်လည်၍ နိုးကြားသက်ဝင်လာကြလေပြီထင့်။

သို့သော် အောင်ပွဲနှင့်အတူ ပြန်လာသည့် ဥက္ကာ၏ မျက်နှာသွင်ပြင်ကမူ ပင်ပန်းမှုကြောင့်လေလားမသိ။ အတန်ငယ်ညှိုးနွမ်းလျက် ရှိပါ၏။ ဟုတ်သည် ..။ သတင်းပေးသူ၏ သတင်းမှားကန်မှုကြောင့် ဂဠုန်တပ်သားများ ပျော်ရွှင်နေကြသည့်တိုင် ဤသတင်း၏ မြစ်ဖျားခံရာကို သိရှိနေသည့် ဥက္ကာမှာမူ မည်သို့



www.burmeseclassic.com

www.burmeseclassic.com



မှု မပျော်ရွှင်နိုင်ခဲ့ပါ။ သူ၏ ရင်အစုံသည် စိုးရိမ်ပူပန်မှု၊ သောက
ဝေဒနာများကြောင့် ပူပန်နေလေသည်သို့။

ထို့အတူ ဘဝတစ်ခုလုံး အဆုံးရှုံးခံကာ တိုင်းပြည်
အတွက်၊ ဂျူနိတပ်သားများအတွက်၊ အဘွားအတွက်၊ ချစ်သ
အတွက် စွန့်လွှတ်အနစ်နာခံခဲ့ရှာသော ရွက်ပုန်းသီးမလေး ချစ်ရ
မာယာအတွက် ဥက္ကာအသည်းပေါက်မတတ် ခံစားနေရသည်မှ
ကြာခဲ့ပါပြီ။ ဆုံးရှုံးပြီးသား ဘဝတစ်ခုအတွက် ရာဇဝင်ကြွေးဆ
နေသူတစ်ယောက် သို့မဟုတ် လျှို့ဝှက်သတင်းသမလေး မာယာ

ဥက္ကာတစ်ယောက် ကျွန်းပင်ကြီးတစ်ပင်၏ ခြေရင်းတွ
ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါ၏။ ရင်ထဲမှ သောကအပူများ
ဥက္ကာ၏ တစ်ကိုယ်လုံးအား ဝါးမျိုလောင်မြိုက်တော့မည်ကဲ့
သူ၏ အကြားအာရုံထဲမှာတော့ မာယာ၏ ဒဏ်ရာရနေလုံးသာ
ယိုစီးကျလာသည့် စကားသံများကို ပြန်လည်၍ ကြားယောင်
မိသည်။

"မာယာ့ကိုချစ်ရင် မတားပါနဲ့တော့အစ်ကိုရယ်၊ မာယ
ရဲ့ဘဝဟာ အသက်ရှင်ရက်နဲ့ သေနေရတဲ့ဘဝပါ၊ တကယ်တေ
မာယာဟာ ဘဝကိုရော, နှလုံးသားကိုပါ စတေးခံထားရတဲ့သူ
တိုင်းပြည်အတွက်, ဂျူနိတပ်သားတွေအတွက်, အဘွားအတွ
နောက်ပြီး ချစ်သူအတွက် မာယာ့မှာ တာဝန်ရှိတယ်၊ လက်
အခြေအနေကလည်း မာယာ့ဘက်မှာ အကောင်းဆုံးအနေအထ
နဲ့ အသင့်ရှိနေတယ်၊ ဒီတော့ မာယာ ... မာယာလေ အရှုံးထဲ





အမြွတ်ကို ထုတ်ယူပါရစေ အစ်ကိုရယ်နော်"

လေပြည်တစ်ချက် ကသုတ်ကယက် တိုက်ခတ်သွား
သည်မို့ ရွက်ခြောက်တချို့ မြေပေါ်တွင် ရုပ်တိုက်ပြေးလွှားသွား
ရင်း ဥက္ကာအား တိုးဝှေ့ဖြတ်ကျော်သွားကြသည်။ ကြည့်လေ
ရာ မြင်လေရာအရပ်တို့တွင် ချစ်ရသူမာယာ၏ ပုံရိပ်လေးများကို
သာ ဥက္ကာ မြင်ယောင်နေမိပါသည်။

"အစ်ကိုရယ် ... မာယာလေ အစ်ကိုတို့လို (က) ဂျူနိ
တပ်သားဘဝနဲ့ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအတွက် အတိအလင်း
လုပ်ဆောင်နိုင်ပေမယ့် အခုလို မာယာတတ်နိုင်တဲ့အပိုင်းကနေ
တာဝန်ယူခွင့်လေးတော့ ခွင့်ပေးပါအစ်ကိုရယ် ... နော်"

"မဟုတ်သေးဘူး မာယာ ... စိတ်အလိုလိုက်ပြီး
မာယာ ဖွတ်တမျှတ်လုပ်မယ်ဆိုရင် အန္တရာယ်သိပ်များလွန်းတယ်၊
ဒီကိစ္စသာ ရစ်ချပ်ရဲ့နားကို ပေါက်ကြားသွားခဲ့မယ်ဆိုရင် ဒီမျက်
နှာမှု ကပြားကောင်က မာယာ့ကို လုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး
နော်၊ အစ်ကို့ရဲ့ကိစ္စကို အစ်ကိုကိုယ်တိုင် ဆောင်ရွက်ပါရစေ
မာယာရယ်"

ပထမတော့ မာယာ၏ဆန္ဒကို ဥက္ကာ တတ်နိုင်သမျှ
တားမြစ်ပိတ်ပင်ခဲ့သည်။ မိန်းမသားဘဝတွင် အထပ်ထပ်အခါခါ
ရှုံးနိမ့်ရမည့်အဖြစ်မျိုးကို ဥက္ကာလက်မခံနိုင်ပါ။ ဤကိစ္စသည်
မာယာ့အတွက် လွန်စွာမှ အန္တရာယ်များလွန်းလှပါ၏။ တစ်ချက်
ကလေး တိမ်စောင်းချွတ်ချော်သွားသည်နှင့်အသက်ကို အလျော်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရမည်ဖြစ်သည်။ သို့သော် မာယာက ဥက္ကာ၏တားမြစ်ချက်ကို လက်မခံခဲ့။ သူ၏ယောကျ်ား ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်ထံမှ လျှို့ဝှက်သတင်းအချက်အလက်များကို ဥက္ကာနှင့် ဦးယောနထံသို့ တိတ်တဆိတ်သတင်းပေးပို့ခဲ့သည်။

ယခုတော့ မာယာသည် သူ၏ဆုံးရှုံးပြီးသား ဘဝတစ်ခု၏ အကြွေးစာရင်းကို အတိုးရောအရင်းပါပေါင်း၍ ကောင်းကောင်းကြီး ရာဇဝင်ကြွေးဆပ်လျက် ရှိပါချေပြီကော။ နောက်ဆုံးတော့ ဥက္ကာတစ်ယောက် ချစ်ရသူမာယာ၏ဆန္ဒကို လိုက်လျောလိုက်ရပါတော့သည်။

"သတိတော့ထားပါ မာယာ၊ မင်းရဲ့အနီးဆုံးရန်သူဟာ မင်းရဲ့ယောကျ်ား ရစ်ချပ်အောင်ဒင်ပဲဆိုတာ ဘယ်တော့မှမမေ့လေနဲ့"

"မာယာ နားလည်ပါတယ် အစ်ကိုရယ်၊ မာယာသေမှာ မကြောက်ပါဘူး။ မာယာရဲ့အသွေးအသားတွေကို ပါးမျိုးစားသုံးထားတဲ့ လူယုတ်မာကို ဒီနည်းနဲ့လက်စားချေရတာ မာယာအတွက် အကောင်းဆုံးလုပ်ရပ်တစ်ခုပဲလို့ မှတ်ယူပြီး ဒီတာဝန်ကို မာယာ ဝမ်းမြောက်ဂုဏ်ယူစွာနဲ့ ထမ်းဆောင်ပါရစေတော့ အစ်ကိုရယ်"

ဒဏ်ရာရထားပြီးသည့် နှလုံးသားအမာရွတ်ကိုပင် ထပ်မံစတေး၍ တိုက်ပွဲဝင်တော့မည့် ချစ်ရသူ သို့မဟုတ် ချစ်ခဲ့ဖူးသူ၏ မျက်နှာလေးအား ဆွေးမြည့်ကြေကွဲစွာ ကြည့်ရင်း ဥက္ကာ





သက်ပြင်းတစ်ချက်ကိုသာ တိတ်တဆိတ် ချလိုက်ပါတော့သည်။

အလံတောင်၏ ဆည်းဆာညနေက တိမ်ရောင်စုံတို့ လွင့်မျောဖြန့်ကြက်နေကြသဖြင့် တစ်မျိုးတစ်ဖုံ သာယာလှပနေပါ၏။ ရိုးမ၏အအေးဓာတ်တို့က လွှမ်းခြုံစပြုနေပြီမို့ မြူနှင်းမိုးငွေ့များက ဆည်းဆာညနေကို လွှမ်းမိုးနေရာယူရန် ကြိုးစားနေကြသည်။

ငှက်ခါးတစ်ကောင်သည် ကုက္ကိုရိပ်၌နိုကာ အိပ်တန်းတက်ရန် တကီးကီးနှင့်နေရာ ရှာနေသည်သို့ ဝါးရုံတောကြီးအဆုံး၌ ကွေ့ကောက်စီးဆင်းနေသည့် သုံးဆယ်ချောင်းမကြီး၏ ရေစီးသံသာလျှင် သဘာဝဆန်လှသော ဂီတသံအဖြစ် ဥက္ကာ၏ ရင်မှသောက အပူများကိုငြိမ်းသတ်ပေးရန် ကြိုးစားနေလေသည်လား။

မည်သို့ပင်ဖြစ်စေ . . . မဆုံစည်းနိုင်တော့သော ဘဝအခြေအနေတွင် လွန်လေပြီးသော အတိတ်မှအရိပ်များကို တတ်နိုင်သမျှ မေ့ဖျောက်ကာ လက်ရှိဂဏ္ဍအခြေအနေပေါ်၌သာ အကောင်းဆုံး နေထိုင်သွားသင့်သည်ဟု ဥက္ကာစဉ်းစားဆင်ခြင်မိလိုက်သည်။

သို့သော် လက်ကျန်သံယောဇဉ် တစ်ပိုင်းတစ်စကမူ အန္တရာယ်ကြားတွင် ရှင်သန်လှုပ်ရှားနေရသည့် လျှို့ဝှက်သတင်းပေး သမားလေး မာယာတစ်ယောက် ဘေးရန်ခပ်သိမ်း ကင်းဝေးပါစေဟုသာ ဆုတောင်းနေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရစ်ချပ်အောင်ဒင်ပင် ပြောင်းလဲလာသော မာယာ၏ အခြေအနေကြောင့် စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရသည်သို့ မာယာအား တစ်ဖက်သတ်ချစ်ခဲ့မိသူမို့ အကျပ်ကိုင်ကာ သိမ်းပိုက်ရယူခဲ့သော်လည်း သူ၏ရင်ခွင်ထဲမှနေ၍ ချစ်ဦးသူကို မျှော်ရည်ငေးမ်းတနေသည့် မာယာကိုကြည့်ကာ ရင်မှာမကောင်းဖြစ်မိသည်။ နေ့စဉ် မာယာ၏ အေးစက်စက်တုံ့ပြန်မှုများကိုသာ ရင်ဆိုင်ကြုံတွေ့နေရသည်။

သို့သော် ရစ်ချပ်အောင်ဒင်မှာ မာယာကိုတော့ တစ်ခုသိုးကျူးမိသည်။ သူ၏ရင်ထဲမှ ဆန္ဒကို ထိန်းသိမ်းနိုင်စွမ်းအားကြီးသော မြန်မာမိန်းကလေးတစ်ဦး ဖြစ်ကြောင်း သိရှိခဲ့ရပါ၏။ လွတ်လပ်စွာ သွားလာနေထိုင်ခွင့် ပေးထားခဲ့သည့်တိုင် ငယ်ချစ်ဦးဖြစ်သူ ဥက္ကာနှင့် သူ၏ကွယ်ရာတွင် ဖောက်ပြားခြင်းမရှိခဲ့သည်ကို သူ၏လက်ရင်းတပည့်များထံမှ တိတ်တဆိတ်သိရှိထားခဲ့သည်။

ဥက္ကာကိုယ်တိုင်ကလည်း မာယာအပေါ်တွင် ထွေလီကာလီ စိတ်များနှင့် ဆက်ဆံခြင်းမပြုဘဲ အစ်ကိုကြီးနှင့် ညီမတစ်ဦးသဖွယ်သာ ဆက်ဆံပြောဆိုခဲ့ကြသည်ကို ရစ်ချပ်အောင်ဒင်သူ၏အရိပ်များမှတစ်ဆင့် ပြန်လည်သိရှိခဲ့ပါ၏။ သို့သော် မာယာကိုယ်တိုင် တိတ်တဆိတ်ပို့ပေးနေသည့် သတင်းလျှို့ဝှက်ချက်ကိစ္စ





များကိုမူ သိုသိပ်စွာလုပ်ကိုင်တတ်သည့် မာယာ၏အလေ့အကျင့်ကြောင့် ရစ်ချပ်အောင်ဒင် ရိပ်စားသိရှိခဲ့ခြင်း မရှိပါလေ။

မာယာနှင့်လက်ထပ်ပေါင်းသင်းခဲ့ပြီး (၆) လကျော်ခန့်အကြာမှာတော့ စက်ရုပ်တစ်ရုပ်သဖွယ် ပြုမူဆက်ဆံခဲ့သည်များ တဖြည်းဖြည်းပျောက်ကွယ်ကာ လူသားတစ်ဦးနှယ် မာယာ ပြောင်းလဲလာခဲ့သည်။ ယခင်က မင်းပွဲစိုးပွဲများနှင့် ဒါဘာပွဲများသို့ တက်ရောက်လျှင် လိုက်ပါလေ့မရှိသောမာယာမှာ ယခုဆိုလျှင် သင်ယောကျ်ားဖြစ်သူ ရစ်ချပ်အောင်ဒင်နှင့်အတူ ပွဲတက်မယားအဖြစ် လက်ချင်းချိတ်လျက် မျက်နှာဖြူအရာရှိများအလယ်တွင် ပွဲဝင်လျက်ရှိပါပြီ။

"အင်း . . . သူလည်း ကြာလာတော့ သူ့အမှားသူသိပြီး ငါ့အပေါ် ဆက်ဆံရေးပျော့ပျောင်းလာပုံရတယ်၊ ဒါမှမဟုတ် သူ့မှာ ဘာအကြံအစည်တွေများ ရှိနေလို့လဲ၊ အို . . . သူဟာ ငါ့ရဲ့ အရားဝင်မယားတစ်ယောက်ပဲလေ၊ သူ့ဟာသူ စိတ်ပြောင်းလာတာပဲ ဖြစ်မှာပါ"

စားပွဲပေါ်တွင် အသင့်ပြင်ဆင်ထားသည့် ဝီစကီပုလင်းထဲမှ ဖန်ခွက်ထဲသို့ တစ်ပက်ခန့် လောင်းထည့်လိုက်ပြီး ရေခဲတုံးငယ်လေးများကို ညှပ်နှင့်ယူကာ ထည့်လိုက်သည်။ ပြီးလျှင် ဖန်ခွက်ကို အသာအယာ လှုပ်ခတ်လိုက်ပြီး ဝီစကီကို ဖြည်းဖြည်းချင်း မျှဉ်း၍ သောက်လိုက်သည်။

အေးမြသော အယ်လ်ကိုဟောများက လည်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် စီးဆင်းသွားပြီး ရစ်ချပ်အောင်ဒင်၏ စိတ်အမော
ဟူသမျှကို ငြိမ်းသတ်ပေးသွားသည့်သို့ သူ၏စားပွဲမှ ကြည့်လိုက်
လျှင် နောက်ဘက်မီးဖိုခန်းတွင် သူ့အတွက် ညစာပြင်ဆင်နေ
သည့် ဇနီးချောလေး၏ နောက်ပိုင်းအလှကို ခန်းဆီးတစ်ခြမ်း
အကွယ်မှ မမြင်ရ၍သို့ မြင်၍သို့ တွေ့မြင်နေရပါ၏။

စင်စစ် ရစ်ချပ်အောင်ဒင် တာဝန်ယူထားရသည့် လုပ်
ငန်းပိုင်းများက များပြားလွန်းလှပါ၏။ ခရိုင်ရာဇဝတ်ဝန်ကလေး
တစ်ယောက်၏ လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နယ်မြေ
တချို့မှ ဆူပူသောင်းကျန်းမှုများနှင့် ဂျူန်တပ်ဖွဲ့ဝင်များ၏ လှုပ်
ရှားမှုသတင်းများကို စဉ်ဆက်မပြတ် စုံစမ်းကြားနာနေရသည်
ထိုအရေးကိစ္စများကို အပတ်စဉ် အစည်းအဝေးများနှင့် အရေးပေါ်
အစည်းအဝေးများတွင် တင်ပြဆွေးနွေးရသည်။ ပြီးလျှင် ဆက်
လက်လုပ်ကိုင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အရေးပိုင်မင်း
ဟစ်ဆင့် သူ၏အထက် ရာဇဝတ်ဝန်ကြီးထံမှ လွှဲပြောင်း တာဝန်
ယူဆောင်ရွက်ရပါသည်။

မကြာမီရက်ပိုင်းအတွင်းက လှုပ်ရှားသွားသည့် ဖားချေ
ကျော် တိုက်ပွဲသတင်းကြောင့်လည်း မျက်နှာဖြူအရာရှိ ကြီးကြ
ပိုင်းများ မျက်ခုံးလှုပ်နေကြရသည်။ ဂျူန်သူပုန်များသည် မော
ကလစ်ဖို့ဒ်၏ ဦးခေါင်းကိုဖြတ်ကာ အခွန်ဘဏ္ဍာငွေများကို
တိုက်ခိုက်လုယူသွားခြင်းက အင်္ဂလိပ်ပြိတိသျှအစိုးရအား မလေ
မစားပြုကျင့်သည်ဟု ယူဆကာ အကြီးအကျယ် ဒေါသထွက်





လျက် ရှိကြသည်မဟုတ်ပါလား။

ထိုအမှုအခင်းကြီးကြောင့်လည်း ခရိုင်ရာဇဝတ်ဝန်က
လေး ရစ်ချပ်အောင်ဒင်မှာ ဂျူန်သူပုန် တပ်ဖွဲ့ဝင်များနောက်သို့
သဲသဲမဲမဲ လိုက်လံစုံစမ်းလျက် ရှိပါချေ၏။ သူ၏လက်စွဲဖြစ်သော
ဖိမ်ဇာတိုက်နယ်သူကြီး ဦးမြေဇာအား ဂျူန်တပ်ဖွဲ့ဝင်များအား
ဖိဖိစီးစီး ရှာဖွေစေခဲ့သည်။ ရစ်ချပ်အောင်ဒင်မှာ အခြေအနေအရ
ဥက္ကာနှင့်ဦးယောနတို့အား လွှတ်ပေးထားခဲ့သော်လည်း သူတို့၏
နောက်တွင်မှ အရိပ်ထည့်ပေးထားခြင်းဖြင့် အခြားသော ဂျူန်
တပ်ဖွဲ့ဝင်များကို ခြေရာခံမိရန် ကြိုးစားခဲ့သည်။

သို့သော် ဦးယောနနှင့်ဥက္ကာတို့က သူထင်ထားသည်
ထက် ပို၍ပိရိသေသပ်ကြသည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို
ကြိုတင်ရိပ်စားမိခဲ့ကြသဖြင့် ဆရာစံနှိုအောင်းရာ အလံတောင်
နှင့်ပတ်သက်၍ ခြေရာခြေကြောင်း သဲလွန်စဟူ၍ မည်သို့မျှမပြခဲ့။
မသင်္ကာဖွယ်လှုပ်ရှားမှုများကိုလည်း လုံးဝမလှုပ်ရှားခဲ့ကြ။ သူတို့
၏ နောက်ကွယ်မှအရိပ်များ ပျောက်ကွယ်သွားချိန်ကျမှ တိတ်တဆိတ်
ဖြင့် ခြေရာပျောက်လှုပ်ရှားကြသည်မို့ ဦးယောနနှင့်ဥက္ကာတို့ထံမှ
မည်သည့်မသင်္ကာဖွယ်ရာ သဲလွန်စမှ မရရှိခဲ့ကြပါချေ။

''ကျုပ်ကတော့ ဒီကောင်တွေကို မသင်္ကာတာအမှန်ပဲ
ဗျ၊ ဒီကောင်တွေ ကျုပ်တို့မသိအောင် တခြားဘက်ကနေ တိတ်
တဆိတ် လှုပ်ရှားနေကြမှာတော့ သေချာတယ်၊ ဒါပေမဲ့ သူတို့
ရဲ့ လှုပ်ရှားမှုက ပိရိလွန်းတော့ ကျုပ်တို့ဘယ်ကိုမှ ရှာမီးလို့မရ



www.burmeseclassic.com

www.burmeseclassic.com



ကြတာပဲ ဖြစ်ရမယ်''

ရွှေမိုးတို့လူစုနှင့် ဖခင်သူကြီး ဦးမြေဇာတို့ ဂျုန်သူပုန်များနှင့် ပတ်သက်၍ရှာဖွေ စုံစမ်းနေကြခြင်းဖြစ်သည်။ သို့သော် ဂျုန်တော်လှန်ရေး တပ်သားများသည် တရွေ့သရဲကောင်ကြီးများနှယ် ဝုန်းခနဲ လျှပ်တစ်ပြက် ပေါ်ပေါက်လာကြပြီး ကိစ္စအားလုံး ပြီးစီးသွားကြသည့်အခါမှာတော့ လေလို လျင်မြန်စွာ ပျောက်ကွယ်သွားတတ်လေ့ရှိသည်ကြောင့် မည်သို့မျှ ရှာဖွေစုံစမ်းမရ ဖြစ်ခဲ့ကြသည်။

ဤသို့ဖြင့် အချိန်ကာလများက တရွေ့ရွေ့ ကုန်လွန်လာခဲ့ပြန်သည်။ ထို့အတူ ဗြိတိသျှကျွန်နာဖြူအစိုးရမှာလည်း အကျပ်ရိုက်ကာ ဂျုန်သူပုန်ခေါင်းဆောင် ဆရာစံအား ဆုငွေထုတ်ရသည်အထိ သတင်းကြီးကျော်ကြားလာခဲ့သည်။ တစ်ဖက်တွင်လည်း ကြွက်မနိုင် ကျီမီးရှို့ ဆိုသကဲ့သို့ ဆင်းရဲကျပ်တည်းလှသည့် ပြည်သူလူထုအပေါ်သို့ မြေခွန်၊ လူခွန်၊ သဿမေဓခွန်များကို တိုးမြှင့်ကောက်ခံခြင်း၊ မပေးဆပ်နိုင်သည့် လယ်သမားများ၏ လယ်မြေ၊ ကျွဲနွားများကို မတရားသိမ်းပိုက်ခြင်းတို့ကိုလည်း လက်ရဲဇက်ရဲနှင့် ပြုမူကျင့်ကြံလာခဲ့ကြသည်။

ထိုသို့သောအချိန်တွင် . . .



# အပိုင်း [ ၆ ]

## ၁၉၃၀-ပြည့်နှစ်

## ဥပေက္ခာမုန်တိုင်းလေပြည်

### အိပ်မက်ရှင်သူတော်စင်ကြီး ရောက်ရှိလာခြင်း

ထိုသို့သောအချိန်တွင် . . .

မြို့သာခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်သည် တိုက်နယ်ဒိုင်သူကြီး ဦးမြေဇာနှင့်ပူးပေါင်းကာ ဂျုန်တော်လှန်ရေးသူပုန်များ ပုန်းအောင်းတိမ်းရှောင်နေကြရာမှ ထွက်ပေါ်လာကြစေရန် နည်းဗျူဟာတစ်မျိုးကို ပြောင်းလဲကျင့်သုံးကြပြန်သည်။ လူခွန်၊ မြေခွန်၊ သဿမေဓခွန် စသည် အခွန်အကောက်များ မွန်းကျပ်နေသည့် ပြည်သူများအပေါ် အတိုးကြီးစား လူမျိုးခြား ငွေရှင်မြေရှင် ချစ်တီးများနှင့် ထပ်ဆင့်ကာ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းခဲ့ကြသည်။

ပေးစရာမရှိတော့ ရရာပစ္စည်း ကျွဲနွားများနှင့် သမီးပျိုလေးများကို မတရားသိမ်းယူကြသည်။ ချစ်တီးများ၊ လူမျိုးခြား ငွေရှင်ကြေးရှင်များနှင့် အတိုးကြီးစား ကပ်သွေးစုပ်သူများကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတစ်မျိုးသားလုံး လူလုံးမလှတော့သည့်ဘဝသို့ ကျရောက်လုနီးပါး ဖြစ်ချိန်မှာတော့ မည်သို့မျှ သည်းမခံနိုင်ကြပြီဖြစ်သော လယ်သမားအများစုက ချစ်တီးများနှင့် သူတို့၏လက်ပါးစေများကို ရရာလက်နက်နှင့် ပြန်လည်၍ တိုက်ခိုက်ခဲ့ကြသည်။

ချစ်တီးများနှင့် ငွေရှင်ကြေးရှင်များ၏ နောက်မှ မျက်နှာဖြူ စစ်အာဏာပိုင်များက မားမားမတ်မတ်ရပ်ကာ ခုခံတိုက်ခိုက်ကြသည့် လယ်သမားများအား ဂေါ်ရာစစ်တပ်နှင့် နှိမ်နင်းစေခဲ့သည်။ ထိုအချိန်တွင် အဖိနှိပ်ခံ လယ်သမားများ၏ရှေ့မှ ဂဠုန်တော်လှန်ရေးတပ်သားများသည် မောင်းသံတဒူဒူ၊ ဂဠုန်အလံတလွင့်လွင့်၊ ဓားတဝင့်ဝင့်နှင့် ရဲဝံ့စွာ တိုက်ပွဲဝင်ကြပါတော့သည်။

အမှန်တော့ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်သည် သည်ယုံမြင်၍ သည်ချူထွင်လိုက်ခြင်းသာ ဖြစ်ပါ၏။ ယခုတော့ ကိုယ်ယောင်ဖျောက်ကာ ပုန်းခိုနေကြသည့် ဂဠုန်တပ်သားများ အောင်လံတလွင့်လွင့်နှင့် ထွက်ပေါ်လာခဲ့ပါချေပြီကော။ ထိုအချိန်သို့ရောက်ကာမှ သူ၏ ဂေါ်ရာစစ်ပုလိပ်များကို နယ်မြေခံ ရွှေမိုးတို့အဖွဲ့နှင့်ပူးပေါင်းကာ ဂဠုန်သူပုန်များကို ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်စေပါတော့သည်။

"ရယ်ဒီ ဖိုင်းယား" ..'ဒိန်း ..ဒိန်း ဒိန်း ..ဒိန်း'

သေနတ်သံ၊ အော်ဟစ်ကြိမ်းဝါးသံများသည် ပဲခူးရိုးမတောင်ခြေတစ်ဝိုက်တွင် ဆူညံစွာ ပေါက်ကွဲထွက်ပေါ်လာခဲ့သည်။ ပေါက်ကွဲသံများနှင့်အတူ မီးခိုးယမ်းငွေ့များကလည်း ဝေ့ဝဲဖုံးလွှမ်း





သွားကြသည်။ ထိုယမ်းငွေ့များကြားတွင် ပြုလဲသွားကြသည့် ဂဠုန်တပ်သားများကို မသဲမကွဲ တွေ့မြင်လိုက်ကြရပါ၏။

"ဖိုင်းယား ..ဖိုင်းယား"

'ဒိန်း ..ကျိမ်း ..ဝုန်း ..ဒိန်း ..ဒိုင်း ဒိုင်း ..ဒိုင်း'

"အား ..အု ..အီး"

သည့်တစ်ကြိမ်တော့ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင် ကိုယ်တိုင် စနစ်တကျ စီစဉ်ညွှန်ကြား၍ ပေးခဲ့သဖြင့် ဂဠုန်သူပုန်တပ်သားများ အထိနာခဲ့ကြသည်။ ထို့ပြင် အမြောက်လက်နက်ကြီးများပင် ပါဝင်သဖြင့် လူအင်အားရော၊ လက်နက်အင်အားပါ လွန်စွာ ကွာခြားခဲ့ပါ၏။

'ကျိမ်း ..ဝုန်း ..အုန်း ..ဒိန်း ဒိန်း ..ဒိန်း ဒိန်း'

"ဆုတ်ပေ၊ ဆုတ် ... ဆုတ်ကြ၊ ရန်သူအင်အား များတယ်၊ လက်နက်ကြီးတွေလည်း ပါတယ်၊ ဆုတ် ... မြန်မြန်ဆုတ်ကြစမ်း"

ဖြစ်ချင်တော့ သည်တိုက်ပွဲကို ဦးယောနနှင့်ဥက္ကာတို့က ဂဠုန်တပ်သားများအား ဦးစီးကာ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်ပါ၏။ တိုက်ပွဲက တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာ တိုက်ခိုက်နေကြသဖြင့် ရိုးမတောင်ခြေတွင် မီးခိုးနံ့၊ ယမ်းနံ့၊ ညှော်နံ့များက ပျံ့လွင့်နေကြသည်။ ဂဠုန်တပ်သားများမှာ ရေရှည်တွင် အကျအဆုံးများလာခဲ့ကြသဖြင့် ဦးယောန၏အမိန့်အတိုင်း လူရှိသလောက်ကို ... (ကိုယ်ယောင်ဖျောက်ကာ) ...



www.burmeseclassic.com

www.burmeseclassic.com



ခွာခဲ့ကြသည်။ ထိုအခိုက် တိုက်ပွဲကြားမှ ဦးယောနနှင့်ဥက္ကာတို့ကို ရွှေမိုး ရိပ်ခနဲ မြင်တွေ့လိုက်ရသဖြင့် သူတို့နောက်သို့ ကျည်သွန်၍ ပစ်ခတ်ပြီး အမိဖမ်းဆီးနိုင်ရန် ကြိုးစားခဲ့သည်။

"ဟာ ... ဟို ... ဟိုမှာ ဦးယောနနဲ့ ဟို ... ဟို... ဥက္ကာဆိုတဲ့ကောင်"

ရွှေမိုး၊ ကျော်တိုးနှင့် ခကျာက်ခဲတို့က သူတို့၏ရန်သူတော် ဥက္ကာအား လက်ရဖမ်းဆီးနိုင်ရေးအတွက် တောင်ခြေတောအုပ်ထဲသို့ စွတ်ရွတ်၍ ပစ်ခတ်ရင်း မျက်ခြည်မပြတ် လိုက်ခဲ့ကြသည်။

"ဟော ... ဟို ဝါးရုံတောကြီးဘက်ကို ချိုးကွေ့သွားပြီဟေ့၊ လိုက် ... လိုက်ကြစမ်း"

'ဒိန်း ဒိန်း .. ဒိန်း .. ဒိန်း ဒိန်း"

"အား ... အင့်"

သို့သော် ပဲခူးရိုးမတောင်ခြေသည် သူပုန်တို့ ကွန်းခိုစခန်းလည်း ဖြစ်ခြင်း၊ တောရိပ်တောင်ရိပ်များနှင့် တောထူထပ်ခြင်းတို့ကြောင့် ဝါးရုံအစပ်နားမှာပင် ဦးယောနနှင့် ဥက္ကာတို့နှစ်ယောက်မှာ ရိပ်ခနဲ ပျောက်သွားကြရာမှ မည်သို့မျှ ရှာဖွေမတွေ့ရှိတော့ဘဲ ခြေရာလည်းပျောက် ရေလည်းနောက်ခဲ့ရပြီ မဟုတ်ပါလား။

"သေချာရှာကြစမ်းဟေ့ ... ဟောဒီမှာ သွေးစက်တွေလည်း တွေ့တယ်၊ တစ်ယောက်ယောက်တော့ ဒဏ်ရာရထားတာ ဖြစ်မယ်"





"ဟုတ်ပါ့ အာစရိရယ် ... ဟောဒီ ဝါးရုံတောင်မှာပဲ ထူးထူးခြားခြား ပျောက်သွားရတယ်လို့၊ ဂေါ်ရာပုလိပ်တွေကို မတွေ့တွေ့အောင် ရှာနိုင်းကြစမ်း ... ဒီကောင်တွေ ဒီနားတစ်ဝိုက်မှာပဲ ရှိကိုရှိရမယ်"

ဆီးနှင်းတို့ ပျော်ဝင်နေသည့် မြက်ခင်းစိမ်းစိမ်းထက်တွင် ရွှေမိုးကိုယ်တိုင် ဒူးထောက်ထိုင်ချလိုက်ပြီး သဲလွန်စတစ်ခုခု တွေ့ရှိရလေမည်လားဟု သဲသဲမဲမဲ ရှာဖွေစစ်ဆေးနေပါ၏။ သူ တွေ့ရှိခဲ့သော သွေးစက်များက ပျောက်လိုက်ပေါ်လိုက်နှင့် မြက်ခင်းစိမ်းစိမ်းထက်တွင် ပိုက်စိပ်တိုက်၍ ရှာဖွေလျက်ရှိပါသည်။

စင်စစ် ထိုတိုက်ပွဲတွင် ဦးယောနပေါင်တွင် ကျည်သင့်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဥက္ကာက ဦးယောနအား တွဲခေါ်ယူကာ တောထူထူရှိရာတောင်ခြေသို့ ဖိ၍ ဆုတ်ခွာခဲ့ခြင်း ဖြစ်သည်။ မကြာမီ ဝါးရုံတောကြီး၏ တစ်ဖက်လျှိုထဲတွင် ဥမင်ကျောက်ဂူ တစ်ခုကို တွေ့ရှိခဲ့ကြပါ၏။ ဥက္ကာမှာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဂျုန်တပ်သားသုံးယောက်၏အကူအညီဖြင့် ဦးယောနကိုတွဲကာ ကျောက်ဂူဥမင်လှိုဏ်ကြီးထဲသို့ ဝင်ရောက်ခဲ့ကြသည်။ ဦးယောန၏ဒဏ်ရာက သွေးထွက်များနေပါ၏။ တရစပ်လိုက်ပါလာကြသည့် ရန်သူများကြောင့် သူတို့အားလုံး မောဟိုက်ပင်ပန်းပြီး မျက်လုံးများပင် ပြာဝေလျက်ရှိကြပါ၏။ ထိုစဉ် ...

"လူကလေးတို့ ရောက်လာကြပြီလားကွယ့်"

ရှေ့လှိုဏ်ဂူအမှောင်ထဲမှ အသံတစ်သံကြားလိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဉက္ကာ့ ထိတ်ခနဲ ရင်ခုန်သွားသည်။ သည်အသံကို သူသိသည်။ အသံရှင်ကိုလည်း သိသည်။ သို့သော် ဖြစ်နိုင်ပါမည်လေလား။

"အဘိုး ... အဘိုးလားဟင်"

"ဟုတ်တယ် လူကလေး ... လူကလေးကို စိတ်မချလို့ လိုက်လာခဲ့တာ"

အလှင်းမီးတိုင်တစ်ခုကို ကိုင်၍ သူတို့ထံသို့ လျှောက်လာနေသည့် ယောဂီဝတ်စုံနှင့် သူ၏ အိပ်မက်ရှင်သူတော်စင်အဘိုးကို တွေ့လိုက်ရသဖြင့် ဉက္ကာ ဝမ်းသာသွားပါ၏။

"ဟာ ... အဘိုး ... အဘိုး ဝမ်း ... ဝမ်းသာလိုက်တာ အဘိုးရယ်"

"ကဲ ... လာ လာ ... လူကလေးတို့မှာ ဒဏ်ရာရထားတဲ့လူတွေ ပါလာတယ်မဟုတ်လား၊ လာ ... ဒီဘက်က ကျောက်ဂူထဲကို ဝင်လာခဲ့ကြ"

သူတော်စင်အဘိုးက လက်ဝဲဘက်ရှိ ကျောက်ဂူထဲသို့ချိုးကွေ့ဝင်ရောက်သွားသည်မို့ ဦးယောနကိုတွဲကာ နောက်ဘက်မှ ထိတ်ဆိတ်စွာ လိုက်လာခဲ့ကြပါသည်။ ဤနေရာကို ဉက္ကာ တစ်ကြိမ်မျှ မရောက်ဖူးပါ။ ကျောက်ဂူထဲတွင် ကျောက်သားဆင်းတုတော်တစ်ဆူနှင့် ဆီမီးကျောက်ခွက်များကို ထွန်းညှိပူဇော်ထားသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။ ထို့ထက်ပို၍ အံ့သြဖွယ်ရာမှာ သူတို့အားကျောပေးကာ ဘုရားရှေ့တွင် ငြိမ်သက်စွာတရားအားထုတ်နေသည့် ဘွားဖာယုကြီးကိုပါ တွေ့မြင်လိုက်ရ





ခြင်းကြောင့်ပါတည်း။ သူတော်စင်အဘိုးအိုက လက်ထဲမှ မီးတိုင်ကို ကျောက်ဂူတစ်နေရာတွင် စိုက်ထားလိုက်သည်။ ထို့နောက် ဒဏ်ရာရထားသည့် ဦးယောနကို ကျောက်ဂူနံရံတွင် မှီလှဲစေပြီး ပေါင်မှသေနတ်ဒဏ်ရာကို သေချာစွာ ကြည့်ရှုစစ်ဆေးနေပါ၏။

"လူကလေး ... မေးစရာရှိတာတွေကို နောက်မှမေး၊ အရေးကြီးတာက လူနာကို ဆေးအရင်ကုသရမယ်"

ထို့နောက်မှာတော့ သူတော်စင်ကြီးက ပါးစပ်မှ တတွတ်တွတ်ရွတ်ကာ လက်ညှိုးနှင့် ဒဏ်ရာအဝကို ဝလုံးသဏ္ဌာန်ကွင်းလိုက်ပါ၏။ အံ့သြဖွယ်ရာပင် သေနတ်ဒဏ်ရာမှ တစ်ပေါက်ပေါက် ယိုစီးကျနေသည့် သွေးများမှာ ရုတ်တရက် ရပ်တန့်သွားကြပါ၏။ ပြီးလျှင် အနက်ရောင်ဆေးမှုန့်တချို့ဖြင့် ဒဏ်ရာကို ဆေးကြောသုတ်သင်ကာ ဆေးထည့်၍ ပေးနေပါသည်။

ဒဏ်ရာထဲသို့ ဆေးသိပ်၍ ထည့်နေစဉ် ဦးယောနမှာ ညည်းညူခြင်း အလျဉ်းမရှိပါ။ သူကိုယ်တိုင်ပင် သူတော်စင်ကြီး၏ ဆေးကုသမှုကို အံ့သြစွာ ငေးမောကြည့်နေပါလေ၏။ ဆေးထည့်၍ ပြီးသည်နှင့် ဦးယောနအား ရေစင်ရေမန်းတစ်ခွက်ကို တိုက်ကျွေးလိုက်သည်။ ထူးဆန်းစွာပင် လွန်စွာနာကျင် ပြင်းပြလှသည့် ဒဏ်ရာဝေဒနာသည် သိသိသာသာပင် သက်သာသွားခဲ့ပါချေပြီကော။

ထို့နောက် သူတော်စင်ကြီးက ဉက္ကာတို့တော်လှန်ရေး ဘပ်သားတစ်စုအား ငှက်ပျောသီး၊ ပေါက်ပေါက်ဆုပ်တို့ဖြင့် ကျွေး



www.burmeseclassic.com

www.burmeseclassic.com



မွေးညှော်ခံခဲ့သည်။ စားသောက်နေစဉ်မှာပင် ဥက္ကာသည် သူတို့နောက်မှ တောက်လျှောက်လိုက်ပါလာသည့် ရွှေမိုးတို့လူစုနှင့် ဂေါ်ရာစစ်ပုလိပ်များကို သတိရမိသွားသည်။ သည်တစ်ကြိမ်ရန်သူသည် လူအင်အားရော လက်နက်အင်အားပါ များပြားလှပေ၏။ လက်နက်ကြီးများပင် ပါလာခဲ့ပုံထောက်လျှင် ဂျူန်သူပုန်များကို အပြီးတိုင် ချေမှုန်းတိုက်ခိုက်တော့မည်ထင့်။

''ဘာကိုတွေးပြီး စိုးရိမ်နေတာလဲ လူလေး . . . လူကလေးတို့က တကယ့်အမျိုးကောင်းသား အာဇာနည်တွေပါကွယ်၊ ဒါကြောင့် သွားလေရာ,လာလေရာ ခလုတ်မထိ ဆူးမငြိစေဖို့, အန္တရာယ်ကင်းရှင်းစေဖို့, ကိုယ့်ရဲ့ရည်မှန်းချက် အဓိဋ္ဌာန်တွေအောင်မြင်ပြီးမြောက်စေဖို့ အဘိုးဆုတောင်းပေးနေပါတယ်၊ ဒီကိစ္စမှာ အဘိုးကိုယ်တိုင် မပါဝင်နိုင်ခဲ့ပေမယ့် တစ်ဖက်တစ်လမ်းကနေ အခုလို ကူညီဖေးမခွင့်ရခဲ့တာကို အဘိုးကျေနပ်ပါတယ်ကွယ်၊ ကိုင်း . . . ဟောဒီနေရာကနေ ဘယ်ကိုမှ မသွားကြနဲ့ အဘိုး အပြင်မှာ သဲသဲမဲမဲရှာဖွေနေတဲ့ မိစ္ဆာတွေကို ရှင်းထုတ်ပစ်ရဦးမယ် လူကလေး''

သူတော်စင်အဘိုးက ထိုသို့ပြောဆိုမှာကြားခဲ့ပြီး တောင်ဝှေးသံ တဒေါက်ဒေါက်နှင့် ကျောက်ဂူဥမင်လိုဏ်အပြင်သို့ ထွက်ခွာသွားပါလေတော့သည်။



## မတောင်းသူပယ် တောင်းသူကယ်မ,မည်

ရှုပ်ပွနေသောခြေရာများနှင့် သွေးစအချို့က ဝါးတောကြီးအဆုံး လျှိုထိပ်တွင် လမ်းစပြတ်သွားပါ၏။ ထို့ကြောင့် ရွှေမိုးမှာ လက်ထဲမှ သေနတ်ကို အသင့်ချိန်ရွယ်လျက် ဂေါ်ရာစစ်သားများအား အုပ်ချုပ်လိုက်ပါလာသည့် မေဂျာစတီဗင်အား သတိပေးလိုက်သည်။

''သတိထား မေဂျာ . . . သွေးစက်တွေက ဒီနားတစ်ခိုက်မှာ ပျောက်သွားတယ်၊ ဒီကောင်တွေ လျှိုကြီးထဲမှာပဲ ရှိကြမယ်''

''သပ်စ်ရိုက် ရွှေမိုး . . . ဒီသူပုန်တွေကို မမိ မိအောင်ဖမ်းရမယ်လို့ ရာဇဝတ်ဝန်ကလေးက မှာထားတယ်၊ ငါ့စစ်ပုလိပ်တွေကို လျှိုကြီးထဲကို တပ်ဖြန့်ပြီး ဝင်နိုင်းလိုက်မယ်''

မေဂျာစတီဗင်နှင့်ရွှေမိုးတို့ တိုင်ပင်ပြောဆိုနေကြစဉ်မှာပင် လျှိုထိပ်ရှိ ကျောက်လိုဏ်ဂူဝတွင် ယောဂီဝတ်စုံနှင့် အဘိုးအို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ကျော်တိုးနှင့်ကျောက်ခဲတို့က တွေ့လိုက်ကြသည်။

"ဟာ ... ဟို ... ဟိုမှာ အာ ... အာစရိ ... ဟိုမှာ"

"ဘာလဲ ကျော်တိုး ... သူပုန်ကောင်တွေကို တွေ့လိုက်ရလို့လား"

"မ ... မဟုတ်ဘူး ... လှိုဏ်ကျောက်ဂူဝမှာ ယောဂီအဘိုးအိုတစ်ယောက် အာစရိရေ"

ကျော်တိုးက ညွှန်ပြသဖြင့် ရွှေမိုးနှင့်မေဂျာစတီဗင်တို့ လှည့်ကြည့်လိုက်ကြသည်။ ဟုတ်သည်။ လှိုဏ်ကျောက်လှိုဏ်ဂူသဏ္ဍာန် ဂူပေါက်ဝတွင် ယောဂီရောင်ဝတ်စုံနှင့် ရှည်လျားသော မုတ်ဆိတ်ဖြူအဘိုးကြီးတစ်ယောက်ကို တောင်ဝှေးကြီးတစ်ချောင်းကိုင်လျက် လမ်းလျှောက်ပုတီးစိပ်နေသည်ကို ရွှေမိုးတို့ တွေ့မြင်လိုက်ရပါ၏။

ရန်သူမိတ်ဆွေ ခွဲခြားမသိနိုင်သဖြင့် သေနတ်များဖြင့် အဘိုးအိုအားချိန်ရွယ်ကာ ရွှေမိုးနှင့် မေဂျာစတီဗင်တို့ ရင်ပေါင်တန်း၍ လျှောက်သွားကြသည်။ အဘိုးကြီးရှေ့သို့ရောက်သည်နှင့်

"ဒီမှာ အဘိုးကြီး ... ခင်ဗျားက ဘယ်သူလဲ၊ ဒီတောကြီးထဲမှာ ဘာလာပြီးလုပ်တာလဲ ... ကျုပ်တို့ကို မှန်မှန်ပြောပါ"

ရွှေမိုးက အဘိုးအိုအား သေနတ်ဖြင့် တည့်မတ်စွာ ချိန်ရွယ်လျက် မေးမြန်းလိုက်ပါ၏။ မျက်လုံးကလည်း အဘိုးအို၏ နောက်ဘက်မှ ကျောက်ဂူဝဆီသို့ အလစ်မပေးစတမ်း ကြည့်ရှု





နေသည်။ ယောဂီဝတ်အဘိုးအိုကမူ သူ့ရှေ့မှ ကျောက်ဖျာချပ်ကြီးပေါ်သို့ တက်လိုက်ပြီး ရွှေမိုးအား စေ့စေ့ကြည့်ကာ ...

"ကျုပ်ရဲ့အလုပ်ကို ကျုပ်လုပ်ကိုင်နေတာပါ မောင်တို့၊ ကျုပ်က ဒီတောကြီးထဲမှာ နေတာပါ ... ဘာဖြစ်လို့ပါလဲ"

ယောဂီဝတ် အဘိုးကြီးက ပုတီးစိပ်ခြင်းကို ရပ်လိုက်ပြီး ရွှေမိုးအား တည်ငြိမ်စွာဖြင့် မေးမြန်းလိုက်သည်။

"ဟောဒီတောထဲကို သူပုန်လူဆိုးတွေ ဓားတွေကိုင်ပြီး ပုန်းခိုနေကြလို့ ကျုပ်တို့ လိုက်ပြီး ရှာဖွေဖမ်းဆီးနေတာပါ၊ သွေးခက်နဲ့ ခြေရာတွေက ဟောဒီလှိုဏ်ထိပ်မှာတင် လမ်းစပြတ်သွားခဲ့လို့ အဲဒီသူတွေကို ခင်ဗျား မြင်လိုက်မိသလား အဘိုးကြီး"

ယောဂီအဘိုးအိုမှာ ကြမ်းတမ်းရိုင်းပျစွာ စစ်ဆေး မေးမြန်းနေသည့် ရွှေမိုးကို စူးစူးနစ်နစ် စိုက်ကြည့်လိုက်သည်။ ဘာရယ်မသိ ...။ အဘိုးအို၏ စူးရဲသောအကြည့်ကြောင့် ရွှေမိုး၏ ကျောရိုးတစ်လျှောက် စိမ့်သွားလေသည်သို့ ...။

"ပြောလေ အဘိုးကြီး"

ရွှေမိုးက အေးတိအေးစက်လုပ်နေသည့် အဘိုးကြီး၏ ရင်ဘတ်အား သေနတ်ပြောင်းနှင့် ထိုးရင်း ထပ်မံမေးမြန်းလိုက်သည်။

"မြင်လိုက်တယ်လေ၊ အဲဒါ ဒဏ်ရာနဲ့လူတစ်ယောက် တွေ့လိုက်ရလို့ ကျုပ်ကိုယ်တိုင် ဆေးထည့်ပေးလိုက်ရသေးတယ်"

ယောဂီဝတ်စုံနှင့် သူတော်စင်အဘိုးအိုက မဆိုင်းမညာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။ တရားကျင့်ကြံအားထုတ်နေသည့် သူတော်ကောင်းပီသစွာ မှန်ကန်သည့်အတိုင်း ဖြေဆိုလိုက်သည်။

"ဒီ . . . ဒီလိုဆိုရင် အဲ . . . အဲဒီသူပုန်တွေ ဘယ်ဘက်ကို ပြေးသွားကြသလဲ အဘိုးကြီး"

"ဘယ်ဘက်မှ ပြေးမသွားကြပါဘူး . . . ကျုပ်ကိုယ်တိုင် ကယ်တင်ထားလိုက်ပါတယ်"

"ဟင်"

ယောဂီဝတ် အဘိုးအို၏စကားကြောင့် ရွှေမိုး၏ ဒေါသတို့က အထွဋ်အထိပ်သို့ ရောက်သွားပါလေ၏။

"ဘာဗျ . . ဒီလိုဆိုရင် ခင်ဗျားကြီးဟာ ဗြိတိသျှအင်္ဂလိပ်အစိုးရကို ပုန်ကန်လိုက်တာပဲ၊ အင်မတန် ကြီးလေးလှတဲ့ ရာဇဝတ်မှုကြီး ခင်ဗျား ကျူးလွန်စော်ကားလိုက်တာပဲ၊ ဘယ်မှာလဲ အဲဒီသူပုန်လူဆိုးတွေ . . . ကျုပ်ရဲ့လက်ထဲကို အမြန်ဆုံးအပ်ပါ"

"မရှိကြတော့ပါဘူး လူကလေး၊ သူတို့အားလုံး အဝေးကို ထွက်သွားကြပါပြီ၊ တကယ်တော့ ရှောင်ထွက်သွားရမယ့်သူက မင်းပါ၊ မင်းဟာ တကယ့်ကို ရက်စက်ယုတ်မာတဲ့သူ တစ်ယောက်ပဲ၊ ကိုယ့်အမျိုးသားချင်း စောင့်ရှောက်ကူညီရမယ့်အစား သခင်အားရ ကျွန်ပါးဝလုပ်ပြီး ဖမ်းဆီးသတ်ဖြတ်တယ်၊ ကျွန်သက်ရှည်စေဖို့ မင်းလုပ်တယ်၊ မင်း ပြုပြင်ပြောင်းလဲဖို့ အချိန်ရောက်ပြီ"

အဘိုးအို၏စကားများကြောင့် ရွှေမိုးတစ်ယောက် ဒေါသ





အကြီးအကျယ် ထွက်နေပါချေပြီ။ မေဂျာစတီဗင်မှာလည်း ၎င်း၏ ဂေါ်ရာစစ်ပုလိပ်များအား အဘိုးအိုကို ဖမ်းချုပ်ရန် အမိန့်ပေးလိုက်ပါ၏။

"အိုး ဂေါ့ . . . ဒမ်းဘလယ်ဒီဖူး . . . ဒီလူကို ဖမ်းချုပ်လိုက်ကြ"

ထိုအချိန်တွင် သူတော်စင်အဘိုးအိုမှာ ကျောက်ဖျာထက်တွင် တည်ငြိမ်စွာရပ်လျက် ပါးစပ်မှ မန္တန်တချို့ကို တတွတ်တွတ်နှင့် ရွတ်ဆိုနေပါလေ၏။ ဂေါ်ရာစစ်ပုလိပ်များက အဘိုးအိုအား ဖမ်းဆီးရန် ကျောက်ဖျာထက်သို့ ခြေလှမ်းတင်လိုက်သည်နှင့် . . .

'ဝုန်း . . ဖျောင်း . . ဘုန်း'

'အား . . အူး . . အင့် . . ဟား'

မည်သို့ဖြစ်သည်မသိ . . . ဂေါ်ရာစစ်ပုလိပ်လေးယောက်မှာ ကျောက်ဖျာထက်သို့ လှမ်း၍တက်လိုက်သည်နှင့် အင်အားကြီးမားလှသော လျှပ်စစ်ကြိုးတစ်ချောင်းပေါ်သို့ ခြေချမိသော သူများကဲ့သို့ ဂူးဂူးဝါးဝါးအော်ဟစ်ကာ နောက်ဘက်သို့ ကျွမ်းပြန်ကာ ကျသွားကြပါလေ၏။

ရွှေမိုးနှင့် ဗြိတိသျှစစ်ဗိုလ် မေဂျာစတီဗင်တို့မှာ အံ့သြတကြီး ဖြစ်သွားကြသည်။ မည်သည့်အတွက်ကြောင့် ကျောက်ဖျာချပ်ကြီးပေါ်သို့ လှမ်း၍ တက်လိုက်သည်နှင့် သူ၏ ဂေါ်ရာစစ်ပုလိပ်များ ကြောက်လန့်တကြားအော်ဟစ်ကာ ကျွမ်းပြန်၍ လွင့်



www.burmeseclassic.com

www.burmeseclassic.com



စဉ်ပြုတ်ကျလာကြပါသနည်း။ ထို့ကြောင့် သူကိုယ်တိုင် အဘိုးကြီးအား ဖမ်းဆီးရန် ကျောက်ဖျာပေါ်သို့ ဒေါသတကြီး ပြေးတက်လိုက်သည့်တွင် . . .

"အား . . . အောင်မယ်လေးဗျ"

'ဖျောင်း . . ဘုန်း'

ထုံးစံအတိုင်းပင် ရွှေမိုးတစ်ယောက်လည်း ကြောက်လန့်တကြား အော်ဟစ်ရင်း နောက်သို့ ခုန်ဆုတ်လိုက်စဉ် ခြေချော်ကာ မြေပြင်ထက်သို့ ဘုန်းခနဲ ပစ်ကျသွားပါတော့သည်။ ထိုစဉ်မှာပင် မေဂျာစတီဗင်မှာ သူ၏ ဂေါ်ရာစစ်ပုလိပ်များအား သေနတ်များအား သေနတ်ဖြင့် ပတ်ခတ်ရန် ချက်ချင်းအမိန့်ပေးလိုက်သည်။

"ရယ်ဒီ ဖိုင်းယား"

'ဒိုင်း ဒိုင်း . . ဒိုင်း ဒိုင်း ဒိုင်း'

ချက်ချင်းပင် ရိုင်ဖယ်သေနတ်သံများသည် ကျောက်လှိုဏ်ဂူဝအနီးတွင် ဆူညံစွာ ပေါက်ကွဲထွက်ပေါ်လာခဲ့သည်။ သို့သော် သေနတ်ကျည်ဆန်များသည် ကျောက်ဖျာချပ်ကြီးပေါ်မှ ထူးဆန်းသော အဘိုးအိုအား တစ်ချက်မျှ မထိမှန်ဘဲ လွဲချော်သွားကြသည်။

မေဂျာစတီဗင်နှင့် ဂေါ်ရာစစ်ပုလိပ်များ အံ့သြထိတ်လန့်သွားကြသည်။ ဟုတ်သည် . . .။ မည်သို့မျှ လွဲချော်စရာမရှိသော ပစ်မှတ်တစ်ခုပင်။ သူတို့ပစ်နေသည့် အကွာအဝေးမှာ ဆယ်ပေ





ခန့်ပင် မရှိ။ သို့သော် မည်သည့်အတွက်ကြောင့် တည်ငြိမ်စွာ မားမားကြီးရပ်နေသည့် အဘိုးအိုတစ်ယောက်အား ထိမှန်ခြင်း မရှိရပါသနည်း။

"အို . . . ရှုပ်တယ်ကွာ၊ ဒင်းကို မထိမချင်း ပစ်ကြစမ်း"

"ရယ်ဒီ . . . ဖိုင်းယား"

'ဒိုင်း . . ဒိုင်း ဒိုင်း . . ဒိုင်း ဒိုင်း'

သို့သော် မထူးခြားပါ။ ဒုတိယအကြိမ် ပစ်ခတ်လိုက်သော ကျည်ဆန်များသည်လည်း ပထမအကြိမ် နည်းတူပင်။ အဘိုးအိုအား ဘစ်ချက်ကလေးမျှပင် ထိမှန်ခြင်း မရှိကြပြန်သဖြင့် မေဂျာစတီဗင်ရော ရွှေမိုးတို့ပါ အကြီးအကျယ် ထိတ်လန့်အံ့သြနေကြပါတော့သည်။

"အိုး ဂေါ့ . . . ဘုရားသခင် . . . ဘယ်လိုဖြစ်တာလဲ"

'တောက်'

ထိုစဉ်မှာပင် အဘိုးအိုသည် ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုကာ ကျောက်ဖျာထက်မှ တစ်လှမ်းချင်းဆင်းလာပြီး သူ့နောက်ဘက်ရှိ ဥမင်လှိုဏ်ခေါင်းကျောက်ဂူရှိရာသို့ တရွေ့ရွေ့တွက်ခွာလျက် ရှိပါသည်။

ထိုအချိန်တွင် ရွှေမိုးမှာ ရုတ်တရက် သတိဝင်လာပြီး လက်ထဲမှသေနတ်နှင့် ချိန်ရွယ်ကာ အဘိုးအိုအား ရပ်တန့်ရန် အော်ဟစ်သတိပေးလိုက်သည်။

"ရပ် . . . အခုချက်ချင်းရပ်စမ်း အဘိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဘိုးအိုက မရပ်ပါ။ ကျောက်ဂူဝရှိရာသို့သာ တည်ငြိမ်စွာဖြင့် ကျောပေးလျက် တရွေ့ရွေ့ လှမ်းလျှောက်သွားပါ၏။ ရွှေမိုးမှာ သူ၏လက်စွဲတော် နှစ်လုံးပြူးသေနတ်ကြီးနှင့် အဘိုးအို၏ နောက်ကျောတည့်တည့်သို့ ဖြောင့်တန်းစွာ ချိန်ရွယ်လိုက်ပြီး ပစ်ချလိုက်ပါတော့သည်။

'ဒိန်း'

'ခွမ်း ..ဖျောင်း'

''အား''

ပေါက်ကွဲသံနှင့်အတူ ရွှေမိုး၏ လက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးသည် မကြုံစဖူး တစ်စစိကျိုးပဲ့ပျက်စီးသွားပြီး သေနတ်အပျက်မှ သံစအချို့သည် ရွှေမိုးမျက်နှာပြင်တစ်ဝိုက်တွင် ထိမှန်သွားကြသဖြင့် မျက်နှာတစ်ခုလုံး သွေးများ စီးဖြာကျသွားပါတော့သည်။

''အ ..အား အား ..အောင်မလေး''

မေဂျာစတီဗင်တို့ ဂေါ်ရာစစ်ပုလိပ်များမှာ မကြုံစဖူးဖြစ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ကြရသဖြင့် အံ့သြထိတ်လန့်စွာ ကြောင်ငေးနေကြစဉ်မှာပင် ထူးဆန်းသောအဘိုးအိုမှာ ဥမင်လိုဏ်ကျောက်ဂူအတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်သွားကာ ပျောက်ကွယ်သွားပါလေတော့သည်။

သည်တော့မှ အားလုံး သတိဝင်လာကြပြီး ကျော်တိုးနှင့်ကျောက်ခဲတို့မှာ သူတို့၏ဆရာဖြစ်သူ သူကြီးသားရွှေမိုးထံသို့





ပြေးဝင်လာကြသည်။ ရွှေမိုးမှာမူ သွေးသံရဲရဲရှိနေသည့် မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း နာကျင်သော ဝေဒနာကြောင့် တဆတ်ဆတ်တုန်ကာ ညည်းညူအော်ဟစ်နေပါလေ၏။

မေဂျာစတီဗင်မှာလည်း စိတ်ဆင်ရိုင်းဝင်သွားလေသည်ထင့် ...။ အဘိုးအို ဝင်ရောက်သွားသည့် ကျောက်လိုဏ်ဂူအတွင်းသို့ သူကိုယ်တိုင် ရှေ့ဆုံးမှဦးဆောင်ကာ ဂေါ်ရာစစ်ပုလိပ်များနှင့်အတူ ဝင်ရောက်လာခဲ့သည်။ အောက်ဘက်သို့ တဖြည်းဖြည်း စိုက်ဆင်းသွားသည့် ကျောက်ဂူကြီးထဲမှာတော့ ညှီစို့စို့အနံ့အသက်များဖြင့် မှောင်မည်းတိတ်ဆိတ်နေပါ၏။ အတွင်းသို့ဝင်ရောက်လာလေလေ အလင်းအားနည်းလေလေမို့ မှုန်ဝါးဝါးအလင်းရောင်အောက်တွင် တစ်ယောက်နှင့်တစ်ယောက် အားပြုတန်းစီ၍ တိုးဝင်လာခဲ့ကြသည်။

အတန်ကြာမျှ ကောက်ကောက်ကွေ့ကွေ့ ဝင်ရောက်ခဲ့သည့် ဥမင်လိုဏ်ခေါင်းထဲတွင် ဂူဝင်ပေါက်နှစ်ခုကို ထပ်မံ၍ တွေ့လိုက်ပါ၏။ ထို့နောက် ဆက်လက်၍ တိုးဝင်လာသည်တွင် နောက်ထပ် လမ်းခွဲများကို တွေ့လိုက်ရချိန်မှာတော့ တဟီးဟီးနှင့် ညည်းညူအော်ဟစ်သံများကို မေဂျာစတီဗင် ကြားလိုက်ရပါ၏။

'ဟီး ဟီး ဟီး ..ဟင်း အင်း ဟင်း'

ထူးဆန်းသော ညည်းညူဟစ်အော်သံများကြောင့် မေဂျာစတီဗင် ဆုံးဖြတ်ရခက်ပြီး နေရာတွင်ပင် ရပ်တန့်၍ မားထောင်နေစဉ်မှာပင် ...



www.burmeseclassic.com

www.burmeseclassic.com

'ဟေး ဟေး ..ဟူး ဟူး ..ဟေး'

"ဝေါ ဝေါ ..ဖရော ဖျော ..ဝရော"

'ဝုန်း ..ဝေါ ..ဂျိုး ..ဘုန်း'

တဟေးဟေး တဝေါဝေါနှင့် လူအုပ်ကြီး တိုးဝှေ့ပြေးလွှားလာသည့် အသံမျိုးလိုလို တောရိုင်းတိရစ္ဆာန်ကြီးများ အုပ်သင်းဖွဲ့၍ တဝုန်းဝုန်းနှင့် ကဆုန်စိုင်းပြေးဝင်လာသံကြီးများလိုလို ဆူညံစွာ မြေတုန်ဟည်းမတတ် ကြားလိုက်ရသဖြင့် မေဂျာစတီဗင်တို့ ဂေါ်ရာစစ်ပုလိပ်များမှာ ကြောက်လန့်တကြားနှင့် အသံများ ထွက်ပေါ်လာရာဆီသို့ သေနတ်များဖြင့် တဒိုင်းဒိုင်း ပစ်ခတ်ကြပါလေတော့သည်။

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း'

'ဝေါ ဖရော ..ဝုန်း ..ဝေါ'

သေနတ်သံများ၊ တောတိုးသံများ၊ မြေပြိုသံကြီးများသည် ဥမင်လိုဏ်ဂူထဲတွင် ပုံးပေါက်ကွဲသံများနှယ် ဆူညံစွာ ပဲ့တင်ရိုက်ခတ်သံများလား၊ အဆက်မပြတ် တဝေါဝေါနှင့် ပြိုကျသံများလေလား မခွဲခြားနိုင်ခင်မှာပင် ဥမင်လိုဏ်ဂူကြီးသည် တဝုန်းဝုန်းနှင့် လှုပ်ယမ်းအော်မြည်လာခဲ့ပါချေပြီကော။

'ဝေါ ..ဝုန်း ..ဖရော ဖျော ..ဝေါ'

"ဟာ ...ကျောက်ဂူကြီး ပြိုကျတော့မယ် ထင်တယ်၊ ဆုတ် ဆုတ် ...မြန်မြန်ဆုတ်ကြ"

"ဟေး ...မြေကြီးတွေ ပြိုကျလာတယ်ဟေ့ ...ပြေး





...ပြေးကြ"

မေဂျာစတီဗင်မှာ အားလုံး ပြန်လည်ဆုတ်ခွာရန် အမိန့်ပေးလိုက်ရင်း ကျောက်ဂူကြီးထဲမှ လျင်မြန်စွာ ပြေးထွက်ခဲ့ကြသည်။ တချို့ဆိုလျှင် အလဲလဲအပြိုပြိုနှင့် နောက်ဆုံး ချွေးသံတရွှဲရွှဲနှင့် လိုဏ်ဂူဝ ပြန်လည်ရောက်ရှိလာကြပါ၏။ ဂေါ်ရာစစ်ပုလိပ်များအားလုံး ကြောက်မက်ဖွယ်ရာကောင်းလှသော မကောင်းဆိုးဝါးကျောက်ဂူကြီးကို ကြည့်ကာ ဝရုန်းသုန်းကား ပြေးထွက်လာခဲ့ကြသည်။

အပြင်မှာတော့ သစ်ပင်တစ်ပင်ကိုမှီလျက် သွေးများ ယိုစီးကျနေသည့် မျက်နှာကြီးကို လက်ဝါးနှင့်အုပ်ကာ သတိလစ်မေ့မြောနေသည့် ရွှေမိုးကို တွေ့မြင်လိုက်ကြရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြောင်းလဲသွားသော ဇာတ်ကြောင်း

ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်မှာ မေဂျာစတီဗင်၏ စစ်ရေးသတင်း အစီရင်ခံစာကို ဖတ်ရှုကာ အံ့သြတွေဝေနေမိသည်။ ခမေဂျာစတီဗင်၏ အစီရင်ခံစာထဲတွင် ဂျူနီတပ်သားအဖွဲ့ဝင်များကို ဒဏ်ရာနှင့်ဖမ်းမိသော စာရင်း၊ အသေအပျောက် စာရင်းများကို ကျေနပ်အားရစွာ ဖတ်ရှုရသော်လည်း ပဲခူးရိုးမတောင်ခြေရှိ ထူးဆန်းသော ကျောက်လှိုဏ်ဂူကြီးတစ်ခုနှင့် ထူးဆန်းသော အဘိုးအို၏သတင်း၊ ဖိမ်ဖာရွာသူကြီးဦးမြေဇာ၏သား ရွှေမိုး၏ သတင်းများကြောင့် ယခုကဲ့သို့ အံ့သြနေမိခြင်းဖြစ်ပါ၏။

"ဘယ်လိုဖြစ်တာလဲ ... သေနတ်နဲ့ ဒီလောက် ဝိုင်းပြီး ပစ်ခတ်ကြတာတောင် ကျည်တစ်ချက်မှ မထိဘူးဆိုတော့ ဒီအဘိုးကြီးက ဘာလဲ၊ ရွှေမိုးကို ဒဏ်ရာရအောင် ဒီအဘိုးကြီးကပဲ လုပ်လိုက်တာလား"





သူကြားဖူးနားဝ ရှိခဲ့ဖူးပါသည်။ မြန်မာတို့သည် ထူးဆန်းသော ဂမ္ဘီရပညာရပ်များနှင့် အင်းအိုင် လက်ဖွဲ့ ဆေးဝါးမန္တန်များကို ထူးကဲစွာ လိုက်စားခြင်း၊ လျှို့ဝှက်ဆန်းကြယ်လှသော ပညာရပ်များကို မြန်မာတို့တွင် ရံဖန်ရံခါ တွေ့ရှိရတတ်ကြောင်း ရစ်ချပ်အောင်ဒင် လေ့လာမှတ်သားခဲ့ဖူးပါ၏။ ယခု ထူးဆန်းသော အဘိုးအိုသည် ထိုလျှို့ဝှက်နက်နဲလှသော ဂမ္ဘီရပညာရပ်များဖြင့် ဆက်နွယ်ပတ်သက်နေပါသလော။ ရှေးမြန်မာကြီးတို့၏ ထူးဆန်းသော ဂမ္ဘီရပညာရပ်များဆိုသည်မှာ အမှန်တကယ်ပင် ရှိနေပါသလော။

ရစ်ချပ်အောင်ဒင်တစ်ယောက် အစီရင်ခံစာကို ဖတ်ကာ လောခြင်းထပ်၍ စဉ်းစားခန်းဝင်နေမိပါ၏။ ထိုအချိန်တွင် မာယာမှာ ဂျူနီတပ်ဖွဲ့ဝင်များအတွက် အရေးတကြီး သတင်းတစ်ခု ပေးစရာရှိသဖြင့် ဥက္ကာထံသို့ ဆက်သွယ်ကာ တွေ့ဆုံနေကျ ဖိမ်ဖာရွာစွန်ရှိ ညောင်ချပ်ပင်ကြီးအောက်တွင် ချိန်းဆိုကာ တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

နက်ပြာရောင်လက်ပြတ်အကျီတွင် လည်စီးပဝါအဖြူလေးကိုစီးလျက် အနက်ရောင်ဘရိုက်တ် ပြောင်လုံချည်လေးကို ဝတ်ဆင်ထားသဖြင့် မာယာ၏အချိုးအဆစ်ပြေပြစ်လှပသော ရုပ်ကြီးငယ်အသွယ်သွယ်တို့က မြင်မိတွေ့ရသူ ပုရိသယောကျ်ားတိုင်းအား ရင်ခုန်မိန်းမူးစေသည်သို့။

ညောင်ချပ်ပင်ကြီးအောက်မှာတော့ ညနေခင်းဆည်းဆာ



www.burmeseclassic.com

www.burmeseclassic.com



လေပြည်ညင်းက တိုက်ခတ်သည်ဆိုရုံမျှ ဝှေ့ဝဲတိုက်ခတ်နေပါ၏။ လေပြည်ညင်း၏ သွဲ့သွဲ့ညင်ညင်တိုက်ခတ်မှုကြောင့် ညောင်ရွက်ကလေးများပင် မလှုပ်ဖါ်သို့ . . . လှုပ်၏သို့။ ဆည်းဆာနေခြည်အောက်တွင် လှချင်တိုင်းလှကာ အလှသွေးကြွယ်နေသည့် မာယာအား ဥက္ကာက ကျောခိုင်းလျက် ရပ်နေပါသည်။

မာယာကမူ ညောင်ချပ်ပင်ကြီး၏ တွဲရွဲကျနေသည့် ညောင်ကိုင်းကြီးတစ်ခုကို နွဲ့မှီကာ ရပ်ရင်း တစ်ချိန်သောအခါက ချစ်ဦးသူ၊ ချစ်ခဲ့ဖူးသူ ဥက္ကာ၏ နောက်ကျောပြင်ကြီးကိုကြည့်ကာ သက်ပြင်းတစ်ခုကို ခိုး၍ ချလိုက်သည်။

"ကဲ . . . ဆိုစမ်းပါဦး မာယာ . . . ဒီတစ်ခါ သတင်းက သိပ်ပြီးအရေးကြီးတယ်ဆိုလို့ အစ်ကိုလည်း ကမန်းကတန်း ထွက်လာခဲ့တာ၊ ရွှေမိုးက ဒီတစ်ချို တော်တော်လေး အထိနာသွားပုံရတယ်၊ အစ်ကို့ကို မကျေမနပ်ဖြစ်နေတယ် မာယာ"

"အဲဒါ သူ့အကုသိုလ်နဲ့သူပါ အစ်ကိုရယ်၊ မစော်ကားသင့်တဲ့သူကို ကိုယ်ထိလက်ရောက် စော်ကားပြစ်မှားလိုက်တာကိုး အင်း . . . အဘွားလည်း အခုလို ဘုရားတရားဘက်ကူးသွားခဲ့တာ အဘိုးကို ကျေးဇူးတင်နေရတယ်၊ အခွင့်အခါသင့်ရင် မာယာ့ကိုလည်း အဘိုးနှင့် တွေ့ဆုံခွင့်ရအောင် လုပ်ပေးပါဦး အစ်ကို"

ထို့နောက်မှာတော့ မာယာမှာ သူလျှို့ဝှက်ယူဆောင်လာသည့် စစ်ရေးသတင်းစာရွက်လေးကို ဥက္ကာလက်သို့ ပေးအပ်လိုက်ရင်း . . .





"ဒီသတင်းက သိပ်ပြီးအရေးကြီးတယ်၊ ဖြစ်နိုင်ရင် အဲဒီစာရင်းဇယားကို အရေးပိုင်မင်းဆီကို မရောက်စေချင်ဘူး အစ်ကို၊ ဟောဒီ သာယာဝတီ-သုံးဆယ်ခရိုင်ထဲမှာရှိကြတဲ့ ဂဠုန်တပ်ဖွဲ့ဝင်တွေရဲ့စာရင်းတွေပဲ၊ အဲဒီစာရင်းတွေကို ရစ်ချပ်အောင်ဒင်နဲ့ အရေးပိုင်တို့ကိုယ်တိုင် ဘုရင်ခံဆီကို ရှေ့လာမယ့်အပတ်ထဲမှာ သွားပို့ရမယ်တဲ့ အစ်ကို"

"ဟာ . . . ဒီသတင်းသာအမှန်ဆိုရင် ရစ်ချပ်ကို သာယာဝတီအပြင်ဘက် ပေးထွက်လို့ ဘယ်ဖြစ်မှာလဲ၊ အင်း . . . ဒါပေမဲ့ သိပ်တော့မလွယ်လှဘူး မာယာ၊ ခရိုင်ရာဇဝတ်ဝန်ဆီက ဂဠုန်တပ်ဖွဲ့ဝင်စာရင်းတွေကို ပြန်ပြီးလုယူနိုင်ဖို့က အင်း . . . စွန့်စားကြရမှာပဲလေ"

ဆည်းဆာနေလုံးက တစ်စတစ်စ နိမ့်ဆင်းကျလျက်ရှိပါ၏။ မာယာကမူ သူ့အား စွန့်လွှတ်လိုက်ရကတည်းက တော်လှန်ရေးဘက်တွင် လုံးလုံးလျားလျား စိတ်နှစ်သွားသည့် ချစ်ရသူ ဥက္ကာအား ရီဝေစွာ မော့ကြည့်နေမိသည်။

စင်စစ် မာယာရော၊ ဥက္ကာတို့ပါ အသက်ငယ်ရွယ်သလောက် စောင့်ထိန်းရန် ခက်ခဲလှသော သစ္စာတရားကို အသိတရားဖြင့် ထိန်းသိမ်းကြသူများဖြစ်ကြသည်။ အထူးသဖြင့် ဥက္ကာသည် စောင့်ထိန်းနိုင်စွမ်း ရှိလှသည်။ သိက္ခာသမာဓိလည်း တည်ကြည်သူတစ်ယောက် ဖြစ်ပါ၏။ တစ်ချိန်သောအခါက ချစ်ခဲ့ဖူးသူ အလှသွေးကြွယ်လှသည့်မာယာနှင့် နှစ်ကိုယ်ချင်း တွေ့ဆုံခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် တစ်ကြိမ်တစ်ခါမျှ မရိုးမသားစိတ်နှင့် မဆက်ဆံခဲ့။ အလုပ်တာဝန်နှင့် သတင်းဆက်သွယ်မှုအရသာ တည်ငြိမ်စွာ ဆက်ဆံပြောဆိုခဲ့ပါ၏။

သို့သော် မိန်းမသားဖြစ်သူ မာယာကမူ ချစ်ရသူ ဉက္ကာကိုကြည့်ရင်း ရင်ထဲတွင် ဆွတ်ဆွတ်ကျင်မျှ နာကျင်စွာ ခံစားခဲ့ရသည်။ ကြိတ်မှိတ်မျိုသိပ်ကာ ကွယ်ဝှက်ခဲ့ပါသော်လည်း ရံဖန်ရံခါတွင်မူ ပုထုဇဉ်လူသားတစ်ယောက်ပီပီ နှလုံးသားမှ တောင်းဆိုမှုကို ကြေကွဲစွာခံစားရသည်။

ယခုလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ညနေဆည်းဆာလေပြည်ညင်းအောက်တွင် မာယာ၏ နှလုံးသား ရိုက်ခတ်သံများသည် တစ်စတစ်စ ပေါက်ကွဲထွက်လာလေသည်ထင့်။

ချစ်ရည်ရွှန်းလက်သော မာယာ၏မျက်ဝန်းအစုံက တင်းခံတစ်ခုသော ချည်ခြင်းအာသာဆန္ဒအတွက် မွတ်သိပ်စွာ ငံ့လင့်နေလေသည်သို့။

လူ့လောက၏ ဥပဒေစည်းဘောင်များအရ ချစ်လျက်နှင့်ခွဲခွာခဲ့ကြရသော ချစ်သူနှစ်ဦး၏ ကြေကွဲရင်နင့်ဖွယ် မြင်ကွင်းကဆည်းဆာညနေအောက်တွင် သက်ဝင်လှုပ်ရှားလာကြတော့လေမည်လား။

ညနေခင်းဆည်းဆာလေပြည်က မြေပြင်ထက်မှ ရွက်ခြောက်အချို့ကို ဝှေ့ယမ်းသယ်ဆောင်သွားကြသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်မှာ သစ်ရွက်လှုပ်ခတ်သံ





မျှပင် မကြားရ။ သစ်ပင်သစ်ခက်များကြားမှ ဝင်လုဆဲ နေလုံးနီနီကြီးက ချစ်သူနှစ်ဦး၏ ရင်နာဖွယ်မြင်ကွင်းကို မကြည့်ရက်စွာဖြင့် ပုန်းကွယ်ရန် ကြိုးစားနေလေသည်သို့။

"ပြန်ကြရအောင် မာယာ"

ဉက္ကာ၏ ခြောက်ကပ်ကပ်အသံက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။ ထိုအခါမှပင် မာယာတစ်ယောက် ငိုချင်စိတ်တို့ကဘားမရ ဆီးမနိုင် ဖြစ်လာခဲ့သည်ထင့် ...။ အင့်ခနဲ ရှိုက်သံတစ်ချက်နှင့်အတူ ရင်ခွင်ကျယ်ကြီးတွင် မျက်နှာအပ်ကာ အားပါးတရ ငိုချနေမိသည်ကော။

"အဟင်း ... ဟင်း ... ဟင်း ... အစ်ကိုရယ် ... မာယာလေ ... မာယာ ... အဟင့် ... ဟင့်"

ဉက္ကာမှာ ချစ်ရသူမာယာ၏ စိတ်ခံစားချက်ကို စာနာငဲ့ညှာမိသည်မို့ ချစ်သူအလိုကျ မရုန်းမဖယ်တော့ဘဲ ချစ်ရသူ၏ ပခုံးဝန်းဝန်းကလေးကို ကြင်နာမြတ်နိုးစွာ ပွေ့ဖက်ချော့မြူနေမိသည်။

မာယာကမူ နှလုံးသားမှ ချည်ခြင်းအာသီသက တောင်းဆိုနေပြီဖြစ်သဖြင့် ရှိုက်ငင်ငိုကြွေးနေသည့် မို့မို့ဖိုဖို ရင်သားအိအိကလေးမှာ တရိရိ တုန်ခါနေသလို၊ အသက်ရှူ၍ မဝနိုင်သလိုလိုမောလျှမ့်နှမ်းကျုပ်လျက် တဆတ်ဆတ်လှုပ်ခါနေသည့် မို့ယောင်ယောင်ရင်အစုံမှာ ပဒုမ္မာရုံသားအင်္ကျီအောက်မှ ကြွချည်မောင်းချည် ဖြစ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် မရှန်းဖယ်နိုင်သော အတွေ့အထိကြောင့် ဥက္ကာ၏ရင်အုံကြီးတွင်ပင် နိမ့်ချည် မြင့်ချည်နှင့် တဒိတ်ဒိတ်နှင့် တိုးနေသည့် သွေးပူပူလေးမှာ ခြေဖျားလက်ဖျားမှ တရှရှဖြစ်လျက် နားထင်နားသယ်ထိတိုင် တဒုတ်ဒုတ်နှင့် တိုးလျက်ရှိပါချေပြီကော။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် နှစ်ဦးသား အသက်ရှူသံပြင်းပြင်းက ဆည်းဆာညနေကို ရင်ခုန်မိန်းမူးစေသည်သို့။

အတန်ကြာမှ ဥက္ကာက အရင်ဦးစွာ ဖျတ်ခနဲ ခွာလိုက်သည်။ နှစ်ဦးစလုံး အသားများ တဆတ်ဆတ်တုန်နေကြသည်ကို သတိပြုမိသွားကြသည်ထင့်။ ပြုံးယောင်ယောင်နှင့် မချိတရိ အပြုံးတချို့ ပြုတ်ကြွေကျလာခဲ့ကြသည်။

ထိုစဉ်နိုက်မှာပင် ...

ဝေါခနဲ ဂျစ်ကားတစ်စီးက ညောင်ချပ်ပင်အောက်တွင် လက်ချင်းချိတ်ကာ ရပ်နေကြသည့် ချစ်သူနှစ်ဦးရှေ့သို့ ထိုးဆိုက်လာသည်။ ဂျစ်ကားက အစိမ်းပုပ်ရောင်။ ကားရှေ့ပိုင်းဒရိုင်ဘာနေရာမှာတော့ ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်။ ထူးခြားသည်မှာ ခါတိုင်းမောင်းနေကျ ဂေါ်ရခါးဒရိုင်ဘာကြီးပင် ပါမလာခဲ့ပါချေ။

တည်ငြိမ်လှပါသည်ဆိုသော ဥက္ကာပင် ရုတ်တရက် တစ္ဆေသရဲတစ်ကောင်နှယ် ဘွားခနဲပေါ်လာသည့် ရစ်ချပ်အောင်ဒင်ကြောင့် အနည်းငယ်ပင် တုန်လှုပ်သွားမိသည်။ တစ်ချိန်တည်းမှာပင် မာယာနှင့်ချိတ်တွယ်ထားသည့် လက်အစုံက ပြုတ်





ခနဲ ပြုတ်ကျသွားပါလေ၏။

သို့သော် အံ့သြစရာကောင်းလောက်အောင်ပင် အေးဆေးတည်ငြိမ်နေသူကတော့ ရစ်ချပ်အောင်ဒင်ပင် ဖြစ်ပါ၏။ ဖြူဆွတ်နေသည့် အသားအရေသည် အနီရောင်ပင် မယှက်သန်းချေ။ ခရိုင်ရာဇဝတ်ဝန်ကလေးဟူသော ဂုဏ်ဒြပ်နှင့်အတူ တည်ငြိမ်ခန့်ညားစွာပင် ကားပေါ်မှ ဆင်းလိုက်သည်။

မာယာကမူ မည်သူ့ကိုမျှ မကြည့်တော့။ ပဲခူးရိုးမတောင်စွယ်ကျောထက်တွင် တစ်စတစ်စ ငုပ်လျှိုးဆင်းသက်နေသည့် ဝင်လုဆဲဆဲ နေလုံးနီကြီးကိုသာ မမိုတ်မသုန်ကြည့်နေပါ၏။ ဆည်းဆာလေပြည်သွဲ့သွဲ့က မာယာ၏ လည်တိုင်ကျော့ကျော့တွင် လှပစွာစည်းနှောင်ထားသည့် လည်စီးပဝါဖြူဖြူလေးကို တဖျပ်ဖျပ်ရိုက်ခတ်နေသည်။

ထိုအချိန်တွင် ကားပေါ်မှ ဆင်းလာသည့် ရစ်ချပ်အောင်ဒင်မှာ ဥက္ကာရှိရာသို့ မျက်လုံးတစ်ချက်ကလေးမျှပင် ဝေ့ဝဲမကြည့်ဘဲ သူ၏ဇနီးချော မာယာ၏လက်ကလေးကို တယုတယ ဆွဲယူလိုက်ပြီး ဂျစ်ကားရှိရာသို့ ဣန္ဒြေမပျက် ခေါ်ဆောင်လာခဲ့သည်။ လက်ရှိပစ္စုပ္ပန်အခြေအနေသည် တစ်ဦးတစ်ယောက်သာ စိတ်ဆန္ဒအလိုလိုက်ကာ တစ်စုံတစ်ရာ ပြုမူလုပ်ကိုင်လိုက်မည်ဆိုလျှင် အခြေအနေသည် ဆန့်ကျင်ဘက်ပေါက်ကွဲမှုသို့ အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲသွားမည် ဖြစ်ပါ၏။

သို့သော် မည်သူမျှ မလှုပ်ရှားကြ။ ရစ်ချပ်အောင်ဒင်က



www.burmeseclassic.com

www.burmeseclassic.com

လည်း လွန်စွာမှ စိတ်သဘောထား ပြည့်ဝလွန်းသူတစ်ယောက် နှယ် ဖနီးဖြစ်သူ မာယာကိုသာ ဂျစ်ကားပေါ်သို့ လက်တွဲခေါ်တင် လိုက်ပါ၏။ ပြီးသည်နှင့် ကားစက်ကိုပင် အတတ်နိုင်ဆုံး ညင်ညင် သာသာ စက်နိုးကာ ညောင်ညိုပင်ကြီးနှင့် ဥက္ကာတို့အား ကျောခိုင်း ၍ မောင်းနှင်ထွက်ခွာသွားပါလေတော့သည်။ အရှိန်ဖြင့် မောင်းနှင် ထွက်သွားသည်ကြောင့် ညောင်ပင်အောက်ရှိ ရွက်ခြောက်များက လည်း ကားနောက်သို့ မမီမကမ်းနှင့်ဝဲလှည့်လိုက်ပါသွားကြသည်။

ညောင်ညိုပင်ကြီးအောက်မှာတော့ မတုန်မလှုပ်နှင့် ကျောက်ဆစ်ရုပ်တစ်ရုပ်နှယ် ရပ်နေသည့် ဥက္ကာ၏ အတွေးလေ ပွေရှူးကလည်း ချစ်ခဲ့ဖူးသူ မာယာ၏နောက်သို့ မမီမကမ်းနှင့် လိုက်ပါသွားလေသည်လား။

မည်သို့ပင်ဖြစ်စေ ရီးမတောင်ကျောပေါ်မှ နေလုံးနီနီကြီး ကမ္ဘာ့ သံယောဇဉ်ပါတော်မူခန်းကို မကြည့်ရက်နိုင်ရှာပြီထင့် . . .။ တောင်ကြောထက်မှ ငုပ်လျှိုးပျောက်ကွယ်သွားပါချေတော့သည်။



<u>မြေငွေ့တစ်ကောင်၏အကြံအစည်</u>

မြိုင်သာ၏ ညဥ့်သည် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ သစ်ရွက်လှုပ်ခတ်သံ၊ လေတိုးသံတို့ကိုပင် ကြားနိုင်လောက်သည် အထိ ဝိဘီညဥ့်သည် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ရှိနေလေသည်။ အိမ်ကြီးနှင့် အဝေးခပ်လှမ်းလှမ်းဆီမှ ညဥ့်ငှက်အော်သံနှင့် ပုဇဉ်း ရင်ကွဲအော်သံများကို တစ်ချက် တစ်ချက် ကြားနေရ၏။ ရံဖန်ရံခါ မှသာ မြိုင်သာမြို့စွန်ဘက်မှ ခွေးအူသံသဲ့သဲ့ကို စိတ်ချောက်ချား ဖွယ် ကြားနေရသည်။

အချိန်က ညဥ့်ကိုးနာရီခန့်ပင် ရှိပါသေးသည်။ ရစ်ချပ် အောင်ဒင်၏ အခန်းဆီမှ ဖန်ခွက်ထဲသို့ ဝီစကီလောင်းထည့်သံ၊ ရေခဲတုံးများ၏ ထိခတ်သံ၊ စားပွဲပေါ်ရှိ ဖိုင်တွဲစာရွက်များကို တဖျပ်ဖျပ် လှန်လှောသံတို့က တိတ်ဆိတ်ငြိမ်သက်နေသည့် ညဥ့် တွင် ပီပြင်စွာပင် ကြားနေရပါ၏။

မာယာတစ်ယောက် အိပ်ရာထက်တွင် ဘယ်ညာ လူး



www.burmeseclassic.com

www.burmeseclassic.com



လှိမ့်ရင်း အတွေးကမ္ဘာတွင် ရင်မောနေရသည်။ ညနေခင်းက ကိစ္စကို ရစ်ချပ်အောင်ဒင် မည်သို့မျှ ခွင့်လွှတ်လိမ့်မည်မဟုတ်။ သို့တိုင်အောင် ရစ်ချပ်အောင်ဒင်တစ်ယောက် တစ်ကိုယ်တည်း ဆိတ်ဆိတ်နေကာ ငြိမ်ချက်သားကောင်းနေခြင်းသည် အဘယ့်ကြောင့်ပါနည်း။

ဂျစ်ကားပေါ်သို့တက်ပြီး အိမ်သို့ ပြန်၍ရောက်ရှိလာကတည်းက မာယာ့ကို စကားမပြော။ မျက်နှာချင်းလည်း မဆိုင်။ သူ၏အခန်းထဲတွင်သာ ဝီစကီသောက်လိုက်၊ ဖိုင်တွဲများနှင့် အလုပ်လုပ်လိုက်နှင့် အချိန်ကုန်နေပါတော့သည်။ ထူးခြားသည်မှာ ရစ်ချပ်အောင်ဒင်၏ အမူအရာပင်။ ဘာမှမဖြစ်ခဲ့သလိုပင်။ တကယ်ပင် ညနေခင်းက ဥက္ကာနှင့်မာယာတို့၏ အဖြစ်အပျက်ကို လုံးဝမသိသလိုလို၊ မေ့လျော့နေသလိုလိုနှင့် ရစ်ချပ်အောင်ဒင်၏ အပြင်ပဟိဒ္ဓိရုပ်သွင်ကိုတော့ ချီးကျူးစရာပင်။ မျက်နှာအမူအရာ တစ်ချက်မပျက်ဘဲ သူသောက်နေကျ ဝီစကီကိုသာ ခပ်မှုန်းမှုန်း သောက်နေပုံက တကယ်ပင် တည်ငြိမ်အေးဆေးနေသကဲ့သို့ပါတည်း။

ဖန်ခွက်လှလှလေးထဲတွင် ဝီစကီမရှိတော့ပြီမို့ ရစ်ချပ်အောင်ဒင် ဝီစကီ ထပ်မံ၍ ဖြည့်လိုက်သည်။ ပြီးလျှင် ခွက်ငယ်လေးထဲမှ ရေခဲတုံးငယ်လေးများကို ညှပ်ဖြင့်ယူကာ တစ်ခဲချင်း ထည့်နေပါ၏။ ပြီးမှ ဖန်ခွက်ကို ကောက်ကိုင်ကာ လသာဆောင် ဝရန်တာဘက်ဆီသို့ တဒေါက်ဒေါက်နှင့် လျှောက်သွား ည်။





တစ်ခြမ်းပဲ့ လအလင်းက ကြယ်ရောင်တချို့နှင့်အတူ မှုန်ဝါးဝါးအလင်းရောင်ကို ဖျော့တော့အားနည်းစွာ ဖြန့်ကြက်ပေးထားပါ၏။ ခြံထောင့်လမ်းမီးတိုင်မှ နီကြင်ကြင် မီးရောင်ကလည်း အမှောင်ထုကို စွမ်းအားရှိသလောက် ဖြိုခွဲလင်းလက်လျက် ရစ်ချပ်အောင်ဒင်မှာ လသာဆောင်ထက်တွင် အတန်ကြာမျှ ငြိမ်သက်စွာရပ်ရင်းမှ ဝီစကီကို မော့၍သောက်လိုက်သည်။ ပြီးမှ ခြေသံတဒေါက်ဒေါက်နှင့် စားပွဲရှိရာသို့ ပြန်၍ ထိုင်လိုက်ပါ၏။ ကြည့်ရသည်မှာ ရစ်ချပ်အောင်ဒင်၏ အတွင်းအဖွဲ့တွင် ပြင်းထန်သော စစ်ပွဲတစ်ခု ဖြစ်ပွားနေသည်သို့။

စင်းစင် ထိုကဲ့သို့ မြွေတစ်ကောင်နှယ် တိတ်ဆိတ်ငြိမ်သက်စွာ ခွေ၍နေခြင်းသည် သူ၏သွေးအေးတည်ငြိမ်သောစိတ်ကို ဖော်ပြနေပါ၏။ ထို့ပြင် လိုအပ်လျှင် ရစ်ချပ်အောင်ဒင်သည် မြေခွေးတစ်ကောင်ကဲ့သို့လည်း အချိန်အကြာကြီး တွင်းအောင်းနေလေ့ရှိသည်။

သို့သော် သူသည် လွန်စွာသဝန်ကြောင်တတ်သူ တစ်ယောက် ဖြစ်သည်။ ဝန်တိုမစ္ဆရိယစိတ်လည်း များသည်။ အတ္တလွန်ကဲသူတစ်ယောက်လည်း ဖြစ်သည်။ စာနာငဲ့ညှာတတ်ခြင်း၊ ခွင့်လွှတ်နားလည်တတ်ခြင်းဟူသည့် ရစ်ချပ်အောင်ဒင်၏ အဘိဓာန်တွင် မရှိ။ ထိုကဲ့သို့သော မြေခွေးတစ်ကောင်လို ကောက်ကျစ်သောလူတစ်ယောက်က ဤကဲ့သို့ ဆိတ်ဆိတ်နေခြင်းဆိုသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မာယာနှင့်ဥက္ကာတို့၏ အတိတ်ဇာတ်ကြောင်းကိုလည်း ရစ်ချပ်အောင်ဒင် သိရှိတန်သလောက် သိရှိထားသူတစ်ယောက်ဖြစ်သည်။ သို့စင်လျက် မာယာနှင့်ဥက္ကာတို့ နှစ်ယောက်တည်း ချိန်းဆိုတွေ့နေကြသည်ကို ပက်ပင်းတွေ့ခဲ့ပါလျက် မည်သည့်အတွက်ကြောင့် အပြစ်ဆိုခြင်း၊ ဒေါသထွက်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း စသည်တို့ကို တစ်ခွန်းတလေမျှ နှုတ်မှမထွက်ခဲ့ခြင်းမှာ ရစ်ချပ်အောင်ဒင်တွင် မည်သို့သောအကြံအစည်များ ရှိပါလေသနည်း။

မာယာတစ်ယောက် ဘယ်နှကြိမ်မြောက်ချလိုက်သည့် သက်ပြင်းလဲ မသိ ...။ သက်ပြင်းမောတစ်ခုကို မသက်မသာ ချလိုက်ရင်း အိပ်ရာထက်မှ ထလိုက်သည်။ ပြေလျော့သွားသည့် ဆံပင်ကို တစ်ပတ်လျှို ပြန်၍ထုံးဖွဲ့လိုက်ပြီး ပြတင်းဝဆီသို့ လျှောက်လာခဲ့ပါ၏။

ပြတင်းပေါက်သံတိုင်များကြားမှ ဖြတ်တိုက်လာသည့် ညဥ့်လေပြည်က မာယာ၏ဆံနွယ်ဆံစလေးများကို တို့ထိရှိက်နမ်းသွားကြသည်။ ရစ်ချပ်အောင်ဒင်၏အခန်းဆီမှ လမ်းလျှောက်သံ၊ အရက်ခွက်ငှဲ့သံတို့ကို ကြားနေရသဖြင့် သူလည်း မအိပ်သေးကြောင်း သိလိုက်ရသည်။

အမှန်ဆိုလျှင်- ရစ်ချပ်သည် မြန်မာစကားကို ရေလည်ကျွမ်းကျင်စွာ ပြောဆိုတတ်သူဖြစ်သည်။ အပေါ်ယံကြည့်လျှင် သွေးအေးတည်ငြိမ်သူတစ်ယောက်ဟု ထင်မှတ်ရသော်လည်း နယ်





ချဲ့လက်ပါးစေအရာရှိတစ်ယောက်ပီပီ ကောက်ကျစ်စဉ်းလဲသူ၊ ပုတ်မာရက်စက်သူတစ်ယောက် ဖြစ်ပါ၏။ သူအလိုရှိသော မာယာကိုပင် လုပ်ကြံဇာတ်တစ်ခု ဖန်ဆင်းကာ ညွှတ်ကွင်းထောင်ချောက်ဆင်၍ အပိုင်သိမ်းယူခဲ့သည် မဟုတ်ပါလား။ ဤသို့သော အထောက်အထားများ၊ သာဓကများ ရှိပါလျက် ယခုကဲ့သို့ ငြိမ်ချက်သားကောင်းနေသည်မှာ သူ့တွင် မလိုတမာ ကောက်ကျစ်စဉ်းလဲသော အတွင်းကျိတ် အကောက်ဉာဏ်ဖြင့် လျှို့ဝှက်စွာ ကြံစည်နေခြင်းလေလားဟု မာယာ စိုးရိမ်နေမိသည်။ အထူးသဖြင့် ချစ်ရသူဥက္ကာအတွက် များစွာစိုးရိမ်ပူပန်နေမိသည် မဟုတ်ပါလား။

ညသည် တစ်စ တစ်စ ရင့်လာခဲ့သည်။ နောက်ဆုံးတော့ မာယာတစ်ယောက် အဖြေမရှိသော အတွေးဝက်ပါထဲဝယ် တဝဲဝဲလည်ရင်း အိပ်ရာထက်ဝယ် မပျော်တစ်ချက် ပျော်တစ်ချက်နှင့် နံနက်ခင်းအရုဏ်နီးခါမှပင် မှေးခနဲ အိပ်ပျော်သွားပါလေတော့သည်။

သာယာဝတီခရိုင်အတွင်းမှ ဂဠုန်သူပုန်တပ်ဖွဲ့ဝင်များ၏ စာရင်းကို ရန်ကုန်ရှိ ဘုရင်ခံထံသို့ ရစ်ချပ်အောင်ဒင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရှေ့တစ်ပတ်ထဲတွင် လှူဒါန်း၍ သွားရောက်ပို့ဆောင်ပါလိမ့်မည်။ ဤသတင်း မပေါက်ကြားရန် အရေးကြီးသဖြင့် ခရီးလမ်းမှ ဖြတ်၍ (ငွေနှင့်သူ့ပုန်တပ်ဖွဲ့ဝင်များစာရင်း) ကို မဖြစ်မနေ တိုက်ရိုက်လုယူပါ။

"ဂျွန်အရေးတော်ပုံ အောင်မြင်ပါစေ"

ရာဇဝင်ကြွေးဆပ်သူ

ဦးယောနက ဥက္ကာပေးလာသည့် သတင်းပေးစာကလေးကို သေချာစွာ ဖတ်ရှုလိုက်ရင်းမှ သက်ပြင်းတစ်ချက်နှင့်အတူ လေပူကြီးတစ်ခု မှုတ်ထုတ်လိုက်ပါ၏။

"အင်း ... မင်းကတော့ တော်တော့်ကို ပိရိတဲ့သူပါပဲကွာ၊ လျှို့ဝှက်သတင်းပေးနေတဲ့သူဟာ 'မာယာ' ဆိုတာကို အခုမှပဲ ဖွင့်ပြောတော့တယ်၊ ငါ ထင်တော့ထင်မိသား၊ မင်းဆီက နေရလာတဲ့သတင်းအချက်တွေဟာ ဘယ်တော့မှ လွဲချော်မှုမရှိဘူးဆိုတာရယ်, မကြာခဏ မင်း ပျောက်ပျောက်သွားတာရယ်ကြောင့် ငါ စဉ်းစားနေမိတာကွ၊ ကဲ ... အခု ဘယ်လိုလုပ်ကြမလဲ၊ ရစ်ချပ်အောင်ဒင်ရဲ့မေးခွန်းတွေကို မာယာ ဘယ်လိုဖြေမလဲ၊ ဒီကောင်က နယ်ချဲ့လက်ပါးစေကောင်ကွ၊ မင်းနဲ့မာယာ နှစ်ယောက်တည်း ချိန်းတွေ့ကြတဲ့ကိစ္စကို ဒီကောင်သိသွားတယ်ဆိုတော့ ..."

"နေ ... နေ ... နေပါဦး ... ခဏလေးနေပါဦး





ဦးကြီး၊ ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာပါ၊ ခက်နေတာက မာယာရော ရစ်ချပ်ရော ဟန်မပျက်ကြဘူး၊ မာယာ့ကို ရိုက်မောင်းပုတ်မောင်းနဲ့ နှိပ်စက်တာလည်း မတွေ့ရ, မမြင်ရဘူး၊ ကြည့်ရတာ ဒီမျက်နှာဖြူကောင် တစ်ခုခုကို သွေးအေးအေးနဲ့ ကြံစည်နေတာလားမသိဘူး ဦးကြီးရဲ့"

ရင်ထဲမှ သောကအပူရှိန်ကို ပျောက်ကာ ဂျွန်တော်လှန်ရေးတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်လိုက်သည့် ဥက္ကာကိုကြည့်ကာ ဦးယောန စိတ်မကောင်းဖြစ်သွားမိသည်။ မာယာနှင့် ဥက္ကာတို့၏ သံယောဇဉ် အတိမ်အနက်ကိုလည်း ဦးယောန သိရှိထားသည်မို့ ဤကိစ္စကြီးအတွက် နှစ်ဦးစလုံးအပေါ်တွင် စိုးရိမ်နေမိခြင်း ဖြစ်ပါ၏။

"ဒါထက် နေပါဦး ... ဒီကိစ္စတွေကို မင်း ဘယ်လိုလုပ်ပြီး သိသလဲ၊ မာယာ့အတွက် စိတ်ပူပြီး သိပ်လည်း အရဲကိုးမနေနဲ့ဦး ... အခြေအနေက သိပ်မကောင်းဘူး၊ သစ္စာဖောက်သူလျှိုတွေ, လက်ပါးစေတွေ ခုတစ်လော ဖိမ်ဇာရွာဘက်မှာ ခြေရှုပ်နေကြတယ်၊ ဒီထက် အခြေအနေပိုပြီးဆိုးလာရင် အလံတောင်စခန်းတောင် ရွှေ့ကောင်းရွှေ့နိုင်တယ် ဥက္ကာ၊ အခုတောင် မာယာပေးတဲ့သတင်းအတိုင်းသာဆိုရင် ငါတို့ ဂျွန်တပ်ဖွဲ့စာရင်းတွေ ဘယ်အထိတောင် ပေါက်ကြားနေပြီလဲ မသိဘူး"

"ဟုတ်တယ် ဦးကြီး ... ရစ်ချပ်ရဲ့လက်ထဲက ရွေနံ စာရင်းကိုတော့ မဖြစ်မနေ လုပြီးယူရမှာပဲ၊ အင်း ... မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတစ်ပွဲတော့ နွဲရဦးတော့မယ် ထင်တယ်၊ ဒီစာရင်းသာ လွတ်ထွက်သွားခဲ့ရင် ကျွန်တော်တို့ ဂြိုဟ်ဆိုးဝင်ပြီလို့သာ မှတ်တော့ ဦးကြီးရေ”

“စိတ်ချစမ်းပါ ဉက္ကာရယ်၊ တစ်နေ့ကတောင် ဆရာကြီးက ဗိမ်ဇာတိုက်နယ်သူကြီး မြေဇာတို့သားအဖကို သေရွာပို့ချိန်တန်ပြီလို့တောင် ပြောနေသံကြားတယ်၊ ဒီခွေးတိရစ္ဆာန် လက်ပါးစေကောင်တွေကြောင့် ငါတို့ ဂဠုန်တပ်သားတွေ သေကြေကျကြနဲ့ အဖမ်းခံခဲ့ရကြတာကွ”

ဟုတ်သည်။ တစ်လောက တိုက်ပွဲတွင် ဗိမ်ဇာတိုက်နယ်သူကြီးသားအဖ နာမည်ထွက်ခဲ့သည်။ သူကြီးသားရွှေမိုးဆိုလျှင် နှစ်လုံးပြူးသေနတ် ပေါက်ကွဲကျိုးပျက်ခဲ့သဖြင့် မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့သည်ဟု သိရသည်။ ထိုစဉ်ကလည်း သူတော်စင်အဘိုး၏ ကယ်တင်စောင်မမှုကြောင့် ဉက္ကာတို့အဖွဲ့ ဂေါ်ရာစစ်ပုလိပ်များလက်မှ သီသီကလေး လွတ်မြောက်ခဲ့ကြရသည် မဟုတ်ပါလား။

ဉက္ကာ သူ၏ဘဝကို တွေးနေမိသည်။ အိပ်မက်ထဲတွင် မြင်တွေ့ခဲ့ရသည့် သူတော်စင်အဘိုးအို၊ ဖိုဦးတောင်မြေအောက် လိုဏ်ခေါင်းအတွင်းမှ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် တလောက ပဲခူးရိုးမတောင်ခြေတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲမှ အမှတ်မထင် ပြန်လည်ဆုံတွေ့ခဲ့သော သူတော်စင်အဘိုးအိုနှင့်က မည်သည့်ဘဝများစွာက ပဌာန်းဆက်၊ ပါရမီဆက်များ ဖြစ်ခဲ့လေ





သည်မသိ။

သူ ဒုက္ခအန္တရာယ်တစ်ခုခု ကြုံတွေ့ရတိုင်း ထိုသူတော်စင်အဘိုးက ရောက်လာတတ်သည် မဟုတ်ပါလား။ ယခုဆိုလျှင် အဘိုး၏ကျေးဇူးကြောင့် ဗိမ်ဇာတစ်ရွာလုံးက စုန်းမကြီး၊ ဆယ့်နှစ်ကြိုး ကဝေမကြီးဟု စွပ်စွဲပြောဆိုခံရရှာသည့် မာယာ၏အဘွားဖြစ်သူ ဒေါ်ဇာယုပင် အကျွတ်တရားများရကာ သာသနာ့ရိပ်သာတွင် ကျင့်ကြံအားထုတ်နေပြီ မဟုတ်ပါလား။

ထိုနေ့က ဦးယောနနှင့် အစီအစဉ်များရေးဆွဲကာ အလံတောင်ရှိ ဂဠုန်ခေါင်းဆောင်ကြီး ဆရာစံရှိရာသို့လည်း ထိုသတင်းကို ဆက်သားတစ်ယောက်နှင့် ပေးပို့စေခဲ့သည်။ အပြန်ခရီးမှာတော့ ဉက္ကာတစ်ယောက် သူ၏ ထူးဆန်းသော ဘဝဖြစ်စဉ်နှင့် ရဲခန်းတွင် အရှင်လတ်လတ် ကျခံနေရရှာသည့် ချစ်ရသူမာယာတို့၏ ရှေ့ဆက်ဖြစ်ပေါ်လာမည့် မရေရာသည့် မှုန်ဝါးဝါး အနာဂတ်ခရီးကြောင်းကို စဉ်းစားရင်း ...

အခြေအနေကို သိပ်တော့ မစောင့်လိုက်ရ။ တွင်းအောင်းနေသည့် မြေခွေးတစ်ကောင်၏ ကောက်ကျစ်သော အကြံအစည် တစ်ခု၏ နိဒါန်းလေလားမသိ။ သည်ရက်တစ်ပတ်လုံးလုံး မာယာ့



www.burmeseclassic.com

www.burmeseclassic.com



အား အပြင်သို့ ထွက်ခွင့်မပြုပါလေတော့။

ထို့အပြင် ရစ်ချပ်အောင်ဒင်ကိုယ်တိုင်လည်း အပြင်သို့ မထွက်၊ သူကိုယ်တိုင်ပင် ရုံးမှ အလုပ်များကို အိမ်သို့ ရွှေ့ပြောင်း၍ ယူလုပ်သည်။ သူ၏စာကြည့်ခန်းကို ယာယီရုံးခန်းအဖြစ် အသုံးပြုလျက် အရေးကြီးသော ဖိုင်တွဲများ၊ စာရွက်စာတမ်းများနှင့် ဗီရိုငယ်တစ်လုံးကို ထိုအခန်းထဲသို့ ပို့စေခဲ့သည်။

ထို့ပြင် သူ၏ နေအိမ်ခြံဝင်းတွင်လည်း လက်ရှိ ဂေါ်ရခါး ဒရဝမ်နှင့် မာလီကုလားတို့ ရှိနေပါလျက်နှင့် နောက်ထပ် ဂေါ်ရာ စစ်ပုလိပ်နှစ်ယောက်ကို နေ့ညတာဝန်ချိန်ပြောင်းယူစေပြီး လုံခြုံရေးကို တိုးမြှင့်၍ ချထားလိုက်သည်။ သို့သော် ဇနီးမယားဖြစ်သူ မာယာကိုမူ ထိုရက်များအတွင်းဝယ် ရစ်ချပ်အောင်ဒင်က မျက်နှာချင်း မဆိုင်မိအောင် တမင်ပင် ရှောင်လွှဲနေလေသည်သို့။

အစားအသောက်ကို သူ၏ စာကြည့်ခန်းထဲသို့တိုင် ထမင်းချက် ဘတ္တလာကြီးအား ပို့စေသည်။ သူကိုယ်တိုင်ကမူ စာကြည့်ခန်းထဲတွင်သာ လုပ်ဆောင်ဖွယ်ရှိသည့် ရုံးလုပ်ငန်းများကို တစ်ယောက်တည်း သိမ်းကျုံးလုပ်ကိုင်နေပါ၏။ ဤတွင် ထူးခြားသောအချက်တစ်ချက်ကို မမျှော်လင့်ဘဲ မာယာသိရှိခဲ့ရသည်။

ထိုအချက်မှာ ရစ်ချပ်အောင်ဒင်သည် နေ့လယ်နေ့ခင်း လက်ဖက်ရည်သောက်ချိန်ခန့်တွင် စာကြည့်ခန်းထဲမှထွက်ကာ အိမ်မကြီး၏ အောက်ထပ် မြေအောက်ခန်းထဲသို့ ဆင်း၍ သွား





တတ်ခြင်းပင် ဖြစ်သည်။

''အင်း ... ဒီမြေအောက်ခန်းထဲကို သူ ဘာသွားပြီး လုပ်တာပါလိမ့်၊ တကယ်လို့ သွားခဲ့ရင်လည်း ခဏတစ်ဖြုတ်ပေါ့၊ အခုဟာက နေ့တိုင်းလိုလို အချိန်မှန် ဆင်းဆင်းသွားပြီး မြေတိုက်ထဲမှာ တစ်နာရီလောက်ကြာအောင် ဘာတွေများလုပ်နေတာလဲ''

ဟုတ်သည် ...။ ရစ်ချပ်အောင်ဒင်တစ်ယောက် ဤရက်ပိုင်းအတွင်းဝယ် နေ့စဉ်လိုလို အချိန်မှန်မှန် မြေတိုက်ခန်းထဲသို့ဆင်း၍ အချိန်ကြာကြာနေလေ့ရှိသည်ကို မာယာ တွေ့မြင်နေရသည်။ မည်သည့်ကိစ္စများ အရေးပေါ်ဖြစ်နေသနည်း။ စစ်ရေးသတင်းများ ထွက်ပေါ်နေ၍လား။ မဖြစ်နိုင်ပါ။ တစ်စုံတစ်ရာ အရေးကြီးခဲ့သည်ဆိုလျှင် သူ့ထံသို့ အစ်ကိုဥက္ကာ တစ်နည်းနည်းဖြင့် သတိပေးလာလိမ့်မည် ဖြစ်သည်။

ဤသို့ဆိုလျှင် ရစ်ချပ်အောင်ဒင်တစ်ယောက် နေ့စဉ် အချိန်မှန်မှန် မြေတိုက်ခန်းထဲသို့ သွားနေသည်မှာ ဘာကြောင့်ပါနည်း။ မာယာ သိချင်စိတ် ပြင်းပြနေသည့်တိုင် မြေတိုက်ခန်းသော့က ရစ်ချပ်အောင်ဒင် ခါးမှမချ။ သော့ကို တစ်နည်းတစ်ဖုံနှင့် သူ့ရန်မှာလည်း ရစ်ချပ်အောင်ဒင်နားသို့ပင် ချဉ်းကပ်၍မရပါလေ။ အချိန်ရှိသ၍ သူ၏စာကြည့်ခန်းထဲတွင်သာ အချိန်ကုန်နေသည် မဟုတ်ပါလား။

''အင်း ... ကော်နွတော့ သူခရီးထွက်ရမှာမို့ သူ့ရဲ့ အတွင်းပစ္စည်းတွေနဲ့ အရေးကြီးတဲ့စာရွက်စာတမ်းတွေ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆည်းနေတာပဲ ဖြစ်ရမယ်၊ ဟင်း ဟင်း . . . နေနှင့်ဦးပေါ့ ရစ်ချပ်ရယ် . . . နင် ခရီးထွက်သွားမှ အစ်ကိုဥက္ကာနဲ့ ဆက်သွယ်ပြီး မြေအောက်ခန်းထဲက လျှို့ဝှက်ချက်ကို ဖော်ထုတ်ရမယ် ရစ်ချပ်ရေ . . . ဟင်း ဟင်း''

ယခုဟော့ ခြောက်လကျော်ကျော်ခန့် ပေါင်းသင်းဆက်ဆံလာခဲ့ကြသည့် ရစ်ချပ်အောင်ဒင်နှင့် မာယာတို့မှာ ကျယ်ဝန်းခိုင်ခံ့လှသော အိမ်ကြီးထဲတွင် အတူတကွ နေထိုင်ကြရင်း နီးနီးလေးနှင့် တစ်စင်-စ်စ ဝေးကွာနေကြလေပြီလား။ နှစ်ဦးသားဇော် အစွန်ဆွသဏ္ဍာန်တွင် အတွင်းကျိတ်အကြံကိုယ်စီနှင့်။

ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်ရသော စစ်မြေပြင်တွင်မဟုတ်ဘဲ အချစ်မြေပြင်ထက်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် အမှန်း၊ အငြိုးအာဃာတများဖြင့် ချုံခိုတိုက်ခိုက်ကြရန် ကြံရွယ်နေကြလေပြီထင့်။

ဤသို့ဖြင့် ရက်တစ်ပတ်ဟူသော အချိန်ကာလတို့သည် စက္ကန့်မိနစ်တို့၏ တဖြည်းဖြည်း ဝါးမျိုစားသုံးမှုအောက်တွင် ကုန်ဆုံးပျောက်ကွယ်သွားခဲ့ပါချေပြီတည်း။



## အပိုင်း [၇]

## ၁၉၃၀ ပြည့်နှစ်လွန် အစိမ်းခြေမှုန်တိုင်းများ

### အစိမ်းရောင်နေ့စွဲများနှင့် နေထိုင်ခြင်း

နောက်တစ်နေ့နံနက်စောစော ရစ်ချပ်အောင်ဒင် ခရီးထွက်ရတော့မည် ဖြစ်ပါ၏။ ထို့ကြောင့် ယူဆောင်သွားမည့် ပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ဖိုင်တွဲများကို အလုပ်သမားတစ်ယောက်နှင့်အတူ ထုပ်ပိုးပြင်ဆင်လျက်ရှိသည်။ စာကြည့်ခန်းအပြင်မှ မာယာလာ၍ မှန်ပြတင်းမှတစ်ဆင့် ရစ်ချပ်အောင်ဒင် လုပ်ကိုင်နေပုံကို အတန်ကြာမျှ ရပ်ကြည့်နေမိသေးသည်။

မာယာ ရပ်ကြည့်နေသည်ကို ရစ်ချပ်အောင်ဒင် သိရှိနေသည့်တိုင် မာယာရှိရာသို့ တစ်ချက်မျှပင် စောင်းငဲ့မကြည့်။ သူခိုင်းစေသည့် အလုပ်သမားကိုသာ စနစ်တကျ ခိုင်းစေနေပါ၏။ ထိုသို့ရှိစဉ်မှာပင် အိမ်ရှိအလုပ်သမားများ ဖြစ်ကြသည့် ထမင်းချက် ဘတ္တလာ၊ မာလီကုလားနှင့် ဂေါ်ရခါးဒရဝမ်တို့ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲသို့ ခေါ်လိုက်သည်ကို မာယာတွေ့မြင်လိုက်ရသည်။

"ရစ်ချပ် ဘာတွေလုပ်မလို့ အလုပ်သမားတွေကို ခေါ်ပြီး တွေ့ရတာပါလိမ့်"

သိချင်စိတ်ကြောင့် မာယာ မယောင်မလည်နှင့် ပြတင်းပေါက်နားသို့ တိုးကပ်လာခဲ့သည်။ သူမြင်တွေ့လိုက်ရသည်မှာ ရစ်ချပ်အောင်ဒင်မှာ သူ့အား ကျောပေးလျက် သူ၏ရှေ့တွင် ရပ်နေသည့် အလုပ်သမားများအား ပိုက်ဆံများပေး၍ တစ်စုံတစ်ရာကို တတွတ်တွတ်နှင့် ပြောဆိုနေပါ၏။ ရစ်ချပ်အောင်ဒင်၏စကားသံများကို အပြည့်အစုံ မကြားရသည့်တိုင် မာယာ မြင်တွေ့ကြားသိရသမျှများကို ခန့်မှန်းတွက်ဆကြည့်မိသည်မှာ အိမ်ရှိအလုပ်သမားအားလုံးနှင့် ဂေါ်ရာခါးဒရဝမ်ပါမကျန် လစာများကိုကြိုတင်ပေး၍ နေရပ်သို့ ပြန်နိုင်းနေခြင်းပင် ဖြစ်ပါလေ၏။

"ရော် ... ဘယ်လိုဖြစ်တာလဲ၊ ဒီအိမ်ကြီးထဲမှာ ငါ့ကိုတစ်ယောက်တည်း ထားခဲ့မလို့လား။ အင်း ... ဒီလိုတော့လည်း ဟုတ်မယ်မထင်ဘူး၊ အခုတောင်မှ ငါ့ကို တစ်ယောက်တည်းအပြင်ကို ပေးမထွက်တာ၊ ကေန္တ မဟုတ်မှလွဲရော ... ငါ့ကိုပါစိတ်မချလို့ သူခရီးသွားတဲ့နေရာကို ခေါ်သွားဖို့ လုပ်တာပဲ ဖြစ်ရမယ်"

ရစ်ချပ်အောင်ဒင်က သူ့အား မည်သည့်စကားမှ မပြောသဖြင့် ဘာကိုမျှ မာယာ မသိရှိခဲ့။ ယခုလည်း ရစ်ချပ်လုပ်ကိုင်ဆောင်ရွက်နေပုံများကို ကြည့်ကာ မှန်းဆတွက်ချက်နေမိခြင်းသာ





ဖြစ်ပါ၏။

"ဒါဆိုရင်လည်း ဂေါ်ရခါးဒရဝမ်ကြီးကိုတော့ ပြန်လွှတ်ဖို့ မသင့်ဘူး၊ အိမ်မှာ ဘယ်သူမှမရှိရင် အစောင့်တစ်ယောက် ယောက်တော့ ရှိနေမှ ဖြစ်မှာပေါ့၊ ဟို ... ဟို သူ့ရဲ့ဂေါ်ရာပုလိပ်တွေကိုများ အစောင့်ထားမှာလားမှ မသိတာ၊ အို ... ရှုပ်ပါတယ်လေ ဒါတွေ ငါနဲ့ဆိုင်တာလည်း မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ခေါင်းရှုပ်ခံပြီး စဉ်းစားနေရတာလည်း မသိဘူး ...ဟူး"

မာယာမှာ စဉ်းစားလေလေ ခေါင်းရှုပ်လေလေ ဖြစ်လာသည်မို့ သက်ပြင်းရှည်ကြီးတစ်ခုကိုချရင်း ထိုနေရာမှ ကျောခိုင်း၍ ထွက်ခွာလာခဲ့သည်။ အရေးကြီးသည်မှာ ရစ်ချပ်အောင်ဒင် ခရီးထွက်သွားခဲ့လျှင် သည်ခရီးသည် မျက်နှာဖြူမိစ္ဆာကောင်, ရစ်ချပ်အတွက် နောက်ဆုံးခရီးပင် ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဦးယောန၊ အစ်ကိုဥက္ကာနှင့် ဂျူနိုတော်လှန်ရေးတပ်သားများသည် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်အား သာယာဝတီအပြင်ဘက်သို့ မည်သည့်နည်းနှင့်မျှ အထွက်ခံလိမ့်မည်မဟုတ်။

ယခုဆိုလျှင် သူ၏သတင်းပေးမှုကြောင့် ဦးယောနနှင့် အစ်ကိုဥက္ကာတို့ လျှို့ဝှက်စွာ လှုပ်ရှားနေကြပေရော့မည်။ တကယ်ဆိုလျှင် မျက်နှာဖြူကပြား ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်တစ်ယောက် မကြာမီအချိန်ပိုင်းအတွင်းမှာပင် ကြီးစွာသောအန္တရာယ်ထောင်ချောက်အတွင်းသို့ ရောက်ရှိသွားရမည်ဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ စိုးစဉ်းမျှရိပ်စားမိမည် မဟုတ်ပါချေ။

ထိုနေ့တစ်နေ့လုံး မာယာ လွတ်လပ်ပေါ့ပါးစွာပင် နေလိုက်သည်။ သောကအပူမှန်သမျှ ရင်ထဲမှ မောင်းထုတ်ပစ်လိုက်ပါ၏။ ရေကို တဝကြီးချိုးပစ်လိုက်သည်။ ညနေခင်းသို့ ရောက်တော့ ရစ်ချပ်အောင်ဒင် မြေတိုက်ခန်းဘက်သို့ လျှောက်သွားသည်ကို ရိပ်ခနဲ တွေ့လိုက်ပါ၏။

"ဟွန်း ... သူ့အလုပ်တွေကို ခုချိန်ထိအောင် မပြီးနိုင်သေးဘူးနဲ့တူတယ်၊ အို ... ရှုပ်ပါတယ် ... ကိုယ့်ဟာကိုယ် ညစာထမင်းစားပြီး စောစောအိပ်ရာဝင်တာပဲ ကောင်းမယ်"

ဤသို့ဖြင့် မာယာတစ်ယောက် ညစာစားပြီးသည်နှင့် စောစောစီးစီးပင် အိပ်ရာဝင်ခဲ့ပါလေ၏။ သို့သော် ထုံးစံအတိုင်းပင် တောင်တောင်အီအီ တွေးတောရင်း ဟိုလူးသည်လိမ့်ဖြင့် ဂေါက်တော်နှင့် အိပ်မပျော်နိုင်ခဲ့။ တစ်နေ့က ဥက္ကာပြောသဖြင့် အဘွားနှင့်ပတ်သက်သည့် သတင်းကောင်းကြောင့် မာယာ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရသည်။ သူ့အား လူမမယ်ဘဝကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့သော အဘွား၊ အပျိုအရွယ် မြေးမငယ်လေးကို ချစ်သည့်စိတ်ဖြင့် စုန်းမကြီး၊ ကဝေမကြီး၊ ဆယ့်နှစ်ကြိုးဖော်ဂနီမကြီးဟု စွပ်စွဲမှုကိုခံယူကာ မာယာ့အား မည်သည့်တစ်ပေါက်မစွန်းစေရအောင် ကာကွယ်စောင့်ရှောက်ပေးခဲ့သည့် အဘွား။

သည်အဘွားသည် အစ်ကိုဥက္ကာ၏ သူတော်စင်အဘိုး၏ လမ်းညွှန်ဆုံးမမှုဖြင့် အကျွတ်တရားများရရှိကာ ဥပုသ်သီတင်းများ





ဆောက်တည်၍ သာသနာရိပ်တွင် ခိုဝင်သွားပြီဖြစ်ကြောင်း သိရှိလိုက်ရသဖြင့် ကျေးဇူးရှင်အဘွားအတွက် ဝမ်းနည်းဝမ်းသာ ဖြစ်သွားခဲ့ရသည် မဟုတ်ပါလား။ ရစ်ချပ်အောင်ဒင်သာ ခရီးထွက်ရာတွင် သူ့အား ခေါ်မသွားခဲ့လျှင် အဘွားဖြစ်သူထံ သွားရောက်တွေ့ဆုံမည်ဟု စဉ်းစားနေမိသည်။ မာယာ၏ စိတ်အတွေးတို့က အိပ်မပျော်နိုင်သူတို့၏ ထုံးစံအတိုင်း စိတ်ပြေးရာသို့ ပျံ့လွင့်စီးမျောနေသဖြင့် အိပ်မပျော်နိုင်သေးပါ။ အိပ်ရာထက်တွင် ဘယ်ညာလူးလိမ့်ရင်း သန်းခေါင်ယံကျော်ခန့်တွင်မှ မာယာမှာ မေ့ခနဲ အိပ်ပျော်သွားခဲ့ပါသည်။

မည်မျှကြာကြာ မာယာ အိပ်ပျော်သွားလေသည် မသိ။ နှာဝတွင် စူးရှရှ စိမ်းရွှေရွှေ အနံ့ဆိုးကြီးကို ရုတ်တရက် ရှူရှိုက်လိုက်ရသဖြင့် လန့်ဖျပ်ကာ နိုးလာခဲ့သည်။ မာယာ မျက်လုံးအစုံကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်တော့ သူ့အနီးတွင် ရစ်ချပ်အောင်ဒင်၏ ခန္ဓာကိုယ်ကြီးကို ရိပ်ခနဲ မြင်လိုက်ရသည့်သို့။

ရစ်ချပ်အောင်ဒင်သည် သူ၏ လက်ဖဝါးကြီးဖြင့် မာယာ၏နှာခေါင်းဝကို အတင်းအကျပ် ဖိကပ်ထားခြင်း ဖြစ်သည်။

"အ ... အိ ... အု ... ဖု"

မာယာသတိရ၍ အော်ဟစ်ရုန်းကန်ရန် ကြိုးစားလိုက်သော်လည်း ရစ်ချပ်အောင်ဒင်က ပါးစပ်ပါ ပိတ်ထားသဖြင့် အသံက တအုအုနှင့်သာ ထွက်လာပါ၏။ စင်စစ် အကြံသမား မြေခွေးကောင်ရစ်ချပ်သည် ကလိုရိုဖောင်း မေ့ဆေးဆွတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် လက်ကိုင်ပဝါဖြင့် မာယာ၏ နှာခေါင်းဝအား ဖိအုပ်ထားခြင်း ဖြစ်ပါ၏။ အသိနောက်ကျသွားပြီဖြစ်သည့် မာယာ၏ ခန္ဓာကိုယ်လေးမှာ အန္တရာယ်ကောင်း ရစ်ချပ်အောင်ဒင်၏လက်ထဲတွင် တွန့်လိမ်ရုန်းကန်နေရာမှ တဖြည်းဖြည်း ပျော့ခွေကျသွားရာမှ နောက်ဆုံးတွင် သတိလစ်မေ့မြောသွားပါလေတော့သည်။

❖

အမှောင် ...၊ ပိန်းပိတ်အောင် အမှောင်ဖုံးနေသည့် အမှောင်နက်နက်ထဲတွင် မာယာတစ်ယောက် ကြောက်လန့်တကြား ပြေးလွှားနေပါ၏။ မည်မျှကြာအောင် ပြေးလွှားနေရသည် မသိ။ သူ၏ရင်အစုံသည် တဆတ်ဆတ်လှုပ်ခါလျက် တုန်ယင်မောဟိုက် နေပါချေပြီ။ မျက်လုံးအစုံသည်ပင် ပြာဝေလာပြီး ချွေးစီးများကလည်း တစ်ကိုယ်လုံး ရွှဲနစ်လျက်။

တရစပ် ပြေးလွှားလှုပ်ရှားလာရသဖြင့် ခြေအစုံမှာ ယိမ်းယိုင်ပျော့ခွေကာ နုံးချည့်နေပါ၏။ တစ်ချီ တစ်ချီ ယိမ်းယိုင်သွားသည့် ခြေအစုံကြောင့် မာယာ၏ခန္ဓာကိုယ်လေးပင် လဲပြိုကျလုလုဖြစ်သွားခဲ့သည်။

သို့သော် သူလဲပြိုကျ၍မဖြစ် သူ၏နောက်မှ ချွန်ထက်သော အစွယ်ကြီးများနှင့် သွားရည်တမြားမြား ကျနေသည့်





ကြောက်မက်ဖွယ်သတ္တဝါကြီးက တလွှားလွှားနှင့် ခုန်လွှားကာ ထက်ကြပ်မကွာ လိုက်ပါလာသည် မဟုတ်ပါလား။

'ဂါး ..ဂရား ..ဂီး'

နီရဲကျဉ်းမြှောင်းသော မျက်လုံးအစုံက သူ၏ရှေ့မှ မာယာကိုကြည့်ကာ အာသာတငမ်းငမ်းနှင့် ခြေတစ်ချက်သာ ခွေညွတ် ယိုင်လဲကျသွားသည်နှင့် နောက်မှ အမွေးစုတ်ဖွားနှင့် သတ္တဝါကြီး၏ အစွယ်ကြားတွင် ကားခနဲ ပါသွားမည်မှာ မြေကြီးလက်ခတ်မလွဲပင် ...။

သို့သော် မာယာတစ်ယောက် ကြာရှည်မပြေးနိုင်ပါလေတော့။ မညီညာသော လမ်းကျောထက်မှ ခလုတ်ကန်သင်းတစ်ခုကို တိုက်မိကာ ဝုန်းခနဲ လဲပြိုကျသွားပါလေ၏။ တစ်ဆက်တည်းမှာပင် ဆင်ခြေလျှောကဲ့သို့ ဖြစ်နေသော စောင်စောင်းလေးအတိုင်း မာယာခမျာ ဒလိမ့်ခေါက်ကွေး လိမ့်ဆင်းကျသွားပါတော့သည်။

'ဝေါ ဖျော ..ဖရော ဖရော'

"အ အား"

အမှောင်နက်နက်ကြီးထဲတွင် မည်မျှကြာကြာ လိမ့်ဆင်းလျှောကျနေသည်မသိ။ သူ၏ ခြေထောက်တစ်ချောင်းက သစ်မြစ်ဆုံတစ်ခုကြားတွင် ချိတ်တွယ်မိသလို ဖြစ်သွားသည်မို့ လိမ့်ဆင်းလျှောကျနေရာမှ ရုတ်တရက် ရပ်တန့်သွားပါ၏။

မာယာ ကြောက်လန့်တကြားနှင့် ရုန်းကန်ဆဲသူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင် သစ်မြစ်ကြားတွင် ညှပ်ဝင်ချိတ်တွယ်နေသည့် ညာခြေထောက်ကို ဆွဲယူမရ ဖြစ်နေပါ၏။ ထို့ကြောင့် မာယာခမျာ မမှီမကမ်းဖြင့် ကုန်းရုန်း၍ အားယူထကာ ခြေထောက်ကို လှုပ်ခါယမ်းလိုက်သည်တွင် ...

"အား အင်း"

'ချွင် .. ချလွင် ချွင် .. ချွမ်း ချွင်'

ညာခြေထောက်ဆီမှ နာကျင်သော ဝေဒနာနှင့်အတူ သံကြိုးသံတစ်ချွင်ချွင်ကို ကြားလိုက်ရပြီး မာယာတစ်ယောက် သတိလစ်မေ့မြောနေရာမှ ပြန်လည်၍ သတိရလာခဲ့သည်။ သူ၏ နှာခေါင်းထဲမှာတော့ စိမ်းရွှေရွှေကလရိဖောင်း မေ့ဆေးနံ့က ခပ်ပြင်းပြင်း ကျန်ရှိနေဆဲပါ။

"ဟင် ... ကျွတ်ကျွတ် ... ငါ ... ငါ ဘယ်ကိုရောက်ရောက်နေတာလဲ၊ ငါ အိပ်ရာပေါ်မှာ အိပ်နေရာကနေ ဟို ... ဟို ... ရစ်ချပ် ... ရစ်ချပ် ငါ့ကို မေ့ဆေးတွေနဲ့အုပ်ပြီး ဒီကိုခေါ်လာတာပဲ ဖြစ်ရမယ်"

မာယာမှာ သူမ,ရောက်ရှိနေသည့်နေရာကို အကဲခတ်လိုက်စဉ်မှာပင် သူ၏ ညာဘက်ခြေထောက်ခြေကျင်းဝတ်တွင် ဂက်ထိတ်သဖွယ် ခတ်ထားပြီး သံကြိုးရှည်တစ်ချောင်းနှင့် ဆက်သွယ်ချည်နှောင်ထားသည်ကို ထိတ်လန့်အံ့ဩစွာ တွေ့မြင်လိုက်ပါလေ၏။

"ဟင်း ... ဒါ ... ဒါ ... ရစ်ချပ် ... ရစ်ချပ်လု ၆





ထားတာပဲ ဖြစ်ရမယ် ... ဟင်း ဟင်း"

ဟုတ်သည်။ မာယာရောက်ရှိနေသောနေရာကို သေချာစွာကြည့်လိုက်တော့ မြေတိုက်ခန်း ဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။ ယခုမှပင် နေ့လယ်ခင်းဘက်များတွင် ရစ်ချပ်အောင်ဒင် မြေတိုက်ထဲသို့ တစ်နာရီကြာကြာခန့် ဆင်းရသည့် အကြောင်းရင်းကို သိရှိလိုက်ရပါလေ၏။ နဂိုရှိပြီးသား မြေတိုက်နံရံတွင် အပေါက်တစ်ပေါက် ဖောက်ထားသည်။ ခြောက်ပေပတ်လည်ခန့်ရှိသည်မို့ အပေါက်ဆိုသည်ထက် ဂူကလေးတစ်ခုနှင့်ပင် တူနေပါ၏။ မြေသားနံရံဘက်ကို မာတင်းနေအောင် သရိုးကိုင်ထားသည်။ အုတ်စီအင်္ဂတေနံရံမဟုတ်ဘဲ မြေသားနံရံသက်သက်သာ ဖြစ်သည်။

အခန်းကျဉ်းလေး၏ ဟစ်ဖက်ထောင့်စွန်းတွင် သစ်လုံးဟိုင်တစ်ခုကို အခိုင်အမာစိုက်ထူထားပါ၏။ ထိုသစ်လုံးတိုင်မှ သံကွင်းဆက် သံကြိုးရှည်တစ်ချောင်း၏ အဖျားဘက်တွင် မာယာ၏ညာခြေထောက်ရှိ ခြေကျင်းဝတ်တွင် လက်ထိတ်သဖွယ် သော့ခတ်၍ ထားပါလေ၏။ အဖြစ်အပျက်သည် မာယာ့ထင်မြင်ချက်ထက် ပို၍ ဆိုးဆိုးဝါးဝါးရှိလှပါ၏။ ဤမျှ ကောက်ကျစ်ရက်စက်သော ရစ်ချပ်အောင်ဒင်ကို ရင်ဆိုင်ရန်အတွက် မာယာ သူ၏ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။ မေ့ဆေးအရှိန်ကြောင့် မူးနောက်နောက်ဖြစ်နေသည်မို့ ခေါင်းကို ဘယ်ညာယမ်းခါလိုက်ပြီး အားယူ၍ မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ချွင် ‥ ချလွမ် ‥ ချွင် ချွမ်'

မာယာ၏ လှုပ်ရှားလိုက်မှုကြောင့် ဆက်သွယ်ချည်နှောင်ထားသည့် သံကြိုးက တချွင်ချွင်နှင့် လှုပ်ယမ်းသွားပါ၏။

"ဩော် ... သတိရလာပြီ ထင်တယ်"

ရစ်ချပ်အောင်ဒင်၏ ငှက်ဆိုးထိုးသံကြိုးနှင့်အတူ မထိတထိ အပြုံးကို မြေတိုက်ခန်းထဲရှိ ဝါကြင်ကြင် မီးရောင်အောက်တွင် မာယာ မြင်တွေ့လိုက်သည်။ သည်အပြုံးက လွန်စွာကောက်ကျစ်စဉ်းလဲသော မြေခွေးတစ်ကောင်၏ အပြုံးမျိုး။ အတူတကွ နေထိုင်ပေါင်းသင်းလာခဲ့သည်မှာ ခြောက်လကျော် ခုနစ်လနီးပါးရှိခဲ့ပြီမို့ ရစ်ချပ်အောင်ဒင် ထိုကဲ့သို့သော အပြုံးမျိုး (သွေးအေးသောအပြုံး) ပြုံး၍ပြပြီဆိုလျှင် ပြုံးပြခံရသူမှာ မကြာခင် သွေးအေးအေးနှင့် ရက်စက်ခံရတော့မည်ဖြစ်ကြောင်း ဗေဒင်ဟောစရာပင်မလိုပါ။

'ချမ်း ချမ် ‥ ရှမ် ရှဲ ရှဲ'

စင်စစ် ရစ်ချပ်အောင်ဒင်မှာ-ဂူ သို့မဟုတ် အခန်းငယ်၏ အပြင်ဘက်အစပ်တွင် ထိုင်၍ ဘီလပ်မြေ၊ သဲနှင့် ထုံးတို့ကို အချိုးကျ ရောသမမွှေကာ အင်္ဂတေဖျော်စပ်နေခြင်း ဖြစ်ပါ၏။ မေ့ဆေးဒဏ်ကြောင့် သတိလစ်မေ့မြောကာ လဲကျနေသည့် မာယာ့ထံမှ လှုပ်ရှားသံသဲ့သဲ့နှင့်အတူ သံကြိုးမြည်သံ ကြားလိုက်ရသဖြင့် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

"ဘယ်လိုနေသေးလဲ ... ငါ့ရဲ့မေ့ဆေးလက်ဆ နည်း





နည်းများသွားတယ် ထင်တယ် ... ဟင်း ဟင်း ဟင်း"

"ရှင် ဘာတွေလုပ်နေတာလဲ"

မာယာ၏မေးခွန်းကြောင့် ရစ်ချပ်အောင်ဒင်က သံဒယ်အိုးထဲတွင် အင်္ဂတေဖျော်လက်စသံလျက်ကို မြှောက်ပြလိုက်ရင်း

"ဟင်း ဟင်း ဟင်း ... ဒီမှာလေ မာယာရဲ့ ... ငါကြားဖူးတာ တစ်ခုရှိတယ် ... ရှေးခေတ်က ရောမစစ်သားတွေဟာ သူတို့ စစ်ထွက်သွားတဲ့အခါတိုင်းမှာ အိမ်မှာကျန်ရစ်ခဲ့ကြတဲ့ အိမ်သူသက်ထား ဇနီးမယားတွေရဲ့ခါးမှာ 'အပျိုရည်ထိန်း ခါးပတ်' ဆိုတာကို ပတ်ပြီး သော့နဲ့ အခိုင်အမာ ခတ်ထားခဲ့ကြတယ်တဲ့လေ၊ ဟင်း ဟင်း ဟင်း ... ခက်တာက ငါ့မှာ အဲဒီလိုခါးပတ်မရှိတော့လည်း မင်းတို့ရဲ့ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ပဲ ပေါ့လေ ... ဟင်း ဟင်း ဟင်း"

မာယာ ရစ်ချပ်အောင်ဒင်အား မီးထွက်လုမခန်း မျက်လုံးအစုံနှင့် စူးစူးရဲရဲ စိုက်ကြည့်နေမိသည်။ တင်းတင်းစေ့ပိတ်ထားသည့် နှုတ်ခမ်းဆီမှမူ မည်သည့်စကားမျှ မဟပါလေတော့။

'ကျွီ ‥ ကျွီ ‥ ကျွီ ‥ ဖရော'

ထိုအခိုက် နံရံမြေကြီးဘက်ဆီမှ အတန်ငယ်ကြီးမားလှသည့် မြေကြွက်ကြီးနှစ်ကောင်က မာယာ၏ ခြေထောက်ပေါ်မှ ရဲတင်းစွာ ဖြတ်ကျော်ပြေးသွားကြသည်ကိုကြည့်ကာ ရစ်ချပ်အောင်ဒင် သဘောကျစွာ ရယ်မောလိုက်ပါ၏။

"ဟင်း ဟင်း ဟင်း ... သိပ်လည်း ကြောက်မနေ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ကွာ၊ နောက်ဆိုရင် ဒီကောင်တွေက မင်းရဲ့အဖော်ကောင်းတွေ ဖြစ်လာမှာပါ၊ အနည်းဆုံး ရက်ပေါင်းသုံးဆယ်လောက်တော့ သူတို့တွေနဲ့ မင်း နေခဲ့ရမှာကွ . . . ဟင်း ဟင်း ဟင်း''

ရစ်ချပ်အောင်ဒင်မှာ အင်္ဂတေဖျော်စပ်ပြီးသည့် ဒယ်အိုးထဲမှ အင်္ဂတေအချို့ကို သံလျက်နှင့်ကော်ယူကာ အခန်း၀ ဂူပေါက် အောက်ခြေတွင် သပ်ရပ်စွာ စုပုံနေပါ၏။ မာယာမှာမူ ရစ်ချပ်အောင်ဒင်တစ်ယောက် ရူးသွားပြီလားဟု တွေးထင်လိုက်မိသည်။ သို့သော် သွေးအေးသလောက် ယုတ်မာရက်စက်သည့်သည့်မျက်နှာဖြူကပြားကောင် မရူးမှန်း မာယာသိပါ၏။ မြေခွေးတစ်ကောင်၏ ယုတ်မာကောက်ကျစ်စဉ်းလဲသည့် အကြံအစည်တစ်ခုကို စနစ်တကျဖြင့် လက်တွေ့အကောင်အထည်ဖော်နေခြင်းသာ ဖြစ်ပါတော့သတည်း။



## မြေတိုက်ခန်းထဲမှ တစ်ဝဂ္ဂပုံပြင်

ဟုတ်သည်။ မျက်နှာဖြူကပြားကောင် ရစ်ချပ်အောင်ဒင်သည် မည်သို့မျှ လူမဆန်သော အပြုအမူတစ်ခုကို အငြိုးအတေးကြီးကြီးနှင့် လုပ်ကိုင်နေခြင်းသာ ဖြစ်ပါ၏။ သို့သော် သူ မာယာ့ကို မကျေနပ်။ အထူးသဖြင့် မတုန်မလှုပ် သက်မဲ့ကျောက်ရုပ်မျက်နှာနှင့် ရေခဲတုံးနှယ် အေးစက်တင်းမာနေသည့် မာယာ၏ မျက်နှာကို မကျေမနပ်နှင့် မချင့်မရဲ ဖြစ်နေပါလေ၏။

ဟုတ်လည်း . . . ဟုတ်သည်။ မာယာ၏ မျက်နှာက ကျောက်သားပြင်တစ်ခုနှယ် အေးစက်တင်းမာ၍ ခက်ထန်မာန်တင်းလျက် ရှိသည်။ အထူးသဖြင့် မာယာ၏ စူးရှလင်းလက်တောက်ပနေသည့် အမုန်းအငြိုးမျက်လုံးများ . . .

ရစ်ချပ်အောင်ဒင် ဖြစ်စေချင်သည်က ဤကဲ့သို့သော ပုံသဏ္ဌာန်မျိုးမဟုတ်။ မာယာ၏ သွေးပျက်ချောက်ချားနေသည့် ထိတ်လန့်တုန်လှုပ်မှုများနှင့် ကြောက်လန့်ညည်းတွားမှုများကိုသာ



www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်သည်၊ တွေ့ချင်သည်၊ ကြားချင်မိသည်။ သူ့အား ငိုယို၍ မျက်ရည်စက်လက်ဖြင့် တိုးလျှိုးတောင်းပန်စေချင်သည်။ သူ၏ ဒူးကိုဖက်ကာ ခယဝပ်တွားစေချင်သည်။

သို့သော် တကယ့်လက်တွေ့ဖြစ်ရပ်က ဤကဲ့သို့မဟုတ်။ ပြောင်းပြန်ဇောက်ထိုးဖြစ်နေခဲ့သည်။ ဤစွတ်စိုအေးစက်နေသည့် မြေတိုက်ခန်းထဲမှ လေးဖက်လေးတန် ပိတ်လှောင်ထားသည့် ဂူငယ်လေးထဲတွင် တစ်လခန့် လှောင်ပိတ်ခံထားရမည့်မှန်း အသေအချာသိနေပါလျက်နှင့် မာယာ၏ သွင်ပြင်လက္ခဏာက စိုးစဉ်းမျှ တုန့်လှုပ်ချောက်ချားဟန်မပြ။ ကြောက်ရွံ့စိုးထိတ်ခြင်း၊ ပျာယာခတ်ခြင်း၊ ငိုရှိုက်ခြင်း၊ တောင်းပန်ခြင်းအလျှင်းမရှိ။ ပကတိ သွေးအေးလွန်းလှသည်ကို ရစ်ချပ်အောင်ဒင် မယုံကြည်နိုင်စွာပင် တွေ့မြင်နေရသည် မဟုတ်ပါလား။

"ဒီ . . . ခြောက်ပေလောက်ရှိတဲ့ ဂူပေါက်ကို ငါ အသေ ပိတ်သွားမှာ မာယာ၊ ပိတ်လှောင်မွန်းကျပ် မည်းမှောင်နေတဲ့ ဒီမြေတိုက်ဂူထဲမှာ မင်းတစ်ယောက်တည်းနေခဲ့ရမှာကို မကြောက်ဘူးလားဟင်"

ရစ်ချပ်အောင်ဒင်က မာယာ့အား မထိတထိမေးလိုက်ရင်း ပွင့်နေသည့် ဂူပေါက်ဝနီးတွင် ဆောင့်ကြောင့်ထိုင်လိုက်ပြီး အသင့်စုပုံထားသည့် အုတ်ခဲများကို တစ်လုံးချင်းစီ၍ နေရာချ လိုက်သည်။ ထို့နောက် အုတ်ခဲများကြားတွင် အဆင်သင့်ဖျော် ထားသည့် အင်္ဂတေ (မဆလာ) ကိုထည့်ကာ အုတ်ခဲတစ်လုံးချင်း





စတင်၍ စီထပ်နေပါ၏။

မာယာ၏မျက်လုံးများကမူ ရစ်ချပ်အောင်ဒင်ကို မကြည့်တော့ဘဲ ထူထဲလှသည့် မြေသားနံရံကြီးကိုသာ ပေါက်ထွက်လု မခန်း စူးစူးရဲရဲ ကြည့်နေပါလေ၏။

"ဟင်း ဟင်း . . . ဒါပေမဲ့ ငါ မင်းကို အစာငတ်ရေငတ် တော့ မထားခဲ့ပါဘူးကွာ၊ ဟောဟိုထောင့်က ကတ်ထူပုံးထဲမှာ စည်သွပ်ဘူးတွေ၊ အသားဘူးတွေနဲ့ ဘီစကစ်ထုပ်၊ မုန့်ထုပ်တွေ ကို လေးဆယ့်ငါးရက်စာလောက် ထည့်ထားတယ်၊ ဟောဒီဘက် မှာ သောက်ရေဘုံဘိုင်ဘူးကြီးနှစ်လုံးလည်း ရှိသေးတယ်၊ တစ်လ ခွဲစာ စားနပ်ရိက္ခာနဲ့ သောက်ရေပါ အပြည့်အစုံထားခဲ့ပေးမှာပါ ကွာ . . . ဟင်း ဟင်း ဟင်း"

ဂူထောင့်တစ်နေရာရှိ ကတ်ထူပုံးအချို့နှင့် ရေဘုံဘိုင် ဘူးကြီးများကို ညွှန်ပြရင်း ရစ်ချပ်အောင်ဒင်မှာ အချိန်ရသ လောက် ပျားရည်စကားလုံးများဖြင့် မိန်းမလို မိန်းမရ ပြောဆိုနေ ပါလေ၏။

"အေး . . . ဒါပေမဲ့ နည်းနည်းတော့ မှောင်သွားလိမ့် မယ်၊ ငါက အခု အုတ်စီနေတဲ့ ဒီဘက်က မျက်နှာစာကို အင်္ဂတေ (မဆလာ) ကိုင်ပြီး အသေပိတ်ပစ်လိုက်မှာလေကွာ၊ ဟင်း ဟင်း . . . ဒါပေမဲ့ မင်း အသက်လေး ဘာလေး ရှူလို့ရအောင်တော့ ဟို . . . ဟို . . . မြန်မာပုဂံရာဇဝင်တွေထဲကလို အုတ်တစ်ချပ်စာ လောက်တော့ ငါ လှပ်ပေးထားခဲ့ပါမယ်လေ . . . ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာယာကမူ ပီဘိ မတုန်မလှုပ် ကျောက်ရုပ် တစ်ရုပ်နှယ်ပါတည်း။ ဤသို့ ရစ်ချပ်အောင်ဒင် ခြောက်လှန့်ပြော ဆိုနေသည့်တိုင် မာယာ့မျက်နှာက တစ်ချက်ကလေးမျှ ပျက် မသွားခဲ့။ စူးရှလင်းလက်နေသည့် မျက်လုံးအိမ်တွင် မျက်ရည် ကြည်ဥလေးများပင် ယှက်သန်းမလာခဲ့။ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းအစုံကလည်း မည်သည့်စကားတစ်ခွန်းမှ ထွက်ကျမလာ ပါချေ။

နောက်ဆုံး ရစ်ချပ်အောင်ဒင် သည်းခံအောင့်အည်းနိုင် စွမ်း မရှိတော့။ ကြောက်ရွံ့တုန်လှုပ်မှုကင်းသော မာယာအား ပြောင်ကျကျပင် ဖွင့်မေးလာရတော့သည်။

''ဒါ့ထက် နေပါဦး ...အခု ငါ မင်းကို ဂူသွင်း၊ သံ ကြိုးခတ်ပြီး မြေတိုက်ခန်းထဲက ဂူကျဉ်းကျဉ်းလေးထဲမှာ ပိတ် လှောင်ထားခဲ့မှာကို နည်းနည်းလေးမှ မကြောက်လန့်မိဘူးလား မာယာ''

ထိုအခါကျမှ မာယာ၏နှုတ်ဖျားမှ ညင်းသွဲ့သွဲ့ ရယ်မော သံတစ်ခု ထွက်ကျလာခဲ့သည်။ သို့သော် သူမ၏ ရယ်မောသံက ထိမထင်သည့် လေသံမျိုး။

''ဟင်း ဟင်း ဟင်း ဟင်း ...အစောကတည်းက အခုလိုမေးလိုက်ရင် ပြီးတာပဲကို၊ အလကား လေကုန်ခံ၊ အချိန် ကုန်ခံပြီး ခြောက်လှန့်နေသေးတယ်၊ အခုလို မြေတိုက်ခန်းထဲမှာ ဂူပိတ်ပြီးထားခဲ့မှာကို ကျွန်မက သိပ်ပြီး ကြောက်လန့်နေမှာပဲလို့





ရှင်ထင်ရင် မှားသွားမှာပေါ့ ရစ်ချပ်ရယ် ...ဟင်း ဟင်း ဟင်း ...ရှင် ဒီလို ဂူထဲမှာ ပိတ်မထားခဲ့လည်း ကျွန်မရဲ့ဘဝက အရှင်လတ်လတ် အကျဉ်းချခံနေရတာနဲ့ ဘာထူးတော့တာမှတ်လို့၊ သေသွားခဲ့ရင်တောင်မှ ကျွန်မ အဲဒီသေခြင်းတရားကို ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုနေမှာပါ''

ပီသပြတ်သား မာကျောသော၊ ထိမထင်သော စကားလုံးများက မာယာ၏ ရင်ထဲမှ တစ်လုံးချင်း ထွက်ကျလာခဲ့ပါပြီကော။

''အင်းလေ ...ကျွန်မကိုသာ ရှင်က အနိုင်ကျင့် အကျဉ်းချ ဂူသွင်းပြီး ပိတ်လှောင်ထားခဲ့တာ မဟုတ်ပါဘူး။ ရှင်တို့နယ်ချဲ့ မျက်နှာဖြူမိစ္ဆာကောင်တွေ အားလုံးက ကျွန်မတို့ မြန်မာတစ်မျိုးသားလုံးကို ဂူသွင်းအကျဉ်းချထားသလို စိုးမိုးအုပ်ချုပ်နေတာပဲ မဟုတ်လား''

နောက်ဆုံးတော့ မာယာတစ်ယောက် အနှစ်နှစ်အလလ ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရသည့် ရင်တွင်းစကားများက သံစဉ်မညီမညာနှင့် ပေါက်ကွဲထွက်ကျလာခဲ့သည်။ ရင်တွင်းစကားများကို ဖွင့်အံနေသည့် မာယာ၏မျက်နှာသွင်ပြင်က ထူးထူးခြားခြားပင် တည်ငြိမ်ရင့်ကျက်နေပါ၏။ စကားလုံးများကလည်း ဂိမ့်လေးနက်လာသည်။ ပထမတော့ ရစ်ချပ်အောင်ဒင် မာယာ၏ စကားလုံးများကြောင့် လုပ်လက်စ အုတ်စီနေသည့်အလုပ်ကို ရပ်ကာ မာယာ၏ မျက်နှာလေးကို ငေးမော၍ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမျှ ငေးမောကြည့်နေပြီးမှ သက်ပြင်းတစ်ချကို အသာ ချကာ အုတ်စီကာ ပိတ်ဆို့ကာရံနေသည့်အလုပ်ကိုသာ ဆက် လက်၍ လုပ်ကိုင်နေပါတော့သည်။

နှစ်ဦးသားကြားတွင် စကားအသွားအလာများ ရပ်တန့် သွားကြသကဲ့သို့ ရစ်ချုပ်အောင်ဒင် ကာရံနေသည့် အုတ်နံရံက လည်း တစ်စတစ်စ မြင့်တက်၍ လာခဲ့ပါ၏။ မကြာမီ ရစ်ချုပ် အောင်ဒင်တစ်ယောက် သူ၏ လုပ်ငန်းကို အောင်မြင်စွာ လက်စ သပ်နိုင်ခဲ့သည်။ အုတ်နံရံအထက်နားမှာတော့ သူ၏ ကတိစကား အတိုင်း အုတ်တစ်ချပ်ကို ချန်လှပ်၍ ထားပေးခဲ့ပါလေ၏။

အမှန်တော့ ရစ်ချုပ်အောင်ဒင်မှာ လွန်စွာမှပင်ပန်းနေပါ ချေပြီ။ မကျေနပ်ခြင်း၊ အမုန်းအငြိုး၊ အာဃာတများ၊ မခံချင်စိတ်၊ နာကြည်းစိတ်များကြောင့်သာ ဤကဲ့သို့ လုပ်ဆောင်ရခြင်း ဖြစ် သည်။ ယခုကိစ္စပြီးလျှင် သာယာဝတီနယ်တစ်ကြောတွင် တော် လှန်ထကြွနေသည့် ဂျူနှန်သူပုန်များကို အပြီးအပြတ်နှိမ်နိုင်နင်း တော့မည် ဖြစ်ပါ၏။ ထို့ကြောင့်လည်း သူတာဝန်ယူနေစဉ်ကာလ အတွင်းဝယ် ဂျူနှန်တပ်ဖွဲ့ဝင်များ၏စာရင်းကို လျှို့ဝှက်စွာ စု ဆောင်းနိုင်ခဲ့သည် မဟုတ်ပါလား။

ဘုရင်ခံနှင့် သူကိုယ်တိုင် တွေ့ဆုံအပြီးတွင် လိုအပ်သော စစ်ရေးအကူအညီကို ရယူမည်။ ဂျူနှန်တပ်ဖွဲ့ဝင်များ၏စာရင်းကို တင်ပြပြီး သူ၏ အကြီးမားဆုံးရန်သူ ဥက္ကာအပါအဝင် ဂျူနှန် သူပုန်အားလုံးကို အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်ရမည်။ ဤသည်





မှာ ရစ်ချုပ်အောင်ဒင်၏ အဓိကရည်မှန်းချက်ပင် ဖြစ်ပါ၏။ သူ၏ အသည်းနှလုံးအား တရိရိ နာကျင်ခံစားရသည်အထိ ဖောက်ပြန် ခဲ့သော ဇနီးဖြစ်သူမာယာနှင့် ဥက္ကာတို့၏ ကျဆုံးခန်းကို စိတ်ကြိုက် တစ်ခွက်သောက်ရင်း ကျေနပ်အားရစွာ ကြည့်ရှုခံစားမည်ဟူ သော အတွေးများဖြင့် ...

ယခုလောလောဆယ်တော့ တောင်းဘီအိတ်ထဲတွင် အသင့်ယူဆောင်လာခဲ့သည့် ဝီစကီပုလင်းပြားလေးကို ဖွင့်ကာ တစ်ကျိုက်မျှ မော့သောက်လိုက်ပါ၏။ ရစ်ချုပ်အောင်ဒင်မှာ ကြမ်း ပြင်ထက်တွင် ခြေဆင်း၍ နံရံတွင် ကျောမှီကာ ဝီစကီသောက်ရင်း ခဏတာမျှ အမောဖြေနေမိသည်။ လက်ရှိအခြေအနေတွင် မြေ အောက်ခန်းထဲမှ သူထွက်၍မဖြစ်သေး။ အုတ်စီ၍ ပိတ်ထားသည့် အင်္ဂတေ (မဆလာ) ခြောက်အောင် စောင့်ရပေဦးမည်။

ရစ်ချုပ်အောင်ဒင် သူ၏ အင်္ကျီအိတ်ထဲမှ စီးကရက်ဘူး ကို ထုတ်ယူလိုက်ပြီး စီးကရက်တစ်လိပ်ကို ရွေးချယ်ယူလိုက်ကာ မီးညှိရှိုက်ဖွာနေပါ၏။ ဤလုပ်ငန်း အောင်မြင်ပြီးမြောက်ရေး အတွက် ရက်တစ်ပတ်ခန့် အချိန်ယူဆောင်ရွက်ခဲ့ရသည်။ နဖူးပြင် ထက်မှ စီးကျလာသည့် ချွေးစက်အချို့ကို ရစ်ချုပ်အောင်ဒင် လက်ခုံနှင့် သုတ်ဖယ်လိုက်သည်။

"ဟူး"

သက်ပြင်းမောတစ်ချနှင့်အတူ မှုတ်ထုတ်လိုက်သည့်စီး ကရက်မီးခိုးငွေ့များက မြေတိုက်ခန်းထဲဝယ် ဝေ့ဝဲစီးမျောနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ဓာတ်ခိုင်မာသလောက် အသည်းမာလှသော ဇနီးဖြစ်သူ မာယာကိုပင် ချီးကျူးလေးစားရမည်လား၊ သူ့ကို ထိခိုက်နစ်နာအောင် လုပ်ဆောင်လာခဲ့လျှင် ထိုသူတို့အား ပြန်လည်၍ သက်စားချေရမှ စိတ်အစာကြေလေ့ရှိသည့် သူ့ကိုယ်သူပင် ပြစ်တင်ရှုတ်ချရလေမည်လား။ မည်သို့ပင်ဖြစ်စေ . . . ရင်ထဲတွင် သို့မဟုတ် နှလုံးသားတစ်နေရာတွင် ခိုးလိုးခုလုဖြစ်နေသည့် အကျိတ်အခဲတစ်ခုကတော့ ပြေလျော့သွားခဲ့ပါချေပြီတည်း။

ပိတ်သော့ခတ်ထားသော ဂူထဲမှ မာယာကလည်း အပြင်မှ ကြားနေရသည့် အသံဗလံအချို့ကြောင့် ရစ်ချပ်အောင်ဒင် မြေတိုက်ခန်းထဲမှ ပြန်လည်၍ထွက်ခွာသွားခြင်း မပြုသေးကြောင်း သိနေပါ၏။ မြေတိုက်ခန်းအလယ်တွင် ထွန်းညှိထားသော မီးချောင်း၏အလင်းရောင်က အုတ်တစ်ချပ် ချန်လှပ်ထားသည့် အပေါက်ငယ်မှ တိုးဝင်လာသဖြင့် မာယာ၏ ဂူကျဉ်းကျဉ်းလေးထဲဝယ် မှုန်ဝါးဝါးအလင်းရောင်အချို့ လင်းနေပါသေးသည်။

မာယာ၏ စိတ်ထဲဝယ် အားငယ်စိတ်၊ ကြောက်ရွံ့စိတ်တို့ ဝင်ရောက်နေရမည့်အစား သူရူးတစ်ယောက်နှယ် လုပ်ကိုင်နေသည့် ရစ်ချပ်အောင်ဒင်ကြောင့် ရယ်ချင်ပက်ကျိ ဖြစ်နေသည်သို့။ ထို့ကြောင့် အသံထွက်အောင်ပင် ပေါ့ပါးစွာ ရယ်ချလိုက်သည်။

"ဟင်း ဟင်း . . ဟင်း ဟင်း ဟင်း"

ဟုတ်သည် . . .။ ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ဟု





ဆိုကာ ညဏ်နီညဏ်နက် ညဏ်ပြာညဏ်ဝါတွေ အကုန်သုံး၍ ဥက္ကာ၏ရင်ခွင်ထဲမှ အဓမ္မဆွဲထုတ်ယူငယ်ခဲ့ပြီး ကယုကယင် ချစ်တုံ့တင်ကာ ချစ်ပင်စိုက်ပျိုးခဲ့သည့် ရစ်ချပ်အောင်ဒင်တစ်ယောက် ယခု သူချစ်လှပါသည်ဆိုသော မိန်းမသားတစ်ဦးကို သံခြေကျင်းခတ်ကာ တဝဂူဆန်ဆန် ပိတ်လှောင်ကာထားခဲ့သည်မှာ မည်သို့သော ချစ်ခြင်းတရားကြောင့်ပါနည်း။ ထိုအဖြစ်ကို တွေးမိကာ မာယာတစ်ယောက် ရယ်မောလိုက်ခြင်း ဖြစ်သည်။

'ဟင်း ဟင်း . . ဟင်း ဟင်း ဟင်း'

ရက်တရက် သူကာရံပိတ်ဆို့ထားသည့် ဂူအတွင်းမှ တဟင်းဟင်းနှင့် ထွက်ပေါ်လာသည့် မာယာ၏ ရယ်မောသံသဲ့သဲ့ကြောင့် ရစ်ချပ်အောင်ဒင်၏လက်ထဲမှ စီးကရက်ပင် ပြုတ်ကျသွားခဲ့သည်။

ဘယ်လိုလဲ။ ဘာဖြစ်လို့ မာယာ ရယ်မောလိုက်ရတာလဲ၊ ယခုအချိန်ထိတိုင် ငိုရှိုက်သံတစ်ချက် မကြားရသော မာယာသည် ဘယ်လိုမိန်းမသားမျိုးလဲ။ သူ့အား တမင်သက်သက် မခံချင်စိတ်ဖြစ်လာအောင် မထိတထိ လုပ်နေသည်လား။ သို့ကည်းမဟုတ် သွေးပျက်ချောက်ချားမှုယ် ဖြစ်ရပ်များကြောင့် မာယာတစ်ယောက် ရူးသွပ်သွားခဲ့လေပြီလား"

လဲပေါင်း၊ လားပေါင်း ပဟေဠိပေါင်းများစွာတို့က ရစ်ချပ်အောင်ဒင်အား ဦးနှောက်စားစေခဲ့ပြီထင့်။ နောက်ဆုံး နှစ်နာရီ သာသာခန့် အင်္ဂတေခြောက်အောင် စောင့်ပြီး ပုလင်းထဲမှ စီကရ



www.burmeseclassic.com

www.burmeseclassic.com



လက်ကျန်ကို တစ်ကျိုက်ထည့်မော့ကာ သောက်လိုက်ပါ၏။ ထို့နောက် ဂူပေါက်ကို ပိတ်ဆို့ကာရံထားသည့် အုတ်နံရံကြီးကို တစ်ချက်မျှ ငဲ့စောင်းကြည့်လိုက်ပြီး ခြေအစုံကို မြေတိုက်ခန်း လှေကားဆီသို့ ဦးတည်လိုက်သည်။

လှေကားထိပ်သို့ရောက်မှ ညာဘက်နံရံရှိ မီးခလုတ်ကို ပိတ်လိုက်သည်။ မြေတိုက်ခန်းအလယ်ရှိ မီးချောင်းက ငြိမ်းသေသွားပြီး မြေတိုက်ခန်းကြီးတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်သွားပါလေ၏။ ထို့အတူ မာယာရှိနေသည့် အုတ်တစ်ချပ် လုပ်ထားသည့် ဂူကျဉ်းလေးထဲတွင်လည်း ပို၍ ပို၍ နက်ရှိုင်းမည်းမှောင်သော အမှောင်ထုကြီးက ရက်စက်စွာ ဝါးမျိုသိမ်းပိုက်သွားပါလေတော့သည်။

⊕ ⊕ ⊕



မာန်ဟုန်ဖြိုးလျက် ဝဋ္ဋန်စက်

မှိုင်းညို့ညို့ ပဲခူးရိုးမတောင်တန်းများထက်ဝယ် ဓါဂွမ်းဆိုင်ကဲ့သို့ ဖြူဖွေးသော တိမ်တောင်တိမ်လိပ်တို့မှာ လေနှင်ရာသို့ တအိအိနှင့် ရွေ့လျားနေကြသည်။ မြူငွေ့တောင်နိုးများ တဝေဝေနှင့် လေပြည်တသုန်သုန် တိုက်ခတ်နေသည့် တောင်စောင်းတစ်ဝိုက်မှ သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့ အရွက်ချင်း ထိခတ်သံများက သဘာဝတေးပဒ္ဒင်တစ်ပုဒ်နှယ်ပါတည်း။

ဦးယောနနှင့် စိုင်းလီတို့က တော:င်စောင်းဆင်ခြေလျှောတစ်ခုတွင် လဲကျနေသည့် သစ်ပင်ကြီးကို အကာအကွယ်ယူကာ သေနတ်ကိုယ်စီနှင့် စောင့်ဆိုင်းနေကြသည်။ သူတို့မျက်နှာမူရာမှာ ရန်ကုန်ဘက်သို့ သွားသည့် ကားလမ်းမကြီးဘက်သို့ ဖြစ်ပါ၏။ ကွေ့ကွေ့ကောက်ကောက်နှင့် တည်ရှိနေသည့် ကားလမ်းလေးက သူတို့နေရာယူထားသည့် အနီးသို့ရောက်သော် ပို၍ကျဉ်းမြောင်းလာသယောင် ရှိသည်။ လမ်းဘေးတစ်ဖက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း သစ်ပင်၊ ဝါးပင်ကြီးများက မှိုင်းညို့အုပ်ဆိုင်းလျက် ရှိပါ၏။

တစ်နည်းအားဖြင့်ဆိုသော် ဤနေရာကို ဦးယောနနှင့် စိုင်းလီတို့နှစ်ယောက် စိတ်ကြိုက်ရှာဖွေ လေ့လာ၍ ကြိုတင်နေရာယူထားခြင်းပင် ဖြစ်သည်။ ကျဉ်းမြောင်းသော ကားလမ်းနေရာကို ရှာဖွေ၍ သတ်ကွင်းအဖြစ် ဖန်ဆင်းတည်ဆောက်ထားခြင်း ဖြစ်ပါ၏။ ရန်ကုန်သို့ဆင်းမည်ဆိုလျှင် မည်သည့်ကားမဆို ဤလမ်းမကြောမှ မောင်းနှင်ဖြတ်သန်းသွားရသည်။ ခရိုင်ရာဇဝတ်ဝန်ထောက်ကလေး ရစ်ချပ်အောင်ဒင်သည် သူ၏ အစိမ်းပုပ်ရောင်ဂျစ်ကားနှင့် ရန်ကုန်မြို့ကြီးသို့ ဆင်းလာခဲ့မည်ဆိုပါလျှင် ဤကျဉ်းမြောင်းသော ကားလမ်းမပေါ်မှ မလွဲမသွေ ဖြတ်သန်းမောင်းနှင်ရမည် ဖြစ်ပါ၏။

ဥက္ကာနှင့် မာယာတို့ လွန်ခဲ့သော ရက်တစ်ပတ်ကျော်ကျော်ခန့်က နောက်ဆုံးအကြိမ် တွေ့ရှိခဲ့ကြရာ၊ မာယာကိုယ်တိုင် သူမ၏ဘဝနှင့် ရင်းနှီး၍ ရယူလာခဲ့ပါသော အရေးကြီးသည့် စစ်သတင်းတစ်ခုကြောင့် ဤနေရာသို့ နံနက်ငါးနာရီခန့်ကတည်းက ကြိုတင်၍ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ ထို့အတူ ဂျွန်တပ်ဖွဲ့ဝင်များကိုလည်း ကားလမ်းဘေးဝဲယာ တစ်ဖက်ကစ်ချက်တွင် လျှို့ဝှက်နေရာယူခိုင်းထားပြီး ဖြစ်ပါ၏။

"အင်း ... ဘာပဲဖြစ်ဖြစ် မျက်နှာဖြူအရာရှိကောင်ရဲ့ ဂျစ်ကားကို လွတ်ထွက်မသွားအောင် အမိအရ တားနိုင်မှ ဖြစ်





မယ်လို့ ကိုဥက္ကာက သေသေချာချာမှာလိုက်တယ်နော် ဦးကြီး"

"စိတ်ချ စိုင်းလီ ... မင်းတို့ရဲ့ မျက်နှာဖြူဝန်ထောက်ကောင် ရန်ကုန်ကိုသွားချင်သပဆိုရင်တော့ ငှက်ကို အတောင်တပ်ပြီး ပျံသန်းနိုင်မှ ငါတို့လက်ကနေ လွတ်မယ်၊ နို့မို့ဆိုရင်တော့ မလွယ်ဘူး စိုင်းလီရေ ... ဟင်း ဟင်း",

ဦးယောနကမူ ထုံးစံအတိုင်း ရိုင်ဖယ်သေနတ်ကို ပိုက်ကာ ကွမ်းတမြုံ့မြုံ့ဝါးရင်း သူ၏ လက်ထောက်ခေါင်းဆောင် စိုင်းလီအား ပြောကြားလိုက်သည်။ ယခုတိုက်ပွဲတွင် ဥက္ကာ တစ်ယောက် မလိုက်ပါခဲ့ပါ။ သို့သော် ဤစစ်ဆင်ရေးကိုမူ ဟာကွက်၊ ပျော့ကွက်၊ လွတ်ကွက်ဟူ၍ မရှိရလေအောင် သူကိုယ်တိုင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပါ၏။ အစီအစဉ်မှာ ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်တို့အဖွဲ့အား လမ်းမှဖြတ်၍ ဆီးကြိုတိုက်ခိုက်ပြီး အရေးကြီးသည့် ဂျွန်တပ်ဖွဲ့ဝင်စာရင်းများကို ရယူနိုင်ရန် ဖြစ်သည်။ သို့သော် ထိုတိုက်ပွဲတွင်မူ ဥက္ကာကိုယ်တိုင် ဝင်ရောက်မပါရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါ၏။

"ကျွန်တော် စိတ်မသန့်ဘူး ဦးကြီးယောန၊ ဂျွန်တပ်ဖွဲ့ဝင်တွေရဲ့ အရေးကြီးဆုံး တိုက်ပွဲတစ်ခုမှန်း သိပေမယ့် တစ်ဖက်က ရန်သူက ရစ်ချပ်အောင်ဒင်ကိုယ်တိုင် ဖြစ်နေတယ်၊ နောက်ပြီး ဒီသတင်းကို ပေးခဲ့တဲ့ သူက ရစ်ချပ်ရဲ့ ဇနီးမယား မာယာ ဖြစ်နေပြန်တယ်၊ ပြောရရင်တော့ "သူ့မယားကိုလိုချင်လို့ အို့လင်ကို လုံနဲ့ထိုးတယ်" ဆိုတဲ့သဘော သက်ရောက်နေလို့ ဒီတိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် မလိုက်ပါရစေနဲ့ ဦးကြီးယောန”

“မဆိုင်ပါဘူး မောင်ဥက္ကာရယ် ... အခု ငါတို့လုပ်နေကြတာ တော်လှန်ရေး လုပ်နေကြတာကွ၊ ငါတို့တိုင်းပြည် ကျွန်သပေါက်ဘဝကနေ လွတ်မြောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိုက်ခိုက်နေကြတာ၊ ဟိုလူ့ကို မုန်းတီးလို့ ဒီလူ့ကို မကြိုက်လို့ဆိုတဲ့ ပုဂ္ဂိုလ်စွဲ အာဃာတအစွဲမှ မဟုတ်တာဘဲ ဥက္ကာရယ်”

“ဟုတ်ပါတယ် ဦးကြီးယောန ... ဦးကြီးပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အဖြစ်က ဦးကြီးတို့လည်း သိပြီးသားပဲဥစ္စာ၊ မပြေးသော် ကံရာရှိ ဆိုသလို ကျွန်တော့်ပယောဂ ကင်းကင်းနဲ့ စိတ်သန့်ချင်တာပါ ဦးကြီး၊ ဒါကြောင့် ကျွန်တော် ဒီတိုက်ပွဲကို မလိုက်ချင်တော့ပါ၊ ဒါပေမဲ့ အားလုံး အစစအရာရာကိုတော့ ကျွန်တော်ကိုယ်တိုင် စနစ်တကျ စီစဉ်ပေးပါ့မယ်”

နောက်ဆုံး ဥက္ကာ၏ တောင်းဆိုမှုကို ဦးယောန လိုက်လျောပေးလိုက်ပါလေ၏။ သို့သော် ရစ်ချပ်အောင်ဒင်၏ နေအိမ်တွင် ကျန်ရစ်ခဲ့သည့် ဂျူန်သူပုန်စာရင်း မိတ္တူကို ရှာဖွေယူငင်၍ ဖျောက်ဖျက်ပစ်ရန် ဥက္ကာအား ထပ်မံ၍ တာဝန်ပေးလိုက်ခြင်းကိုတော့ ဥက္ကာ ကျေနပ်စွာ လက်ခံလိုက်သည်။

တကယ်ဆိုလျှင် ဤရက်တစ်ပတ်ဆိုသော အချိန်ကာလတစ်ခုသည် လူတစ်ယောက်၏ ဘဝတစ်ခုကို တစ်နည်းတစ်ပုံ ပြောင်းလဲသွားစေနိုင်ပါ၏။ ထို့အတူ ထိုရက်တစ်ပတ်ဟူသော တိုတောင်းလှသည့် အချိန်ကာလအတွင်း ရစ်ချပ်အောင်ဒင်သည်





လည်းကောင်း၊ မာယာသည်လည်းကောင်း၊ ဥက္ကာသည်လည်းကောင်း မိမိ၏အကြံအစည်၊ မိမိ၏စိတ်ကူးနှင့် အပိုင်အနိုင် လှုပ်ရှားနေကြသည်ကိုတော့ သူတို့သုံးဦးစလုံးပင် မသိရှိနိုင်ပါချေပြီတည်း။

ရစ်ချပ်အောင်ဒင်သည် သူသွားရမည့်ခရီးစဉ်အတွက် အစကတည်းကပင် ကြိုတင်၍ အစီအစဉ်ဆွဲထားပြီးဖြစ်သည်။ သို့သော် သည်ကြားထဲတွင် ဇနီးဖြစ်သူ မာယာမှာ ချစ်သူဟောင်း ဥက္ကာနှင့် ချိန်းဆိုတွေ့ခဲ့သည်ကို ရစ်ချပ်အောင်ဒင်ကိုယ်တိုင် လက်ပူးလက်ကြပ် တွေ့ရှိလိုက်ရသဖြင့် ဒေါသမီးတောင်ပေါက်ကွဲခဲ့ရခြင်းဖြစ်သည်။ သို့သော် မာယာများလှသည့် နယ်ချဲ့လက်ပါး စေတစ်ယောက်ပီပီ အပူရုပ်ကို ဖုံး၍ လုပ်ဆောင်ဖွယ်ကိစ္စများကို ပိပိရိရိ သေသေသပ်သပ်နှင့် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီ မဟုတ်ပါလား။

ယခုဆိုလျှင် သူချစ်သော မာယာတစ်ယောက် ခြောက်ပေပတ်လည် မြေကျင်းကလေးထဲတွင် မြေကြွက်ကြီးများနှင့် ထိတ်လန့်ချောက်ချားစွာ နစ်ပါးသွားလျက်ရှိမည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။

သူကိုယ်တိုင်ကမူ မျက်နှာဖြူဘိုကပြားတစ်ယောက်ပီပီ ဤတစ်လခန့်ကြာမြင့်မည့် ခရီးစဉ်တွင် သူ၏ အတွင်းရေးမှူး မလေး မစ္စရိုစီအား ခေါ်ဆောင်လာခဲ့ပြီး အလုပ်တာဝန်နှင့်အတူ အပျော်ခရီးတစ်ခုကိုပါ စီစဉ်လာခဲ့ခြင်းဖြစ်သည်။ သူ၏ အစီမံး



www.burmeseclassic.com

www.burmeseclassic.com



ပုပ်ရောင် ဂျစ်ကားကိုမူ သူကိုယ်တိုင်မောင်းလျက်၊ သူ၏နံဘေးတွင် အတွင်းရေးမှူးမလေး မစ္စရိုစီက ရစ်ချပ်အောင်ဒင်၏ပခုံးတွင် ခေါင်းမှီကာ အင်္ဂလိပ်တေးသွားတစ်ပုဒ်ကို ဆိုညည်းရင်း လိုက်ပါလာခဲ့သည်။

လုံခြုံရေးအနေဖြင့်မူ သူ၏ကားနောက်ခန်းတွင် ဂေါ်ရာစစ်ပုလိပ်လေးယောက်ကို လက်နက်အပြည့်အစုံဖြင့် လိုက်ပါစေခဲ့ပါ၏။ ရစ်ချပ်အောင်ဒင်ကမူ ခရိုင်ရာဇဝတ်ဝန်ကလေးဟူသော အရှိန်အဝါဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့်။ ထို့အပြင် သူဖြဝ်သန်းသွားရောက်ရမည့် မြို့စဉ်၊ ရွာစဉ်များမှ တာဝန်ရှိသူများအားလည်း ကြိုတင်၍ အကြောင်းကြားထားပြီမို့ စိတ်လက်ပေါ့ပါးစွာပင် ဂျစ်ကားလေးကို မောင်းနှင်လာခဲ့သည်။

ထိုအချိန်တွင် သစ်ပင်ချုံနွယ်များဖြင့် ကျည်ကွယ် မျက်ကွယ် နေရာယူထားကြသော ဦးယောနနှင့်စိုင်းလီတို့၏ အကြားအာရုံတွင် ကားတစ်စီး၏စက်သံသဲ့သဲ့ကို စတင်၍ ကြားလာရသည်။

“ဟော . . . သူတို့လာကြပြီ ထင်တယ်”

စိုင်းလီက နှုတ်မှ ဖွဖွရွတ်ဆိုလိုက်ရင်း သစ်ပင်ကွယ်နောက်မှနေ၍ တောင်စောင်းဆင်ခြေလျှောအောက်ရှိ ကားလမ်းဆီသို့ အကြည့်ပို့လွှတ်လိုက်သည်။ လောလောဆယ်မှာမူ မြင်ကွင်းထဲတွင် မည်သည့်ဂျစ်ကားမျှ မတွေ့ရ။ သို့သော် ကားစက်သံကမူ တစ်စတစ်စ နီးကပ်လာပြီဖြစ်သဖြင့် သစ်ရွက်သစ်ခက်





များကြားမှ နောက်တစ်ခေါက် သေချာအောင် ဂရုတစိုက် ကြည့်နေပါလေ၏။

“ဟော . . . ဟို . . . ဟိုမှာ လာနေကြပြီ ဦးကြီးရေ”

“အေး . . . မြင်တယ်၊ မင်းရဲ့သေနတ်ကို ကားမောင်းတဲ့သူရှိမယ့်နေရာကိုသာ ပစ်မှတ်ထားပြီးချိန်ထား စိုင်းလီ၊ ငါ ပစ်ဆိုမှ ပစ်နော်”

“စိတ်ချပါ ဦးကြီးယောန”

စင်စစ် စိုင်းလီက လက်ဖြောင့်သေနတ်သမားတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ဦးယောနမှာ စိုင်းလီအား သေသေချာချာ ပစ်ခတ်နိုင်စေရန် ကူညီပေးလျက် ရှိပါ၏။ အစိမ်းပုပ်ရောင် ဂျစ်ကားလေးကလည်း ကောက်ကောက်ကွေ့ကွေ့ လမ်းလျှောလေးအတိုင်း ကွေ့ကောက်စွာပင် မောင်းနှင်လာခဲ့ရင်း တစ်စ တစ်စ နီးကပ်လာခဲ့ပါချေပြီ။

ထိုအခိုက်မှာပင် ရစ်ချပ်အောင်ဒင်တစ်ယောက် ကားကိုမောင်းနှင်လာခဲ့ရင်းမှ ပတ်ဝန်းကျင်ကိုလည်း မျက်ခြည်မပြတ်ကြည့်နေပါ၏။ ထိုစဉ် သူသတိထားလိုက်မိသည်မှာ ကားလမ်းသည် တဖြည်းဖြည်း ပို၍ ကျဉ်းမြောင်းလာလေသည်လားဟု ။ ကားလမ်းတစ်ဖက်တစ်ချက်တွင်လည်း သစ်ကြီးဝါးကြီးများကညို့မှိုင်းအုပ်ဆိုင်းနေကြသည်။ ရစ်ချပ်အောင်ဒင် ကားမောင်းနေရာမှ ပြောင်းလဲသွားသော ပတ်ဝန်းကျင်ကြောင့် မျက်မှောင်တစ်ချက်ကုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းမကြီးပေါ်မှာတော့ နေ့လယ်တစ်နာရီခန့် ရှိသည့် အချိန်မှာပင် ကားသွားကားလာများက ရှင်းလင်းနေပါ၏။ ယခုတော့ ကျဉ်းမြောင်းသော ကားလမ်းပေါ်ဝယ် ကားသွားကားလာဆို၍လည်း သူတို့ကားတစ်စီးသာ ရှိပါချေ၏။ စင်စစ်မူ ဂျွန်သူပုန်များအရေးကြောင့် ကားသွားကားလာ ကျဲပါးသွားရခြင်းသာ ဖြစ်ပါသည်။

ထိုအခိုက် ရှေ့မှ လမ်းအကွေ့တစ်ခုကို မြင်လိုက်ရသဖြင့် ရစ်ချပ်အောင်ဒင် ကားစက်ရှိန်ကို လျှော့ချလိုက်သည်။ လက်မှ နာရီကို ကြည့်လိုက်တော့ မွန်းလွဲတစ်နာရီခန့် ရှိနေပါပြီ။ ထိုစဉ်မှာပင် ...

'ဒိုင်း'

ရုတ်တရက် ဆူညံစွာ ပေါ်လာသည့် သေနတ်သံနှင့် မရှေးမနှောင်းမှာပင် သူ၏ ဂျစ်ကားရှေ့မှန်တွင် ပင့်ကူအိမ်တစ်အိမ် ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် သူ၏နံဘေးမှ သီချင်းညည်းရင်း လိုက်ပါလာသည့် မစ္စရိုစီ၏ ထိတ်လန့်တကြားအော်ဟစ်သံကြီးက ကမ္ဘာပျက်မခန်း ထွက်ပေါ်လာပါ၏။

'ဒိုင်း'

''ဟာ ... အောင်မယ်လေး''

'ဒိန်း ဒိန်း .. ဒိန်း ဒိန်း'

တစ်ပြိုင်တည်းပင် လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်ရှိ သစ်ပင်အုပ်များထဲမှ ဂျွန်တော်လှန်ရေးတပ်သားများ အပြေး





ထွက်လာကြပြီး ဂျစ်ကားရှိရာသို့ သေနတ်များဖြင့် အဆက်မပြတ်တရစပ် ပစ်ခတ်ကြပါတော့သည်။

'ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း'

''ဟာ ... လုပ် ... လုပ်ပါဦး ဒါလင်၊ ဟို ... ဟိုမှာ ဂျွန် ... ဂျွန်တွေ ... ဂျွန်တွေ အများ ... အများကြီးပဲ၊ သေနတ်တွေနဲ့ ပစ်ခတ်ရင်း တက်လာနေကြပြီ၊ ပစ် ... ပစ်ကြ''

'ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း .. ဒိုင်း'

ချွင် .. ချွမ်း .. ထန်း'

ပြေးဝင်လာသည့် ကျည်ဆန်များက ကားမှန်နှင့်ဘော်ဒီကိုကို တချွမ်းချွမ်းဖြင့် ထိမှန်နေကြသည်။ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ရစ်ချပ်အောင်ဒင်မှာ သွေးရူးသွေးတန်းဖြင့် ကားလက်ကိုင်ကို ညာဘက်သို့ ဆွဲယူကွေ့ချလိုက်သည်။

'ဂူး .. ဂူး .. ဝေါ .. ဒုန်း'

သွားပြီ။ ဂျစ်ကား၏ ကားခေါင်းက လမ်းဘေးမှ ကုက္ကိုပင်ကြီးတစ်ပင်ကို ဝုန်းခနဲ အရှိန်ပြင်းစွာ တိုက်မိသွားပြီး ကားမှာ တုံ့ခနဲ ရပ်သွားပါလေ၏။

ကားနောက်ခန်းမှ ဂေါ်ရာစစ်ပုလိပ်လေးယောက်တို့မှာ ရိုင်ဖယ်သေနတ်ကိုယ်စီနှင့် ပြန်လည်ပစ်ခတ်ကြရင်း ဂျစ်ကားပေါ်မှ ခုန်ဆင်းလိုက်ကြသည်။ စစ်ပုလိပ်နှစ်ယောက်မှာ ခုန်အဆင်း လမ်းတစ်ဝက်မှာပင် ဂျွန်တော်လှန်ရေးသမားများ၏ ကျည်ဆန်



www.burmeseclassic.com

www.burmeseclassic.com



များက သူတို့၏ ခန္ဓာကိုယ်ထဲသို့ ဖောက်ထွင်းဝင်ရောက်သွားကြသည်။

'ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း'

'အ ‥ အီး'

''ဟေး ‥‥ တက်ကြ ‥‥ ဂျူန်တပ်သားဟေ့''

''ဟိုင်း ‥‥ ပစ် ‥‥ ပစ်ကြစမ်း၊ မျက်နှာဖြူဝန်ထောက်ရဲ့ခေါင်းကို ဖြတ်ကြမယ်ဟေ့ ‥‥ တက် ‥‥ တက်ကြ''

တဟေးဟေး တဟိုင်းဟိုင်းနှင့် အမဲဖျက်တော့မည့်နှယ် ပစ်ခတ်တိုက်ခိုက်ရင်း တရကြမ်း ပြေးဝင်လာကြသည့် ဂျူန်တပ်သားများကို ကြည့်ကာ ရစ်ချပ်အောင်ဒင် သွေးပျက်သွားလေထင့်။ မျက်နှာတစ်ခြမ်းတွင်လည်း ဒဏ်ရာရသွားခဲ့သည်မို့ နီရဲသော သွေးများက ယိုစီးကျလျက်။ သူ၏ ပတ်ဝန်းကျင်တွင် ရှပ်အင်္ကျီအပြာ၊ ခြေသလုံးတစ်ဝက်ပေါ်သည့် ဘောင်းဘီအပြာများ ဝတ်ဆင်ထားပြီး ဖော့ဦးထုပ်ကိုယ်စီ ဆောင်းထားကြသော ဂျူန်တပ်သားများ။

ဦး အရဟံ သစ္စာကတိတွေနှင့် ဂျူန်သရဏံ ဂစ္ဆာမိထားကြသည့် ဂျူန်ဆရာစံနှင့်သစ္စာရှိ မျိုးချစ်တောင်သူလယ်သမား ဂျူန်တော်လှန်ရေးတပ်သားများက မောင်းသံတဒုဒု၊ ဂျူန်အလံတလွင့်လွင့်၊ ဓားတဝင့်ဝင့် သေနတ်ပစ်ခတ်သံ တဒိုင်းဒိုင်းဖြင့် လက်နက်မျိုးစုံကိုင်က ‚ သူ၏ ဂျစ်ကားရှိရာသို့ ဘီလူးသရဲကောင်များနှယ် ဩသံပေး၍ ချဉ်းကပ်လာနေပါချေပြီကော။





'ဒုံ ‥ ဒုံ ‥ ဒုံ ‥ ဒုံ'

''ဟေး တက်ကြလဟာ၊ ခုတ်ကြလဟာ၊ မိစ္ဆာခေါင်းကို ဖြတ်ကြဟေ့''

'ဒိုင်း ‥ ဒိုင်း ‥ ဒိုင်း၊ ‥ ဒိုင်း ‥ ဒိုင်း'

'ရွှမ် ‥ ဝှစ် ‥ ဒုတ်'

''အား အင့်''

သူ့အား အကာအကွယ်ပေးရန်နှင့် လုံခြုံမှုပေးရန် လိုက်ပါလာသည့် လက်ကျန်ဂေါ်ရာစစ်ပုလိပ်နှစ်ယောက်မှာလည်း သူ၏ ရှေ့မှာပင် သွေးသံရဲရဲနှင့် ခုတ်ပိုင်းခံလိုက်ရသည်။

''ဟေး ဟိုင်း သေကြစမ်းကွာ''

'ရွှမ်း ‥ ဝှစ် ‥ ဒုတ်'

''အား အူး''

မကြုံစဖူးသော သွေးပျက်ဖွယ်ဖြစ်ရပ်ကြီးကြောင့် ရစ်ချပ်အောင်ဒင် စဉ်းစားဆင်ခြင်နိုင်စွမ်း ကင်းမဲ့သွားခဲ့ပြီ။ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဖူးသော အကြောက်တရားများက သူ့ တစ်ကိုယ်လုံးတွင် လွှမ်းခြုံသွားပါ၏။ သူ့အနီးမှ မစ္စရိုစီကလည်း သူ့အား ကြောက်လန့်တကြားနှင့် ဖက်တွယ်ထားသည်မို့ ‥‥

''အား ‥‥ ဖယ် ‥‥ ဖယ်စမ်းကွာ''

ရုတ်တရက် ရစ်ချပ်အောင်ဒင် စိတ်ဖောက်ပြန်သွားသည့်ထင့် ‥‥။ သူ့အား ကြောက်လန့်တကြား ဖက်တွယ်ထားသည့် ရိုစီအား တွန်းဖယ်ကာ စက်မသေသေးသော ဂျစ်ကားအား



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဂီယာကောက်ထိုးကာ နောက်ပြန်ဆုတ်လိုက်သည်။

'ဝူး ..ဝူး ..ဂီး ..ဝူး'

ထို့နောက် ကမ္ဘူးရှူးထိုးဖြင့် ဂျစ်ကားကို လီဗာကုန်တင်နင်းလျက် လမ်းဘေးတောထဲသို့ မောင်းနှင်ဝင်ရောက်သွားပါလေ၏။ ဂျစ်ကားရှေ့မှ ဂဠုန်တပ်သားတချို့ ကိုးရိုးကားရားနှင့် ဘေးကွယ်ရာသို့ ခုန်ဆုတ်ကြရင်း ဂျစ်ကားဆီသို့ ဗိုင်းဝန်းပစ်ခတ်ကြသည်။

'ဝေါ ..ဝူး ..ဝူး ..ဝေါ'

'ဒိုင်း ..ဒိုင်း ..ဒိုင်း ..ဒိုင်း''

ထိုသို့ ကမ္ဘူးရှူးတိုး ထွက်ပြေးလိုက်သည်ကပင် ရစ်ချပ်အောင်ဒင်အတွက် အမှားကြီးတစ်ခုကို ကျူးလွန်လိုက်သကဲ့သို့ ဖြစ်သွားပါချေ၏။ ဒဏ်ရာမှ စီးကျလာသည့် သွေးများကလည်း မျက်လုံးများထဲသို့ စီးကျနေကြသည်မို့ ကျိန်းစပ်နေသည့် မျက်လုံးအစုံက ပတ်ဝန်းကျင်ကို သတိမမူနိုင်။ သေချာစွာ မကြည့်နိုင်ခဲ့။

ဤသည်ပင် ရစ်ချပ်အောင်ဒင်၏ ဒုတိယအမှားပင်။ သူ ဦးတည်မောင်းနှင်နေသည့် ဂျစ်ကားခေါင်းတည့်တည့် ရှေ့ဆယ်ကိုက်ကျော်ကျော်ခန့်မှာတော့ ချုံနွယ်သစ်ပင်များ ကွယ်နေသည့် ပေခြောက်ဆယ်ထက်မနည်း နက်သော ချောက်ကမ်းပါးကြီးက မရဏမင်း၏ အသင့်ဖွင့်ဟထားသော ပါးစပ်ပေါက်ကြီးသဖွယ် ရစ်ချပ်အောင်ဒင်အား အဆင်သင့် စောင့်ကြိုနေလေသည်သို့။





''ဟာ ...ရှေ့ ...ရှေ့မှာ ချောက် ...ချောက်ကြီး''

မစ္စရိုစီ၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သော အသံနှင့်အတူ ရစ်ချပ်အောင်ဒင် အချိန်မီ တိမ်းရှောင်ကွေ့ချရန် ကြိုးစားလိုက်သည်။ သို့သော် နောက်ကျသွားခဲ့ပါပြီ။ အရှိန်ပြင်းစွာ မောင်းနှင်လာသည့် ဂျစ်ကားလေးက မစ္စရိုစီ၏ ငယ်သံပါအောင် အော်ဟစ်လိုက်သော အသံနက်ကြီးနှင့်အတူ ချောက်ကမ်းပါးကြီးထဲသို့ ဦးစိုက်ကျွမ်းပြန် ထိုးကျသွားပါချေတော့သည်။

''အား ...အောင်မယ်လေး''

'ဝေါ ..ဖရော ..ဖျော ..ဂျုံး'

'ဝုန်း ..အုန်း'

တစ်ဆက်တည်းမှာပင် ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာသော ပေါက်ကွဲသံကြီးများနှင့်အတူ ချောက်ကမ်းပါးကြီးထဲမှ မီးတောက်မီးလျှံကြီးများက ဂျစ်ကားလေးအား ဝါးမျိုလောင်မြိုက်သွားပါတော့သည်တကား။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၈ ]

## ၁၉၃၀ ... ပြည်လွန် နိဂုံး

### ဥပဓေဘောလုပ်ခွင် ချောက်ချားရသော ညပေါင်းများစွာ

သိပ်သည်းမည်းမှောင်နေသည့် မီးခိုးမြူငွေ့များက သူ့အနီးဝန်းကျင်တစ်ဝိုက်တွင် ဝေ့ဝဲဖုံးလွှမ်းနေကြသည်။ သူ့နားထဲမှာတော့ တဝေါဝေါ အော်မြည်နေသည့် လေတိုးသံများကြားမှ ဇာချွင်ချွင် ရွှေလျားရိုက်ခတ်နေသည့် သံကြိုးသံလေးများကို ကြားနေသည်သို့။

မည်းမှောင်ပိတ်ဖုံးနေသည့် မီးခိုးမြူငွေ့များကြောင့် မည်သည့်နေရာဟူ၍ ခန့်မှန်း၍မရ။ သို့သော် စိုစွတ်ထိုင်းမှိုင်းသော အထိအတွေ့၊ ညှီစို့စို့ အနံ့အသက်များနှင့် အလင်းရောင်မှုန်ဝါးဝါးအောက်တွင် သူရောက်ရှိနေသော နေရာသည် အုတ်ဂူပျက်ကြီးတစ်ခုလိုလို ခံစားလိုက်ရသည်။

'ချွင် .. ချွင် .. ချွမ် ချွမ် .. ချွမ်'

'ဟင်း .. ဟင်း .. ဟီး .. ဟီး .. ဟီး'





ထိုစဉ်မှာပင် ညည်းညူသံသဲ့သဲ့နှင့်အတူ သံကြိုးသံတချွင်ချွင်နှင့် သူ့ထံသို့ တရွေ့ရွေ့ တိုးဝင်လာသည့် ဖြူဖြူသဏ္ဍာန်အရိပ်တစ်ခုကို မီးခိုးငွေ့များကြားမှ ပိုးတဝါး တွေ့မြင်နေရသည်။

'ချွင် .. ချွမ် .. ချလွင်'

"ဟီး .. ဟီး .. ဟင်း .. ဟင်း .. ဟင်း .. ဟိုး .. ဟိုး .. ရစ် .. ချပ် .. ရစ်ချပ် .. နှင် .. နှင် သိပ်ပြီး ရက်စက်တယ် .. ဟင်း .. ဟင်း"

သံကြိုးလှုပ်ခတ်သံများနှင့်အတူ ပီပြင်စွာ ကြားလိုက်ရသော ပကားသံအချို့ကြောင့် ရစ်ချပ်အောင်ဒင် ကြက်သီးမွေးညှင်းများ တဖြန်းဖြန်းနှင့် ထသွားပါချေပြီ။

"အိုးဂေါ့ ဘုရားသခင် ... ဒါ ... ဒါ ... မာ ... မာယာရဲ့အသံပါလား"

ဟုတ်သည်။ မီးခိုးမြူငွေ့များကြားမှ သူ့ထံသို့ တရွေ့ရွေ့ တိုးဝင်လာနေသည့် ဖြူဖြူသဏ္ဍာန်ကြီးကို ရစ်ချပ်အောင်ဒင် နီးကပ်စွာ တွေ့မြင်လိုက်ရသည်မို့ မျက်လုံးများ ပြူးကျယ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားပါချေပြီကော။

"ဟင်း ... ဟင်း ... နှင် ... နှင် ... ငါ့ကို တစ်ယောက်တည်း အုတ်ဂူထဲမှာ ထားပစ်ခဲ့တယ်နော် ... ဟင်း ... ဟင်း ... ဟင်း"

"ဟင့် ... နှင် ... နှင် ... မာယာ ... မာယာလား။



www.burmeseclassic.com

www.burmeseclassic.com



အို ...မဟုတ်ဘူး ...မဟုတ်ဘူး ...သွား ...သွား ...ထွက်သွားစမ်း''

မျက်လုံးတစ်လုံး ဟောက်ပက်ကြီးဖြင့် ပါးရိုးများ ငေါထွက်နေသည့် အရိုးစုသဏ္ဍာန် ပုံရိပ်ဖြူဖြူကြီးက ခြေထောက်တွင် ချည်နှောင်ထားသော သံကြိုးသံ တချွင်ချွင်ဖြင့် သူ့ထံ လျှောက်လှမ်း၍ လာနေသည်ကို ထိတ်လန့်ချောက်ချားစွာ တွေ့မြင်နေရသည်။

အရိုးပြိုင်းပြိုင်းထနေသည့် မျက်နှာထက်တွင် သွေးစီးများက ခြောက်ကပ်ပေကျံလျက် ရှည်လျားချွန်ထက် မည်းညစ်နေသည့် လက်သည်းရှည်ကြီးများကြားတွင် မသေမရှင် လှုပ်ရှားနေသည့် မြေကြွက်ကြီးတစ်ကောင်က သွေးစိမ်းရှင်ရှင်နှင့်။

''ဟင် ...မင်း ...မင်း ...မလာနဲ့ ...ငါ့ဆီ မလာနဲ့''

''ဟင်း ဟင်း ဟင်း ...ရှင် ...ရှင်ပဲ မာယာ့ကို ချစ် ...ချစ်လှချည်ရဲ့ ...ဆို ...ဟင်း ဟင်း ဟင်း''

''မဟုတ် ...မဟုတ်ဘူး ...မဟုတ်ဘူး''

ရစ်ချပ်အောင်ဒင်နေရာမှ ရုန်းထွက်ရန် ကြိုးစားကြည့်သည်။ သို့သော် သူ၏ ခန္ဓာကိုယ်ကြီးက ရွေ့လျား၍ပင် မရပါ။ သူ၏ ရင်ပြင်တစ်ခုလုံး ဖားဖိုကြီးတစ်ခုနှယ် ပိန်လိုက်ဖောင်းလိုက်နှင့် နှလုံးအစုံက တဒိန်းဒိန်းခုန်လျက်။

မာယာ၏ အရိုးပြိုင်းပြိုင်းကျနေသည့် အရိုးစုဖြူဖြူကြီး





က သူ့အား သွားများဖြီး၍ပြနေသည်သို့။

''ဟီး ဟီး ဟီး ...ရှင် ...ရှင် မာယာ့ကို ချစ်နေသေးတယ်ဆိုတာ သိပါတယ် ရစ်ချပ်ရယ် ...ဟီး ဟီး ဟီး''

တဟီးဟီး စကားသံများနှင့်အတူ မာယာ၏ အရိုးစုဖြူဖြူကြီးက သူ့အနီးသို့ တရွတ်တိုက်ဆွဲ၍ ချဉ်းကပ်တိုးဝင်လာသည်။ အရိုးပြိုင်းပြိုင်း ကျနေသည့် ခြေထောက်မှ သံကြိုးသံက တချွင်ချွင်နှင့် မြည်သွားသည်။

ထိုစဉ်မှာပင် မာယာက သူ၏ အရိုးစုလက်ချောင်းဖြူဖြူကြီးများဖြင့် ရစ်ချပ်အောင်ဒင်၏ ပခုံးအား ထိကိုင်ဖက်တွယ်ရန် တိုးဝင်လာသည့်အချိန်မှာတော့ ...

''ဟီး ..ဟီး ..ဟင်း ..ဟင်း''

''ဟာ ...သွား သွား ...ထွက်သွား ...မလာနဲ့ ...မလာခဲ့နဲ့ ...အ ...အား''

ရစ်ချပ်အောင်ဒင်တစ်ယောက် သူ့ထံတိုးဝင်လာသည့် အရိုးစုဖြူဖြူကြီးကို တွန်းဖယ်ပစ်လိုက်ရင်း ထိတ်လန့်ချောက်ချားစွာ အသံနက်ကြီးဖြင့် ဟစ်အော်လိုက်ပါလေတော့သည်။

''အ ...အ ...အား''

''ဟော ...သတိရလာပြီ မလှုပ်နဲ့၊ သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်နဲ့နော်''

တားမြစ်သံတစ်ချက်ကို ကြားလိုက်ရပြီးချိန်မှာတော့ ရစ်ချပ်အောင်ဒင်တစ်ယောက် သတိရလာခဲ့သည်။ စင်စစ် သူ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်သို့ ရောက်ရှိနေခြင်း ဖြစ်ပါ၏။

သူ၏တစ်ကိုယ်လုံးတွင် ပတ်တီးဖြူဖြူများက အထပ်လိုက် နေရာယူထားကြသည်။ ဆေးသွင်းပိုက်တွေ၊ အောက်ဆီဂျင်ပိုက်တွေက ရှုပ်ထွေးပွေလီစွာဖြင့် ရှိနေကြသည်သို့။

"သင့်ခ်ယူ မစ္စတာအောင်ဒင် ... ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေး နေပေးပါ၊ ခွဲစိတ်မှုတချို့ ပြုလုပ်ထားပါတယ်"

တာဝန်ကျ ဆရာဝန်မလေး၏ စကားသံကြောင့် ရစ်ချပ်အောင်ဒင် သူရောက်ရှိခံစားနေရသည့် အခြေအနေကို သိရှိသွားခဲ့ရပါ၏။ စင်စစ် ရစ်ချပ်အောင်ဒင်တစ်ယောက် သေနေ့မစေ့သေး၍လား မသိ ...။ ချောက်ကမ်းပါးထဲသို့ ထိုးကျသွားသည့် ဂျစ်ကားနှင့်အတူ ပါမသွားခဲ့ပါ။ ကားဘော်ဒီက ကမ်းပါးယံကို ရိုက်ခတ်မိစဉ် သူလွင့်စဉ်ပြုတ်ကျခဲ့ခြင်း ဖြစ်သည်။ အကယ်၍သာ ဂျစ်ကားနှင့်အတူ ချောက်ထဲသို့သာ ပါသွားခဲ့လျှင် သူ၏ အတွင်းရေးမှူးမလေး မစ္စရိုစီကဲ့သို့ ကားရောလူပါ မီးသင်္ဂြိုဟ်ခြင်း ခံလိုက်ရမည် မဟုတ်ပါလား။

ယခုတော့ ရစ်ချပ်အောင်ဒင်တစ်ယောက် သေကံမရောက်ခဲ့ပါပြီကော။

သူ ကံကောင်းသွားသည်က ကမ်းပါးစောင်း မြက်ခင်းပြင်ထက်သို့ လွင့်စဉ်ပြုတ်ကျသွားချိန်တွင် သေနတ်သံများကြောင့် စစ်ကူရောက်ရှိလာခဲ့သည့် ဂေါ်ရာစစ်တပ်ကြောင့် ဂဠုန်သူပုန်တို့ နောက်ကြောင်းသို့ ဆုတ်ခွာသွားခဲ့ကြခြင်းဖြစ်သည်။





သို့သော် ရစ်ချပ်အောင်ဒင် များစွာ နစ်နာဆုံးရှုံးခဲ့ရပါ၏။ လုံခြုံရေးလိုက်ပါလာသည့် ဂေါ်ရာစစ်ပုလိပ်လေးယောက် ကျဆုံးသွားခဲ့ရသည်။ အတွင်းရေးမှူး မစ္စရိုစီနှင့်အတူ သူ၏ လက်ဆွဲအိတ်ထဲမှ အရေးကြီးသော စာရွက်စာတမ်းများအားလုံး ကားမီးလောင်ရာတွင် ပါသွားခဲ့သည်။ သူကိုယ်တိုင်လည်း ဆေးရုံပေါ်တွင် ဒဏ်ရာဒဏ်ချက်များစွာနှင့် မသေရုံတမယ် ခံစားနေရသည် မဟုတ်ပါလား။

စောစောပိုင်းအစမှာမူ သူ၏ ပြင်းထန်သော ဝေဒနာများကို ခံစားနေရသဖြင့် ရစ်ချပ်အောင်ဒင် ဘာကိုမျှ စဉ်းစားတွေးတောမှု မရှိခဲ့ပါ။ မသေရုံတမည် ခံစားခဲ့ရသော ဝေဒနာများကြောင့် ဆေးရုံတွင် နှစ်လကျော် သုံးလနီးပါးခန့် တက်ရောက်ကုသနေရပါ၏။

ယခု ဒဏ်ရာများမှ အနည်းငယ် သက်သာစပြုလာခဲ့ချိန်မှာတော့ သူလုံးဝမေ့လျော့နေပါသော မာယာ့ကို ဗြုန်းခနဲ သတိရလာခဲ့ခြင်း ဖြစ်သည်။

"ဟာ"

ရုတ်တရက် ခုတင်ထက်တွင် လဲလျောင်းနေသည့် ရစ်ချပ်အောင်ဒင်တစ်ယောက် မာယာ၏အကြောင်းကို တွေးလိုက်မိသည်နှင့် အိပ်ရာထက်မှ ဝုန်းခနဲ ထထိုင်လိုက်သည်။

"ဘာ ... ဘာဖြစ်တာလဲ မစ္စတာအောင်ဒင်"

ရုတ်တရက် ထထိုင်လိုက်ကာ ကြောင်တောင်တောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်ချောက်ချားနေသည့် ရစ်ချပ်အောင်ဒင်၏ အပြုအမူကြောင့် တာဝန်ကျဆရာဝန် အပြေးကလေး ရောက်လာကာ မေးမြန်းလိုက်ခြင်း ဖြစ်သည်။

"ခြော် ... ဟို ... ဟို ... ဘာ ... ဘာမှမဖြစ်ပါဘူး ဒေါက်တာ ... ဟင်း"

မျက်စိပျက် မျက်နှာပျက်ဖြင့် ရစ်ချပ်အောင်ဒင်မှာ ထိုမျှသာ ဖြေကြားလိုက်ပြီး အိပ်ရာထက်သို့ တုန်တုန်ယင်ယင်ဖြင့် ပြန်၍ လဲလျောင်းနေပါ၏။ သို့တိုင်အောင် စိတ်အစဉ်ကမူ ပြေးလွှားလှုပ်ရှားလျက်။

"မာယာ ... မာယာ ... မာယာ ... ဒီလောက်ကြာရင် သူ ... သူ အသက်မှ ရှင်နိုင်ပါဦးမလား၊ သူ ... သူ ... သေ ... သေသွားလောက်ပြီ ထင်တယ်"

ဟုတ်သည်။ သူ၏ခေါင်းထဲတွင် မာယာ့ကို ပထမဦးဆုံး အကြိမ် သတိရလာမိခဲ့ခြင်း ဖြစ်သည်။ ထို့အတူ သူ၏ လုပ်ရပ်များကိုလည်း ပြန်လည်၍ အမှတ်ရလာခဲ့ပါ၏။ ယခုလောက်ဆိုလျှင် မည်သည့်နည်းနှင့်မျှ မာယာ အသက်မရှင်နိုင်ပါလေတော့။ သူထားခဲ့သည့် စားနပ်ရိက္ခာများက လွန်စွာချွေတာ၍ စားနိုင်ပါမှ တစ်လခွဲထက် မပိုနိုင်ပါ။ ယခု နှစ်လကျော် သုံးလနီးပါးခန့် ရှိနေပြီမို့ စွတ်စိုအေးမြပြီး သိပ်သည်းမည်းမှောင်နေသည့် မြေတိုက်ကျဉ်းကျဉ်းလေးထဲတွင် မာယာ၏ အရိုးပြိုင်းပြိုင်းဖြစ်နေသော ရုပ်အလောင်းနှင့်အတူ သွေးသံရဲရဲနှင့် မြေကြွက်ကြီးများကိုပါ မမြင်ရဲရဲနှင့် မြင်ယောင်မိလာပါချေပြီတည်း။

"အိုး မိုင်ဂေါ့ ဝမ်းဒါးဖူးလ် ... ငါ ... ငါ ... ရူး ... ရူးချင်ပြီ၊ အခု ငါ ... ငါ ဘာလုပ်ရမလဲ၊ ဘယ်လိုလုပ်ရင်ကောင်းမှာလဲ။ မာယာ ... မာယာ ... မင်း မင်းသေသွားပြီ ... သေသွားပြီ ... ဟုတ်တယ် ... မင်း သေသွားပြီပေါ့"

ဤသည်မှစ၍ ရစ်ချပ်အောင်ဒင်တစ်ယောက် စိတ်လှုပ်ရှား ဖောက်ပြန်လာသည်ထင့်။ တစ်ယောက်တည်းလည်း စကားတွေ ပြောချင်ပြောနေတတ်သည်။ အိပ်ရာထက်တွင် လဲလျောင်း၍ မျက်လုံးကြီးများပြူးလျက် မျက်နှာကြက်ကို အကြာကြီး စိုက်ကြည့်နေတတ်သည်။ သူ၏ အိပ်မက်ထဲတွင် အရှင်လတ်လတ် ဂူသွင်းပိတ်လှောင်ခဲ့သည့် မာယာက မကြာခဏ ရောက်လာလေ့ရှိသည်။ မာယာ၏ အရိုးဖြူဖြူကြီးက သူ့အား သွားကြီးများ ဖြီးပြကာ ခြောက်လှန့်နေသည်သို့။ အရိုးစုကောင်ကြီး၏ ခြေထောက်တွင် ချည်နှောင်ထားသည့် သံကြိုးသံ တချွင်ချွင်ကိုမူ ရစ်ချပ်အောင်ဒင် အမြဲလိုလို ကြားနေရသည်။

ကြာတော့ သူ့အိပ်ရမှာ ကြောက်လန့်လာခဲ့သည်။ အအိပ်မမှန်၊ အစားမမှန်နှင့် ရစ်ချပ်အောင်ဒင်တစ်ယောက် ဆေးရုံပေါ်မှာပင် ပိန်ချုံးချည့်နွဲ့လာပါ၏။ သည်ကြားထဲ စိတ်ဖိစီးသည့်ရောဂါ (စိတ်ကစဉ့်ကလျားရောဂါ) ဆန်ဆန် စိတ်ရောဂါ တစ်မျိုးပါ ထပ်တိုးလာပြန်သည်မို့ ဆရာဝန်ကြီးများက ရ တစိုက်နှင့်ကြပ်ကြပ်မတ်မတ် ကုသပေးကြသည်။ ဒီ့ဟာစေ





သုခမစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချပ်အောင်ဒင်မှာ ကိုယ့်ဝမ်းနာကိုယ်ပဲသိသည်မို့ မကြံရွယ်ပါဘဲနှင့် မာယာ့ကို သူကိုယ်တိုင် သတ်ဖြတ်ခဲ့မိသလို ဖြစ်ခဲ့ရပြီကော။

မည်သူတစ်ဦးတစ်ယောက်မျှ စိတ်ကူးဖြင့်ပင် တွေးဆ၍မရနိုင်သော သေခြင်းမျိုးဖြင့် မာယာတစ်ယောက် သေဆုံးသွားခဲ့ရရှာပါပြီ။ အချိန်တွေက တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့ပြန်ပါ၏။ ဆရာဝန်ကြီးများကိုယ်တိုင် ရစ်ချပ်အောင်ဒင်၏ ရောဂါဇစ်မြစ်ကို အတတ်နိုင်ဆုံး ရှာဖွေ၍ ကုသပေးကြသည်။

နောက်ဆုံး လေးလနှင့်ရက်စွန်းစွန်းကလေးတွင် ရစ်ချပ်အောင်ဒင် တစ်ယောက် သတိပေးချက် ဆေးမှတ်တမ်းများနှင့် အတူ ဆေးရုံမှ ဆင်းခွင့်ရခဲ့ပါတော့သည်။



## တစ်ဝဂ္ဂအတွင်းမှ အချစ်တစ္ဆေ နိုးထလာခြင်း

မည်သို့မျှ ပြောင်းလဲခြင်းမရှိသော သူ၏အိမ်တော်ကြီးက ရစ်ချပ်အောင်ဒင်အား တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ဆီးကြိုလျက် ရှိပါ၏။ သူ ဆေးရုံမှ မဆင်းမီ သူ၏ရုံးသို့ ကြိုတင်၍ ကြေးနန်းရိုက်အကြောင်းကြားခဲ့သည်မို့ သူ၏ အိမ်နှင့်ခြံကို သန့်ရှင်းရေး လုပ်ပေးထားကြခြင်း ဖြစ်သည်။ လေးလကျော်ခန့် အိမ်ရှင်တစ်ယောက်မျှ မရှိသော သူ၏အိမ်သည် ပစ္စည်းပစ္စယများမှအစ သန့်ရှင်းနေသည်မဟုတ်ပါလား။

"ဟူး"

ပါလာသည့်လက်ဆွဲအိတ်ကို ဆိုဖာထက်သို့ ပစ်ချကာ လူပါ စိတ်လွတ်ကိုယ်လွတ် ထိုင်ချလိုက်သည်။ တစ်စုံတစ်ရာ ထူးဆန်းနေသလို သူခံစားနေရသည်။ မာယာပျောက်ဆုံးနေသည့်ကို မည်သူမျှ မေးမြန်းစုံစမ်းခြင်း မရှိကြခြင်းပင်တည်း။ မာယာကိုယ်တိုင် ဆေးရုံတွင်နေထိုင်လျက် သူ့အား ပြုစုစောင့်ရှောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု မှတ်ယူနေကြသည်ဟု တွက်ဆနေမိပါ၏။ မည်သို့ပင် ဖြစ်စေ ဤအချက်သည်ပင် သူ့အတွက် လုံခြုံစိတ်ချမှု ရှိသည်။ အကြောင်းယုတ္တိပြပြီး မာယာပျောက်ဆုံးနေမှုကို သူ ဖုံးကွယ်ထားနိုင်သည် မဟုတ်ပါလား။

သို့သော် သူ၏ မသိစိတ်က မြေတိုက်ခန်းတွင် သွားရောက်ချင်နေမိသည်။ သိစိတ်က ထိုစိတ်ကို ဖျောက်ဖျက်ပစ်နိုင်ရန် ဗီရိုဘားအတွင်းမှ ဝီစကီပုလင်းတစ်လုံးကို ဆွဲထုတ်ယူကာ သောက်နေမိပါ၏။

"ဟင်း ... အခုချိန်လောက်ဆိုရင် မာယာရဲ့အလောင်းကို အရိုးတောင် ကျနေလောက်ပြီထင်တယ်၊ ဒါမှမဟုတ် ဘယ်လိုဖြစ်နေမလဲ"

အချိန်ပိုင်းအတွင်းမှာပင် သူ၏ သိစိတ်နှင့်မသိစိတ်တို့က အငြင်းပွားရင်း တိုက်ပွဲဝင်နေကြသည် ရစ်ချပ်အောင်ဒင်ကိုယ်တိုင်မှာလည်း ဝီစကီပုလင်းကြီးတစ်လုံးပင် တစ်ဝက်ကျိုးလုလု ရှိနေခဲ့ပါချေပြီကော။

ညနေခင်းလေပြည်သည် ပြတင်းဝမှ ခန်းဆီးလိုက်ကာကို တိုးဝှေ့ကာ ရစ်ချပ်အောင်ဒင်၏ရင်ကို တို့ထိရှိုက်နမ်းသွားပါ၏။ သို့တိုင်အောင် အေးမြသောလေပြည်သည် ရစ်ချပ်အောင်ဒင်၏ ပူလောင်သောကများကို မငြိမ်းသတ်နိုင်ခဲ့။ နောက်ဆုံးတော့ သောက်လက်စအရက်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး သူ၏ ခြေလှမ်းများကို မြေတိုက်ခန်းရှိရာသို့ ဦးတည်လိုက်ပါတော့





သည်။

"ဟူး ... ဘာပဲဖြစ်ဖြစ် ဒီကိစ္စက ရှင်းသွားမှအေးမှာ၊ အလောင်းကောင်ဖြစ်သွားတဲ့ မာယာကို ငါ ဘာရင်မဆိုင်ရဲစရာ ရှိမှာလဲ၊ မထူးလည်း သိရမယ့်အတူတူ တစ်ခါတည်း ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ၊ ဒါမှ ရှေ့ဆက်ပြီး လုပ်စရာရှိတာတွေ လုပ်လို့ရမှာ"

ရစ်ချပ်အောင်ဒင်မှာ သူ့ကိုယ်သူ မာန်တင်းအားပေးရင်း မြေတိုက်ခန်းရှိရာသို့ ဆင်းလာခဲ့ပါ၏။ မြေတိုက်ခန်းအဆင်း အဝင်တံခါးမကြီးက ရစ်ချပ်အောင်ဒင်အား တိတ်ဆိတ်စွာ သီးကြိုနေပါလေ၏။ မသိမသာ တုန်ယင်သွားသည့်စိတ်ကို အသာ ထိန်းချုပ်လိုက်ရင်း မြေတိုက်ခန်းတံခါးကို တွန်းဖွင့်ဝင်ရန် ရှေ့သို့ တိုးဝင်လိုက်သည်။

'ချွင် .. ချလွင်'

သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်သို့။ တစ်ဆက်တည်းမှာပင် အောက်ဘက်မြေတိုက်ခန်းဆီမှ ချွင်ခနဲ သံကြိုးချင်း ထိခတ်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ဒိတ်ခနဲ ရင်ခုန်သွားပါ၏။ မဖြစ်နိုင်ပါ။ ဤလေးလဟူသော အချိန်ကာလ အတိုင်းအတာသည် မာယာအား မည်သို့မျှ အသက်ဆက်၍ မရှင်နိုင်။ မာယာတစ်ယောက် အသက်ရှင်လျက် ရှိနေဆဲဟူသော ခပ်ညံ့ညံ့ အတွေးစိတ်ကို သူ မောင်းထုတ်ပစ်လိုက်ပါ၏။

ဟုတ်သည်။ သူကိုယ်တိုင်ထားခဲ့သော စားနပ်ရိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပမာဏကို သူအသိဆုံးပင် ဖြစ်သည်။ သောက်ရေနှင့် အစားအစာ ပြတ်တောက်သွားသည့် မြေတိုက်ဂူကျဉ်းလေးထဲတွင် မိန်းမသားတစ်ယောက် ဆက်လက်၍ အသက်ရှင်ရပ်တည်နိုင်သည့် အခွင့်အရေးမှာ လွန်စွာမှ နည်းပါးလှသည် မဟုတ်ပါလား။

"အိုး . . . မဖြစ်နိုင်ပါဘူးလေ . . . ငါ စိတ်ထင်တာ ဖြစ်မှာပါ"

ကြားလိုက်ရသည့် သံကြိုးသံကို သူ ခေါင်းခါငြင်းဆန်ရင်း တံခါးရွက်ကို အသာအယာပင် တွန်းဖွင့်လိုက်သည်။ လှေကားထိပ်နံ့ရံတွင်ရှိသော မီးချောင်းခလုတ်ကို ဖွင့်လိုက်သည်။ မရပါ။

"ဟင် . . . မီးချောင်းများ ကျွမ်းနေပြီလား မသိဘူး"

ထို့ကြောင့် အောက်ဘက်မှ ငါးတိုင်အား မီးလုံးခလုတ်လေးကိုသာ ဖွင့်လိုက်သည်။ မှုန်ဝါးဝါးအလင်းရောင်က မြေတိုက်ခန်းထဲတွင် ဖြန့်ကျက်လင်းကျင်းသွားပါ၏။ ထို့နောက် ရစ်ချပ်အောင်ဒင်မှာ လှေကားအတိုင်း တဖြည်းဖြည်း ဆင်းလာခဲ့သည်။ လှေကားထစ်များကို နင်းလာသည့် ရစ်ချပ်အောင်ဒင်၏ ခြေသံ တကျွိကျွိကပင် တိတ်ဆိတ်နေသည့် မြေတိုက်ခန်းအတွင်းဝယ် ကျယ်လောင်လွန်းလှပါ၏။

မကြာမီ မာယာ့အား ပိတ်လှောင်ထားခဲ့သည့် မြေကျင်းအုတ်နံ့ရံရှေ့သို့ ရစ်ချပ် ရောက်ရှိလာခဲ့သည်။ သူကိုယ်တိုင်





အုတ်ချပ်များနှင့် စီ၍ ပိတ်ခဲ့သည့် မြေကျင်းအုတ်နံ့ရံသည် ယခင်အတိုင်းပင် ရှိနေပါ၏။ သူ ချန်လှပ်ထားခဲ့သော အုတ်တစ်ချပ် လှပ်ထားသည်ပင် ခြေရာလက်ရာ မပျက်ယွင်းခဲ့။ ဤသို့ဆိုလျှင်

သေချာစေရန် အုတ်နံ့ရံတွင် နားနှင့်ကပ်ပြီး နားထောင်ကြည့်သည်။ နားရွက်များက အေးစက်စွတ်စိုနေသည့် နံရံနှင့် ထိတွေ့မိသည်မှအပ မည်သည့် လှုပ်ရှားသံမျှ မကြားရပါချေ။

ဟင်း . . . သေချာပါပြီ။ မာယာတစ်ယောက် မမျှော်လင့်ဘဲ ခြောက်ပေပတ်လည် တစ်ဝဂ္ဂမြေကျင်းလေးထဲတွင် သေဆုံးသွားခဲ့ပါချေပြီကော။ သူ၏စိတ်က သူ့ကို ပြန်လည်၍ ခြောက်လှန့်နေခြင်းသာ ဖြစ်ပါသည်။ ရစ်ချပ်အောင်ဒင်တစ်ယောက် ယခုမှပင် စိတ်လက်ပေါ့ပါးစွာဖြင့် မြေကျင်းအုတ်နံ့ရံအနီးမှ လှည့်ထွက်ရန် ပြင်လိုက်စဉ်မှာပင် . . .

'အင်း . . ဟင်း ဟင်း ဟင်း . . ဟီး ဟီး'

'ချွင် . . ချလွမ် . . ချွင်'

ညည်းညူသံသဲ့သဲ့ကို ရုတ်တရက် နီးကပ်စွာ ကြားလိုက်ရသဖြင့် ရစ်ချပ်အောင်ဒင် ခေါင်းနားပန်းများပင် ကြီးသွားပါ၏။ ထို့နောက် စောစောက ကြားခဲ့ရသော အသံထက် ပို၍ ပိုပြင်ကျယ်လောင်သော သံကြိုးချင်းထိခတ် ရွေ့လျားသံ။

"အိုး မိုင်ဂေါ့ . . . ဘာတွေလဲ . . . ဘာသံတွေ ကြားနေရတာလဲ ဟင်"

သည်တစ်ချီ ကြားလိုက်ရသော အသံက တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပီပီပြင်ပြင် ကြားလိုက်ရသည်မို့ သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်သို့။ ခြေဖျားလက်ဖျားများပင် အေးစက်သွားကာ ထိတ်လန့်ကြောက်ရွံ့ခြင်းများက သွေးကြောအနှံ့ စီးပျံ့သွားပါလေ၏။ ထိုစဉ် . . .

"ဟီး ဟီး . . . ဘယ်သူလဲ . . . အပြင်က ဘယ်သူလဲ၊ ရစ်ချပ် . . . ရစ်ချပ်လားဟင်"

မယုံကြည်နိုင်ဖွယ် စကားသံတစ်ခု။ ပင့်သက်ရှိုက်သံသာသာမျှသာ ကြားလိုက်ရသည့် စကားသံတစ်ခုက လစ်ဟာနေသည့် အုတ်တစ်ချပ်နေရာမှ လွင့်ပျံ့ထွက်ကျလာလေသည်ကား။ မယုံမရဲ ဖြစ်သွားသော်လည်း ကြားလိုက်ရသည့် စကားသံကတော့ ပီပီပြင်ပြင်ပင် ဖြစ်ပါ၏။ ရစ်ချပ်အောင်ဒင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ မည်သို့မျှ မယုံကြည်နိုင်သောမျက်လုံးအစုံနှင့် အုတ်နံရံကြီးကိုသာ ငေးစိုက်ကြည့်နေမိသည်။

"ဟင် . . . မာယာ ပသေသေးပါလား"

မယုံကြည်နိုင်သည့်တိုင် ရစ်ချပ်အောင်ဒင်မှာ လက်ရှိအခြေအနေအရ လက်ခံလိုက်ရတော့လေမည်လား။ သူ ဗွိဟအတွေးများဖြင့် ဇဝေဇဝါ ဖြစ်နေစဉ် . . .

"ရစ်ချပ် . . . ရစ်ချပ် မဟုတ်လားဟင်၊ မာ . . . မာယာ့ကို ဒီမြေကျင်းလေးထဲက ကယ် . . . ကယ်ထုတ်ပေးပါလားဟင် . . . အဟင့် ဟင့်"

"ဟင် . . . မာယာ . . . မာယာ . . . မင်း . . . မင်း





မသေ . . . မသေဘူးနော်ဲ ဟုတ်လား၊ ခဏ . . . ခဏလေးခဏလေးစောင့်နော်၊ ငါ မင်းကို အထဲကနေ ထုတ် . . . ထုတ်ပေးမယ်"

ရစ်ချပ်အောင်ဒင်တစ်ယောက် မျက်စိမျက်နှာပျက်လျက်တုန်ယင်ချောက်ချားနေပါချေပြီ။ လုပ်မိလုပ်ရာ အုတ်နံရံကြီးကိုလက်သီးနှင့် တဒုံးဒုံး ထုရိုက်နေပါ၏။

'ဒုံး . . ဒုံး . . ဒုံး . . ဒုံး'

ဟုတ်သည်။ သည်နံရံကို အမြန်ဆုံး ဖြိုလှဲပစ်ရမည်။ သို့မှသာ ဂူအတွင်းမှ မာယာ့အား အမြန်ဆုံး ကယ်တင်ထုတ်နိုင်မည် မဟုတ်ပါလား။ ရစ်ချပ်အောင်ဒင် သွေးရူးသွေးတမ်းနှင့်ထုရိုက်နေရာမှ သတိရကာ နံရံကို ဖြိုဖျက်ချနိုင်မည့် လက်နက်တစ်ခုကို လျင်မြန်စွာ ရှာဖွေလိုက်သည်။

"အား . . . ဟို . . . ဟို . . . ဟိုဘက်က စတိုခန်းထဲမှာရှိနိုင်တယ်၊ ငါ မြန်မြန်သွားပြီးရှာမှ ဖြစ်မယ်၊ နို့မို့ဆို အချိန်ကြာသွားရင် မလွယ်ဘူး"

မြေတိုက်စတိုခန်းရှိရာသို့ ပြေးဝင်ကာ ပစ္စည်းကိရိယာဟောင်းများ ကြားမှ ခြောက်ပေါင်သာသာခန့် ရှိမည့် တူကြီးတစ်လက်ကို မနိုင်မနင်းနှင့်ဆွဲယူလာခဲ့သည်။ ထို့နောက် ရှိသမျှသူ၏ခွန်အားကို ဖျစ်ညှစ်အသုံးချလိုက်ပြီး ထိုတူကြီးဖြင့် အုတ်နံရံသို့ ထုနက်ဖြိုခွဲလိုက်သည်။

"ဒုံး . . ဒုံး . . ဒုံး . . ဒုံး"



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း ..ဖျော ..ဖရော ..ဝေါ'

ရစ်ချပ်အောင်ဒင်၏ သူရူးတစ်ယောက်နှယ် တဒုံးဒုံး ထုနှက်လိုက်သဖြင့် အုတ်နံရံအောက်ခြေမှာ ပွင့်ထွက်သွားပြီး လူတစ်ကိုယ်စာ အပေါက်ကြီး တစ်ပေါက် ဖြစ်ပေါ်လာခဲ့သည်။

'ဒုံး ..ဒုံး ..ဝရော'

''ဟာ ...ရပြီ ရပြီ၊ မာယာရေ ခဏစောင့်ရင် အပေါက်ကြီးတစ်ပေါက် ဖြစ်ပြီဟေ့''

ရစ်ချပ်တစ်ကိုယ်လုံး ဇောချွေးများဖြင့် ရွဲနစ်လျက် ရှိပါ၏။ တူကြီးကိုမြှောက်ကာ တဒုံးဒုံးနှင့် ဆက်တိုက်ထုနှက် ရိုက်နေပြန်သည်။ ကြာတော့ လက်အံသေကာ အမောဆို့လာခဲ့ သည်ထင့်။ ရင်အစုံသည် တဒိန်းဒိန်းနှင့် ခုန်နေသည်။ နှလုံးခုန်သံ သည်ပင် တဒုံးဒုံးနှင့် ပုံမှန်မဟုတ်ချင်တော့။ တဖွဲဖွဲ လွင့်ပျံ့ကျ လာသည့် အင်္ဂတေမှုန့်များကြောင့်လည်း ချောင်းတဟွတ်ဟွတ် ဆိုးလာခဲ့သည်။ ရစ်ချပ်အောင်ဒင် တစ်ကိုယ်လုံး ချွေးစီးဖုန်မှုန့်၊ အင်္ဂတေမှုန့်များဖြင့် လူရုပ်ပင် ပျောက်နေပါချေပြီကော။

''အဟွတ် ...ဟွတ် ...အဟွတ် ...အဟွတ်''

ကြာတော့ ရစ်ချပ်အောင်ဒင်မှာ ချောင်းတဟွတ်ဟွတ် နှင့် အမောဆို့ကာ ပြိုပျက်ပေါက်ပြဲလျက် ရှိသည့် တစ်ပိုင်းတစ်စ အုတ်နံရံပေါက်ကြီးအနီးတွင် ခြေပစ်လက်ပစ် လဲကျသွားပါလေ တော့သည်။

''ဖြစ်နိုင်ရင် ဒီလေးငါးလအတွင်း ခင်ဗျား အပင်ပန်း





လုံးဝမခံပါနဲ့၊ စိတ်ထိခိုက်စရာ လှုပ်ရှားမှုမျိုးကို ရှောင်ပါ။ ခင်ဗျား ရဲ့နှလုံးက ခံနိုင်ရည်အား သိပ်မရှိဘူးနော်၊ ဆင်ခြင်ပြီး နေနိုင်ရင် ခင်ဗျားအတွက် အကောင်းဆုံးပဲ''

ဆေးရုံမှ မဆင်းခင် အထူးမှာကြားခဲ့သော ဆရာဝန်ကြီး ၏ စကားများကိုလည်း သူမေ့လျော့နေခဲ့ပါပြီ။ သူ၏ စိတ်ဇော အဟုန်က အုတ်နံရံရှိ ကျဉ်းကျဉ်းလေးထဲမှ မာယာ လွတ်မြောက် နိုင်ရေးပင်။

ထိုအချိန်မှာပင် ...

မှိန်ပျပျ မီးရောင်အောက်တွင် မာယာ၏ ရုပ်သွင်ကို ရစ်ချပ်အောင်ဒင် ဝိုးတဝါး မြင်တွေ့လိုက်ရသဖြင့် ကြက်သီး မွေးညှင်းများ တဖြန်းဖြန်းထကာ ငယ်သံပါအောင်ပင် အော်ဟစ် လိုက်သည်။ သို့သော် သူ၏ အော်သံက လည်ချောင်းဝမှာပင် ပျောက်ဆုံးသွားခဲ့ပါ၏။

မာယာ၏ မှုန်ဝါးဝါးသဏ္ဍာန်က ပြိုပျက်နေသည့် အုတ် နံရံပေါက်ဝကြားမှ တရွေ့ရွေ့ တိုးထွက်လာခဲ့သည်။ နီးကပ်လာ သော မာယာ၏ ရုပ်သွင်က ယခင်လို ချောမောလှပသောမျက်နှာ မဟုတ်ပါလေတော့။ သူမ၏ ညာမျက်လုံးက ဟောင်းလောင်း ပေါက်ကြီးဖြစ်လျက် သွေးစီးများက ယိုစီးကျနေပါ၏။ အသားစ ဟူ၍ မရှိတော့သော ပါးရိုးဖြူဖြူကြီးက အပြင်သို့ ငေါထွက်လျက်၊ ဖားလျားကျနေသည့် ဆံပင်ရှည်ကြီးများက မြေပြင်ပေါ်သို့ တစ်ဆက် တိုက် ပုံကျနေသည်။ တစ်ချိန်သောအခါက လှပခဲ့သော ဆံနွယ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဖြူတချို့ နီတချို့နှင့် မြေပေါ်တွင် ပြန့်ကျဲရှပ်ပွလျက်။

''အီး ဟီး ‥ ဟင်း … ရစ် … ရစ်ချပ် … မာယာ့ကို လာပြီး တွဲ … တွဲထူလှည့်ပါဦးလား … အီး ဟင်း ဟင်း''

ရှပ်ပျက်ဆင်းပျက်နှင့် အရိုးပြိုင်းပြိုင်း ကျနေပြီဖြစ်သော မာယာ့ကိုကြည့်ကာ ရစ်ချပ်အောင်ဒင် ဖင်တရွတ်ဆွဲနှင့် နောက်သို့ ဆုတ်နေပါ၏။

ရှည်လျားချွန်ထက်ပြီး မည်းညစ်နေသည့် လက်သည်း ရှည်ကြီးများကြားမှာတော့ ရစ်ချပ်အောင်ဒင် မြင်မက်ခဲ့သည့် အိပ်မက်ထဲမှအတိုင်းပင် သွေးသံရဲရဲနှင့် တစ်ပိုင်းတစ်စ။ စား လက်စ မြေကြွက်ကြီးတစ်ကောင်ကို ဆုပ်ကိုင်လျက် …

ဒါသည်ပင် လေးလလုံး မာယာတစ်ယောက် မည် ကဲ့သို့ အသက်ဆက်ခဲ့ခြင်း ဖြစ်သည်ကို ဖော်ညွှန်းပြသနေသည် မလလား။ မာယာမှာ တစ်ဖက်တည်းသာ ကျန်ရှိတော့သော မျက်လုံးမွဲခြောက်ခြောက်နှင့် ရစ်ချပ်ထံ ငိုက်ကြည့်ရင်း အရိုးပြိုင်း ပြိုင်းကျနေသော လက်တစ်ဖက်ကိုထောက်ကာ တဖြည်းဖြည်း တိုးဝင်လာခဲ့သည်။

ဖုံတွဲ့ပြင်နေရသည့် မြင်ကွင်းက မှိန်ဖျော့ဖျော့ မီးရောင် အောက်တွင် သွေးပျက်ချောက်ချားဖွယ်ပင်။ သံကြိုးသံတချွင်ချွင် နှင့် အရိုးခြောက် တစ္ဆေကြီးတစ်ကောင် သူ့ထံသို့ တိုးဝင်လာနေ သည့်နှယ် ရစ်ချပ်အောင်ဒင် ခံစားနေရသည်။ ရင်အစုံသည် ကြောက်ရွံ့ထိတ်လန့်မှုတို့ကြောင့် ပေါက်ကွဲထွက်လုနီးပါး ဖုပ်ခါ





လျက်။ နှလုံးခုန်သံများကလည်း တဒိန်းဒိန်းနှင့် ပုံမှန်အနေအထား မဟုတ်ပါလေတော့။

ရစ်ချပ်အောင်ဒင် နောက်သို့ လန်ကျလုလု ရှိရာမှ အံကို တင်းတင်းကြိတ်လိုက်သည်။ ဟစ် ဟစ်နှင့် အသက်ရှူနေရ သည့်ပါးစပ်ကို တင်းတင်းစေ့ရန် ကြိုးစားနေပါ၏။ ရစ်ချပ်အောင် ဒင်ကို ကြည့်ရသည်မှာ ခန္ဓာကိုယ်ကြီးထဲမှ ပေါက်ကွဲလွင့်စဉ် ထွက်သွားတော့မည့် အသက်ဝိဉာဉ်တစ်ခုကို ကြိုးစားပမ်းစား ထိန်းချုပ်ဟန့်တားနေလေသည်သို့ …။

'ချွမ် ‥ ထောက် ‥ ဂယောက်'

သို့စဉ်မှာပင် မာယာ၏ အရိုးကျလုနီးနီး ပိန်ညှော်ညှော် ခြေထောက်ရိုးတွင် ချည်နှောင်ထားသည့် သံကြိုးက ထောက်ခနဲ ပြုတ်ကျသွားပါ၏။ ရုတ်တရက် အနှောင်အဖွဲ့မှ လွတ်မြောက်သွား သော မာယာမှာ ယခုမှပင် ပို၍အင်အားပြည့်သွားသည်ထင့် …။ လဲကျနေရာမှ အတင်းကုန်းရုန်းထကာ ရစ်ချပ်အောင ဒင်ရှိရာသို့ တစ်လုံးတည်းသာကျန်ဒတော့သော မျက်လုံးကြီးနှင့် စူးစူးရဲရဲကြည့်ရင်း ခုန်အုပ်ရန်ကြိုးစားလိုက်စဉ် …

''ဟင်း ဟင်း … ရစ်ချပ်ရေ … ဒီတစ်ခါ နင့်ရဲ့ အလှည့်ပဲဟေ့ … ဟင်း ဟင်း''

''အား …မလာနဲ့ … သွား … သွား … ငါ့ဆီကို မလာခဲ့နဲ့''

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဗောချွေးရော ကြောက်ချွေး



www.burmeseclassic.com

www.burmeseclassic.com



ပါပြန်ကာ နောက်သို့ဆုတ်ခွာရန် ကြိုးစားနေသည့် ရစ်ချပ်အောင်ဒင်၏ ခန္ဓာကိုယ်ကြီးပေါ်သို့ သူ၏ ချွန်ထက်မည်းညစ်နေသော လက်သည်းရှည်ကြီးများကို ဖြန့်ကားကာ မကောင်းဆိုးဝါးတစ္ဆေမကြီးတစ်ကောင်နှယ် လွှားခနဲ ခုန်အုပ်လိုက်ပါ၏။

ဟေး ‥ ဟိုင်း'

'ဝုန်း ‥ ဘုန်း'

"ဟာ …အာ …အား"

သွေးပျက်ချောက်ချားစွာ ဟစ်အော်လိုက်သည့် ရစ်ချပ်အောင်ဒင်၏ နောက်ဆုံး ဟစ်အော်သံကြီးနှင့်အတူ သူ၏ ဝိညာဉ်ကလည်း လွတ်မြောက်ခြင်းလမ်းစကို ရှာဖွေတွေ့ရှိသွားပါလေပြီတည်း။။



## လွတ်မြောက်ခြင်း နိဂုံးဆီသို့

ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင် ရုတ်တရက် သေဆုံးသွားပြီဟူသောသတင်းက မြို့င်သာတင်မက …သာယာဝတီအရေးပိုင်မင်း ကိုမ်းကယ်လီအထိတိုင် တောမီးလောင်သကဲ့သို့ လျင်မြန်စွာ ပျံ့နှံ့သွားပါလေတော့သည်။ ချက်ချင်းပင် ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်၏နေအိမ်တွင် သတင်းမေးသူ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့င်သာဂါတ်တဲမှ ဌာနအုပ်ကြီးနှင့် ပန်ချာပီပုလိပ်များအပြင် လူနာတင်ကားတစ်စီးနှင့် ပန်ချာပီလူမျိုးဒေါက်တာ ဘဂဝံဆင်းကိုယ်တိုင် ရောက်ရှိလာခဲ့ကြပါ၏။

ညှိခန်းကျယ်ကြီးထဲမှာတော့ အနက်ရောင် ထက်အောက်ဆင်တူဝတ်စုံနှင့် မာယာက ဖြူဖျော့ဖျော့မျက်နှာနှင့် ဆိုဖာခုံထက်တွင် ငြိမ်သက်စွာ ထိုင်နေပါ၏။ မာယာ၏ ဖြူဖျော့နေသည့် မျက်နှာပြင်ထက်မှာတော့ သောကအငွေ့အသက်များနှင့် မျက်ရည်စတချို့က ရစ်သိုင်းယှက်ဖြာလျက် မျက်လုံးထောင့်မှ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စများကို လက်ကိုင်ပဝါအဖြူလေးနှင့် မကြာခဏ သုတ်ဖယ်နေခြင်းက ရင်ထဲမှ ဝေဒနာအပုံမီးကို ဖော်ညွှန်းပြနေသည်သို့ ...။

သူမ၏ နံဘေးပတ်ပတ်လည်မှာတော့ ရာဇဝတ်မှုဆိုင်ရာ မျက်နှာဖြူ အရာရှိကြီးများ၊ မြို့ပြင်သာဂါတ်တဲမှ ဌာနအုပ်ကြီးနှင့် ပန်ချာပီလူမျိုး ဒေါက်တာဘဂဝံဆင်းတို့က ရစ်ချပ်အောင်ဒင် သေဆုံးရခြင်းအကြောင်းရင်းကို တစ်ဦးတည်းသော မျက်မြင်သက်သေ မာယာ့အား စစ်ဆေးမေးမြန်းနေကြသည်။

''အလွန်ပဲ ဝမ်းနည်းမိပါတယ် မစ္စမာယာ၊ အခုလို အချိန်မျိုးမှာ စစ်မေးရတာကိုလည်း ကျွန်ုပ်အလွန်အမင်း အားနာမဆုံး ဖြစ်မိပါတယ်၊ ဒါပေမဲ့ ရာဇဝတ်ဝန်ကလေး ရစ်ချဂ်အောင်ဒင် သေဆုံးခဲ့ရတဲ့အမှုမှာ မစ္စမာယာက တစ်ယောက်တည်းသော မျက်မြင်သက်သေသဘောမျိုး ဖြစ်နေလေတော့ မစ္စမာယာ သိသလောက် ဖြည်းဖြည်းချင်းသာ ပြောပြပါ''

မျက်နှာဖြူရာဇဝတ်အုပ်တစ်ယောက်က မြန်မာစကားကို ကျွမ်းကျင်စွာ ပြောဆို၍ မာယာ့အား စတင်စစ်မေးလိုက်ပါ၏။ ပန်ချာပီလူမျိုး ဒေါက်တာဘဂဝံဆင်းကမူ သူ၏ မိတ်ဆွေဖြစ်သူ မာယာ့ကိုသာ ကရုဏာသက်စွာ ကြည့်နေမိသည်။

''ရပါတယ်ရှင်၊ ဝတ္တရားအရ မေးရမြန်းရတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ပြောရရင်တော့ ရစ်ချပ်ပြန်ရောက်လာတော့ ကျွန်မ ရေချိုးခန်းထဲမှာ ရေချိုးနေတဲ့အချိန်ပါ။ အမှန်တော့





ရုံးကနေတစ်ဆင့် ပို့လိုက်တဲ့ ရစ်ချပ်ရဲ့ သံကြိုးစာကြောင့် ဆေးရုံမှာ သွားပြီးကြိုဖို့အတွက် ကျွန်မပြင်ဆင်နေတာပါ။ ဒါပေမဲ့ ရစ်ချပ်က ကြိုပြီးရောက်လာခဲ့တယ်၊ ရောက်တာနဲ့ အိမ်ပေါ်ကို ခြေသံတဒုန်းဒုန်းနဲ့ တက်လာသံကြားရတယ်''

''ကျွန်မက ရေချိုးခန်းထဲကနေ အသံပြုလိုက်တော့ သူက ခဏနေဦး၊ အရေးကြီးလို့ ဆိုပြီး အောက်ထပ်က မြေတိုက်ခန်းထဲကို တန်းပြီးဆင်းသွားတယ်ထင်တယ်၊ ကြည့်ရတာတော့ သူဆေးရုံကနေ တစ်ခုခုကို ဒေါပွလာပုံရတယ်၊ နောက်တော့ မြေတိုက်ခန်းထဲမှာ တဒုန်းဒုန်းနဲ့ ထုရိုက်သံတွေ ကြားရတာတော့ တာပါပဲရှင်''

မာယာက ငိုရှိုက်သံတစ်ဝက်နှင့် ရစ်ချပ်အောင်ဒင်၏ အဖြစ်အပျက်ကို သူသိမြင်ကြားတွေ့ရသမျှ ရာဇဝတ်အုပ်ကြီးနှင့် ဒေါက်တာဘဂဝံဆင်းတို့အား ရှင်းပြနေပါလေ၏။

''အဲ ... အဲဒါနဲ့ ကျွန်မလည်း အဝတ်အစား ကမန်းကတန်းလဲပြီး မြေတိုက်ခန်းထဲကို ဆင်းလိုက်သွားခဲ့ပါတယ်၊ မြေတိုက်ထဲမှာ ရစ်ချပ်ဟာ အုတ်နံရံကြီးကို ဒေါသတကြီး ဟစ်အော်ပြီး တဒုန်းဒုန်းနဲ့ ထုရိုက်ဖြိုခွဲနေတာကို တွေ့လိုက်ရတယ်၊ သူ့ရဲ့လက်ထဲမှာလည်း တူကြီးနဲ့ တစ်ကိုယ်လုံးမှာလည်း အင်္ဂတေစတွေနဲ့ ဖုန်မှုန့်သဲမှုန့်တွေ ပေကျံနေတာပဲ၊ အင်း ... ဘာကြောင့်မှန်းမသိ ထုရိုက်ခွဲရင်း ဒေါသတကြီး အော်ဟစ်နေတဲ့သူ့ကို ကျွန်မလည်း ကြောင်ပြီးကြည့်နေမိပါတယ်၊ နောက်ပြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သွားမဆွဲရဲဘူးလေ၊ နောက်ကနေပြီး ဘာဖြစ်တာလဲလို့ မေးတော့ သူ့ဟာသူ ဆူညံပေါက်ကွဲနေတော့ ပြန်မပြောနိုင်ဘူးနဲ့ တူတယ်၊ နောက်ဆုံးတော့ ဒေါသတကြီးနဲ့ နံရံကို အဆက်မပြတ် ထုရိုက်ခွဲရင်း လဲပြိုကျသွားပါတယ်၊ ကျွန်မ သူ့ကို ပြေးပြီးပွေ့ထူ လိုက်တော့ သူ ... သူ သတိလစ်သွားတယ် ထင်တယ် ... ဘာ စကားမှ မေးလို့မရတော့ဘူး၊ ဒါပေမဲ့ ကျွန်မရဲ့အထင် ပြောရရင် တော့ အဲဒီအချိန်ကတည်းက ရစ်ချပ်ဟာ သေဆုံးသွားခဲ့ပါပြီ၊ အဲဒါနဲ့ မြို့ငသာဂါတ်တဲက ဌာနအုပ်ကြီးနဲ့ ဆေးရုံက ဒေါက်တာ ဘာဂဝ်ဆင်းတို့ကို ကျွန်မကိုယ်တိုင် ချက်ချင်းအကြောင်းကြားခဲ့တာ ပါပဲရှင်''

မာယာ တစ်လုံးချင်းပြောဆိုနေသည့် စကားများကို တာ ဝန်ရှိသူ မှုခင်းအရာရှိများက ရေးချွတ်မှတ်သားနေကြသကဲ့သို့ ဌာနအုပ်ကြီးဦးထွန်းဆိုင်နှင့် ပန်ချာပီဆရာဝန်ကြီး ဒေါက်တာ ဘာဂဝ်ဆင်းတို့က ကရုဏာသက်စွာ ကြည့်ရင်း နှစ်သိမ့်အားပေး လိုက်ကြသည်။

''အင်း ... အဖြစ်အပျက်ကတော့ ဒေါ်မာယာပြောတဲ့ အတိုင်းဆိုရင် တရားခံအရင်းဟာ ရာဇဝတ်ဝန်ကလေးကိုယ်တိုင် ဖြစ်နေတာပဲကိုး၊ တကယ့်ကို စိတ်မကောင်းစရာ အဖြစ်အပျက် တစ်ခုပါပဲ၊ ကျွန်တော် သူ့ကို ဆေးရုံကနေ ဆင်းခွင့်မပေးခင် ကတည်းက ဖြစ်နိုင်ရင် လေးငါးလလောက် အေးအေးဆေးဆေး အနားယူဖို့, စိတ်လှုပ်ရှားစရာတွေ မလုပ်ဖို့နဲ့ အပင်ပန်းမခံဖို့





အသေအချာ မှာကြားခဲ့တာပါ၊ နောက်ပြီး ရာဇဝတ်ဝန်ကလေးရဲ့ ဆေးမှတ်တမ်းမှာလည်း သူ့မှာ နှလုံးရောဂါရှိနေပြီဆိုတာရယ်, နှလုံးခံနိုင်ရည်အား ကျဆင်းနေလို့ သောက်ဆေးစားဆေးကအစ အားလုံး ညွှန်ကြားပြီးပေးထားခဲ့ပါတယ်''

ဆရာဝန်ကြီးဒေါက်တာဘာဂဝ်ဆင်းက သူ၏ လူနာ ရစ်ချပ်အောင်ဒင်၏ ဆေးမှတ်တမ်းများကိုပါ လက်ထောက် ဆရာဝန်ထံမှယူ၍ ပြသရင်း အခြေအနေအရပ်ရပ်ကို စစ်ဆေး သုံးသပ် အဖြေထုတ်လျက်ရှိသည်။ နောက်ဆုံး ပန်ချာပီဆရာဝန် ကြီး ဘာဂဝ်ဆင်း၏ ဆေးစစ်ချက်အဖြေစကားက မာယာ၏ အသက်ရှူလမ်းကြောင်းကို ပွင့်သွားစေခဲ့ပါတော့သည်။

''အမှန်တော့ ဒီလို ဆေးရုံကဆင်းပြီးစ ကျန်းမာရေး မကောင်းတဲ့အချိန်မှာ လူနာအနေနဲ့ ဆင်ခြင်သင့်တာတွေကို ဆင်ခြင်ပြီး နေထိုင်ရပါမယ်၊ ဒါပေမဲ့ ရာဇဝတ်ဝန်ကလေး ရစ် ချပ်အောင်ဒင်ဟာ ဆင်ခြင်တုံတရား ကင်းမဲ့ပြီး မလုပ်သင့် မလုပ် ထိုက်တဲ့ အပြုအမူမျိုးတွေကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့လို့ အခုလို နှလုံးသွေးရပ်ပြီး သေဆုံးသွားခဲ့ရတာပါ၊ ဒီကိစ္စဟာ သာမန် သွေးရိုးသားရိုး သေမှုသေခင်းတစ်ခုပါပဲ''

ပြတ်သားစွာ အတည်ပြုဖြေကြားလိုက်သည့် ပန်ချာပီ ဆရာဝန်ကြီးဒေါက်တာဘာဂဝ်ဆင်း၏ ဆေးစစ်ချက်အဖြေစကား ကြောင့် မာယာခမျာ မျက်လွှာချလျက် သက်ပြင်းမောတစ်ချက် ကို လူမသိ၊ သူမသိ ချလိုက်ပါသည်။ စင်စစ် ရစ်ချပ်အောင်ဒင်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးရခြင်း၏ အဓိက လက်သည်တရားခံအစစ်မှာ မာယာမှ လွဲ၍ မည်သူမျှ မဖြစ်နိုင်ကြောင်းကိုမူ ကာယကံရှင် မာယာ ကိုယ်တိုင် အသိဆုံးပင် ဖြစ်ပါလေ၏။

မည်သို့ပင်ဖြစ်စေ မာယာကတော့ သူ၏ဘဝအား အညွန့်ချိုးကာ နင်းချေဖျက်ဆီးခဲ့သည့်အပြင် လူမဆန်စွာ ရက် စက်ယုတ်မာကောက်ကျစ်ကာ မြေတိုက်တစ်ဝဂ္ဂထဲတွင် အရှင် လတ်လတ် ဂူသွင်းချုပ်နှောင်ခဲ့သည့် ခရိုင်ရာဇဝတ်ဝန်ကလေး ရင်ချုပ်အောင်ဒင်အား ပြန်လည်၍ လက်တုံ့ပြန်ကာ ရာဇဝင်ကြွေး ဆပ်နိုင်ခဲ့ခြင်းအပေါ် လွန်စွာမှပင် နှစ်ထောင်းအားရကျေနပ်လျက် ရှိပါသည်။

အပြစ်ရှိသည့် ရာဇဝတ်သား ရစ်ချပ်အောင်ဒင်အား သူနှင့်ထိုက်တန်သော ပြစ်မှု(သေဒဏ်)ကြီးအား လှလှပပ လက် စားချေ ပေးဆပ်လိုက်ခြင်းသည် မာယာတစ်ယောက်တည်း အတွက်သာ မဟုတ်ပါ။ အဖိနှိပ်ခံ မြန်မာတစ်မျိုးသားလုံးအတွက် ပါ အမြတ်ထွက်ခဲ့ပါသည်။ သို့မဟုတ်ပါလျှင် သူ၏လက်ထဲတွင် ရောက်ရှိနေသည့် ဂျူနိတပ်ဖွဲ့ဝင်များ၏စာရင်းကြောင့် အပြစ်မဲ့ တောင်သူလယ်သမား ဂျူနိတပ်သားများ၏ဘဝမှာ မတွေးရဲ စရာပင် ဖြစ်ပါ၏။

သို့သော် နောက်ဆက်တွဲ ထွက်ပေါ်လာသည့် သတင်း တစ်ခုကြောင့်လည်း သာယာဝတီ၊ သုံးဆယ်တစ်နယ်လုံး အုတ် အုတ်ကျက်ကျက်နှင့် ထပ်မံ၍ ဆူပွက်သွားခဲ့ပါလေ၏။ အကြောင်း





မှာ အလံတောင်တွင် နိုအောင်းနေသည့် "သုပန္နကဂျူနရာဇ" ဘွဲ့ခံ ဆရာစံကိုယ်တိုင် ဦးဆောင်သည့် လယ်သမား ဂျူနိ တပ်သားများသည် ဖိမ်ဇာရွာ တိုက်နယ်သူကြီးဦးမြေဇာ၊ သူ၏ သားဖြစ်သူ ရွှေမိုးနှင့် မျက်နှာဖြူလက်ပါးစေတစ်စုအား ရက်ရက် စက်စက် ခေါင်းဖြတ်သတ်ကာ နယ်ချဲ့မိစ္ဆာ ကုလားဖြူ နောက် လိုက်ခွေး လက်ကိုင်တုတ် သစ္စာဖောက်များအား သတိပေး စစ်ကြေညာ တိုက်ခိုက်ခဲ့ခြင်းပင် ဖြစ်သည်။

ထို့နောက် ဂျူနိသူပုန်ခေါင်းဆောင် ဆရာစံသည် ရှမ်း ပြည်နယ်ဘက်သို့ ရှောင်တိမ်းထွက်ခွာသွားခဲ့သည်။ ထိုကဲ့သို့ ဆရာစံကိုယ်တိုင် ကိုယ်ယောင်ဖျောက် ရှောင်တိမ်းသွားသည့် နောက်ပိုင်းတွင် စစ်ရေးအခြေအနေ မလှသဖြင့် ဦးယောန၊ ဥက္ကာ တို့ အပါအဝင် တောင်သူလယ်သမား ဂျူနိသူပုန်များသည် သာယာဝတီ၊ သုံးဆယ်၊ ဥက္ကံ၊ တိုက်ကြီး၊ လက်ပံတန်း အစ ရှိသည့် မြို့ပြကျေးရွာများတွင် ခြေရာဖျောက်ကာ ဖာတ်မြုပ်နေ ထိုင်ခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆယ်နှစ်ကြိုးမာယာ ရှင်းတမ်း

နွေရက်တို့က ရင့်ရော်လာကြပြီ ဖြစ်သည်။ ထို့ကြောင့်လည်း တောအလုံးသည် ပြာရော်ခြောက်သွေ့ကာ ကြည့်လေရာမြင်လေရာတိုင်း မြူတွေဆိုင်း၍ မှိုင်းမှိုင်းမှုန်လျက် ရှိပါသည်။ သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံ အကြိုအကြားမှ ယိုဖိတ်ပြုဆင်းကျနေသည့် နေရောင်ခြည်တန်းများသည် ပဲခူးရိုးမတောင်ခြေရှိ လှိုင်ဝှက် ကျောက်လှိုဏ်ဂူတစ်ဝိုက်တွင် ပြန့်ကြဲယှက်ဖြာကျနေပါ၏။

သို့သော် သစ်ရိပ်ဝါးရိပ်များ ကြီးစိုးနေသည့် နွေနေ့လယ်၏ လှိုဏ်ကြီးတစ်ဝိုက်တွင်မူ အေးစိမ့်စိမ့် ချမ်းမြမြပင် ရှိနေပါသေးသည်။ ကျောက်လှိုဏ်ဂူပေါက်ဝအနီးမှာတော့ ဦးယောန၊ ဥက္ကာနှင့် မာယာတို့က တစ်စုံတစ်ဦးကို စောင့်မျှော်နေကြသည်သို့ ယခုအချိန်တွင် အရာအားလုံးသည် ပြီးဆုံးသွားပြီဟု မဆိုသာသည့်တိုင် အခိုက်တန့်မျှတော့ အေးငြိမ်းနေသယောင်။





အစကနဦးမှာမူ မာယာသည် ရစ်ချပ်အောင်ဒင်၏ နေအိမ်ကြီးတွင် ဆက်လက်၍ ဟန်မပျက်နေထိုင်ခဲ့ပါသော်လည်း မိန်းမသားတစ်ယောက်တည်း ဖြစ်နေခြင်း။ မကြာမီ ရစ်ချပ်အောင်ဒင်၏ တာဝန်ကို လွှဲပြောင်းထမ်းဆောင်မည့် မျက်နှာဖြူအရာရှိတစ်ဦး ထပ်မံရောက်ရှိလာမည်ဖြစ်ခြင်းတို့ကြောင့် ဇိမ်ဇာရွာစွန်ရှိ သူ၏ဘွားအေဖြစ်သူ ဒေါ်ဇာယုနှင့်အတူ လာရောက်၍ နေထိုင်ခဲ့ပါသည်။ ဘွားဇာယုမှာလည်း သူတော်စင်အဘိုး၏ လမ်းညွှန်ဆုံးမမှုများနှင့် တရားဘောင်သို့ ကူးပြောင်းရောက်ရှိသွားပြီ ဖြစ်သဖြင့် သူ၏ခြံထဲဝယ် ပုလုံးလေးနှင့် အတူတကွ နေထိုင်ခဲ့ရသည်။

ဤကဲ့သို့ လွတ်လပ်ခြင်း၏အရသာကို မာယာ ခံစားနိုင်ရန်အတွက်မှု အတော်ပင် စွန့်စားကြိုးပမ်းခဲ့ရသည်။ ထို့ကြောင့်လည်း မြေဖွေ့ခွေးတစ်ကောင်နှယ် ကောက်ကျစ်ရက်စက်လှသော မျက်နှာဖြူကပြား ရာဇဝတ်ဝန်ထောက်ကလေး ရစ်ချပ်အောင်ဒင်အား မာယာကိုယ်တိုင် လက်စားချေ တုံ့ပြန်နိုင်ခဲ့ခြင်း၊ ရာဇဝင်ကြွေး အပြီးအပြတ် ပေးဆပ်နိုင်ခဲ့ခြင်းတို့၏ အကြောင်းရင်းမှန်ကို အတိကြောင်းပြန်ကာ ပြန်လည်၍ ရှင်းပြရမည်ဆိုပါလျှင် . . .

ဇိမ်ဇာရွာ ညောင်ညိုရိပ်တွင် ခါတိုင်းကဲ့သို့ပင် လှိုဝှက်သတင်းပေးရင်း ချစ်သူနှစ်ဦး တွေ့ဆုံခဲ့ကြသည့်နေ့မှ စတင်ရမည်ဖြစ်ပါ၏။

“ဒီသတင်းက သိပ်ပြီး အရေးကြီးတယ် အခုကို . . .



www.burmeseclassic.com

www.burmeseclassic.com



ရစ်ချပ်ကိုယ်တိုင် သူစုဆောင်းထားတဲ့ ဂျုန်တပ်ဖွဲ့ဝင်စာရင်းတွေကို ရန်ကုန်အထိ ဆင်းပြီး ဘုရင်ခံဆီကို ပို့လိမ့်မယ် အစ်ကို၊ အဲ . . . အဲဒါ လမ်းကနေ ဖြတ်ပြီး ရစ်ချပ်လက်ထဲက ဂျုန်စာရင်းတွေကို ပြန်ပြီးလုယူနိုင်မှ ဖြစ်မယ်''

ဥက္ကာက မာယာ့ထံမှ လျှို့ဝှက်သတင်းပေးစာရွက်အား သေချာစွာ ဖတ်ရှုနေပါ၏။ သတင်းပေးစာထဲတွင် ရစ်ချပ်အောင်ဒင် ရန်ကုန်သွားမည့်နေ့ရက်၊ သွားမည့်အချိန်နာရီမှအစ တိကျစွာ ရေးသားပြထားသည်ကို တွေ့လိုက်ရသည်။

''ရော့ . . . ဟောဒါက အိမ်သော့အပိုတစ်ချောင်း အစ်ကို ယူထားလိုက်၊ ရစ်ချပ် ခရီးထွက်သွားတဲ့ ညပိုင်းကျရင် သူ့ရဲ့စာကြည့်ခန်းထဲမှာ ကျန်ရစ်ခဲ့မယ့် ဂျုန်သူပုန်စာရင်းမိတ္တူကို ပါ ရှာဖွေပြီး တစ်ခါတည်း ဖျောက်ဖျက်ပစ်ရမယ်''

မာယာမှာ နေအိမ်၏သော့အပိုတစ်ချောင်းကို ဥက္ကာ၏ လက်ထဲသို့ ထည့်ပေးခဲ့ရင်း ခရီးထွက်သွားသည့် ညတွင် လုပ်ဆောင်ရမည့်ကိစ္စများနှင့် အိမ်၏ ဝင်ပေါက်ထွက်ပေါက် စသည်တို့ကို အသေးစိတ် ပြောပြနေပါ၏။ ထိုအချက်ကလေးတစ်ချက်ကပင် မာယာ့အတွက် ကံကြမ္မာ အလှည့်အပြောင်း ဖြစ်သွားခဲ့ရပါသည်။ ဆိုရပါမူ ဥက္ကာအား ရစ်ချပ်အောင်ဒင် ရန်ကုန်သို့ သွားမည့်အကြောင်းနှင့် နေအိမ်သော့အပိုတစ်ချောင်းကို ဥက္ကာအား ပေးခဲ့ခြင်းက မာယာ့အား အန္တရာယ်မရဏရဂ္ဂအတွင်းမှ အချိန်မီ ကယ်တင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။





ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်တို့လူစုအား ဂျုန်တပ်ဖွဲ့ဝင်များက လမ်းမှဖြတ်၍ ချုံခိုတိုက်ခိုက်သည့် တိုက်ပွဲတွင် ဥက္ကာမပါဝင်ခဲ့။ ဒါကလည်း သူ့အကြောင်းပြချက်နှင့်သူမို့ ဦးယောနက ဥက္ကာအား အတင်းအကျပ် မတိုက်တွန်းခဲ့ပါ။ သို့သော် ရစ်ချပ်အောင်ဒင်၏နေအိမ်တွင် ကျန်ရစ်ခဲ့သည့် ဂျုန်သူပုန်စာရင်းမိတ္တူကိုမူ ရယူဖျက်ဆီးပစ်ရန်အတွက် ဥက္ကာကို တာဝန်ပေးခဲ့ပါလေ၏။

ထိုနေ့ည သန်းခေါင်ယံတွင် ဥက္ကာတစ်ယောက်တည်း ရစ်ချပ်အောင်ဒင်၏ သော့ခတ်ထားသည့် နေအိမ်အတွင်းသို့ တိတ်တဆိတ် သော့ဖွင့်၍ ဝင်ရောက်လာခဲ့သည်။

''ရော် . . . ဘယ်လိုဖြစ်တာလဲ . . . ခြံစောင့်တွေကအစ တစ်ယောက်မှ မတွေ့ရပါလား။ အင်း . . . အိမ်တံခါးကိုပါ သော့ခတ်သွားပုံထောက်ရင် ဒီကောင်ကြီး မာယာ့ကိုပါ စိတ်မချလို့ ခေါ်များသွားသလား မသိဘူး။ ဟူး . . . ခက်တာက ဒီတစ်ပတ်လုံးလုံး မာယာနဲ့ ထပ်ပြီးမတွေ့ရတာက သတင်းအမှောင်ကျသလို ဖြစ်သွားရတယ်''

ဥက္ကာမှာ ရစ်ချပ်အောင်ဒင်၏ နေအိမ်အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်လာနိုင်ခဲ့ပြီး မာယာကြိုတင်ပြောပြထားသည့် စာကြည့်ခန်းဆီသို့ အသာအယာ ချွတ်နင်းဝင်ရောက်လာပါ၏။ သို့သော် အိမ်ပေါ်ထပ်မှ အခန်းတံခါးဖွင့်သံ၊ လမ်းလျှောက်သံများကြောင့် မြေတိုက်ခန်းထဲမှ မာယာမှာ သူ၏ချစ်သူ ဥက္ကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် နေအိမ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိလိုက်သည်။

ထို့ကြောင့် မြေတိုက်ခန်းထဲမှနေ၍ ဥက္ကာအား အသံပေးခေါ်ယူခြင်း၊ သံကြိုးသံများပေးခြင်း၊ အုတ်နံရံများကို တဒုန်းဒုန်းဖြင့် ထုရိုက်ကာ အသံပေးခဲ့နိုင်ခြင်းကြောင့် နောက်ဆုံး လူမဆန်စွာ ယုတ်မာရက်စက်ခြင်းခံခဲ့ရသည့် မာယာ၏ အဖြစ်ဆိုးကြီးကို ဥက္ကာကိုယ်တိုင် မျက်ဝါးထင်ထင် သိရှိလိုက်ရပါတော့သည်။

ထို့နောက် မာယာ့အား တစ်ဝဂ္ဂအခန်းငယ်လေးအတွင်းမှ ဥက္ကာကိုယ်တိုင် အချိန်မီ ကယ်ထုတ်နိုင်ခဲ့ပါ၏။ တစ်ချိန်တည်းမှာပင် သူရူးတစ်ယောက်နှယ် စိတ်ထင်ရာလုပ်ကိုင်နေသည့် မျက်နှာဖြူဖြူခွေးကောင် ရစ်ချပ်အောင်ဒင်အား ပြန်လည်၍ လက်စားချေ သတ်ဖြတ်နိုင်ရန် နှစ်ယောက်သား အစီအစဉ် ရေးဆွဲခဲ့ကြသည်။ ထိုအချိန်မှာပင် ရစ်ချပ်အောင်ဒင်တစ်ယောက် ဂျုန်တပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ကာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း သတင်းဆိုးကြီးကို မာယာနှင့် ဥက္ကာတို့ ကြားသိလိုက်ရပါ၏။

"ဟုတ်တယ် မာယာ . . . ကားကတော့ ချောက်ထဲကို ထိုးကျသွားပြီး မီးလောင်ပေါက်ကွဲသွားတယ်လို့ သိရတယ်၊ အဲဒီမှာ ကံကောင်းသွားတာက ရစ်ချပ်အောင်ဒင်ဟာ ဒဏ်ရာတွေ ဗရပွနဲ့ သာယာဝတီဆေးရုံမှာ ဆေးကုသနေရတယ်ဆိုတဲ့ အကြောင်းကိုပါ သိခဲ့ရပြန်တယ်လေ"





"ဟုတ်လား အစ်ကို၊ ဒါ . . . ဒါဟာ မာယာ့တို့အတွက် အကွက်ကောင်းပဲလို့ ထင်တယ်၊ အရေးကြီးတာက သူ ဒဏ်ရာ ဗရပွနဲ့ ဆေးရုံမှာ အချိန်တွေ အကြာကြီးနေရလေ ကောင်းလေပဲ၊ ဒီမှာအစ်ကို . . . မာယာ့မှာ နည်းလမ်းကောင်းတစ်ခု စဉ်းစားထားတာရှိတယ်၊ အဲဒါကတော့ . . ."

မာယာက သူ၏အစီအစဉ်ကို ဥက္ကာအား နှစ်ကိုယ်ကြားတိုးတိုးတိတ်တိတ် ပြောဆိုလိုက်ပါ၏။ ဥက္ကာကမူ မာယာ၏ ပြောစကားများကို စိတ်ဝင်တစား နားထောင်ရင်း ဖွံ့နုပဲကြီးလှသော မာယာ၏မျက်နှာကိုသာ ငေးမောကြည့်နေမိသည်။ ချစ်သူနှင့် ကွေကွင်းခဲ့ရသည့် ဒုက္ခသောကကို မိန်းမသားတန်မဲ့ တော်လှန်ရေးတွင် နှစ်မြှုပ်ခဲ့သည်။ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းဆက်ဆံရခြင်းဟူသော သောကဒုက္ခအတွက် လက်စားချေကာ ရာဇဝင်ကြွေးဆပ်ခြင်းဖြင့် ပြန်လည်ပေးဆပ်ရန် အောင့်အည်းစောင့်ဆိုင်းခဲ့သည်။ ယခု ထိုနေ့ ထိုအချိန် ထိုရက်သို့ ဆိုက်ရောက်လာခဲ့ပြီ မဟုတ်ပါလား။

တစ်ချိန်လုံး သူမဘက်တွင် မရှိသော ကံကြမ္မာသည် ယခု သူမအတွက် အလှည့်အပြောင်းတစ်ခုအဖြစ်နှင့် ရောက်ရှိလာခဲ့ပါပြီ။ မြေတိုက်ခန်းတစ်ဝဂ္ဂ လှောင်ချိုင့်ထဲမှ ချစ်သူဥက္ကာ၏ အကူအညီဖြင့် လွတ်မြောက်လာခဲ့ရသော မာယာ့မှာ တစ်ဦးတစ်ယောက်မျှ မရှိတော့သော ရစ်ချပ်အောင်ဒင်၏ နေအိမ်ကြီးမှာပင် တစ်ယောက်တည်း ဟန်မပျက် ဆက်လက်၍နေထိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ထိုအချိန်မှာပင် သားကောင်သည် ထောင်ချောက်အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် တိုးဝင်လာတော့မည်ဆိုခြင်းကို မာယာကြိုတင်၍ သိရှိခဲ့ရသည်။ အကြောင်းမှာ ရစ်ချပ်အောင်ဒင်၏ ရုံးချုပ်သို့ ဘယ်နေ့ ဘယ်ရက်တွင် ရစ်ချပ်အောင်ဒင် ဆေးရုံမှ ဆင်းရမည်ဖြစ်ကြောင်း ကြေးနန်းရိုက်ခဲ့မိသည်က သူ့အတွက် ကံဆိုးမိုးမှောင်ကျခဲ့ရခြင်း၏ နိဒါန်းအစပင် ဖြစ်ပါချေ၏။ ထိုသတင်းကို ရုံးချုပ်မှတစ်ဆင့် မာယာ့ထံသို့ အကြောင်းကြားခဲ့သဖြင့် ဥက္ကာနှင့် မာယာတို့ စည်းဝါးရိုက်ကာ လက်တွဲညီညီဖြင့် ရစ်ချပ်အောင်ဒင်ကို လုပ်ကြံခဲ့ကြခြင်း ဖြစ်သည်။

မာယာသည် မူလကပင် 'ဆယ့်နှစ်ကြိုးမာယာ' ဟူသော အမည်နာမဖြင့် သတင်းကြီးခဲ့သည့် မျက်လှည့် ပဉ္စလက်ပညာရှင်တစ်ယောက် ဖြစ်ခဲ့သူမို့ မျက်စိကိုလှည့်စားခြင်း၊ စိတ်ကိုလှည့်စားခြင်းဟူသော အတတ်ပညာရပ်များနှင့် မိတ်ကပ်အကူအညီဖြင့် ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာများကို ကျွမ်းကျင်စွာ တတ်မြောက်ထားခဲ့သူတစ်ယောက် ဖြစ်သည်။

များပြားလှသော ပရိသတ်မိုလ်ပုံအလယ်တွင် ပိပိရိရိ လှည့်စားပြသနိုင်သည့် မာယာ့ကို ပဉ္စလက်ပညာရှင်တစ်ယောက်အဖို့ တစ်ဦးတစ်ယောက်တည်းကို သီးသန့်လှည့်စားလုပ်ဆောင်ရမည့်ကိစ္စမှာ ထမင်းစားရေသောက်လောက်ပင် မခက်ပါချေ။

ထို့ကြောင့် သူမ၏ မိတ်ကပ်ပညာဖြင့် သူမ၏မျက်နှာ ခန္ဓာကိုယ်စသည်တို့ကို ချောက်ချားဖွယ် အရိုးစုပြိုင်းပြိုင်း ကျနေ





သည့် သဏ္ဍာန်၊ မျက်လုံးများ၊ ပေါက်ထွက်ကာ သွေးများ ယိုစီးကျနေသည့် သဏ္ဍာန်၊ လက်သည်းရှည်အတုများ တပ်ဆင်၍ ကြွက်သေကြီးများ လှည့်စားကာ သေဆုံးသွားသည့် သရဲတစ္ဆေ မကောင်းဆိုးဝါးကြီးသဖွယ် ဖန်တီး၍ ရစ်ချပ်အောင်ဒင်ကို ပိုင်ပိုင်နိုင်နိုင် လှည့်စားလုပ်ကြံနိုင်ခဲ့ခြင်း ဖြစ်သည်။

အစီအစဉ်မှာ မာယာ၏မျက်နှာ၊ ခန္ဓာကိုယ်စသည်တို့ကို ပုံဖျက်ပြီးသည်နှင့် ကြွက်တွင်းသာသာရှိ ခြောက်ပေပတ်လည် တစ်ဝဂုလေးအတွင်းသို့ ပြန်လည်၍ ဝင်ရောက်ခဲ့သည်။ ပြီးလျှင် ဥက္ကာက အပြင်ဘက် အုတ်နံရံ့ကို ရစ်ချပ်အောင်ဒင်ကဲ့သို့ မူလအတိုင်း ပြန်လည်၍ အုတ်စီကာ မာယာ့အား ရစ်ချပ်အောင်ဒင် ဆေးရုံမှ ဆင်းလာမည့် နေ့ရက်များကို စိတ်ရှည်ရှည်နှင့် သည်းခံကာ စောင့်ဆိုင်းစေခဲ့ပါ၏။ သည့်နောက်တော့ မှုန်ဝါးဝါး ငါးတိုင်ဝဝ် မီးလုံးမှိန်မှိန်အောက်မှ မကြာမီ ဝင်ရောက်လာတော့မည့် သားကောင်ကို မာယာတစ်ယောက် စိတ်ရှည်ရှည်နှင့် ချောင်းမြောင်းစောင့်စားနေခဲ့ရသည် မဟုတ်ပါလား။

သို့သော် ခရိုင်ရာဇဝတ်ဝန်ကလေး ရစ်ချပ်အောင်ဒင်ကလည်း ကုသိုလ်ကြမ္မာညှိုးချိန် ရောက်ခဲ့လေပြီထင့် ...။ ရရှိခဲ့သော ဒဏ်ရာများကြောင့် ဆေးရုံမှ ဆင်းခွင့်ရခဲ့သည့်တိုင် နှလုံးရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုတို့ ကျန်ရှိနေခဲ့ခြင်းက သွေးပျက်ချောက်ချားဖွယ် 'ဆယ့်နှစ်ကြိုးမာယာ' ၏ မှော်ဆန်ဆန် ပဉ္စလက်ပြကွက်လှည့်စားမှုအောက်တွင် ရစ်ချပ်အောင်ဒင်ခမျာ



www.burmeseclassic.com

www.burmeseclassic.com



မရှမလှဖြင့် နလုံးသွေးရပ်ကာ သေဆုံးသွားခဲ့ရခြင်းပင် ဖြစ်ပါတော့သည်။

သုံးဦးအား အတိတ်မြို့ဟောင်းတစ်နေရာဆီသို့ မည်မျှကြာကြာ လွင့်မျောနေကြလေသည်မသိ။ တောင်ဝှေးသံ တခေါက်ခေါက်နှင့် လျှို့ဝှက်လှိုဏ်ဂူ အတွင်းမှ ထွက်လာသည့် ခြေသံကြောင့် မျှတ်ခနဲ သတိဝင်လာကြပြီး လှိုဏ်ဂူဝဆီသို့ လှည့်ကြည့်လိုက်ကြသည်။

"ဟင် ... အဘိုး"

"ဟော ... ဘိုးဘိုး"

မုတ်ဆိတ်ဖြူရှည်ကြီးများ ရင်ညွန့်ထိတိုင် ကျနေသည့် ယောဂီရောင်ဝတ်စုံနှင့် သူတော်စင် အဘိုးအိုကို လှိုဏ်ဂူဝတွင် တွေ့မြင်လိုက်ရသည်မို့ ဥက္ကာခြေအစုံကို ပြေး၍ ဖက်လိုက်ပါ၏။

"အဘိုး ... အဘိုး ဘယ်ကိုပျောက်နေတာလဲ အဘိုးရယ်၊ ကျွန်တော်တို့ စောင့်နေတာကြာလှပြီ"

"ဩော် လူကလေးရယ် ... အဘိုးလည်း ကိုယ့်အလုပ်ကိုယ်လုပ်နေရတာပဲပေါ့၊ လူကလေးတို့ရဲ့ လောကီသံသရာထဲမှာ ချည်းပဲ ဝဲနေလို့ မဖြစ်သေးဘူးလေ၊ ဘယ်လိုလဲ မောင်ယောန ... ဆရာစံသတင်း ဘာများကြားသေးလဲကွယ့်"

ဦးယောနနှင့် မာယာတို့ကလည်း သူတော်စင်အဘိုးရှေ့တွင် ဒူးတုပ်ပျပ်ဝပ်စွာ ထိုင်ချလိုက်ရင်း အဘိုးအိုမေးသမျှကို ပြောကြားလိုက်ပါ၏။





"ဆရာကြီးကတော့ အခုလောလောဆယ် ရှမ်းပြည်နယ်ဘက်ကို ကိုယ်ယောင်ဖျောက် ရှောင်တိမ်းသွားပါတယ် အဘိုး။ နယ်ချဲ့ကုလားဖြူမိစ္ဆာတွေက သာယာဝတီနယ်ထဲမှာ အင်အားကောင်းကောင်းနဲ့ ထိုးစစ်ဆင်တိုက်ခိုက်နေတာကြောင့် စစ်ရေးအခြေအနေ သိပ်မကောင်းတာနဲ့ ဂဠုန်အဖွဲ့ဝင် လယ်သမားတွေလည်း ဇာတ်မြှုပ်ပြီး ရှောင်တိမ်းနေကြရပါတယ် အဘိုး။ အခုကျွန်တော်တို့လာတာကလည်း အဘိုးကို နှုတ်ဆက်ကန်တော့ပြီး ကိုယ့်ဇာတိ ချက်မြှုပ်ဒေသတွေမှာ ဇာတ်မြှုပ်နေထိုင်ကြမလို့ပါခင်ဗျာ"

"အဘိုးရော ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလားဟင်"

ဥက္ကာက သူတော်စင်အဘိုး၏ တောင်ဝှေးကောက်ကြီးကို ပွတ်သတ်ကိုင်တွယ်ရင်း သူ၏ဆန္ဒကို ဖွင့်ဟပြောကြားလိုက်သည်။

"အဘိုး မလိုက်တော့ပါဘူး လူကလေးရယ်၊ အဘိုးမင်းတို့အတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးပြီးပြီပဲ လူကလေးရယ်၊ အဘိုးလျှောက်လှမ်းရမယ့်လမ်းက တစ်လမ်းပဲကွယ့်၊ အဲဒါကတော့ ဝိမုတ္တိလို့ခေါ်တဲ့ အလုံးစုံလွတ်မြောက်ရာလမ်းကြောင်းပဲ လူကလေး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူကလေးတို့လည်း အဲဒီလမ်းကို ရောက်လာကြမှာပဲလေ၊ ကဲ ကဲ ... လူကလေးတို့လည်း အချိန်လင့်နေကြမယ်၊ သွား ... သွားကြပေတော့"

ဥက္ကာ၏ မျက်လုံးအစုံတွင် မျက်ရည်များက ရစ်ဝဲလျက်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဘဝအား ကယ်တင်စောင့်ရှောက်ခဲ့သော သူတော်စင် အဘိုးအိုနှင့် ခွဲခွာရပေဦးတော့မည်။ ထို့နောက်မှာတော့ ဥက္ကာ၊ မာယာနှင့် ဦးယောနတို့သည် သူတော်စင်အဘိုးအိုအား ဦးခိုက် ကန်တော့လိုက်ကြပါသည်။ သုံးယောက်သား ကန်တော့ပြီးစီး၍ ခေါင်းမော့ကြည့်လိုက်ကြသည်နှင့် သူတို့ရှေ့တွင် သူတော်စင်အဘိုးအိုအား မတွေ့ကြရပါလေတော့။ လှမ်းမျှော်ကြည့်လိုက်တော့ သူတို့အား ကျောခိုင်းကာ ကျောက်လှိုဏ်ဂူကြီးထဲသို့ တရွေ့ရွေ့တိုးဝင်ပျောက်ကွယ်သွားသည့် သူတော်စင်ကြီး၏ကျောပြင်ကြီးကိုသာ နောက်ဆုံး တွေ့မြင်လိုက်ကြရပါတော့သည်။

သူတော်စင်ကြီးအား မလှုပ်မယှက် ငေးမောကြည့်နေသည့် ဥက္ကာ၏ ပခုံးတစ်ဖက်ကို ဦးယောနက ပွေ့ဖက်ဖျစ်ညှစ်လိုက်စဉ် မာယာကလည်း ချစ်သူ၏လက်တစ်ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပါ၏။

"ကိုင်း . . . သွားကြစို့ ဥက္ကာ"

သုံးယောက်သား သူတော်စင်အဘိုးအို ဝင်ရောက်သွားသည့် လှို့ဝှက်ကျောက်လှိုဏ်ဂူကြီးအား ကျောခိုင်းထွက်ခွာလာခဲ့ကြသည်။ သူတို့လုံးဦး၏ ဦးတည်ရာအနာဂတ်သည်ကား မပြီးဆုံးသေးသော တော်လှန်ရေးခရီးရှည်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းသွားနေကြသည်ဆိုခြင်းကိုတော့ မည်သူမျှ မသိရှိနိုင်ကြပါချေပြီတည်း။ ထိုခရီးရှည်ကြီးအတွက် ဦးယောနတို့ ဂျွန်တော်လှန်ရေးတပ်သားများသည်လည်းကောင်း၊ ဥက္ကာနှင့် မာယာတို့





ချစ်သူနှစ်ဦးမှ မွေးဖွားလာကြမည့် မျိုးဆက်သစ်လူငယ်များသည်လည်းကောင်း . . .

ရောင်ခြည်သန်းနေပြီဖြစ်သည့် အနာဂတ်အရုဏ်ဦးရင်ခွင်သစ်ဆီသို့ တရွေ့ရွေ့ တိုးဝင်လျှောက်လှမ်းလျက်ရှိကြသည်ကိုသာ မြင်ယောင်နေမိပါတော့သတည်း။

ယောနိသောမနသိကာရ

သတ်မင်းဂျူလိုင်

၂၀၀၉ ဇူလိုင် ၁၇ ရက်
ညဉ့် ၁ နာရီ ၃၀ မိနစ်

www.burmeseclassic.com